www.burmeseclassic.com

# လရောင်ကျူးရှင်

## ဇာတ်လိုက်က ကျွန်တော်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြဲ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရင့်
ဓာတ်လိုက်က ကျွန်တော် လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၁၃၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ဓာတ်လိုက်က ကျွန်တော်



## အခန်း (၁)

"ဖြန်း .."

"အား .."

ကားတစ်စီး ဖြတ်မောင်းတော့မည်ဆိုတာကို သိလိုက်ပေမယ့် ရှောင်နိုင်သည့်အကွာအဝေး မဟုတ်တော့သဖြင့် မျက်လုံးတွေကိုတော့ မှိတ်ထားလိုက်နိုင်၏။

ဒါပေမယ့် မျက်နှာတစ်ခြမ်းလုံးနှင့် ပခုံးမှစ၍ တင်ပါးထိ ရွှံ့ရေတွေ အလုံးအရင်းနဲ့ ပြေးရိုက်သွားကြ၏။

"ဟာ!... ကာလ .."

စတိုးဆိုင်ထဲမှာ မုန့်ဝယ်နေရင်း သားချစ် ဟာ .. ခနဲ ဖြစ်သွားသည်။

သူ ပြေးထွက်လာပေမယ့် ရွှံ့တွေနဲ့ ကာလ ရဲ့တစ်ကိုယ်လုံးက မြင်မကောင်း ...။

"ကာလ .. ဟာ!... ဒီကား ကြည့်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



ဒီဇွက်အိုင်ကြီးကို ရှောင်မောင်းသွားလို့ ရသည်။ ကားတွေလည်း ရှုပ်နေတာ မဟုတ် ..။

"တောက်!..."

နောက်ပြန်ဆုတ်လာသည့်ကားကို မြင်လိုက်တာနှင့် အထဲမှာ ဘယ်သူဆိုတာ ကာလ တန်းခနဲ သိသည်။

တက်ခေါက်သံသည် လူသတ်ချင်စိတ်ပေါက်နေသည့် ဒေါသများနှင့် ဖြစ်ကာ ...

"ဒီဒေး .."

သားချစ် ကတော့ ကာလ နှုတ်ဖျားမှ ခေါ်လိုက်သံ ကြားမှ သိလိုက်တာဖြစ်ကာ ကားက သူတို့နှင့် မလှမ်းမကမ်းမှာ ရပ်တန့်သွားပြီ ဖြစ်၏။

"ဒီဒေး .."

သူ မျက်မှောင်ကုတ်သွားသည်။ မှန်ကျသွားသည့် ကားထဲမှာ ဒီဒေး မျက်နှာက ပီကေဝါးနေသည့် နှုတ်ခမ်းခပ်လှုပ်လှုပ် မချိုမချဉ် မဲ့ပြုံးနှင့် ...

"ငါ အရင်လိုလာလို့ ဆောရီး .."

"ဘာဆောရီးလဲ ..။ နင် အဲဒီလို တမင်တကာ မိုက်ရိုင်းတတ်တာ တွေ သိတယ်၊ လာပြောမနေနဲ့ .."

"ဟုတ်လား .."

သူက တံခါးဘောင်မှာ လက်တစ်ဖက်ကွေးတင်၍ ကာလ နဲ့ သားချစ် ကို တစ်လှည့်စီ စိုက်ကြည့်သည်။

"ဒါဆိုလည်း ကောင်းတာပေါ့၊ ငါကလည်း အပိုတွေ ပြောတာ ဝါသနာမပါဘူး .. ငါ့ကားက သူ့သခင်အလိုအတိုင်းပဲ သွားတာ၊ နောက်ဆို ငါ့ကားသွားမယ့်လမ်းမှာ ခုလို ပူးတွဲ ပူးတွဲနဲ့ မျက်စိရှုပ် အောင် မလုပ်နဲ့ .."





"အံမာ .."

ကာလ ဒေါသတွေနှင့် လက်သီးဆုပ်မိပေမယ့် ဒီဒေး မျက်နှာက သူ့မဘက်ကို မလှည့်ဘဲ သားချစ် ကို ရန်လိုစွာ စူးစိုက်လျက် ...

"ကြားတယ်နော် ..၊ လိုနေဘာက မင်း နေတတ်ဖို့ပဲ .."

"ဟော့ကောင် ဒီဒေး .."

ခြေတစ်လှမ်း ရှေ့တက်၍ ဒေါသတကြီး ခေါ်မိပေမယ့် ဒီဒေး က မှန်တင်လိုက်ပြီဖြစ်ကာ ဂရုမစိုက်စွာ မောင်းထွက်သွား၏။

"တောက်!... တော်တော် မိုက်ရိုင်းတဲ့ကောင် .."

BURMESE CLASSIC .com

ဒေါသတွေ နှစ်ယောက်ပူးပေါင်း၍ အင်အားကြီးစွာ ဖြစ်ထွန်းသွားခဲ့၏။

သို့သော် သူတို့နှစ်ယောက်၏ ဒေါသတွေ .. တုံ့ပြန်မှုတွေက ဒီဒေး ဆိုသည့် လူတစ်ယောက်အပေါ် ဘယ်တုန်းကမှ စူးရောက် ထိရှ ခဲ့တာ မရှိ ..။

တကယ်ဆို ဒီဒေး ဆိုသည့်နာမည် မဟုတ်ပါ။

ဒီနေ့ ဆိုသည့် နာမည်ဆန်းနှင့် သူ့ကို အားလုံးက ဒီဒေး လို့ပဲ ခေါ်ခဲ့ကြတာ ဖြစ်သည်။

ဟိုတုန်းကတော့ သူငယ်ချင်း သုံးယောက်ပါ။

သားချစ် နဲ့ ဆောင်းကာလ ဟာ တစ်မြို့တည်းသားချင်း အိမ်နီးချင်း သူငယ်ချင်းတွေပေမယ့် ဒီဒေး က နောက်ကျမှ ခင့်ခဲ့ကြတာဖြစ်သည်။

ကိုးတန်း ကျောင်းသားကျောင်းသူတွေနှစ်မှာ ဒီနေ့ က နောက်တိုး သူငယ်ချင်းဖြစ်ကာ သူကိုယ်တိုင် လာမိတ်ဆက်ခဲ့သည်။

"ဘာပဲဖြစ်ဖြစ် ငါက မင်းတို့ထက် အသက်ကြီးတယ်နော် ..၊ ရှစ်တန်းမှာ တစ်နှစ်ကျလို့ နှစ်ခါဖြေခဲ့ရတာ .."

လို့ ပြောရင်း သူ အသက်ကြီးတာကို တမင်ကြေညာသည်။



www.burmeseclassic.com

www.burmeseclassic.com



သားချစ် က ကြင်နာတတ်သလောက် ကြောက်စရာရှိရင် ကြောက်တတ်သည်။ သားချစ် ရဲ့ နူးညံ့သည့်စိတ်ထားအပေါ်မှာ ဒီဒေး က ဆောင်းရိပ်တစ်ခုလို မိုးထားခဲ့သည်ဆိုလည်း မှန်သည်။

ထို့ပြင် ဒီဒေး တို့က ချမ်းသာသလောက် လွတ်လပ်ပွင့်လင်းကြတာ သားချစ် တို့က စံနစ်ကြီးသလောက် နေရာတကာမှာ ချုပ်ချယ်မှုတွေနဲ့ နေရ၏။

ထိုအခွာဟချက်တွေပေါ်မှာ သားချစ် ကိုယ်တိုင်က ဒီဒေး ကိုဆိုအထင်တကြီးရှိခဲ့တာ ဖြစ်သည်။

ဆယ်တန်းနှစ်ကုန်ခါနီးလောက်မှာ ဒီဒေး က ကာလ ကို ချစ်ရေးဆို၏။

"နင်တို့နဲ့ငါ လာမိတ်ဖွဲ့တာ ခင်ချင်လို့ မဟုတ်ဘူး၊ အစတည်းက ချစ်နေခဲ့တာ .."

"ငါက ဦးအောင်ပြောထားပြီးပြီ သားချစ် ..၊ မင်းရင်ထဲမှာ ဘာတွေဖြစ်နေနေ ထုပ်ပိုးပြီး တစ်ခါတည်း မြောင်းထဲ သွားထည့်လိုက်တော့၊ ကာလ ကို စိတ်နဲ့တောင် မပြစ်မှားနဲ့ .."

"ငါ နင့်ကို ရအောင်ယူမှာ .."

"မတွေ့ဖြစ်ကြရင်လည်း မမေ့နဲ့နော် ..၊ ငါက နင့်အတွက် .."

ဒီဒေး ရဲ့ မကောင်းခြင်းတရားတွေကို ပြန်တွေးမိကာ ကာလ တက်ခေါက်မိပြန်သည်။

ပြီးတော့ မျက်နှာနှင့် လက်မောင်းတွေပေါ်မှာ တင်နေသမျှ ရှုံ့ရေတွေကို ပွတ်သပ်ခါချရင်း ...

"ဒီသတ္တဝါက ရန်ကုန် ပြန်ရောက်နေပြန်ပြီ .."

"ဟုတ်တယ် .. အလကားနေရင်း ရန်လိုနေတဲ့ကောင် .."

ဒီမိန်းကလေးကို ချစ်နေပါသည်ဆိုပြီး ဘာဖြစ်လို့ ခုလို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားအောင် လုပ်ရက်တာလဲ ..။





ပတ်ဝန်းကျင်က သနားတဲ့မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြကာ ခန်းနရောင်ဝတ်စုံလေးနှင့် ကာလ တစ်ကိုယ်လုံး ဘယ်လိုမှ မြင်ရက်ဖွယ် မရှိ ..။

"အရမ်းရက်ဖို့ကောင်းတာပဲ သားချစ် .. ငါ့ကို ကားသွားငှားပေး၊ ဒီတိုင်း ဆက်မလျှောက်ချင်တော့ဘူး .."

"အေး .. လာ .. ဒီဘက်မှာ ကပ်ပြီး ခဏစောင့်နေ .."

သားချစ် မုန့်ထုပ်တွေကို သူ့ရဲ့ ဘေးလွယ်အိတ်ထဲမှာ ဖြစ်သလို ထိုးသိပ်ထည့်၍ အပြေးတစ်ပိုင်း လစ်သွားသည်။ ဒီနေ့ကျမှ ကားက ခပါ ..၊ ကစားကွင်းထဲ ခဏဝင်ထိုင်ပြီး သင်တန်းချိန်ကျမှ ဝင်ဖို့ တိုင်ပင်ထားကြတာလည်း ပျက်ပြီ ဖြစ်၏။

"နင်ကလည်း ကြာလိုက်တာ မပြောနဲ့တော့ .."

"ကားတွေက တားလို့မှ မရတာ .."

ကားရှာရတာ ဖက်ဖက်မောလာပေမယ့် အမောမပြေ ..၊ ကားထဲ ဆောင့်ခနဲ ဝင်ထိုင်ပြီး ကာလ က အပြစ်တင်၏။

"ငါလည်း တားတာပဲ ..၊ ရှေ့တစ်စီး တားလိုက်တော့ အမျိုးသမီးနှစ်ယောက်က ရုံးချိန်နောက်ကျမှာစိုးလို့ သူတို့ကို ပေးပါဆိုပြီး ပြေးတက်သွားလိုက်တာ ဈေးတောင် မမေးဘူး .."

"အဲဒါတွေလည်း အားနာလို့ ပေးလိုက်ရတာပဲလား ..၊ ငါ ဒီပုံစံကြီးနဲ့ လူတွေကြားထဲမှာ ရပ်စောင့်နေတာကျတော့ .. နင် .."

"မဟုတ်ပါဘူး ကာလ ရယ် .. ငါက ယောက်ျားကြီးဖြစ်ပြီး မိန်းကလေးတွေနဲ့ ပြိုင်ဆိုင် လုတက်ရမှာလား .."

"မသိဘူး .. ငါ့အတွက် နင် ဘာလုပ်လာခဲ့တယ်ဆိုတာ ငါ လိုချင်တယ်၊ ဒါပဲ .."

တကယ်ဆို ဒီလိုဖြစ်သွားအောင် လုပ်ခဲ့တဲ့လူကိုသာ အပြစ်တင်ရမှာ မဟုတ်ဘူးလား ..။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ကားသမားက ပြုံးစိစိ ဖြစ်နေသဖြင့် သားချစ် ငြိမ်နေလိုက်ရသည်။

ဒါပေမယ့် ရင်ထဲမှာတော့ မကောင်းပါ။ ရှက်သလိုလို ကြေကွဲသွားသလိုလို ...။

"သိတယ် .. နင် ဘာလုပ်လုပ် ကိုယ့်ဖို့က နောက်၊ သူများအတွက်က အရင် ဦးစားပေး .."

ကာလ ကလည်း ပြောနေတုန်းဖြစ်ကာ အပြစ်တင်နေတာနဲ့ မတူဘဲ ကလေးတစ်ယောက် အပြစ်လုပ်ခဲ့လို့ မာန်မဲနေတာနှင့် တူလာ၏။

"ကဲ .. ကျေနပ်ပါတော့ ကာလ ရယ် ..၊ နောက်ဆို ငါ နင့်ကိုလုံးဝ ဦးစားပေး လုပ်ရှားပါ့မယ်၊ နင်ကလည်း ငါ့အကြောင်း သိရဲ့သားနဲ့ .. တမင်တကာ လုပ်ခဲ့တာမှ မဟုတ်တာ .."

ရင်ထဲမှာ ခံစားသွားရတာကို ခဏ ဘေးချိတ်ပြီး ထပ်တောင်းပန်ရသည်။ ထိုအခါကျမှ ကာလ က မျက်စောင်းတစ်ချက်နှင့် ဟိုဘက်လှည့်သွား၏။

ဆောင်းကာလ ဆိုတဲ့ ကောင်မလေးဟာ မျက်နှာလေးက မျက်တောင်ကော့ကော့ နှာတံလုံးလုံးစင်းစင်းလေးနှင့် နုထွေးနီမြန်းသည့် နှုတ်ခမ်းလေးတွေကြောင့် အရုပ်လေးနဲ့ တူအောင် လှ၏။

ကိုယ်လုံးလေးကျတော့ အရပ်မြင့်မြင့် .. တင်းပြည့်သွယ်လျသည့် ကိုယ်ဟန်နှင့် ဆွဲဆောင်မှုရှိသည့် ပါရမီရှင်လေး ...။

ဆယ်တန်းတုန်းကဆို သူက ကာလ ရဲ့အလိုကျ အမြဲတမ်း ဖြည့်ဆည်းပေးနေတဲ့သူဖြစ်ကာ ဒီဒေး က ကာလ ကို ရည်းစားစကား ပြောပြီးကတည်းက သူ့ရဲ့ မရမက ဂျစ်ကန်ကန်ဉာဉ်ဆိုးနှင့် အရိုင်းဆန်ခဲ့သူ ...။

ထိုအခါ သူတို့သုံးယောက်ထဲမှာ ကာလ က မယ်သီတာလို မိန်းကလေး ဖြစ်နေခဲ့ပြီး ပြောရလောက်အောင်လည်း လှသည်မို့ ...





"ကာလ မယ်သီတာလို လှပေမယ့် မင်းကတော့ ရာမမင်းသားဖြစ်လာမှာ မဟုတ်ဘူးနော် ..၊ စိတ်ကူးမယဉ်နဲ့ .. ဒီဇာတ်လမ်းမှာ ငါ ဒသဿ .. ငါပဲ ရာမ" တဲ့ ...။

သူတို့နှစ်ယောက်ရဲ့ ဘဝထဲကို ဒီဒေး ဝင်လာတာကိုက နှစ်ယောက်စလုံးအတွက် ဒုက္ခများရဖို့ ဖြစ်လာတာနှင့်တူကာ ဒီကောင့်ရည်ရွယ်ချက်ကိုက ကာလ ကို ချစ်ခွင့်ရဖို့ ...။

ပြောရဲတဲ့သူတွေကျတော့လည်း ချစ်ရင် ချစ်တယ်၊ ကြိုက်ရင်ကြိုက်တယ်ပြောပြီး ချစ်ချစ် မချစ်ချစ် စိတ်ချမ်းသာသွားကြသည်။

သူ့မှာသာ ဒီနေ့ထိ ကာလ ကို မချစ်ရဲ .. မပြောရဲ ...။

သူငယ်ချင်းလေးလိုတော့ မချစ်ချင်တော့ပေမယ့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဘာ!... သူ လာတယ် ဟုတ်လား .."

"ဟုတ်တယ် ..၊ ငါတောင် နင်တို့ လမ်းမှာ စကားပြောလာကြတာလို့ ထင်နေတာ .."

"ဘယ်ကလာ ဟုတ်ရမှာလဲ .."

ကာလ မျက်နှာလေး ညိုသွားကာ မျက်လုံးတွေပါ ဟိုကြည့် ဒီကြည့် ဖြစ်သွား၏။ သူမ ဒီသင်တန်းကာလပြီးရင်တော့ ဖေဖေ့အလုပ်တွေကိုပဲ ကူတော့မှာပါ ..။

ထို့ပြင် အရှုံးပေါ်နေသည့် ကုမ္ပဏီအလုပ်တွေကြောင့် သင်တန်းတက်နေရပေမယ့် ရည်ရွယ်ချက်တွေက ဝေဝါးနေခဲ့သည်။

နောက်ထပ် စိတ်ရှုပ်စရာတစ်ခုအဖြစ် ဒီဒေး နဲ့ ပတ်သက်တာတွေက ကြားလာရပြီဆို ဆက်တိုက် ..။

"အရပ်ကြီး ရှည်လာတာများ ခြေထောက်နဲ့ ခေါင်းနဲ့ ကိုင်ပြီးဆွဲဆန့်ထားတဲ့အတိုင်းပဲနော် ..၊ ရေရေလည်လည် မိတယ်၊ အသားတွေကလည်း ဖြူ၊ ဆံပင်တွေ အရှည်ထားပုံက လန်းတယ် .."





"မာယာ .."

"ဟင် .."

"နင် အဲဒီလောက်ထိ သဘောကျသွားတာလား .."

"ခစ် .. ခစ် .."

မာယာ က ကိုးတန်း ဆယ်တန်းမှာတည်းက အတန်းအတူတူတက်ခဲ့ကြတာဖြစ်ကာ သားချစ် လောက် မရင်းနှီးပေမယ့် ခင်ခင်မင်မင်ရှိခဲ့သူတွေ ဖြစ်သည်။

အထူးသဖြင့် သားချစ် ကိုလည်း သူမက ရင်းနှီးချင်သည်။ ဒီဒေးကိုလည်း ဘယ်တုန်းကမှ မကောင်းပြောခဲ့တာ မရှိ ..။

"သူ့ကို ငါက ပြုံးပြမလို့ပါ၊ ဒါပေမယ့် ရုပ်ကြီးက အရမ်း အရမ်းကို ဘဝင်မြင့်လာတဲ့ရုပ်ကြီးနဲ့ ပါကင်နားမှာ ခဏရပ်ပြီး ထိုးတောင်မထိုးဘူး .. ပြန်ဆုတ်သွားတာ .."

"ဘာဖြစ်လဲ ..၊ နှုတ်ဆက်ချင်ရင်လည်း လိုက်ခေါ်လိုက်ပေါ့"

"ကာလ ရယ် .. နင်က ငါ့ကို တင်းနေပြန်ပြီ၊ သူက နင်တို့နဲ့လာတွဲတုန်းကရော ငါ့ကို ဟက်ဟက်ပက်ပက် ခေါ်ဖူးတာ ရှိလို့လား..၊ ခုလို နှစ်တွေကြာကာမှ ပြန်တွေ့တော့ ဝေးပြီပေါ့၊ ဟဲ့ .. နင်တို့ တကယ်မခေါ်ကြဘူး .. ဟုတ်လား .."

"ဟုတ်တယ် .. သူ့ကြောင့် မဆိုင်တဲ့သူတစ်ယောက် မသေသင့်ဘဲ သေသွားခဲ့ရတာ .."

"အဲ့ဒါကြီးကဟယ် .."

"ဘာလဲ ..၊ သူ တမင်လုပ်တာ မဟုတ်ဘူးလို့ ပြောချင်လို့လား၊ ငါ့မျက်စိရှေ့တင် ငါ ပြောနေတဲ့ကြားထဲက ခေါင်းမာတာ .. တစ်ကိုယ်ကောင်းဆန်တာ၊ အရမ်း ကောက်ကျစ်တဲ့ကောင် .."

"ငါဖြင့် အဲ့ဒါကို .."

"မယုံလည်း နေ .. ငါ သွားမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ – နေဝါဦး … ငါ လိုက်မှာပါဆို …"

မာယာ က ဆံပင်တိုတိုလေးတွေ နှန်ပေါက်ဖွာကုန်အောင် အမြင့်ဆေါ်တာ ခုန်ဆင်းချလိုက်ပြီး ကာလ နောက်ကို အပြေးတစ်ပိုင်း လိုက်သည်။

ဒီမှာပဲ ထိုင်နေဦးမလိုလို အကျအန ထိုင်ပြီးမှ သွားမယ်ဆိုတော့ ချက်ချင်း …။

"နေဦး .. အဲဒီ အလက်ထရွန်းနစ်ဆိုင်မှာ ပစ္စည်းဝယ်ဖို့လား.. ဆိုင်ရှင်နဲ့ တွေ့ဖို့လား …"

"နှစ်ခုစလုံး …"

မင်္ဂလာ လျှပ်စစ်ပစ္စည်းဆိုင်ကြီးက အိမ်သုံးပစ္စည်းတွေအကုန် မီးစက်ကြီးတွေထိ ရှိသည်။ ထိုဆိုင်က သားချစ် တို့၏ဆိုင် ဖြစ်နေကာ …

"နင်နဲ့ သားချစ် ကလည်း ဘာမှမဟုတ်ကြသေးဘူးနော် .."

ပလက်ဖောင်းပေါ်မှာ အတူသွားနေရင်း ကာလ က မဖြေ …။

"ငါက သင်တန်းမှာ ပြန်တွေ့လိုက်ရတော့လည်း နင်တို့ အတူတူပဲဆိုတော့ အဟွန်း .. ချစ်နေကြပြီ ထင်တာ .."

"နင်တို့ အဲဒါတွေခက်တာ ..ကျောင်းမှာတည်းက သူငယ်ချင်းမှန်း မသိ၊ ရည်းစားမှန်း မသိ၊ ဆယ်တန်းရောက်လာတာနဲ့ စာကြိုးစားမယ် မရှိဘူး .. ဘယ်သူနဲ့ဘယ်သူ ချစ်နေကြသလဲပဲ လိုက်ကြည့်နေကြတာ .."

"ဒါကတော့ ဆယ်တန်းမှာ မချစ်ရဲကြသေးရင်လည်း ဟိုလိုဒီလိုလေးတွေနဲ့ ချိတ်တိတ်တိတ်လေးတွေတော့ ဖြစ်သွားကြတာပါပဲ၊ တက္ကသိုလ်လည်းရောက်ရော ရည်းစားထားခွင့်ပါမစ်တွေလည်း ရကုန်ကြရော .. ချစ်သူဆိုတာတွေ အဲဒီမှာ ကဲကြတာပဲ .."

"တက္ကသိုလ်မှာ ရည်းစားထားခွင့်ပါမစ် ရတယ်လို့ ဘယ်သူပြောသဲ .."





"ပြောဖို့မှ မလိုတာ ..၊ ငါတို့ကအစ လက်ချင်းတောင် ချိတ်ထားကြသေးတယ်၊ ဒါပေမယ့်နော် တချို့ဆိုရင် ဆရာ၊ ဆရာမတွေနဲ့ ချက်နှာချင်းဆိုင်မိတာတောင် လက်ဖွဲ့ဖြုတ်တာ မဟုတ်ဘူး၊ ငါတို့က ဆရာတွေ လှမ်းမြင်လိုက်တာနဲ့ လက်တွဲတွေ ဖြုတ်ပြီးသား .."

"ကျေးဇူးတောင် ကောက်ကပ်တင်ရဦးမယ် .."

"ပြောပြတာပါ ..၊ နင်နဲ့ ငါ တက္ကသိုလ်တက်တော့ ကွဲသွားခဲ့တာပဲဟာ ..၊ ဒါပေမယ့် ငါတို့လိုလူတောင် ရည်းစားနှစ်ယောက် ထားခဲ့သေးတာ .. နင့်လို လှတဲ့မိန်းကလေးဆိုရင် .. ပြီးတော့ သားချစ် ကလည်း ချော၊ ဒီဒေး ကလည်း မိုက်တိမိုက်ကန်း ခိုက်စရာလေး၊ နင့်မှာကိုယ်ရံတွေ တစ်ဖက်တစ်ယောက် အချောတွေချည်းပဲ .."

"မာယာ .. ငါ အဲ့ဒါတွေ လုံးဝ စိတ်မဝင်စားဘူး ဖြစ်နေတယ်၊ တော်ပါတော့ .."

"အေးပါ .."

"အခု ငါ့ခေါင်းထဲမှာ စီးပွားရေးပဲ .."

"အင်း .. နင်တို့ သိပ်အဆင်မပြေဘူးဆိုတာ ကြားရတာ စိတ်မကောင်းပါဘူး၊ ငါတို့ စတိတ်ကျောင်းတုန်းကဆို သားချစ် တို့က အနိမ့်ဆုံးပဲနော် .. ငါ့အထင် အဲဒီတည်းက ဒီဒေး က အားလုံးထဲမှာ ချမ်းသာဆုံးနော် .."

အလယ်တန်း၊ အထက်တန်းထိ အတူတက်ဖူးကြတာမို့ ဟိုတုန်းကအကြောင်းတွေကို မာယာ သိနေတာလည်း အားလုံး အမှန်တွေပဲ ဖြစ်လေသည်။

သားချစ် နဲ့ သူမက မိစုံဖစုံ ရှိကြပေမယ့် အမေ မရှိတော့သော ဒီဒေး က အချမ်းသာဆုံးဖြစ်ကာ ဆန့်ပွဲရုံသေးသေး နှစ်ရုံပဲ ပိုင်သည့် သားချစ် တို့က မျက်နှာငယ်ခဲ့ရသူ …။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့တော့ သားချစ် တို့က ကုန်မာဆိုင်ကြီးတွေကနေ အားလုံးကို ခုခေါင်း၍ အလက်ထရွန်နစ်ဆိုင်ကြီးတွေ ပြောင်းကုန်သည်။

ဘယ်မြို့နယ်မှာမဆို 'မင်္ဂလာ'အလက်ထရွန်နစ်ဆိုင်ခွဲတွေ ရှိသည်။ ကုန်စုံထီလုပ်ငန်းတွေမှာ အရှုံးပေါ်နေခဲ့သည့် ကာလ တို့ စီးပွားရေး လည်ပင်းအစ်နေချိန်မှာ သားချစ် က သူဌေးသား ...။

"နင်တို့သုံးယောက် ခုချိန်ထိ ဟိုအရင်လို တွဲကြတုန်းပေမယ့် စီးပွားရေးတွေကတော့ ပြောင်းလဲကုန်တယ် ထင်တယ်၊ ဒီဒေး ပုံစံက နိမ့်ကျသွားတဲ့ပုံတော့ မရှိတာ အမှန်ပဲ .."

"နင် ထပ်ပြောတိုင်း ဒီဒေး က မပါမပြီးပဲ ..၊ တော်တော့ .."

ကိုယ့်စိတ်ကူးတွေထဲမှာ သာယာကြည်နူးဖွယ် ဘာမှမပါနိုင်သည့် အဖြစ်က နှိပ်စက်နေတုန်း ဒီဒေး အကြောင်းတွေချည်း လှည့်ပတ်ဝေ့နေသဖြင့် စိတ်တိုကာ ...

"ငါတို့ ဘာတွေဖြစ်နေနေ .. ဒီကောင် ဘယ်အဆင့်မျိုးထိပဲ ရောက်ရောက် လုံးဝ အထင်မကြီးဘူး၊ သူ့အကြောင်းလည်း .."

"ကျွိ .."

"အာ!..."

ဟောဟိုမှာ ဆိုင်ကယ်လ်တစ်စီး တိုးကပ်ရပ်သွားတာ ကာလ လက်တံတောင်တစ်ဖက်ကိုပါ တိုးတိုက်၍ ...

"သေပါပြီ ..၊ ဘယ်လိုဖြစ် .."

လက်လေးပွတ်ရင်း လှည့်ကြည့်လိုက်မိလျှင် ဟဲလ်မက်ကို ချွတ်၍ ပြုံးပြလိုက်တဲ့ ဒီဒေး ..။

"နင် .. .."

ခုပဲ သူ့ကားကို သင်တန်းရှေ့မှာ တွေ့လိုက်သည်လို့ မာယာ ပြောခဲ့သည်။ ခု ထပ်တွေ့တော့ ဆိုင်ကယ်လ်နဲ့ ..၊ ပြီးတော့ သူ့နောက်မှာ လူတစ်ယောက် ပါနေသေးသည်။





"ကာလ .. သင်တန်းလစ်ပြီး ထွက်လာတာလား .."

"ဟဲ့ဟာငါ ဘာလုပ်လုပ် နင်နဲ့ မဆိုင်ဘူး .."

"လက်နာသွားလား .. ဆောရီးပဲဟာ ..၊ ဘယ်သူ ငါ့အကြောင်း ပြောနေလဲ မသိဘူး .. ဆိုင်ကယ်လ်မောင်းရင်း လှျာကိုက်မိတာနဲ့ ဒီအကွေ့မှာ လက်ကိုင် ခါသွားတာ .."

ကိုယ်ကလည်း ပလက်ဖောင်းပေါ်က အမှတ်တမဲ့ ဆင်းလိုက်မိသည့်အပြစ်ကြောင့် ...

"ဟွန်း ..၊ လာ မာယာ .. သွားမယ် .."

"ဟ .. နေပါဦး .."

သူက ဆိုင်ကယ်လ်ပေါ်က ဆင်းလိုက်ပြီး နောက်က လူကို လက်လွှဲပေးခဲ့လျက် ...

"ဘယ်လိုဖြစ်တာလဲ ..၊ လက်နာသွားတာကို တောင်းပန်နေတာ.. မကျေနပ်သေးဘူးလား .."

"ဘာကိုကျေနပ်ရမှာလဲ ..၊ နင် ငါ့ကို ဒီရက်ပိုင်းမှာ ဒုက္ခပေးခဲ့တာတွေလေ .. ငါက .."

"နေဦး .. ငါ လုပ်သမျှ ဘာမှ အဓိပ္ပာယ်မမဲ့ဘူး .."

"ဟုတ်တယ်.. နင် လုပ်သမျှ မှန်နေတာ ..၊ ငါတို့ကပဲ မှားတယ်"

"မမှားပါဘူး ..၊ ဒါပေမယ့် ငါ့ကိုယ်ငါ မှန်တယ်လို့ ထင်တဲ့အတွက် နင့်အပေါ်မှာ အပြစ်လုပ်မိထားတယ်လို့ မထင်ခဲ့တာလည်း အမှန်ပဲ .."

သူနဲ့အတူ လျှောက်နေရတာကို စိတ်တိုပေမယ့် ကိုယ်သာ အပြေးတစ်ပိုင်း လျှောက်နေရသလိုဖြစ်လာကာ သူက ခြေလှမ်းကျဲရုံလောက်နှင့် အေးဆေး ..။

"ငါ လမ်းလျှောက်ရင်း ဗိုက်ဆာလာပြီ ..၊ ဒီမှာ မုန့်တီသောက်ရင်း နေခဲ့တော့မယ်ဟာ .."



www.burmeseclassic.com

www.burmeseclassic.com



မာယာ့ အသံလေး ကြားမှ သူမကို သတိရကာ ကာလ ခြေလှမ်းတွေ ရပ်သွားရ၏။ ပြေးလွှားပါနေရသလိုဖြစ်ကာ မာယာ့ မျက်နှာလေး နီနေရှာ၏။

ထိုပြင် သူမ ဒီဒေး ကိုလည်း လန့်နေသည့်ပုံလေး ရှိနေကာ မရဲ့တရဲ့ မျက်လွှာပင့်ကြည့်၍ ...

"နော် .. နင်တို့ ဆက်သွားကြတော့ .."

လမ်းဘေးမှာ သေသေသပ်သပ်လေး ရှိနေသည့် မုန့်တီဆိုင်ရဲ့ စားပွဲဝိုင်းလေးတွေကို လက်ညှိုးထိုးပြ၍ ...

"ငါ ဒီကပဲ စောင့်တော့မယ် သိလား .."

ကာလ ဒီမှာပဲ ဝင်ထိုင်လိုက်ပြန်ရင်လည်း ဒီဒေး ပါလာမှာကို သိကာ အတူတူ တွဲသွားရမှာလည်း စိတ်ညစ်ကာ ...

"နင်က အခု ဘယ်သွားမလို့ လိုက်လာတာလဲ .."

"ဩော် .. ကိုယ့်ဟာကိုယ် မေးပြီး ကိုယ့်ဟာကိုယ် ဖြေနေတယ်၊ နင့်နောက်ကို လိုက်လာတာလေ၊ ဘယ်မှ သွားမလို့ မဟုတ်ဘူး .."

"ငါက သားချစ် နဲ့ ချိန်းထားလို့ .."

"ဒါဆို သွားမနေနဲ့တော့ ..၊ သူက လေဆိပ်မှာ .."

"ဘာ!..."

ချိန်းထားတာ မဟုတ်တော့ သားချစ် ဘယ်မှာလဲဆိုတာ ကာလ မသိပေ။ သူ့ဆိုင်ကို သွားမှာဖြစ်ပေမယ့် တွေ့ရင်သာ သင်တန်းကိစ္စ ပြောစရာရှိတာ ပြောဖို့ ...။

"တကယ်ပြောတာ .. ငါ့ကို သူပဲ လာခေါ်တာ၊ သူ့အစ်မဝမ်းကွဲ တစ်ယောက် လာမှာမို့လို့ လာကြိုတာတဲ့၊ ဂျပန်ပြန်ဆိုလား .."

ဒီဒေး က ကာလ မဟုတ်ကဟုတ်က ပြောလိုက်တာကို သူခိုးဖမ်းလိုက်တာနဲ့ မတူဘဲ ရိုးရိုးသားသား ရှင်းပြနေတာမျိုး ..၊ မျက်နှာသေလေး တမင်လုပ်နေ၏။





ညာမိလို့ မျက်နှာပူသွားမိဟာတွေ ပျောက်ကုန်ကာ မျက်စောင်းထိုးပစ်လိုက်မိသည်။ ပြီးတော့ သားချစ် ကိုပါ စိတ်တိုသွား၏။

ဒီကောင်ဟာ အားငယ်တတ်သလောက် သူများအပေါ် အထင်ကြီးလွယ်တတ်သည်။ ထို့ပြင် ကြွားချင်စိတ်လို့ ပြောရမလား .. မိမိကိုယ်ကို ဂုဏ်ယူနေတာလို့ ဆိုမလား ..။

ဒီဒေး ကို တမင် သွားနှုတ်ဆက်လိုက်တာဟာ သူ့ အရင်တုန်းက သားချစ် မဟုတ်တော့ဘူးဆိုတာ ပြောကို ပြောချင်နေတာလည်း ဖြစ်နိုင်၏။

"ဘယ်လိုလဲ ..၊ မယုံရင် ဖုန်းဆက်ကြည့်မလား .."

"မလိုပါဘူး ..၊ ငါ သူ့ဆိုင်ကို သွားမှာ၊ သူ့အမေက ခဏခဏ ခေါ်လွန်းလို့ ဒီနေ့ သင်တန်း တမင်ဖျက်ပြီး ထွက်လာတာ .."

"ဒါဆိုလည်း သူ့အမေနဲ့ ချိန်းထားတယ် ပြောပါလား .."

ချက်ချင်း ဖြစ်သွားတဲ့မျက်နှာက မချိုမချဉ် ..။

"ဒီဒေး .."

"ပြော .."

"ငါ ဘယ်သူနဲ့ချိန်းချိန်း နင့်ကို ဆက်မလိုက်စေချင်လို့ဆိုတာ နားမလည်ဘူးလား .."

"ဘာဖြစ်လို့လဲ ..၊ ငါက နင့်ကို ရည်းစားစကား လိုက်ပြောနေတာမှ မဟုတ်ဘဲ .."

ကြည့်စမ်း ..၊

"နင့်ဟာနင် ဘယ်သူနဲ့ သွားတွေ့တွေ့ ငါ လိုက်လာလို့ မရဘူးလား .."

မျက်တောင်ကော့လေးတွေနှင့် ညိုလဲ့သော မျက်ဝန်းလေးတွေ စူးစူးရဲရဲ ဖြစ်သွားတာကို ဒီဒေး က တည်တည်တံ့တံ့ စိုက်ကြည့်သည်။ ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"[illegible]"

"[illegible]"

ကားတစ်စီး ဟွန်းတီး၍ ပွတ်ကပ်မောင်းသွားသဖြင့် ဒီဒေး က ကာလ ဝမ်းလေးနှစ်ဖက်ကို ကိုင်၍ ဇွေ့ခနဲ လှည့်ပစ်လိုက်၏။ ဖက်အားလိုက်တာ မဟုတ်ပေမယ့် ရင်ဘတ်ချင်း ထိကပ်မတတ် ဖြစ်သွား၏။

"ဟေး .. ပန်းခြံသွားကြ၊ လမ်းပေါ်မှာ သေကုန်လိမ့်မယ်"

နောက်ကားတွေက သံပြဲတွေနဲ့ အော်သွားကြ၏။

"ဖယ် .."

ကာလ ရှက်ရှက်နှင့် သူ့လက်တွေကို ပုတ်ခတ် ဖယ်ပစ်လိုက်၏။

"တွေ့လား .. ကျေးဇူးတင်စကားလေး ဘာလေး မပြောဘူး"

"မပြောဘူး ..၊ နင့်ကိုပဲ ထုရိုက်ပစ်ချင်တာ .."

"ဒါဆိုလည်း လုပ်လေ ..၊ ဒီနားမှာပဲ လုပ်နော် .. ခုနကလို သူများတွေ အော်ဟာစ်သွားရင်တော့ မတတ်နိုင်ဘူး"

နှစ်ယောက် အတူ ယှဉ်တွဲလျှောက်ရခြင်းသို့ ရောက်ကာ သူ့မျက်နှာမှာ အပြုံးတွေနဲ့ ဝေနေသလောက် ကာလ မျက်နှာလေးက ရှုပ်ပွနေ၏။

ပြီးတော့ 'မင်္ဂလာ'အလက်ထရွန်နစ်ကို မဟုတ်တော့သည့် ခြေလှမ်းတွေကို ဘယ်ကို ဆက်ရွေ့ရမှန်းလည်း မသိ ..။

"ဘယ်သွားရမှန်း မသိရင်လည်း ခြေထောက်တွေ ညောင်းအောင် ဆက်လျှောက်မနေပါနဲ့ ..၊ ဟိုဆိုင်မှာ ဒိုးနပ် ဝင်စားရအောင် .."

"တောက် .."

ကိုယ်က တွေးလိုက်တိုင်း သူက အစဖော်ပြီးပြီ ..၊ ဒေါသထွက်နေပါသည်ဆိုမှ မျက်နှာက မချိုမချဉ် ရယ်ချင်ပက်ကျိုပုံနှင့် ...

"ဒီဒေး .. နင့်ကို ငါ အပြတ်ပြောပြီးသားနော် .."





"ဘာပြောတာလဲ ..၊ ဘယ်တုန်းကလဲ .."

"ဆယ်တန်းမဖြေခင် တစ်လက .."

"မသိတော့ဘူး ..၊ ဦးနှောက်က မလိုချင်တာဆိုရင် ကဲန်ဆယ်လုပ်ပြီးသား ဖြစ်ဖြစ်နေတာ .."

"ဟုတ်လား .. ဒါဆို မှတ်သွား ..၊ နင့်ကိုလည်း ငါ့အသိ၊ ငါ့ရင်ထဲမှာ ကဲန်ဆယ်လုပ်ပြီးတာ ကြာပြီ .."

"ဘာတွေလဲ ကာလ ရာ .. ဘာကို ကဲန်ဆယ်လုပ်လိုက်တာလဲ၊ ဒီမှာ လူတစ်ယောက်လုံးကြီး ရှေ့မှာထိုင်နေတာ ဘယ်နားကို ကဲန်ဆယ်လုပ်လိုက်တာလဲ .."

"ဒီဒေး နော် .. နင် မျက်နှာပြောင်မနေနဲ့ .."

"အဲဒါမျိုး လုံးဝကို ဝါသနာမပါဘူး ဆောင်းကာလ ..၊ ဒီဒေးတဲ့ .. သေချာ မှတ်ထားဦး .."

သူက ကာလ ဘေး ကပ်ရပ်လိုက်တဲ့အတိုင်း မျက်နှာချင်း အတူပါလာကာ ...

"နင် ပြောခဲ့တဲ့ထဲက ငါ့ မကြိုက်တဲ့ ငါသဘောမတူနိုင်တဲ့ စကားတွေ၊ အကြည့်တွေ .. အဲဒါတွေကိုပဲ ငါ ဖျောက်ဖျက်ခဲ့တာ ..၊ ဒီထဲမှာ ဆောင်းကာလ တစ်ယောက် လုံးဝမပါဘူး .."

"အခု ပါလိုက်တော့ ..၊ နင် ဘယ်လိုရည်ရွယ်ချက်တွေ ထားနေလဲဆိုတာ ငါ သိတယ်၊ နင့်လိုလူကို ငါ ဘယ်တော့မှ .."

"နေပါဦး .. နင် သိနေတာတွေ ဟုတ်ပါတယ်လို့ ဘယ်သူ ဝန်ခံလိုက်လို့လဲ၊ ငါ ဘာရည်ရွယ်တယ်ဆိုတာ ငါ့ကိုယ်ငါတောင် မသေချာသေးဘူး .."

ကာလ မျက်နှာလေး ညို့ခနဲ မှောင်သွားသည်။ ဒီဒေး ကလည်း ပတ်ဝန်းကျင်ကို စိတ်ဝင်စားတာ မဟုတ်ဘဲ မျက်လုံး တစ်ဖက်မှေ့လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကျယ်တဲ့ စီမံကိန်းတစ်ခုကို စနစ်တကျလုပ်နိုင်ဖို့ဆိုတာ ပထမဆုံး ပရော့ဂျက်လုပ်ပြီး စုစည်း ခန့်မှန်းရတယ် ...၊ ငါ့ရည်ရွယ်ချက်အတွက် ပရော့ဂျက်က ခုမှ စမှာ .."

ရှက်လုံးချင်းဆုံသွားမှ ဒီဒေး က နှုတ်ခမ်းစေ့ထားရင်း ပြုံးကာ...

"နင် ခန့်မှန်းလိုက်တာ စောသေးတယ် .."

ကာလ မျက်နှာလွှဲပြီး မဲ့လိုက်တော့ သူက ဟွန့်ခနဲ ရယ်၍ ...

"စကားတစ်ခွန်း ပြောပြီဆို ဖြစ်အောင် လုပ်နိုင်ရတယ်၊ နင်ပြောတာ လွဲသွားမှာစိုးလို့ သတိပေးတာပါ၊ နောက်ဆို ခန့်မှန်းခြေတွေ သိပ်မထုတ်နဲ့၊ အဖြေတွေ အများကြီး ထွက်လာပြီး အမှန်တရားပျောက်သွားလိမ့်မယ် .."

"လူရှိန်အောင်လည်း နင် မြှောတတ်သားပဲ .. မဆိုးပါဘူး၊ အဲဒါကြောင့် နင့်ကို မြင်လိုက်တဲ့ မိနစ်ကလေးတိုင်း ဒီဒေး က ရွှေမင်းသားဖြစ်သွားခဲ့တာ .."

သူက ရယ်ကာ ...

"ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပါ၊ ငါ အခု မြန်မာပြည်ကို အပြီးပြန်လာတာ .."

သူ ပျောက်နေတာ နိုင်ငံခြားရောက်နေတာမှန်း ခုမှ သေချာသိလိုက်ရသည်။ သားချစ် လိုပဲ ကြွားချင်တာလားလို့ တွေးမိပြီး မျက်နှာကို လှောင်ချင်သည့်အပြုံးနှင့် ပြန်ကြည့်မိသည်။

ဒီဒေး က သူ့စကားကို ကာလ စိတ်ဝင်စားသွားသည်လို့ ထင်ကာ ...

"ပြန်လာတာကတော့ အလုပ်လုပ်ဖို့ပဲ၊ ဒါပေမယ့် အလုပ်ထက်ပိုအရေးကြီးသေးတာလည်းရှိတော့ ပူးတွဲ စဉ်းစားနေရတာလေ၊ နင်ရော အခု သင်တန်းပြီးရင် ဘာလုပ်မှာလဲ .."

သင်တန်းပြီးတော့မှာကိုလည်း သူ သိနေပြန်သည်။ ဒီဒေး ကို





ဘယ်လိုလူမှန်း နားလည်ရခက်လာလေ၊ ပတ်သက်ချင်စိတ် မရှိလေ..။

"နေကောင်းလား ..၊ ဘာလုပ်နေလဲ သတင်းမေးပြီး နင်နဲ့ ငါ အာလာပသလ္လာပ ပြောနေစရာ မရှိဘူး ဒီဒေး ...၊ နင့်ကို ငါ မိတ်ဆွေလိုရော .. သူငယ်ချင်းအဖြစ်ကနေရော .. လုံးဝ ထုတ်ပစ်ခဲ့တာ ကြာပြီ၊ အဲဒီတော့ ငါ့ကို နောက်ထပ် လမ်းမှာတွေ့ရင်တောင် နှုတ်မဆက်နဲ့.."

ဒီဒေး မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ ဒါပေမယ့် ချက်ချင်းပြေချ၍ ...

"ပြီးခဲ့တာကို မေ့ထားလိုက်ပါ၊ ငါတို့နဲ့ ဘာမှမပတ်သက်တဲ့ လူစိမ်းတစ်ယောက်အတွက် ..၊ ပြီးတော့ အဲဒါ ငါ တမင်လုပ်ခဲ့တာ မဟုတ်ဘူးလို့လည်း ရှင်းပြပြီးပြီ .."

"ဘယ်လိုပြောပြော မယုံဘူး ..၊ ဘာတွေဖြစ်ဖြစ် တရားခံက နင်ပဲ၊ လူတစ်ယောက်လုံး မြုပ်စိမြုပ်စီ အသက်ငင်နေတာကို ဒီတိုင်းလက်ပိုက်ကြည့်နေခဲ့တဲ့ တစ်ကိုယ်ကောင်းသမား .."

"ဟား!... အဲဒီကောင် ရေကူးတတ်တယ်လို့ ငါ ဘယ်နှစ်ခါပြောရမလဲ ...၊ သူကိုယ်တိုင် သဘောတူပြီး ဒီတိုင်းလုပ်ဖို့ နင့်ဆီ လွှတ်လိုက်တာ .."

"ဒါဆိုလည်း သူ ရေနစ်နေတာမြင်ရင် နင် သွားကယ်ပါလား.."

"ရေနစ်ဟန်ဆောင်မယ်လို့ သူ ပြောခဲ့တာကို .. တကယ် နစ်နေမယ်လို့ ဘယ်သူက ထင်မှာလဲ .."

"တော်တော့ .. ဘာမှ ထပ်မပြောနဲ့ ...၊ နင် ယုတ်မာတာ .."

ဖြစ်ခဲ့သမျှဟာ အသစ်တွေ ပြန်မြင်လာရသလို ကာလ မျက်နှာလေးက နီမြန်းနေလျက် ...

"အဲဒီအဖြစ်ကို အကျပ်ကိုင်ပြီး နင် ငါ့ကို ရည်းစားစကား ပြောခဲ့တာ နင့်အမှားပဲ ဒီဒေး ...၊ ငါ နင့်ကို သူငယ်ချင်းလိုတောင် ဆက်မခေါ်ချင်တော့တာ အဲဒီအဖြစ်ကို အရမ်း နာကြည်းသွားလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက နှင် ငါ့ကို ရင်းနှီးချင်တာမှ မဟုတ်ဘဲ .."

"ဟုတ်လိမ့်မယ် ..၊ ဒါပေမယ့် ငါ့ဘဝမှာ နှင်နဲ့ သားချစ် တို့က ပထမဆုံး ရင်းနှီးခဲ့တဲ့ တစိမ်းယောကျ်ားတွေပါ ..၊ ခင်တာ အတိမ် အနက်ကို မကြည့်မိပေမယ့် ခင်တော့ ခင်ခဲ့ကြတာပဲ .."

ကာလ က သူ့မျက်နှာကို စူးစိုက်ကြည့်၍ ...

"အခု အားလုံး မရှိတော့ဘူး .. အဲဒါ နှင် ပြောသလို တစိမ်းလူ တစ်ယောက်ကြောင့်ဆိုတာ မှန်ပေမယ့် အဓိကက နှင့်ရဲ့ တစ်ကိုယ် ကောင်းစိတ်ဓာတ်ကို ရှုံ့တာ .."

"လုပ်ပါ .. မှားနေတဲ့ အဖြစ်တစ်ခုမှာ အမှန်တရားဆိုတာ အမြဲ တမ်း ရှိတယ်၊ ငါက ငါ မှန်တယ်ထင်နေရင် ဘယ်သူ ဘယ်လိုထင်ထင် ဂရုမစိုက်ဘူး၊ နှင် အဲဒီလိုထင်ပြီး မှန်းနေတယ်ဆိုရင် မှန်းပေါ့၊ နှင် ထင်တာ မဟုတ်ဘူးဆိုတာ သိတဲ့တစ်နေ့က အဲ့ဒါ ငါ့အတွက်ပဲ .."

နှစ်ယောက် လမ်းခွဲလာခဲ့တဲ့အထိ မီးခိုးရောင် ရှပ်လက်ရှည် ဘောင်းဘီအနက်နှင့် သူ့ပုံစံ .. သူ့အသံတွေက နားထဲမှာ ပျောက်ပျက် မသွားဘဲ ဖြစ်နေခဲ့သည်။

သူကပဲ လိမ်ရဲနေတာလား ..၊ ကိုယ် ထင်နေတာပဲ တကယ် လွဲနေခဲ့တာလား ...။

ထိုနေ့က ..၊



## အခန်း (၃)

"ဘာလုပ်နေတာလဲ' တစ်ယောက်တည်း .."

ဖေဖေနဲ့ မေမေ အလုပ်ကိစ္စတွေကြောင့် ဖြေရှင်းမရဘဲ စကားများ ရန်များဖြစ်နေကြသဖြင့် ကာလ တစ်ယောက်တည်း ထွက်လာခဲ့တာ ဖြစ်သည်။

သားချစ် ကို ခေါ်မလို့ပေမယ့် သူတို့အိမ်မှာ သားချစ် ရဲ့အမေ ဒေါ်နီနီခင် က မျက်လုံးစူးစူးနှင့် ကြည့်တတ်၏။ စကားပြောတိုင်း ဥပမာလေးတစ်ခု အမြဲပါတတ်ကာ ထိုဥပမာဟာ ဘာကို ရည်ညွှန်းမှန်း မသိသာဘဲ ခံရခက်သလိုလို ရင်ထဲမှာ ဖြစ်ကျန်ရစ်တတ်တာလည်း ခဏ ခဏ ..။

ထို့ကြောင့် တော်ရုံဆို သူတို့အိမ်ကို မသွားဖြစ်သလို အိမ်နီးချင်း ပေမယ့် သားချစ် နဲ့ လုံးလားထွေးလား မရင်းနှီးခဲ့တာ ထိုအရာကြောင့် ပင် ..။

"ကာလ .."

www.burmeseclassic.com



"ဟင် .."

"မျက်နှာမကောင်းပါလား .. သားချစ် နဲ့ ရန်ဖြစ်လာလို့လား.."

"မဟုတ်ပါဘူးဟာ ..၊ ငါ စိတ်ညစ်လို့ပါ .."

"ဘာတွေလဲ .. ပြောပြလေ၊ မွန်းကျပ်နေတာတွေ ပေါ့သွားတာပေါ့ .."

ဒီဒေး က ခုံတန်းလေးအစွန်မှာ ဝင်ထိုင်လိုက်သည်။ ထိုစဉ်က လှိုင်းတွန့်ရှိသည့် သူ့ဆံပင်တွေက မတိုမရှည် ခပ်အုပ်အုပ်လောက်ရယ် ..၊

ရင်အုံဖွံ့တာတွေ၊ အရပ်မြင့်လာတာတွေလည်း ခုလောက်ထိ ဘာမှမဟုတ်သေးပေ။ သားချစ် နဲ့ယှဉ်လျှင် အသားဖြူတာ၊ အရပ်မြင့်တာ မသိမသာ ပိုရှိလောက်ပဲမို့ ကာလ တို့ သုံးယောက်မှာ သူငယ်ချင်း အဖြစ်ထက်ပို၍ ကွဲပြားတာ ဘာမှမရှိ ..။

"အိမ်တစ်အိမ်မှာ စီးပွားရေး အဆင်ပြေနေတော့လည်း ဟိုကိစ္စ ဒီကိစ္စတွေနဲ့ ရှုပ်ပါတယ်ဟာ .."

"ဘာဖြစ်လို့လဲ ..၊ နင့်အဖေ တစ်ခုခု ဖွဲ့ဖောက်လာလို့လား.."

"ဟင်!..."

ကာလ အံ့သြသွားခဲ့၏။ စကားတစ်ခုကို စပေးလိုက်တာနှင့် တန်းခနဲ တွေးယူလိုက်နိုင်တာ ဒီဒေး ရဲ့ အရည်အချင်းတစ်ခုပဲ ထင်သည်။ သူနဲ့ စကားပြောရတာ ပင်ပန်းမှု မရှိသလို သူ့ကိုပဲ ယုံကြည်နေ စိတ်တွေလည်း ဖြစ်နေတတ်ကာ ...

"အဲဒီလိုလည်း မဟုတ်ဘူးဟ ..၊ ငါတော့ ဖေဖေ့ကို ယုံတယ်၊ ဖေဖေက စီးပွားရေးကိုပဲ ကြိုးစားတဲ့သူပါ၊ ဒါပေမယ့် မေမေက အရမ်း သဝန်တိုတတ်တာ .. ပြီးတော့ ပြဿနာဖြစ်ပြီဆို တိုးတိုးကြိတ်ကြိတ် ဖြေရှင်းလိုက်တာမျိုး မဟုတ်ဘဲ မေမေက .."

"ယောက်ျားတွေက အဲဒီလို မိန်းမမျိုးကို အလိုမရှိကြဘူးဟ .."





ပြောပြီးမှ ကာလ မျက်နှာလေးကို ငဲ့ကြည့်ကာ ...

"ဆောရီး .. နင့်အမေကို ပြောချင်တာ မဟုတ်ပါဘူး၊ ငါ တွေ့ဖူးတာကို ပြောပြတာ၊ ငါ့အဖေ အိမ်ထောင်နှစ်ဆက် ဖြစ်ခဲ့တာ အဲ့ဒါကြောင့်လည်း ပါတယ် .."

"ဟုတ်လား .. ဘာဖြစ်လို့လဲဟင် .."

"မေမေက ဒေါသထွက်လာရင် မထိန်းချုပ်တတ်ဘူး၊ ဖေဖေက ကျတော့ အဲဒီလိုနည်းနဲ့ ပြဿနာရှင်းရတာမျိုးကို မကြိုက်ဘူး .."

"အန်တီကလည်း တစ်ယောက်ယောက်နဲ့ သဝန်တိုခဲ့တာပဲလား"

"မဟုတ်ဘူး .. မေမေက အပေါင်းအသင်း မိတ်ဆွေ များတာ..၊ အဖေက တစ်ခုခုပြောဖို့ ပြင်လိုက်တာနဲ့ မေမေက အော်ပြီးသား ဖြစ်နေတာမျိုး၊ ဖေဖေက ကွယ်ရာမှာ ညည်းနေတော့ ငါက မေမေ့ကို အဲဒီလို အော်တာပြောတာတွေ မလုပ်ဖို့ တားတယ် .."

"အဲဒီတော့ အန်တီက လက်မခံဘူးလား .."

"လက်မခံတာလည်း မဟုတ်ဘူး၊ သူ့အမှန်တရားနဲ့သူ ခေါင်းမာတာပေါ့ဟာ၊ သူ ပြောတိုင်း ငြိမ်နေရင် ကိုယ်က အပြစ်ရှိလို့ ခံနေတယ် ထင်မှာပေါ့တဲ့၊ သူ့အပေါင်းအသင်းနယ်ပယ်ကို မဖြတ်နိုင်တဲ့အတွက် ဖေဖေ ဒီလိုပဲ ဟိုလိုဒီလို ထင်နေတိုင်း ဖြေရှင်းနေရရင် ကြာရင် မလွယ်ဘူးတဲ့ .."

"ဒါကလည်း ကိုယ်က မှန်ပေမယ့် တစ်ဖက်က နားလည်ပေးနိုင်ဦးမှကိုး .."

"ဟုတ်တယ် .. ဖေဖေက အမှားအမှန်ထက် ပိုပြီး စိတ်ပျက်သွားတာ၊ ဘာမှမဟုတ်တဲ့ ကိုယ့်ရဲ့အိမ်ထောင်ရေးကို ပတ်ဝန်းကျင်က သို့လောသို့လောတွေ သင်ကုန်ကြတဲ့အထိ အိမ်ထောင်ရေးက အက်ရာ ထင်လာတာပေါ့၊ မေမေ မလွယ်ဘူးထင်ခဲ့သလို ဖြစ်မလာဘဲ မထင်ခဲ့တဲ့ အမြစ်သေးသေးလေးကနေ ကွဲကြကွာကြတဲ့အထိ ဖြစ်သွားခဲ့တယ် –"



www.burmeseclassic.com

www.burmeseclassic.com



"နင်က နင့်အဖေနဲ့ နေခဲ့တာပေါ့ .."

"ဖေဖေ မှားတာမှ မဟုတ်တာ .."

"နင့်အမေက အတင်းမခေါ်ဘူးလား .."

"ငါက လိုက်ချင်တဲ့ပုံ ပြနေရင်တော့ ခေါ်ရင် ခေါ်မှာပေါ့၊ ငါ့စကား နားမထောင်ကတည်းက မေမေ့ကို ငါကလည်း စည်းရုံးဖို့ မကြိုးစားခဲ့တာ .."

"ဒါကတော့ မိဘအမြင်မှာ သားသမီးလို့ပဲ မြင်တာကိုး၊ လူကြီးက ကလေးပြောတာကို ခေါင်းညိတ် နာခံဖို့ဆိုတာကလည်း .."

"ငါ ကလေးမဟုတ်တော့ဘူး ကာလ ..၊ ဖေဖေနဲ့ မေမေ ကွဲသွားတော့ ငါ ရှစ်တန်းဖြေပြီးပြီ၊ ဒါပေမယ့် ကလေးပေါက်စလေးပဲ ဖြစ်နေနေ ကိုယ့်သားသမီးရဲ့ရင်ထဲက ခံယူချက်ကို ဘေးဖယ်ထားတာ တရားတယ်လို့ နင် ထင်သလား .."

သူ မေးတော့ ကာလ ဘာမှ မဖြေဘဲ ဒီတိုင်း ပြန်ကြည့်နေမိသည်၊ သူ့လို မခံစားမိခဲ့တာလား ..၊ မေးတာကိုပဲ မဖြေတတ်တာလား .. အဲဒါလည်း မသိနဲ့ ..။

"နောက်ထပ် ဖေဖေ အိမ်ထောင်ပြုခဲ့တာလည်း ကံမကောင်းဘူး"

"ဘာဖြစ်လို့လဲ .."

"အေးချမ်းတယ် .. သိမ်မွေ့တယ်လို့ ဖေဖေက ထင်ခဲ့တာလေ.."

"မဟုတ်ဘူးလား .."

"ဟုတ်တယ် ..၊ အေးချမ်းလွန်းပြီး ထုံဆေးမိထားသလို ဖြစ်သွားတာ .."

ဒီဒေး တော်တော် စိတ်ပျက်နေတဲ့ပုံပါ။ ပြောရင်း ဒေါသဖြစ်သလို တင်းလာသည့်မျက်နှာက ဘယ်ဆီကို မှန်းသမ်းဖြစ်နေမှန်း မသိ ..

"အဲဒါကြောင့် အချစ်မှာ ရွေးချယ်မှု ပါလာရင် မကောင်းဘူး"

"နင့်အဖေက အန်တီ့ကို ချစ်လို့ ယူခဲ့တာ မဟုတ်ဘူးလား .."





"မဟုတ်ဘူး .. မိဘပေးစားတာ၊ ဒါပေမယ့် ဖေဖေကိုယ်တိုင်က ...လုပ်ငန်းနဲ့ လိုက်ဖက်တင့်တယ်တဲ့ ဇနီးမျိုးလို့ထင်ပြီး ရွေးချယ်ထားတဲ့အကြောင်း မိဘကို တင်ပြတယ်၊ မိဘက သဘောတူတယ်၊ ဒါပဲ နောက်ထပ်တစ်ယောက်ကျတော့လည်း ရှေ့ကတစ်ယောက်ရဲ့ဥပမာနဲ့ တူတာကို ရွေးတာပဲလေ .."

ဒီဒေး ရဲ့ အတွေ့အကြုံက ကိုယ့်ထက်သာနေတာကိုတော့ လက်ခံရသည်။

"ဖေဖေ့လို ငါကတော့ မရွေးဘူး၊ ငါ့နှလုံးသားက လက်ညှိုးထိုးပြတာကို ရအောင် ယူမယ်၊ အဲဒီတစ်ယောက်က ဘယ်လိုမိန်းမ ဖြစ်နေနေ ကိုယ်ရွေးချယ်ခဲ့တာ မှားသွားလည်း မှောက်အိပ်ရုံပဲ .."

ကာလ တစ်ခုခုကို သတိရပြီး ပြုံးလိုက်မိစဉ် ကိုယ့်ဘေးကနေ ...ထဲကို တစွပ်စွပ် ဆင်းချသွားတဲ့လူဆီ မျက်လုံးရောက်သွား၏။

ကန်ထဲမှာ ရေမကူးရလို့ စာရေးထားတာကို မတွေ့ဘူးလား ..၊ ...ဒေး ကလည်း သူ့မ ကြည့်နေတာကို လှမ်းကြည့်ပြီးမှ ...

"ကာလ .."

"ဟင်!..."

"ငါ နင့်ကို ပြောထားပြီးပြီနော် .."

"ဘာလဲ .. ဆယ်တန်းမအောင်မချင်း မစဉ်းစားဘူး .."

"အောင်ပြီးရင်ရော .."

"စဉ်းစားမယ်လေ ..၊ ဒါပေမယ့် ဘွဲ့ရပြီးမှ ဆုံးဖြတ်မှာ .."

"အချစ်အတွက် အချိန်ကာလတွေ .. ကန့်သတ်ချက်တွေ မလိုပါဘူး .."

"ငါကတော့ လိုတယ် ..၊ ဟယ် .. ဟိုလူ ဘာကျလို့ ဆင်းစမ်းတာ ...မသိဘူး၊ ရေလည်း ကောင်းကောင်းကူးတတ်ပုံ မပေါ်ဘဲနဲ့ .."

"ရေမကူးတတ်ဘဲ ရေထဲ ဘယ်သူမှ မဆင်းဘူး ..၊ ဒီဘာသာကို



www.burmeseclassic.com

www.burmeseclassic.com



လှည့် ..''

''နေစမ်းပါ ဒီဒေး ရယ် .. နင်နဲ့တွေ့လိုက်ရင် ဒါပဲ၊ ဟိုလူ ရေနစ်တာလား ..၊ ပစ္စည်းငုပ်နေတာလားလို့ ..''

''ရေနစ်နေလည်း ငါ့စကားပြော ပျက်သွားလောက်အောင် အရေးမကြီးနိုင်ဘူး၊ ဒီအကြောင်းပြောတိုင်း စကားက အမြဲတမ်း ဟိုရောက် ဒီရောက်နဲ့ ..''

''နင်နဲ့ သားချစ် မတူတာ အဲဒါတွေပဲ ..''

''ဘာလဲ .. ပြော ..''

''သားချစ် က ကူညီချင်စိတ် သိပ်ရှိတာ ..၊ တစ်ခါတလေ ငါ့ ဗိုလ်ကျတိုင်း မရလို့ ဒေါသတောင် ဖြစ်ရတယ်၊ လူကို ဦးစားပေးမလို့လို့နဲ့ တခြား အရေးတကြီး ထဖြစ်ပြီဆို သူ့ရဲ့စိတ်က အဲဒါက အဓိကဖြစ်သွားရော ..''

''ငါက သားချစ် မဟုတ်ဘူး ..၊ အဲဒီတော့ သားချစ် အကြောင်း မပြောနဲ့ ..''

''ဟယ် .. ဟိုမှာ ရေနစ်နေတာ ..၊ တကယ် နစ်နေတာ ဒီဒေး.. သွားလုပ်ပါ .. ကယ်လိုက်ပါဟယ် ..''

လူကို အတင်းဆွဲလွဲ တွန်းပို့နေသဖြင့် ထိုင်နေသည့် တစ်ကိုယ်လုံး ခုံပေါ်က ကျမတတ် ဖြစ်သွား၏။ ဒါပေမယ့် ဒီဒေး က တစ်ချက်ပဲ လှမ်းကြည့်ပြီး မျက်နှာလွှဲကာ ...

''သူ့ကို ဘယ်သူက ရေထဲ ဆွဲချလို့လဲ ..၊ ကိုယ့်သဘောနဲ့ကိုယ် ဆင်းတာ ..''

''ဟဲ့ .. သေချင်လို့ ဆင်းသွားတာဆိုရင်တောင် သေမယ့်အား တကယ်ကြုံလာရင် ကြောက်တတ်တာပဲ၊ လုပ်ပါဟယ် .. ဟိုမှာ လက်ယပ်ခေါ်နေတာ သနားပါတယ်၊ ဟယ် .. မြုပ်သွားပြန်ပြီ ..''

''နင် ငါ့ကို ပြန်ချစ်မလား ..၊ အခု သွားဆယ်လိုက်မယ် ..''





''အို .. ဘာဆိုင်လို့လဲ ..၊ သူများအသက်ဘေး နီးနေတာကို ညှိုးစားစကား ပြောနိုင်သေးတယ်၊ သွားပါဆို သွားလိုက်ပါဟာ ..''

ကာလ နေရာမှ ထရပ်ကာ သူ့ကို အတင်းဆွဲထူသည်။ ဒီဒေး က မလှုပ်မယှက် မော့ကြည့်ကာ ...

''နင် ဖြေလိုက်လေ ..၊ မဖြေရင် မသွားဘူး ..''

''နင် .. နင် ကြည့်စမ်း ..''

ရေထဲမှာ ယက်ကန်ယက်ကန်ကနေ ရေလယ်ထိ ရောက်သွားသည်။ တစ်ခါမြုပ်သွားပြီး ချက်ချင်း ဘွားခနဲ ပြန်မပေါ်တော့ရာ ...

''ဒီဒေး .. နင် သွားကယ်မှာလား ..၊ မကယ်ဘူးလား ..''

''မဖြေရင် မကယ်ဘူး ..''

''ရေနစ်လို့ဟ .. လုပ်ပါဦး ..''

''ဟိုဘက်က ပတ်ဆင်း ..''

ယောက်ျားနှစ်ယောက် အင်္ကျီတွေ ဆွဲချွတ်ပြီး ရေထဲ ဒိုင်ဗင်ထိုးချသွားသည်။ ကာလ မျက်လုံးလေး ဝိုင်းလျက် ထိုဆီကို ငေးနေတာကို ကြည့်၍ ဒီဒေး လျှို့ဝှက်စွာ ပြုံးသည်။

သို့သော် သိပ်မကြာလိုက်ခင် ..၊

''မတွေ့တော့ဘူး .. အောက်ခြေထိ ဆင်းငုပ်မှ ရမယ် ..''

ကန်ပေါင်မှာ လူတွေ ချက်ချင်းပဲ စုရုံး များပြားလာ၏။ နောက်ထပ် လူတွေ ဆင်းငုပ်ကြကာ နာရီဝက်လောက်ကြာမှ ရေနစ်သူကို ရှာတွေ့ကြသည်။

''ရေတောင် အန်ပြီးနေပြီ .. ဘာရေမှ မကျတော့ဘူး''

''လာပြီ ..''

''နေ့ခင်းကြောင်တောင်ကြီး ကန်ထဲ ဘာဆင်းလုပ်တာလဲ မသိဘူး ..''

''ဒီလောက် တားထားဟာတောင်မှ ..''



www.burmeseclassic.com

www.burmeseclassic.com



ဒီအေး ကြောင်တောင်တောင် လှမ်းကြည့်မိကာ နေရာမှ ဖြည်းလေးစွာ ထရပ်လိုက်၏။ ဘယ်လိုမှ မထင်မှတ်သည့်အကြည့်တွေက ကာလ ဆီ ပြန်ရောက်သွားလျှင် အလွန် အထင်သေး စက်ဆုပ်သော မျက်ဝန်းတစ်စုံသည် မျက်ရည်ကြည်တို့ လဲ့နေလျက် ...

"ကဲ .. ဟာ .."

ဖြန်းခနဲအသံနှင့် ပါးတစ်ဖက်မှာ ပူလောင် ကျိန်းစပ်သွား၏။

"အဲ့ဒါ နင် လိုချင်တဲ့အဖြေ ..၊ တစ်သက်စာ သိမ်းသွားလိုက်.."

"ခွမ်း .."

နားထဲမှာ စူးရှသည့် ကွဲရှသံတစ်ချက် ဝင်လာကာ လွင့်မျောနေသည့် အသိစိတ်တို့ကို ရိုက်ပုတ် နှိုးလိုက်၏။

ဟင်!...

မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ သူမ ဝရန်တာက ဒရင်းဘက်စ်ပေါ်မှာ လက်ပ်တော့ပ်ကိုင်ရင်း အိပ်ပျော်သွားတာ ဖြစ်၏။

"ဘာတွေဖြစ်နေတာလဲ သမီး .."

"မေမေ .."

ဖန်ခွက်အကွဲနှင့် ဖိတ်စင်နေတာတွေကို မြင်ကာ ဒေါ်နှင်းပွင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ထို့ကြောင့် အပြင်ကို ချက်ချင်းထွက်လာကာ ...

"သဘော်သီးဖျော်ရည်တွေ ဖျော်သွားပြီး မသောက်ရသေးတာလား သမီး ..၊ ဘယ်လိုဖြစ်တာလဲ .."

"ဟို .. မေးခနဲ ပျော်သွားပြီး လက်နဲ့ တိုက်ချလိုက်မိတာ .."

ပြောရင်း ကာလ ကမန်းကတန်း ထသည်။

"နေပါ မေမေရဲ့ .. ကရင်မ ကို လှပ်ခိုင်းလိုက်ပါ့မယ် .. ဖယ်ပါ"

ကရင်မ ဆိုတာ မြန်မာမလေးပါ ..၊ ကရင်နဲ့တူလို့သာ ကရင်မလို့ ခေါ်နေကြတာ ဖြစ်သည်။





"နေရာတကာ လှမ်းခေါ်နေတော့ ကိုယ့်အလုပ်သမားက ကိုယ့်ကို အထင်သေးတာပေါ့ .."

"မေမေကလည်း ခိုင်းချင်လို့ အလုပ်ခန့်ထားတာပဲဟာ .."

"ဒါပေမယ့် သူချည်းပဲ ပါနေရရင် အခိုင်းခံနေရတယ်လို့ မထင်ဘဲ 'ငါမပါရင် မပြီးပါလား'ဆိုတဲ့ မာန်တက်တာမျိုးတွေ ရှိလာတတ်တယ် .."

မေမေတို့ကတော့ အိမ်အကူတွေအပေါ်မှာ နောကျေနေပြီ ထင်သည်။

"သူတို့ရှိနေရင် သူတို့ပဲ လုပ်ရမှာလို့ တာဝန်မသိတော့ဘဲ ကိုယ့်ကိုပဲ ပျင်းလှချေရဲ့လို့ တွက်ပြီး အလုပ်သာ လုပ်နေမယ်၊ လွဲနေတဲ့ မျက်နှာက မဲ့နေမှာ .. အခွင့်ကြုံရင် အပြင်မှာ အတင်းအဖျင်း ပြောတာမျိုးတွေ ပါလာရော ..၊ ကိုယ့်အလုပ်သမားပေမယ့် တန်တာလေးတွေကို ခိုင်း၊ ကိုယ်လည်း ကိုယ်တတ်နိုင်တာဆို ဝင်ရှုပ်ရတာပဲ၊ ဒါက ကိုယ့်အိမ် ကိုယ့်ပစ္စည်းတွေလေ .."

မေမေ လုပ်နေတော့ ကာလ ပါ ဝင်ပါရကာ ဖန်ကွဲစတွေ အမှိုက်ပုံးထဲ ရောက်ကုန်မှ ...

"ကရင်မ က ဖင်ပေါ့ပေမယ့် သိပ်မသိတတ်ဘူး၊ ပြီးတော့ ကလေးဆန်တယ်၊ မသိတတ်တဲ့လူဆိုတာ ကိုယ်က မခိုင်းဘဲ ဘာမှမလုပ်ဘူး သမီး ..၊ ခိုင်းရတာတွေ များလာတော့ ကိုယ် ဘာမှမလုပ်ချင်ဘဲ ပျင်းကိုပျင်းတာလို့ ထင်တာပေါ့၊ 'ငါများ မရှိရင် သူတို့ ဘယ်လိုနေမလဲ မသိဘူး'လို့ တွေးလာပြီဆို အဲဒီအလုပ်သမား အချိုးပြောင်းပြီပဲ .."

"ဟုတ်တော့ ဟုတ်ပါတယ် မေမေရယ် .. ဒါပေမယ့် အိမ်အကူဆိုတာ အိမ်မှာ ဘာအလုပ်မဆို လုပ်ရမှာပဲ .."

"ဒါတွေ သမီး နားမလည်သေးတာ သူတို့ကို စိတ်မဝင်စားသေးလို့ပါ၊ သမီးက သမီးဖေဖေ့ကို ဘယ်လိုကူညီရမလဲပဲ တွေးနေတာကိုး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေ သမီး ဒီလောက်ပူဖို့ မလိုသေးပါဘူးကွယ်၊ တက်ချင်တဲ့ သင်တန်းတွေကို စုံအောင် တက်ပါဦး၊ ပညာရှာတဲ့အရွယ်မှာ ပညာရေးကိုပဲ ဂရုစိုက် ..၊ သမီးအဖေက သူ့ရဲ့မှားယွင်းမှုကို ဖာထေးဖို့ ကြိုးစားနေတာ .. ဟွန်း ..."

စားပွဲဘေးက ပလတ်စတစ်ခုံလေး ဆွဲကိုင်၍ ကာလ ကြမ်းတိုက်နေတာကို ငုံ့မိုးကြည့်နေကာ မျက်နှာကတော့ နာကျင်မှုများနှင့် ..၊

"ယောက်ျားတွေက မရှုပ်မပွေပြန်တော့ 'ငါလိုလူ'ဆိုတဲ့မာနနဲ့ လက်မထောင်တယ်၊ ရှုပ်ပွေတတ်တော့လည်း တစ်ယောက်က နှစ်ယောက် ရှာကျွေးနိုင်ပြီဆိုတာနဲ့ သူတို့ ကြိုက်တာလေးတွေ ရှာဖွေပြီး ရင်ခုန်သံမြန်အောင် ကြိုးစားပြန်ရော ..."

"ဖေဖေ့ကို အဲဒီလိုလူ မဟုတ်နိုင်ဘူးလို့ သမီး ထင်တယ် မေမေ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က စကားလွန်ပြီး ခြေလှမ်းချင်နေတဲ့လူကို မှားယွင်းအောင် တွန်းချလိုက်တာမျိုး မဖြစ်ပါစေနဲ့ မေမေရယ် ..နော်၊ ဖေဖေ တကယ် အဆင်မပြေဖြစ် .."

"တော်တော့ ကာလ ..၊ မိဘတွေ ဘာပြဿနာတွေ ရှိနေကြတယ်ဆိုတာ သေချာမသိဘဲ မအေကို ဆရာ မလုပ်နဲ့ .."

ဒေါ်နှင်းပွင့် ပုံစံက ချက်ချင်း တင်းတင်းမာမာတွေ ပြောင်းလဲသွားကာ ...

"နင့်အဖေ စီးပွားရေး ကျရှုံးနေတာ မဟုတ်ဘူး .. ငွေက သူ့လမ်းကြောင်းနဲ့ သူ မှန်မှန်ဝင်နေတာ ..၊ ဝင်နေသမျှ သုံးမလောက် ဖြစ်နေတော့ ဘယ်စီးပွားရေး ခံနိုင်မှာလဲ ..၊ အိမ်ထောင်တစ်ခုမှာ ဦးစီးတဲ့လူ ယိမ်းယိုင်လာရင် အားလုံး ပျက်စီးတာပဲ .. သူမှ သစ္စာမရှိတာ .."

"အခု အဲဒါတွေက တကယ် သေချာနေပြီလား မေမေ .."

"မေးမနေစမ်းပါနဲ့ ကာလ ရယ် .. မိန်းမပျိုလေးတစ်ယောက်က ဒီလိုကိစ္စတွေကို ပါးစပ်ထဲ ထည့်ပြောတာတောင် မကောင်းပါဘူး၊





ညည်း သင်တန်းတက်စရာရှိတာတွေ ပြီးဆုံးအောင် တက် ..၊ ပြီးရင် ...တို့သားအမိ ရှိတာလေးနဲ့ ဘာတွေ ဘယ်လိုရင်းနှီးကြမလဲဆိုတာ ...ိုင်ပင်ကြတာပေါ့ .."

ဟိုတုန်းကတော့ မေမေက အော်ကြီးဟစ်ကျယ် ပြောတတ်လွန်း...လို့ ဖေဖေနဲ့ ဖြစ်လိုက်ကြရင် အုန်းခနဲ ..၊

အခု ရန်ဖြစ်သံတွေ သိပ်မကြားရတော့ဘဲနှင့် အတွင်းကြေဒဏ်ရာ ...တစ်ခုလို အိမ်ထောင်ရေးက အတွင်းလှိုက်စားနေခဲ့၏။

ဖေဖေက ရှုံ့တာလား ..၊ အစတည်းကပဲ မေမေ ပြောခဲ့တဲ့အတိုင်း ...ဟုတ်နေတာလား ..။ ကာလ ဘာမှ သေချာမသိရပေမယ့် ဒဏ်ရာထင်...နေပြီဖြစ်သည့် ဒီအိမ်ထောင်ရေးက တစ်နေ့နေ့မှာတော့ သွားတော့မှာ...ပါ၊

"ဪ .. ဒါနဲ့ သမီးတို့သူငယ်ချင်း ဒီဒေး ဆိုတဲ့ ကောင်လေးကို ...ပြီးခဲ့တဲ့ စနေနေ့က သုံးဆယ့်ငါးလမ်းထိပ်မှာ မေမေ တွေ့လိုက်တယ်"

"ဒီဒေး နဲ့ မေမေ စကားပြောခဲ့တာလား .."

"မပြောဖြစ်လိုက်ဘူး .. မေမေက မျက်မှန်ဆိုင်ရှေ့မှာ .. သူက ...ားပေါ်မှာ၊ မေမေ့ကို သူ ပြုံးပြလို့သာ မှတ်မိလိုက်တာ၊ ကောင်လေး ...ာ တော်တော်ထွားလာတာပဲ၊ သမီးတို့ တွေ့ပြီးပြီလား .."

"ဟုတ် .. တွေ့ပါတယ် .."

ဒေါ်နှင်းပွင့် က ကာလ မျက်နှာလေးကို အကဲခတ်၍ ...

"သမီးတို့ အရင်လို မရင်းနှီးတော့ဘူး ထင်တယ်၊ အေးလေ .. ...သူတို့ကလည်း ချမ်းသာတာကိုး၊ ခုဆို ပိုတောင် ချမ်းသာနေပြီလားပဲ၊ ...က အရင်နဲ့ တော်တော်ကို ကွာသွားတာ .."

ဒေါ်နှင်းပွင့် တစ်ယောက်တည်း တွေး၊ တစ်ယောက်တည်း ပြော...နေကာ ...

"မေမေ တစ်ခုပဲ စိတ်မကောင်းဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေမေ .."

"အရွယ်တွေ အပြိုင်းအရိုင်းရောက်လာကြကာမှ မိန်းကလေ
ဖြစ်တဲ့ သမီးက သူတို့ထက် စီးပွားရေး နိမ့်ပါးနေခဲ့တော့ .."

"ဒါများ မေမေရယ် .. ဘာမှ စိတ်မကောင်းဖြစ်ဖို့ မလိုပါဘူး

ကာလ က ကြမ်းတိုက်နေသည့်အဝတ်ကို လက်ဆွဲချိုင့်ထဲ လှ
ထည့်လိုက်ကာ ဝရန်တာ ဘေစင်လေးမှာပဲ လက်ကို သွားဆေးသည်

လက်ဆေးနေရင်း ဒေါ်နှင်းပွင့် ကို လှည့်ကြည့်၍ ...

"စီးပွားရေးဆိုတာ ပြောလို့ရမလား မေမေ ..၊ သုံးလေးႏ
လောက်နဲ့ သူတို့တောင် တိုးတက်သွားကြတယ်ဆိုရင် သမီးတို့မှာ
ပြန်ကြိုးစားခွင့် မရှိတော့ဘူးလား .."

"ကြက်မတွန်လို့ မိုးမလင်းဘူးဆိုတဲ့ စကားတွေ ရှိတယ်
မေမေ တအားကြိုးစားရင်တောင်မှ .."

"မဟုတ်သေးပါဘူး မေမေရာ .. ကြက်ဖမတွန်လည်း မိုးလင်း
က လင်းမှာပဲ၊ ကြက်ဖဖြစ်ဖြစ် .. ကြက်မဖြစ်ဖြစ် သဘာဝကို သူတို့
ထုတ်ပြန်ကြေညာလို့ ရတာမှ မဟုတ်ဘဲ၊ ဖေဖေ့ကိုလည်း အပြစ်မ
နဲ့ .. မေမေလည်း သမီးတို့ ဘဝပျက်ပြီဆိုတဲ့အတွေးမျိုး ဝင်စရာ မ
ပါဘူး .."

ဒေါ်နှင်းပွင့် ရဲ့ဘေးမှာပဲ ခုံဆွဲထိုင်ကာ ...

"သမီးမှာ မိဘနှစ်ပါးနဲ့ .. အရှိန်အဝါနဲ့ .. ဘာမှ လိုလေသေး
ဘူး၊ စီးပွားရေး မငြိမ်သက်မှုရှိတာလောက်ကို မှုစရာ မလိုပါဘူး ..

"မေမေက ကိုယ့်အတွက်ကိုယ်ဆိုရင် စီးပွားရေးဖြစ်ဖြစ် ..
တွေပဲဖြစ်လာလာ ဂရုမစိုက်ဘူး သမီး၊ သမီး အပျိုရွယ်လေးရှိနေ
ပြောနေတာ၊ သားချစ် တို့ အိမ်ကဆို အနံ့ အရမ်းကို ပြောင်းလဲသွား
အသိသာကြီး .."

"သူတို့က အစတည်းက တစ်ထောင်လောက်ရှိရင် တစ်ထောင်





သောက်တော့ မာနပြနေကြတာပဲ မေမေ ..၊ သူတို့မှာ မရှိပေမယ့် သမီး
အိမ်မှာ ဝတ်တာစားတာ .. နေတာထိုင်တာ အားလုံးကို ထိုင်ကြည့်
ကဲ့ရဲ့နေကြတာ ..၊ အန်တီနီ က အန်ကယ်လ်စိုး ထက်တောင် ပို
သေးတယ် .."

"သူတို့ ကဲ့ရဲ့နေသလိုပဲ အခု မေမေတို့က အခြေယိုင်လာကြတာပဲ
လား ..၊ အဆိုးဆုံးက ညည်းအဖေရဲ့ သတင်းဆိုး .."

"မဟုတ်ဘူး .. အဲဒါတွေက ဖေဖေနဲ့ မေမေ တစ်ယောက်
ကြောင်း တစ်ယောက် ထုတ်ဖော် ရန်ဖြစ်ကြတာတွေကြောင့် ဘေးလူ
ဆင်သေးစရာတွေ ဖြစ်လာခဲ့တာ၊ အဲဒါကြောင့် မေမေ့ကို သမီး ပြော
င်တာပါ .. ကိုယ့်အိမ်ထဲမှာ ဘာပြဿနာဖြစ်နေနေ လူမသိရအောင်
ပြောတာဆိုတာတွေ ဆင်ခြင်လိုက်ရင် ပြီးပြီ မဟုတ်ဘူးလား .."

"ဒေါသဖြစ်လာရင် ဒေါသဖြစ်တဲ့အသံ ထွက်လာမှာပဲပေါ့၊ လာ
ပြီလား .. ဒီလိုစကား .. ဒီလိုလေသံတွေ၊ ညည်းအဖေ ငါ့ကို သူ့
အပြစ်က ငါ့အပြစ်ဖြစ်အောင် လွှဲချတာ၊ အဲဒီစကားလုံးတွေပဲ ညည်း
မီးမိန်းကလေးဖြစ်နေပြီး မအေဘက်က ရပ်တည်ရမှန်းလည်း မသိ
လား ကာလ ရယ် .. ဟင် .."

"မဟုတ်ပါဘူး မေမေရယ် .. သမီး မေမေ့ကို မှားတယ်လို့ မပြော
ဘူး၊ ခုပဲ ဖေဖေက မေမေ့ကို ဒါကြောင့် အပြစ်ဖို့စရာ ရသွားတာမို့
၊ ယောကျ်ားတွေက နည်းအမျိုးမျိုး .. အကြောင်းအမျိုးမျိုးပြပြီး
ာက်ပြန်ခွင့် ရှိကြတယ်၊ နစ်နာပြီဆိုရင် မိန်းမသားတွေချည်းပဲ မေမေ၊
ယ် မှားခဲ့တာ မဟုတ်ဘဲ ကိုယ့်အပြစ်ဖြစ်ရရင် အဲ့ဒါ ကိုယ့်ရဲ့ညံ့ဖျင်း
ဲ ..၊ သမီးက မေမေ့ကို ထောက်ပြတာပါ .."

ဒေါ်နှင်းပွင့် ဘာမှမပြောဘဲ ငေးငိုင်သွားသည်။ ရင်ထဲမှာ
ကောင်းတာက သင်း မှောက်မှားခဲ့လို့ စီးပွားရေး အခြေယိုင်ရသည်း
ဒီစီးပွားရေးကြောင့် သမီးလေးက အရွယ်လေး ရောက်လာကာမှ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်ရတော့မည်။

သားချစ် ရဲ့အမေ ဒေါ်နီနီခင် ၏ နှုတ်ဆက်ပြုံးရယ်ပုံတွေကို ဆုံမိကြတိုင်း ရင်နာနေခဲ့ရတာ ဟိုနေ့က ဒီဒေး ကို မြင်လိုက်ရတော့ ပိုဆိုး၏။

အားလုံး အခြေအနေကောင်းတစ်ခုစီမှာ တင့်တင့်တယ်တယ် မော်ကြွားနေကြတဲ့အချိန် ...၊ သမီးလေးကတော့ မိဘစီးပွားရေးနဲ့ အိမ်ထောင်ရေး ပဋိပက္ခတွေကြားမှာ ခေါင်းမဖော်နိုင်အောင် မွန်းကျပ်နေရှာသည်။

"ခုနကပဲ သားချစ် လာသေးတယ် .."

"ဟင်!..."

ကိုယ့်အိမ်တွင်းရေး ပြောနေရင်းကနေ သားချစ် ဆီ ရောက်သွားပြန်တာ ...

"မေမေ အောက်ထပ်က ခေါ်လိုက်တော့ အသံမကြားတာနဲ့ အိပ်နေတယ်ထင်တယ်လို့ ပြောလိုက်တာ .."

"သမီး..ပရိုဂရမ်းမင်း တက်ဖြစ်လား လာမေးတာ နေမှာ .."

"သူက မတက်ဘူးလား .."

"သူ့အမေက အိမ်မှာ ဆရာခေါ်သင်မယ်ဆိုလားပဲ၊ သူက ဗဟန်းကို ပြောင်းသွားပြီဆိုတော့ .."

"ဘာ .."

ဒေါ်နှင်းပွင့် တအံ့တသြ ဖြစ်သွားသည်။ ကာလ လည်း ထိုအခါကျမှ သားချစ် ဟိုဘက်ခြံမှာ မနေတော့သည့်ကိစ္စ မေမေ မသိသေးတာကို သတိရမိ၏။

"ဒီလိုလေ မေမေရဲ့ .. သူတို့က လျှပ်စစ်ပစ္စည်းဆိုင်ခွဲတွေ လျှောက်ဖွင့်နေပြီး ထိုင်မယ့်လူ မရှိတော့ .."

"မေမေ နားလည်ပါတယ်"





ဒေါ်နှင်းပွင့် က ဝိတ်ပြောလိုက်ပြီး နေရာမှ ထရပ်သည်။

"သမီးတို့ သူငယ်ချင်းချင်း မေမေ ဘာမှတော့ မပြောချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းပြီး နေတတ်အောင် နေပါ၊ မေမေက စာရိတ္တနဲ့ပတ်သက်ရင် သူများ မျက်မှောင်ကုတ်ကြည့်တာတောင် မကြိုက်ဘူး .."

မေမေ မျက်နှာပျက်သွားတာကို မြင်လိုက်ရသဖြင့် ကာလ ရင်ထဲမှာလည်း မကောင်းပါ။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ကျမှ အတိတ်က အကြောင်းကို ပြန်တွေးနေမိကာ ..၊ ထိုအကြောင်းကလည်း ဒီဒေး မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးတွေပဲ ဖြစ်နေခဲ့၏။

ဆင်ဆင်တူနေပေမယ့် အဖြစ်ကတော့ ကွဲပြားပါသည်။ ဒီဒေး က မိထွေးရခဲ့ပေမယ့် သူမကတော့ ဖေဖေကလည်း ဒီတိုင်းပဲ ရှိနေသေးကာ မေမေကလည်း သူမ နားမှာပဲ ရှိနေခဲ့၏။

ဒါပေမယ့် ဒီဒေး တစ်ယောက်အကြောင်းကိုတော့ မေမေ မသိခဲ့သေးပေ ..။

ချမ်းသာနေပေမယ့် ဒီဒေး ရဲ့စိတ်ဓာတ် ဘယ်လိုဆိုတာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"သူ့စိတ်ခေတ် ဘယ်လိုဖြစ်နေနေ နင့်ကို သူ ရည်းစားစကားပြော ထားခဲ့တယ်၊ ခုလည်း နင့်ကိုပဲ ရစ်ဝဲလာတယ်၊ ငါ သိတာ အဲဒါပဲ.."

"အဲ့ဒါနဲ့ပဲ ဒီဒွေး ကို ငါ မကြိုက်ပါဘူးဆိုတာ အကြောင်းပြနိုင် အောင် နင့်ကို ပြန်ချစ်ရမယ်ပေါ့ .."

"ငါက သူ့ထက် အများကြီး နောက်ကျပြီးမှ ဖွင့်ပြောခဲ့တာပါ၊ အဲဒါကလည်း နင် ငြိုငြင်သွားမှာကို ကြောက်လို့ တွေးရင်း .. မျိုသိပ် ရင်းနဲ့ နောက်ကျခဲ့တာပဲ .."

"အဲဒီတော့ ဆက်ပြော .."

"ငါ ထင်သလိုပဲလေ .. နင့်ဘက်က ဘာမှမ မပြောင်းလဲနိုင် တာ .."

ကန်တော်ကြီး ခဏ သွားရအောင်ပါဆိုလည်း မလိုက်၊ လိုက်ဖ်ရှိုး တွေ သွားကြည့်ဖို့ခေါ်တိုင်း နေ့လည်း နေ့မို့လို့ မအားနိုင်၊ ညဘက် ကျတော့ ညမို့လို့ မလိုက် ..။





ကာလ ကို နှစ်ယောက်တည်း စကားအေးဆေးပြောနိုင်ဖို့ သူ ဘယ်လိုပဲ ကြိုးစားအားထုတ်ပစေ အောင်မြင်ခဲ့တာ တစ်ခါမှ မရှိသေး ပေ ..။

ဒီဒေး နဲ့ကျတော့ နှစ်ယောက်တည်း စကားပြောရင်း လမ်း လျှောက်သွားကြတာ ဘယ်ဆီရောက်မှန်း မသိ၊ ဘာတွေ ပြောဖြစ်ခဲ့မှန်း မသိ ..။

"ဒီဒေး ကို နင် အထင်မကြီးဘူးဆိုတာ ငါ လက်ခံတယ် ကာလ..၊ ဒါပေမယ့် အထင်ကြီးလာရင် ငါ ရှုံးပြီ .."

"ရှုံးရအောင် နင်တို့က အရှုံးအနိုင် ဆုံးဖြတ်ဖို့အတွက် ငါ့ကို လုနေကြတာလား .."

"မဟုတ်ဘူးလေ ..၊ မဟုတ်ပေမယ့် သူနဲ့ ငါ့အတွက် အရှုံးအနိုင် ဆိုတာ အမြဲရှိတယ်၊ အဲဒါက နင့်ကို ရသွားတဲ့ကောင်က အနိုင်နဲ့ပိုင်း နိုင်ပြီ၊ ကျန်ခဲ့တဲ့ကောင် ကြွေပြီ .."

"ကြွေပေါ့ .. ကြေမွ ပျက်စီးသွားတယ်ဆိုလည်း သနားစရာ မရှိ ဘူး .."

"ဒါက ဘယ်ကိုလဲ .."

ထိုင်ရာကနေ ထရပ်ဖို့ ပြင်လိုက်တာနင့် သားချစ် က ကာလ လက်လေးကို ဆွဲထားလိုက်၏။ ကာလ က ဖယ်ချပစ်လိုက်ကာ ...

"ဖယ် .. ဖယ် .. ငါ ပြန်တော့မယ် .."

"နင် အနံကယ့်လ်ကို စောင့်မလို့ဆို .."

"မစောင့်တော့ဘူး .."

ပြန်ဖို့ အတင်း ထရပ်လိုက်သဖြင့် သားချစ် ကပါ ထရပ်လိုက် ကာ ...

"ငါ့ကို စိတ်ဆိုးလို့လား ..၊ ငါ နင့်အချစ်ကို ဖားပြောတိုက်နေတာ မဟုတ်ဘူးနော် ..၊ ငါ ခံစားရတာကို ပြောပြရုံပဲ ရှိသေးတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဒါပေမယ့် နှင် ငါ့ဒုက္ခကို သိပါတယ် သားချစ်ရယ် .. ဒီအချိန်မျိုးမှာ ဒါတွေပဲ ပြောနေရင် ငါ့ခေါင်းထဲမှာ အချစ်တွေ-အစုန်းတွေ .. ဆင်းရဲသောကတွေနဲ့ .."

"နှင်ကလည်းဟာ .. လူတစ်ယောက်မှာ အဆင်မပြေတာ၊ စိတ်ညစ်ရတာတွေ ဒီလိုပဲ ရှိနေကြတာပဲ၊ ငါ နှင့်မျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ မျိုသိပ်လာခဲ့ရတာ ခုချိန်ထိ ကြာခဲ့ပြီ၊ ဖွင့်ပြောလိုက်တာနဲ့ နှင် ဒီပုံစံ တန်းဖြစ်သွားတယ် .."

"အဲဒီတော့ ငါ့ဘက်က ရက်စက်လွန်းတယ် ထင်ရင် နှင် .."

"မဟုတ်ပါဘူး .."

ပြောချင်တာတွေ ပြောပြီးမှ သားချစ် သက်ပြင်းတစ်ချက်နဲ့အတူ ပြန်လျှော့ချ၏။ ကော်ဖီဆိုင်၏ ခပ်ကျဲကျဲ ခပ်တိုတို ကြမ်းလိုက်ကာလေး ခြားထားပေမယ့် ထရပ်လိုက်တာနှင့် စားပွဲတစ်ခုနဲ့ ဟာစ်ခုကို လှမ်းမြင်နေရမှာ ဖြစ်သည်။

ဘေးဘီကို ဝေ့ကြည့်ကာ သူပဲ ပြန်ထိုင်လိုက်ပြီး ...

"ငါ ဘာမှ မပြောတော့ဘူးဟာ .. ပြန်ထိုင်ပါ"

"ကော်ဖီလည်း သောက်ပြီးပြီဥစ္စာ .. မထိုင်တော့ဘူး၊ နှင် နေချင်နေခဲ့လေ .."

ကာလ ဆိုတဲ့ မိန်းကလေး .. အဲဒီလောက်ထိ လုပ်ရက်လေသည်။ ဆိုင်ထဲက နှစ်ယောက်အတူတူထွက်ခဲ့ရင်း ဒီဒေး မျက်နှာကို ပြန်မြင်နေမိသည်။

သွားချင်တဲ့နေရာကို ရောက်အောင် သွားသည်။ ပြောချင်တာရှိရင် ဘာဖြစ်ဖြစ် ပြော၏။ သူ ဘာဖြစ်လို့ ဒီဒေး လိုကောင် မဟုတ်ရတာလဲ ..။

'ဒီဒေး ကို ငါက ချစ်နေတဲ့ပုံ ပေါက်နေလို့လား' တဲ့ ..။

ခု မပေါက်သေးပေမယ့် နောက်တော့ ပေါက်သွားခဲ့ရင် ဘယ်လို





လုပ်မလဲ ..။

"ဟုတ်လား ..၊ ဒီကောင်လေးက နိုင်ငံခြားရောက်နေတာလား"

ဟိုနေ့ကမှ ဒီဒေး ပြန်ရောက်လာတဲ့အကြောင်း မေမေ့ကို ပြောမိခဲ့သည်။ မေမေ့ဆီက ထင့်မြင်ချက်တွေ တန်းထွက်လာ၏။

"ကာလ က ဒီဒေး လို ကောင်လေးမျိုးနဲ့မှ တော်တာ ..၊ သူ့အဖေက ရှုပ်ရှုပ်ပွေပွေ .. နိုင်ငံခြားသွားလိုက် .. ပြန်လာလိုက် .. ဖက်စပ်လုပ်ငန်းတွေထဲမှာ ဟိုပါဒီပါ၊ ဒီဒေး လို ဘာမှန်းမသိတဲ့ ကောင်လေးနဲ့ သူတို့မိသားစု အခံတော်ပဲ" တဲ့ ..။

"နိုင်ငံခြား သွားနိုင်မှ .. နိုင်ငံခြား စီးပွားရေးပညာတွေမှ ဘာညာနဲ့ အလှမ်းကျယ်တဲ့လူတွေကို မေမေဖြင့် ကြည့်လို့မရပါဘူး၊ ဘာတွေတိုးတက်နေနေ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးချင်းပဲ ကောင်းတယ်၊ ဟိုရှေးခေတ်က သူကြွယ်တွေဆိုရင် ရှင်ဘုရင်ထက်တောင် ချမ်းသာကြတာ မကြားဖူးဘူးလား၊ မြန်မာပြည်မှာ နေပြီးတော့ပဲ ချမ်းသာအောင် လုပ်ပါဦး .."

ကာလ တို့နဲ့ပတ်သက်လျှင် မေမေက ဝေဖန်စကားတွေပဲ ဆိုတတ်ခဲ့ကာ ...

"သူငယ်ချင်းတွေဆိုပေမယ့် အရမ်းလွတ်လပ်တာ မကောင်းဘူးနော် သား ..၊ ယောကျ်ားလေးချင်း မဟုတ်ဘူးဆိုတာ မမေ့နဲ့" တဲ့..။

ဒီကောင်မလေးကိုမှ သူ့သား တမ်းတမ်းစွဲ ချစ်နေမိတာ မေမေ ခုချိန်ထိ မရိပ်မိခဲ့ဘူး ထင်သည်။

ဘယ်လိုမှ မေ့ဖျောက်မရလောက်အောင် လှသထက် လှလာသည့် ဆောင်းကာလ ၏ ညို့နိုင်စွမ်းတွေကြောင့် သူ့မှာ ဘာပြောပြော မနာနိုင်..။

စိတ်ပျက်ဖွယ်တွေ ဘယ်လောက်ကြုံပစေ လက်လျှော့လိုက်ဖို့လည်း စိတ်မကူးနိုင် ..။ သူမရဲ့ တောက်ပတဲ့မျက်ဝန်းညိုလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လောက်မှ ကြည့်ခွင့်မရလျှင် နေမထိထိုင်မသာ မပြည့်စုံခြင်းတွေပဲ ခံစားမိနေတာ ဝဋ်ကြွေးလား ..၊

"ဟိုမှာ ဖေဖေတို့ .."

ကာလ ခြေလှမ်းလေး တုံ့ခနဲ ဖြစ်သွားသည်။ ပါဂျရိုကားနက်လေးနှင့် ဖေဖေ့ကို ဆံတိုကုပ်ဝဲ ကိုယ်လုံးလှလှ အမျိုးသမီးတစ်ယောက်နှင့် ခုလို တွေ့ရလိမ့်မယ်လို့ မထင် ..။

THAI FOOD စားသောက်ခန်းကြီးဘက်မှာ ကားရပ်သွားကာ ဖေဖေ ဆင်းလာပြီး ကိုယ်တိုင် တံခါးဖွင့်ပေးရတဲ့ ထိုအမျိုးသမီးဟာ..၊

"အလုပ်ထဲက ရင်းနှီးတဲ့ တစ်ယောက်ယောက်လည်း ဖြစ်ချင်ဖြစ်မှာပါ၊ လက်တွဲသွားကြတာမှ မဟုတ်တာ .."

ငေးငိုင် တိတ်ဆိတ်သွားသည့် ကာလ ကို စိတ်မကောင်းစွာ ကြည့်ရင်း သားချစ် က တတ်နိုင်သမျှ ခံစားရသက်သာအောင် ပြောပေးသည်။

ကာလ က ပျက်ယွင်းသွားခဲ့သည့် ကိုယ့်မျက်နှာကို ပြန်လည်ပြင်ဆင်ရင်း ကြိုးရှည်နဲ့ ငွေရောင်အိတ်လေးကို ပခုံးပေါ် ထပ်ဆွဲတင်သည်။ ပြီးမှ ...

"ငါ ဖေဖေနဲ့ သွားတွေ့မယ် .."

"ဟာ!... အဲလိုကြီး မလုပ်နဲ့လေ၊ အန်ကယ်လ် ပိုတင်းသွားလိမ့်မယ် .."

"မတတ်နိုင်ဘူး သားချစ် ..၊ ဖေဖေ့ကို ငါ ယုံကြည်နေခဲ့တာ ဖေဖေ ဒီလိုမဖြစ်ရဘူး၊ ဖြစ်နေခဲ့ရင် ဘာကြောင့်လဲဆိုတာ ငါ သိရမှဖြစ်မယ် .."

"အဲ့ဒါက .."

"ငါ သွားမယ် ..၊ နင် ပြန်နှင့်လိုက် .."

"ဟာ!... ဘာလို့ ပြန်ရမှာလဲ ..၊ ငါလည်း လိုက်မှာပေါ့ .."

သမီး ဝင်လာတော့လည်း အတွဲနဲ့လို့ သိတဲ့လူ တစ်ယောက်





ယောက်က ထင်သွားရင် ကောင်းပါ့မလား ..၊

ကာလ က ခြေလှမ်းပြင်ပြီးမှ ပြန်မော့ကြည့်၏။

"ဘာဖြစ်လို့လဲ ..၊ သွားမယ်လေ .. ငါက နင်တို့သားအဖ အခြေအနေကို ကြည့်ပြီး ဝင်ပါသင့်ရင် ပါရအောင်လို့ပါ၊ ဒါမျိုးက မထင်မှတ်တဲ့ပြဿနာတွေ ထဖြစ်နိုင်တယ် .."

သူ ရှင်းပြလိုက်မှ ကာလ ခေါင်းလေးညိတ်ပြီး ရှေ့က ဝင်သွားသည်။

အထဲမှာ လေအေးစက်ကြောင့် အေးစိမ့်နေကာ စားပွဲတွေက တစ်ခုနဲ့တစ်ခု အဝေးကြီး ခင်းထား၏။ ထို့ပြင် မှန်နက်တွေ ကာထားသည့်နောက်မှာ အတွင်းခန်းသပ်သပ် ရှိနေသေးသည်။

သူတို့ဝင်သွားတာနှင့် မျက်လုံးတွေ သူတို့ဆီမှာ စုပြုံလာသည်။ စုံတွဲတွေက ဘာသိဘာသာ ပြန်လှည့်သွားကြပေမယ့် ယောက်ျားတွေချည်းရှိတဲ့အဖွဲ့တွေက တော်တော်နှင့် အကြည့်တွေ မလွှဲ ..။

အပြင်မှာလည်း ဖေဖေ့ကို မတွေ့သဖြင့် တစ်ယောက်တည်းသာ ဝင်လာမိလျှင် မလွယ်ပါလားလို့လည်း တွေးလိုက်မိ၏။

"အထဲမှာထင်တယ် .. လာ .. သွားရအောင် .."

သားချစ် ကပဲ ဦးဆောင် ဝင်သွား၏။ အထဲမှာ သီးသန့်ခန်းဆိုတာတော့ မရှိပါ။ အပြင်မှာလိုပဲ စားပွဲတွေ ခပ်ကြဲကြဲနှင့် စားသောက်ခန်းသပ်သပ် ဖြစ်သည်။

ကာလ ဖေဖေ့ကို မျက်လုံးဝေ့ရှာလိုက်တာနှင့် ကျောက်ခက်ပင်စိမ်းအုပ်အုပ်လေး ကွယ်နေသော တစ်ဖက်စားပွဲမှာ ဖေဖေ့ကျောပြင်ကို တန်းခနဲ မြင်သည်။

နို့စိမ်းရောင် ဟာဝေယံရှပ်လက်တိုနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသည့် ဖေဖေသည် ခုခေတ် မင်းသားတွေလောက်တော့ အသားလေး ယှဉ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းအခေက နင်နဲ့ တူတယ် .. မျက်လုံးအရမ်းလှတာ သိလား၊ သောက်ကျူးလေးဆိုတော့ မျက်လုံးလှတာက ဆွဲအားတစ်မျိုးနော် ..၊ နှင်းအခနဲ့ ခဏခဏ မတည့်နေတာ ကိုယ့်အမေကို သတိလေးဘာလေး လည်း ပေးထားဦး .."

သူငယ်ချင်းတွေ သတိပေးကြတိုင်း သူမ ရင်မောနေခဲ့ရသည်။ မေမေ ဘာလို့ ဒါကို သတိမထားမိသလို နေခဲ့တာလဲ ..၊

"မေမေ .."

"ဟင်!..."

ခေါ်လိုက်တာနှင့် နောက်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ကာလ ကို မြင်လိုက်တာနှင့် မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ...

"သမီး ..၊ ဩော် .. ဟို .. ထိုင်းဖုဒ် လာစားတာလား .."

"မဟုတ်ပါဘူး .. သမီး မေမေ့ဆီ တမင်လာတာ .."

မေမေ မျက်နှာပျက်နေတာကို အမိအရ ဖမ်းယူထားလိုက်ပြီး ရှေ့မှာ မျက်နှာ တစ်ချက်မှ မပျက်ဘဲ ထိုင်နေသည့် အမျိုးသမီးကို ကာလ က စိုက်ကြည့်၏။

"ဟုတ်လား .. ဒါဆို လာထိုင်ကြလေ၊ သားချစ် လည်း ထိုင်.."

သူမနားမှာ ကပ်ထိုင်လိုက်တာနှင့် ဆွဲဆောင်မှုပြင်းသည့် ရေမွှေးနံ့က ထောင်းခနဲ ကျီစယ်၏။ မျက်လုံးစွေကြည့်လိုက်တော့ လိမ္မော်ရောင် ဝတ်စုံ၊ လိမ္မော်ရောင် နှုတ်ခမ်းစိုလက်လက်နှင့် မျက်ခုံး မျက်လုံးတွေကို ခြယ်သထားတာ လက်ရာမြောက်သည်။

တစ်ခု ပြောစရာရှိတာက မျက်လွှာချပြီး မဆိုင်သလို နေပေမယ့် သိက္ခာမဲ့သည့် မထီတထီအပြုံးက နှုတ်ခမ်းမှာ တင်နေသည်။

သမီး မကလို့ ဘယ်သူပဲလာလာ .. ဂရုမစိုက်ဘူးလို့ ကြွေးကြော် နေတာနှင့်လည်း တူ၏။

"မြင့်မိုရ် နဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ကိုယ် ပြောပြောနေတဲ့





တစ်ဦးတည်းသောသမီးလေး ဆောင်းကာလ တဲ့ ..၊ သမီးလည်း မှတ်ထားဦးနော် .. သူက မေမေ့ရဲ့လုပ်ငန်းမိတ်ဆွေ ဒေါ်မြင့်မိုရ်ဦး .."

မိတ်ဆက်ပေးပေမယ့် ပြုံးပြဖို့လည်း မေ့နေကြကာ နှုတ်ဆက်ဖို့ လည်း သတိမရခဲ့ ..၊ နောက်ကျမှ ဒေါ်မြင့်မိုရ်ဦး က ပြုံးလိုက်ပြီး ...

"ကိုဆောင်း သမီးက ဒီလောက်တောင်လှမှန်း မြင်မှပဲ ယုံတော့ တယ်၊ မန်နေဂျာ ဦးဇော်ကြီး က ပြောတော့ ပိုလွန်းတယ်တောင် ထင် ခဲ့သေးတာ .."

ဦးဇော်ကြီး က မေမေ့ဆီကို မကြာခဏ ရောက်လာတတ်ကာ မေမေနဲ့ ပါလာတတ်တာတွေလည်း ရှိ၏။ ထို့ပြင် ...

ဦးဇော်ကြီး မှာ အသားမည်းမည်း အရပ်မြင့်မြင့်လေးနှင့် သမီး တစ်ယောက် ရှိနေသဖြင့် ကာလ ကို မြင်တိုင်း 'အန်ကယ့်လ်သမီးလေး ညည်းတစ်ဝက်လောက် လှရင် ကျေနပ်ပြီ' လို့လည်း ပြောတတ်ခဲ့သည်။

ဒါပေမယ့် ဒေါ်မြင့်မိုရ်ဦး ချီးမွမ်းနေသည့်မျက်လုံးတွေ .. အပြုံး တွေကတော့ ဖြူစင်မှုရှိသည်လို့ မထင်ရပေ ..။

"အဟွန်း .. ကိုဆောင်း တို့ သားအဖက တော်တော် ပွင့်လင်းကြ တဲ့ပုံပဲ .."

ပြောပြီး သားချစ် ကို မျက်လွှာပင့်ကြည့်ကာ ...

"အဲဒီလို ပွင့်လင်းကြတာ ကောင်းပါတယ်၊ မြင့်မိုရ် ကတော့ အဲဒါမျိုးကို ကြိုက်တယ် .."

"မဟုတ်ဘူး မြင့်မိုရ် ..၊ သားချစ် က ကိုယ်တို့ရဲ့အိမ်နီးချင်းက ကလေးပါ၊ သမီးနဲ့ဆို ငယ်ငယ်လေးတည်းက သူငယ်ချင်းတွေလေ"

"ဩော် .. ဟုတ်လား ..."

"မေမေ .."

"ဟင် .. သမီး ပြောလေ ..၊ ဒါမှမဟုတ် စားစရာ အရင်မှာ မလား .."



www.burmeseclassic.com

www.burmeseclassic.com



"နေဝဆေ ဖေဖေ .. သမီးက ဒီကပြန်လည်း ဖေဖေနဲ့ပဲ လိုက်မှာ.."

"ဟင်!..."

ဦးမိုးဆောင်း မျက်ခုံး မသိမသာ ပင့်သွားကာ ဒေါ်မြင့်မိုရ် မျက်နှာဖျက်သွား၏။

"မေမေက ဖေဖေ့အလုပ်တွေကို နားလည်အောင် လိုက်ကြည့်ရမယ်လို့ ပြောနေတာ ကြာပြီ၊ လုပ်ငန်းမှာ အနှောင့်အယှက်တွေ ဖြစ်နေတယ်လို့လည်း ကြားပေမယ့် စိတ်ဝင်စားရမှန်း မသိခဲ့ဘူး၊ ခုမှ ဖေဖေ့ကို လှမ်းမြင်လိုက်လို့ တစ်ခါတည်းလိုက်ဖို့ စိတ်ကူးဖြစ်သွားတာ .."

"ဟုတ်ပါပြီ .. ဒါဆို သားချစ် ကရော .."

"သားချစ် က ကော်ဖီဆိုင်မှာ သူ့ကောင်မလေးနဲ့ လာတာ ဖေဖေရဲ့ ..၊ သမီးက ဒီထဲ လိုက်မဝင်ရဲတာနဲ့ သူ့ကို ဆွဲခေါ်လာတာ .."

"အဟွန်း .. ရည်းစားလက်ထဲက ဆွဲခေါ်လာတာလား ..၊ ဒါဆို သားချစ် တို့ စုံတွဲကလည်း ပွင့်လင်းကြတာပဲ .."

မဆီမဆိုင် ဝင်ပါလာသဖြင့် ကာလ သူမဘက်ကို တည့်တည့် လှည့်ကြည့်ကာ ...

"ကျွန်မတို့ သူငယ်ချင်းတွေမှန်း သိလို့ နေမှာပေါ့ အန်တီ .. ရည်းစားနဲ့ သူငယ်ချင်းက အသိသာကြီးပါ၊ တကယ်လို့ တစ်မျိုးတစ်မည် ခံစားသွားရရင်တောင် သူ့ကို ကွယ်ရာကျမှ ကြိတ်မေးလိမ့်မယ်.."

ပြောပြပြီး ကာလ က သားချစ် ဘက် လှည့်ရယ်လိုက်ကာ ...

"ဟုတ်တယ်မို့လား .. သေချာရှင်းပြလိုက်ပေါ့ဟာ .. သူ ဘယ်လိုပဲထင်ထင် မျက်နှာတည့်တည့်ကြည့်ပြီး ရည်းစားတွေလို့ မစွပ်စွဲတာကိုပဲ ငါက ကျေးဇူးတင်ပါတယ်ဆိုတာလည်း ပြောပြလိုက်ဦး ..၊ နှင့်ကောင်မလေးက လူသာငယ်တာ စိတ်ဓာတ်လေးတော့ အဆင့်အတန်းရှိသား .."

ဖအေရှေ့မှာ စွပ်စွဲခံလိုက်ရသည့်အဖြစ်ကို ကာလ က ကောင်း





ကောင်း တုံ့ပြန်လိုက်ပြီး ကျေနပ်သွား၏။

ဦးမိုးဆောင်း အားနာပြုံးနှင့် ရှိနေကာ ဒေါ်မြင့်မိုရ်ဦး ပြုံးနေပေမယ့် မဲ့နေတာနှင့် တူ၏။ သားချစ် မျက်နှာကြီး မချိသွားဖြင့် ရှိလျက်...

"ကာလ က အဲဒီတိုင်းပဲ သိလား အန်ကယ်လ် ..၊ ခုချိန်ထိ ကျွန်တော့်ကို အနိုင်ကျင့်နေတုန်း .."

ဒေါ်မြင့်မိုရ်ဦး က သားချစ် မျက်နှာကို အကဲခတ်သလို စူးခနဲကြည့်ပြီး ရင်းနှီးချင်ဟန်ဆောင်သည့်အပြုံးနှင့် ...

"အဲဒါမျိုးလည်း ခုမှပဲ ကြုံဖူးတော့မယ် .. အဟွန်း .."

"ဗျာ .. အန်တီ ဘာပြောလိုက်တာလဲ .."

"ချစ်သူထက် သူငယ်ချင်းကို ပိုတဲ့အချစ်လေ .."

"အာ .. ဟို .. အဲ့ဒီလိုလည်း မဟုတ်ပါဘူး၊ အဟွန်း .. ဘယ်လိုပြောရမလဲ ..၊ ကျွန်တော်တို့က ငယ်သူငယ်ချင်းဆိုတော့လေ သူ့ကို အလျှော့ပေးနေကျအကျင့်ကလည်း ပါနေတော့ .."

"ကဲ .. ရှင်းလေရှုပ်လေနဲ့ သားချစ် ရယ် .. မပြောတတ်ရင်လည်း မပြောနဲ့တော့၊ ဖေဖေ ဘာပြောမလို့လဲ မသိဘူး .. အရေမရ အဖတ်မရတွေနဲ့ နားငြီးလိုက်တာ .."

ပေါ်တင်ကြီး ဘေးတီးပစ်လိုက်သည်။ အဲဒီလို မရိုင်းချင်ပေမယ့် အဲဒီ့လောက် ရိုင်းပစ်ချင်စိတ်တွေပဲ ဖြစ်နေခဲ့၏။

ဦးမိုးဆောင်း မျက်နှာမထားတတ်အောင် ရှိရရင်း ...

"ဖေဖေက အလုပ်ထဲကို ပြန်မသွားတော့ဘူး သမီးရဲ့ ..၊ ဧည့်သည်တစ်ယောက်ကို ဟိုတယ်လ်ပြန်ပို့ရင်းနဲ့ ဒီမှာ တစ်ခုခု ဝင်စားမယ်ဆိုပြီးတော့လေ ..၊ သမီး သွားစရာမရှိတော့ရင် ဖေဖေတို့ အတူပြန်တာပေါ့"

ပြောလက်စတွေ ရပ်တန့်ကုန်အောင် ကြိုးစားလိုက်ရင်း မြင့်မိုရ်ဦးနဲ့ သမီးကိုလည်း ဒီ့ထက် မျက်နှာချင်းမဆိုင်စေချင်တော့တာမို့...

"ဖေဖေ .. သမီးကို စိတ်ဆိုးလားဟင် .."



www.burmeseclassic.com

www.burmeseclassic.com



သားချစ် လည်း တခြားထွက်သွားကာ ကာလ နဲ့ ဖေဖေ အတူတူ ပြန်ခဲ့ကြတော့ သူမကပဲ စ၍ ...

"သမီးမေမေ မဟုတ်တဲ့ တစ်ယောက်ယောက်ကို ဖေဖေ့နားမှာ မြင်လိုက်ရတာ သမီးကိုယ်သမီး ဘာဖြစ်သွားမှန်း မသိလောက်အောင်ပဲ ဖေဖေ .."

ဦးမိုးဆောင်း က တင်းသည် တည်သည်မဟုတ်ဘဲ ကားမောင်းနေရင်း ပင့်သက်ရှိုက်၏။

"သမီးကို စိတ်မဆိုးပါနဲ့ ဖေဖေရယ် .. အန်တီမြင့်မိုရ်ဦး ရဲ့ စကားတွေက သမီးကိုသာမကဘူး ဖေဖေ့ကို လေးစားသမှု မထားတာမျိုးတွေ ပါနေလို့ သမီး စိတ်တိုမိတာ .."

"ဖေဖေ သမီးကို စိတ်မဆိုးပါဘူး ..၊ ဒါပေမယ့် .."

"ဒါပေမယ့် ပြောလေ ဖေဖေ .."

"သူ ရိုင်းသလို သမီးကို မရိုင်းစေချင်ဘူး .."

ကာလ မျက်လွှာလေးချ၍ ရှေ့ပြန်လှည့်သွားတော့ ဦးမိုးဆောင်း က လှည့်ကြည့်ကာ ...

"ဒေါ်မြင့်မိုရ်ဦး ဘယ်လိုလူမျိုးလဲဆိုတာ သမီး သိလား .."

ကာလ ဖျတ်ခနဲ ပြန်မော့လာ၏။

"အရှက်အကြောက်တရားနည်းတဲ့ မိန်းမမျိုးလို့ပဲ သမီး နားလည်အောင် အလွယ်ပြောလိုက်မယ် ..၊ သူ့လိုလူမျိုးနဲ့ သမီး ဘယ်တော့မှ စကားနိုင်လုဖို့ မကြိုးစားပါနဲ့ .."

"တစ်ခုတော့ ပြောပါ ဖေဖေ ..၊ ဖေဖေ သူ့ဘက်မှာ ရပ်တည်ချင်တာမျိုးလည်း မဟုတ်ဘဲနဲ့ သူနဲ့တွဲနေတာက ဘယ်လိုမျိုးလဲ ..၊ ဖေဖေတို့က လူငယ်လူလွတ်တွေလည်း မဟုတ်ကြဘဲနဲ့ .."

ဦးမိုးဆောင်း အသံတိတ်သွားပြန်သည်။ ဒီတိုင်း အကြာကြီး ရှိနေပြီးမှ ကားက လူရှင်းသည့်လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားကာ...





"ဟင်း .."

ဦးမိုးဆောင်း ၏ သက်ပြင်းချလိုက်သံကြီးက အဖြေပေးလိုက်တာထက် ပို၍ နာကျင်ဖို့ကောင်းနေသည်။ ကာလ မျှော်လင့် စောင့်နေပေမယ့် ဦးမိုးဆောင်း က လှည့်မကြည့်ဘဲနှင့် ...

"သမီး ထင်ထားခဲ့သလား .. မထင်ခဲ့ဘူးလား မသိဘူး၊ ဒါပေမယ့် ဖေဖေ .."

ကာလ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွား၏။ မပြောပါနဲ့တော့လို့ တားလိုက်ချင်သော်လည်း ...

"ဖေဖေ မှားသွားခဲ့တယ် .."

မျက်လုံးတွေကို ဖိမှိတ်ပစ်လိုက်ရင်း အံကြိတ်မိသည်။ ရင်ထဲမှာ နာကျင်စွာဖြင့် ...၊

ရက်စက်လိုက်တာ ဖေဖေ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဖုန်းနံပါတ် ဘယ်က ရတာလဲ .."

"ဟား .. ဟား .. ဟား ..."

ဖုန်းထဲက ဒီဒေး ရယ်သံက စိတ်တိုစရာ ပိုင်စိုးပိုင်နင်း ရှိနေကာ ...

"ဖုန်းနံပါတ် လိုချင်တာများ ကာလ ရယ် .."

"ဘာလဲ .. ရယ်ဦးမလို့လား ..၊ နင် ပြောချင်တာ ဒါပဲမို့လား.."

"အေး .. ဟုတ်တယ် ..၊ ဆက်ဆက် လာခဲ့နော် .. မလာတော့ဘူးထင်ရင် ငါကိုယ်တိုင် အန်တီ့ဆီမှာ လာပြောပြီး ခေါ်ထုတ်မှာ .."

ဖုန်းကိုင်လျက်နှင့် သားချစ် ရှိရာကို လှမ်းကြည့်နေမိသည်။

ရေသန့်ဘူးဝယ်နေရင်း လှည့်ကြည့်နေကာ ပြန်ထွက်လာတော့လည်း ရေဘူး မပါ ..။

"ဘယ်သူ ဆက်တာလဲ .."





နှစ်ယောက်တည်း ထွက်လာပြီဆို ချက်ချင်း ပြန်ရဖို့အကြောင်းတွေ ပေါ်လာတတ်လွန်းလို့ သားချစ် က အနားမရောက်ခင်တည်းက လှမ်းမေး၏။

ကာလ မျက်နှာလေးက ရှုပုတ် တင်းမာနေကာ ...

"နင် ဘယ်သူ့ကို ဖုန်းနံပါတ် သွားပေးခဲ့လဲ .."

"ဟင်!..."

အံ့ဩသလို ဖြစ်သွားပြီးမှ သားချစ် မျက်လွှာ ဖျတ်ခနဲ ချကာ ခေါင်းကုတ်သလိုလို ဆံပင်ဖွသလိုလို ..။

"ငါ ထင်သားပဲ ..၊ နင် အပြင်မှာ ဒီဒေး နဲ့ တွေ့တာ ခဏခဏ ဖြစ်လာတည်းက .."

"သူက မပေးဘဲ နေလို့မရအောင် လှည့်ပတ်ခွေနေတာဟ .."

"အဲ့ဒါနဲ့ အားနာပြီး ပေးလိုက်ရတယ်ပေါ့ .."

"အားနာတာ မဟုတ်ပါဘူး .. နေလို့မရအောင် ပြောနေလို့ပါဆို၊ ဒီကောင်က လိုချင်တာ ရအောင် အစ်ထုတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ နင့်နံပါတ်ကို ငါ ပြောလိုက်တာ မဟုတ်ဘဲနဲ့ သူ့ရှေ့မှာပဲ နင့်ကို ခေါ်လိုက်မိတာလေ ..."

"ဘာ!..."

"ပြီးတော့ သူငယ်ချင်းချင်းပုံစံနဲ့ ပေါ်တင်ပဲ .. နံပါတ်ယူကြည့်ပြီး တစ်ခါတည်း မှတ်သွားတာ .."

"ကောင်းတာပေါ့ .."

"သူ တစ်ချက်ပဲကြည့်လိုက်လို့ ရသွားတယ်တောင် မထင်ဘူး.."

ဖုန်းနံပါတ်ကို နာမည်နဲ့ မသိမ်းရဲခဲ့တာ သူ့ဘက်က ချို့ယွင်းချက် ဖြစ်ခဲ့၏။

ကာလ ရဲ့ဖုန်းမှ မဟုတ်ပေ ..၊ မိန်းကလေး အသိမိတ်ဆွေဆို ဘယ်နာမည်မှ မှတ်မထားရဲပေ ..။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ ဖုန်းကောက်ဖွင့်လိုက်လို့ မိန်းကလေးနာမည်တွေများ တွေ့သွားလျှင် မေမေ တစ်နေကုန် ဗျစ်တောက်ဗျစ်တောက် ပြောနေတာ မပြီးနိုင်တော့ ..။

"နောက်ပြီး နင်နဲ့ စကားတွေဘာတွေ ပြောခဲ့ပြီးပြီဆိုတော့ နင် ပေးပြီးသားလည်း ဖြစ်ချင်ဖြစ်မှာလို့ ငါ တွေးမိခဲ့တာ .."

"ဖုန်းယူပြီး ကြည့်သွားတာတောင် အဲဒီလို တွေးမိသေးတယ် ဟုတ်လား ..၊ အေးပေါ့ .. ဒီဒေး က နင့်ဟန်းဆက် မော်ဒယ်မြင့်လွန်းလို့ အားကျပြီး ယူကြည့်တာလည်း ဖြစ်နိုင်တာကိုး .."

"နင်ကလည်း ဒေါသတွေ စွတ်ထွက်နေတာပဲ ..၊ သူက နင့်ကို ပရိုပို့စ်လုပ်ထားတဲ့ ကောင် ..၊ ငါက သူငယ်ချင်းလိုပဲ နေခဲ့တာလေ၊ အတင်းအကျပ်ကြီး ငါက လိုက်ပိတ်နေရင် ပြောစရာဖြစ်သွားမှာပေါ့၊ ဒီကောင် စကားတတ်တာ နင် သိသားနဲ့ .."

"သိတယ် ..၊ နင် အားနာတတ်တာတွေကိုလည်း သိပါတယ်၊ အခု ရေသန့်ဘူးက ဝယ်မရပြန်ဘူးလား .."

"နင်က အေးအေးလေးဆို .. အေးတာက တစ်ဘူးပဲပါတာ၊ တစ်ဘူးက သိပ်မအေးလို့ .."

"အဲဒီ အေးတဲ့ဘူးကို ဟိုစုံတွဲက ယူသွားရောလား .."

ကာလ လှမ်းမြင်နေတာကို သိလိုက်ကာ မလုံမလဲ ဖျတ်ခနဲ ကြည့်မိ၏။

ဒါပေမယ့် ဘယ်လိုလုပ်ရမလဲ ..၊ လုယက် ပြိုင်ဆိုင်လုရမှာတွေကို သူ မလုပ်ချင် ..။

အထူးသဖြင့် မိန်းကလေးတွေနဲ့ ယှဉ်ပြိုင်ပြီး အနိုင်ရလိုက်တာမျိုး..

"နင်က သူတို့ထက်အရင် ဈေးသည်နား ရောက်သွားတာပါ သားချစ် ရယ် .. ငါ သေချာကြည့်နေတာပါ .."

"ဒါပေမယ့် ဈေးသည်က သူတို့ခေါ်လို့ သွားနေတာ၊ ငါက ကြား





ဖြတ်ယူသလို ဖြစ်နေမှာပေါ့ .."

"ဟဲ့ .. ဈေးသည်ဆီမှာ ဈေးဝယ်တာ ကြားဖြတ်တယ် ဖြစ်စရာလား ..၊ သူရောင်းမယ့်ပစ္စည်းအားလုံးကို ဝယ်သူတိုင်း ရွေးယူခွင့်ရှိတယ်လေ၊ အရင်ခေါ်တဲ့သူက အခွင့်အရေး ပိုရှိတယ်ဆိုတာ ခုမှ နင် ထုတ်ပြန်တဲ့ ဥပဒေလား .."

ပြောရင်း စိတ်တိုလာသည်။

"နင် အသုံးမကျဘူးပြောရင် ခံချင်မှာ မဟုတ်ဘူး၊ တကယ်လို့ အဲဒီ ရေအေးအေးလေးမှ မသောက်ရရင် ငါ အခု ဟပ်ထိုးလဲရပါတော့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ .."

"အဲဒီလိုမှ မဖြစ်တာဟာ ..၊ ငါ ခုချက်ချင်း လာပို့ဖို့ မှာလိုက်ပါတယ်၊ လာ .. ဒီမှာ ရွှေ့ထိုင် .. နေပူလာပြီ .."

သူက ကာလ လက်ဖဝါးလေးကို ဆွဲ၍ နေရိပ်ကျသည့်နေရာ ရွှေ့ထိုင်ဖို့ နေရာပြင်ပေး၏။

"ဟော .. လာပြီ ..၊ တွေ့လား .."

ပြောသံနှင့်အတူ ဆွဲခြင်းနှင့် ဈေးသည်ကောင်လေးက ရေဘူး တစ်ဘူး ကမ်းပေး၍ ...

"ရော့ အစ်ကို ..၊ ခုနထက်တောင် အေးသေးတယ်၊ အထဲမှာ ရေခဲနေတာ .."

"အိုခေ .."

ရေဘူး ကို ဂုဏ်ယူဝင့်ကြွားစွာ လှမ်းယူလိုက်ပြီး ကာလ ကို လှည့်ရယ်ပြသေးသည်။

"တွေ့တယ်မို့လား ..၊ ဒါ စေတနာအကျိုးပေးတာလို့ ခေါ်တယ်"

"ဟွန်း .."

ကာလ က မျက်စောင်းတစ်ချက်နှင့် ဆုချ၏။ ရေဘူးကို ဖွင့်၍ ပိုက်လေးတပ်ပြီးမှ သူက လှမ်းပေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး .. ဟိုကောင် ဘာတွေ ပြောသွားလို့ ဒေါကန်နေတာလဲ .."

"သူ့မွေးနေ့ ဖိတ်တာ .."

"မွေးနေ့ .."

သံယောင်လိုက် ရွတ်ပြီး သားချစ် မျက်မှောင်ကုတ်သွားကာ ...

"မွေးနေ့က ဧပရယ်လ် နှစ်ဆယ့်လေး မဟုတ်ဘူးလား .."

"မြန်မာလိုက တန်ခူးလပြည့်ကျော် ဆယ့်နှစ်ရက်လေ ..၊ သူက မြန်မာရက်ရော အင်္ဂလိပ်ရက်ရော နှစ်ခါ အမြဲလုပ်တာပဲ .."

"ဩော် .. နင်က မှတ်မိသားပဲ .."

"မှတ်မိတာပေါ့ ..၊ နှစ်နှစ်လုံးလုံး တစ်နှစ် နှစ်ခေါက်တောင် သွားနေရတာကို .."

သားချစ် က ခုနက ပြုံးရယ်ခြင်းများနှင့် ခြားနားသွားသည့် မဲ့ပြုံးနှင့် ...

"ငါနဲ့ ခဏခဏ တွေ့နေတာကို လုံးဝ မဖိတ်ဘူး၊ မျက်နှာချင်းက ကွာလိုက်တာ .."

"နင်နဲ့ ခဏခဏ တွေ့နေတာတွေရော .. တိုက်ဆိုင်လိုက်တာလို့ ထင်နေတုန်းပဲလား .."

"မထင်ပါဘူး ..၊ ဒီဒေး ဆိုတဲ့ကောင်က ငါ့ရဲ့ပြိုင်ဘက်ပေမယ့် သူ့အရည်အချင်းတွေကို ငါ လိုက်လို့မမီတာတော့ အစတည်းက နားလည်ပါတယ် .."

"ယောကျ်ားချင်းပဲ သားချစ် ရယ် .. နင်ကိုက ကိုယ်ကလွဲရင် အားလုံး တော်ကြတယ်လို့ နေရာပေးချင်တဲ့စိတ် ရှိနေတာပါ .."

"မဟုတ်ဘူး ကာလ ..၊ ကိုယ့်ထက်တော်ရင် တော်တယ်လို့ ပြောရဲတာပါ၊ ငါ ညှို့တာလည်း ဝန်မခံရဲစရာမှ မရှိတာ .."

"ဒါဆို အခု နင့်စိတ်ထဲမှာ ဒီဒေး လောက် နင် မတော်ဘူးလို့ပဲ





နှလုံးသွင်းထားတယ်ပေါ့ .."

"ဟုတ်တယ် .. ငါ့ရဲ့ပြိုင်ဘက် ဖြစ်နေသေးတာက နင့်စိတ် ငါ့ဘက်မှာ ရှိနေတာကို ယုံကြည်လိုက်တာပဲ၊ နင့်ရဲ့အဆုံးအဖြတ်ဟာ ငါ့အတွက်ပဲ ဖြစ်မယ်လို့ ငါ ယုံကြည်နေတယ်၊ အဲဒါ အခု နည်းနည်းဖြစ်ဖြစ် ငါ သိခွင့်ရှိပါရစေ .."

"ဘာလဲ .."

"နင် ငါ့ကို .. ငါ့အချစ်ကို လက်ခံနိုင်ဖို့ ရှိမရှိ .."

"လက်ခံဖို့ရှိတယ်ဆိုမှတော့ ငါ ဘာဖြစ်လို့ ဆက်ပြီး ဟန်ဆောင်ဝန်ဆောင်တွေ လုပ်နေတော့မှာလဲ သားချစ် ရယ် .. ငါတို့က မိဘကထိမ်းမြားလက်ထပ်ပေးကြတော့မယ့်အရွယ်တွေ ရောက်နေပြီ၊ ရည်းစားထားနေဖို့လည်း စိတ်မကူးချင်တော့ဘူး၊ ငါ တစ်ယောက်ယောက်ကို ချစ်တယ်ဆိုရင် အဲဒီချစ်သူဟာ ငါ့ရဲ့အိမ်ထောင်ဖက်ပဲ .."

"အဲဒီလူဖြစ်ဖို့ ငါ မျှော်လင့်ခွင့် ရှိရဲ့လား .."

"ရှိတယ် ..၊ နင်က ငါ စဉ်းစားသင့်ဆုံး .. ငါ့ရဲ့ရင်ဘတ်နဲ့ အနီးဆုံးလူပါ၊ ဒါပေမယ့် .."

"ဒါပေမယ့်ကြီး ထွက်မလာပါစေနဲ့လို့ ဆုတောင်းနေတာတောင်မှ ကာလ ရာ .. ရင်မောလိုက်တာ .."

"နင်ကရော ငါ့ကို အဲဒီလို သဘောထားရဲ့လား .."

"ဘာလဲ .. ဘာကို မေးတာလဲ .."

"လက်ထပ်ဖို့ထိ နင် ဆုံးဖြတ်ရဲသလား ..၊ ခုဆိုရင် နင်တို့ဘဝက ငါတို့ထက် မြင့်တက်သွားပြီလေ .. ပြီးတော့ နင့်အမေ .."

"လျှောက်ပြောမနေနဲ့ ကာလ ..၊ နင် အခု ငါ့ကို ခေါင်းညိတ်လိုက် အန်တီ့ဆီမှာ ငါ့မိဘတွေနဲ့ လာမတောင်းဘူးဆိုရင် ကြိုက်သလိုပြော .."

သားချစ် က ယုံကြည်ချက်အပြည့်နှင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်လည်း တစ်ဦးသောသမီး၊ ငါလည်း တစ်ဦးတည်းသောသား ... ငါ့စိတ်တိုင်းကျ ငါ့ရဲ့မိဘတွေက စီစဉ်ပေးရမှာပဲ .."

ကာလ ဘာမှမပြောဘဲ မပြုံးချင်ပြုံးချင် မျက်နှာလေးနဲ့ပဲ ငြိမ်နေလိုက်၏။

ဒါပေမယ့် ကိုယ့်အကြောင်းကိုယ် သိနေတာတစ်ခုက ဖေဖေ တကယ်တမ်း မြှုံးမိတဲ့ငါးလို ဖြစ်နေရသည့် ရှုပ်ထွေးမှုတွေ တစ်နေ့နေ့ ပေါ်လာခဲ့လျှင် ...

"ကာလ .."

"ဟင် .."

"နှင် သူ့မွေးနေ့ကို သွားမှာလား .."

"မသွားပါဘူး .."

"သူ လာခေါ်နေရင်ရော .."

အိမ်မှာ ဝင်ထွက်သွားလာဖူးနေတာမို့ ဒီဒေး နောက်ဆက်တွဲ ပြောသွားတာကို သေချာမသိဘဲ သားချစ် က တန်းခနဲ မေး၏။

"မသိဘူး ..၊ ဘာလဲ .. နှင် လိုက်ပေးမလို့လား .."

"ငါ့ကို ဖိတ်တာမှ မဟုတ်ဘဲ .."

"သူ့တုံ့နဲ့ကတော့ ငါတို့နှစ်ယောက်ပဲ သွားမယ့်နေရာဆို ဘယ်နေရာဖြစ်ဖြစ် သူလိုက်ချင်ရင် သူ့ပါမစ်နဲ့သူ ပါလာတာပဲ .."

"ဟုတ်တယ် .. သူက အဲဒီလိုကောင် ..၊ ငါကတော့ မဖိတ်ဘဲ ဘယ်ပွဲမှ မသွားဖူးဘူး၊ သဒ္ဓါလို့ကျွေးရင် သေဆေးလည်း စားရဲတယ်၊ ဒါပေမယ့် မသဒ္ဓါတာကို ဘယ်တော့မှ မစားဘူး .."

"ဟုတ်ပါပြီ .. ရှင် မာနကြီးတာတွေကိုလည်း ကျွန်မက သိပါတယ် .."

ကာလ က ပြုံး၍ ပြောပေမယ့် လေသံနဲ့မို့ သားချစ် က မျက်မှောင်ကုတ်ကြည့်၏။





ဒါပေမယ့် တီရှပ်အဖြူရောင်လက်ပြတ်လေးနှင့် ခါးကျော်ကျော် ဆံပင်တွေကို နောက်မှာ မြင့်တင်ပြီး စည်းထားသည့် ကာလ မျက်နှာလေးက သူ့မျက်ခုံးလေးတွေကို ချက်ချင်း ပြေကျသွားစေလျက် ...

"နှင် အရမ်းလှတာပဲ ကာလ .."

"ကိုယ့်ကိုယ်ကိုယ် သိပြီးသား .. မြှောက်မနေနဲ့ .."

"ငါ နှင့်ကို စိတ်မချဘူး .."

"အဲဒီတော့ .."

"ငါတို့ စေ့စပ်ထားရအောင် .."

"စေ့စပ်ထားပြီးရင် ချစ်သူတွေဆိုလည်း ဟုတ်တယ် ..၊ တစ်ဝက်တော့ ပိုင်ဆိုင်ခွင့် ရှိသွားကြပြီလို့လည်း ပြောလို့ ရတယ်၊ ငါ အဲဒီလို မဖြစ်ချင်သေးဘူး .."

သားချစ် ခပ်ငိုင်ငိုင် ဖြစ်သွား၏။

"ဒါဆို ငါ့ကို ကတိတစ်ခု ပေး .."

"ဘာလဲ .."

"နှင် .. နှင် ဒီဒေး ကို .."

"တော်တော့ .."

ကာလ မျက်နှာလေး ချက်ချင်း တည်သွားပြီး ပိတ်ပြောလိုက်၏။

"ငါ ရွေးချယ်မယ့် .. ငါ အထင်တကြီး ဖြစ်လာမယ့်ယောက်ျားက အဲဒီလို မဖြောင့်မမှန် တစ်ကိုယ်ကောင်းစိတ်ရှိတဲ့လူ ဘယ်တော့မှ မဖြစ်စေရဘူး .."

ရေလေး နည်းနည်းပဲသောက်ပြီး ထပ်လည်း မသောက်ဖြစ်တော့ဘဲ ရေဘူးကို ဘေးမှာ ဆောင့်ခနဲ ချကာ ...

"နှင့်မှာ တစ်ဆိတ်ရှိ ဒါပဲ .."

"သူ ပြန်ရောက်လာမှ ပြောတာ ကာလ ..၊ ဒီဒေး က ချောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ ငါတို့အမြင်မှာ ခပ်ရိုင်းရိုင်းကောင်ပေမယ့် အဲ့ဒါ သူလိုချင်တာကို ရရအောင် လုပ်ယူနိုင်တဲ့ စိတ်ဓာတ်ပဲ ..''

သားချစ် ကို ဒေါသမကင်းသည့် မျက်ဝန်းတို့နှင့် ကာလ စိုက်ကြည့်သည်။

သားချစ် က ခံစားချက်အပြည့်နှင့် ...

''သူ့အပေါ်မှာ ဆက်ဆံသလို နင်သာ ငါ့ကို အဲဒီလောက် ခါးခါးသီးသီးဆက်ဆံရင် သူ့လို ငါ မျက်နှာပြောင်တိုက်နိုင်ပါ့မလား မသိဘူး..''

''နင် သူ့ကို အကြောပေးထားတာပဲ သားချစ် ..၊ ဒါနဲ့များ ဘာဖြစ်လို့ ပြိုင်ဘက်လို သဘောထားနေသေးလဲ ..''

''ယုတ်စွအဆုံး ပြောတာပါ၊ ဒီကောင် အဲလောက်ထိ မျက်နှာပြောင်ရဲတာကို ပြောချင်တာ၊ နောက်ပြီး နင်က သူ့ကိုရော ငါ့ကိုရော အတူတူ ရင်းနှီးခဲ့သေးတယ်လေ ..''

ဘာပဲဖြစ်ဖြစ် ငယ်ငယ်တည်းက ရင်းနှီးပေါင်းဖက်လာခဲ့ကြတဲ့ သူငယ်ချင်းကို ပိုရမှာ မဟုတ်ဘူးလား ...။

အဲဒီတုန်းက ဒီဒေး က ရည်းစားစကား မပြောမီအချိန်ထိ ကာလ ရဲ့ ဘယ်ဘက်ဖက် ညာတစ်ဖက်မှာ သူနဲ့ ဒီဒေး က အခွင့်အရေး အတူတူ ...။

'ငါတို့က သူငယ်ချင်းတွေပဲလေ ...၊ နင်ရော သူရော အတူတူပဲပေါ့'လို့ ပါးစပ်ကလည်း ဖွင့်ပြောသေးသည်။ ကြိတ်မှိတ် နာကျင်ခဲ့ရတာက သူပါ ...။

သားချစ် မျက်နှာက ဝေဒနာတွေ အပြည့်အသိပ်နှင့် ...၊

''နောက်ပြီး ရှိသေးတယ် ..''

''အင်း .. ပြော ...၊ ဘာရှိသေးတာလဲ ..''

''နင် သူ့ကို ရေနစ်သေသွားတဲ့ကောင်ရဲ့ပြဿနာကြောင့် အသေမုန်းနေတာ ..''





''မဟုတ်ဘူးဆိုရင် ငါက ချစ်သွားနိုင်တယ်ပေါ့ ..''

''ငါ့ကို ကြံဖန် သဝန်တိုနေတယ်လို့ ပြောလည်း ခံရမှာပဲဟာ၊ ဒီကောင်က ဖွဲ့ကောင်းတယ်၊ အဲ့ဒါကို ငါ စိုးရိမ်တာ ..''

ဖွဲ့ကောင်းလို့ ပန်းကုံးစွပ်ခံသွားရဖို့ ရှိနိုင်တယ်ထင်ရင် နင်ရော ဖွဲ့ကောင်းကြည့်ပါလား သားချစ် ...၊ ကာလ စိတ်ထဲမှာ ပြောရင်း နှုတ်ခမ်းလေးတင်းတင်းစေ့သွားမိသည်။

ဒီဒေး လို ဆွဲဆောင်မှုပြင်းတဲ့ စတိုင်လ်မျိုး ထွက်မနေပေမယ့် သားချစ် ရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အကျင့်စရိုက်လေးကို ကာလ မြတ်နိုးပါသည်။ ပြီးတော့ ...၊

ဒီဒေး ကို တခြားမိန်းကလေးတွေ သဘောကျတာ ရှိရင် ရှိမည်။ သူမ မျက်လုံးထဲမှာ သဘောကျစရာ ဘယ်နေရာမှ မမြင်ပါ ...။

အတူတူ တွဲနေခဲ့ကြတုန်းက ဒီဒေး ကို ပွင့်လင်းသည့်ကောင်လေးဆိုပြီး ခင်သည်။

သွားရင်းလာရင်း ကျောင်းထဲမှာ အတူတူရှိနေရင်း ဘယ်လိုကိစ္စမျိုးပဲ ပေါ်လာလာ ဒီဒေး ကပဲ ထရင်းတတ်တာတွေ၊ ကူညီစရာရှိလျှင် ငွေအားဖြစ်ဖြစ် လူအားဖြစ်ဖြစ် ရက်ရက်ရောရော ထိုးပေးတတ်တာတွေ ...၊

ဒါတွေက ဒီဒေး အပေါ် ခင်မင်သွားစေခဲ့တာ ဖြစ်သည်။ ဒါပေမယ့် တဖြည်းဖြည်း သူ့ရဲ့ ဖွတ်တရွတ်ဆန်တဲ့ အကျင့်တွေကို သိလာခဲ့သည်။

သူ ငြိငြင်စရာတွေပြီဆို မိန်းကလေးဖြစ်ဖြစ် ကလေးဖြစ်ဖြစ် သူ့ာရမှန်း မသိ၊ ဂရုမစိုက် ...။

''ငါ့ကို နင်တို့ကတော့ မိုက်ရိုင်းတယ် ထင်မှာပဲ ..၊ ဟုတ်လည်း ဟုတ်တယ်၊ အိမ်မှာ ကြောက်ရမယ့်သူ မရှိခဲ့တော့ စိတ်က ဒီလိုင်း အကျင့်ပါနေပြီ'' တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နှင့် စီးကရက် ခိုးသောက်သည်။ ဘီယာလည်း သောက်ဖူးသည်လို့ ပြောသေး၏။ ထို့ပြင် ဗီကေဝါးတာက လွန်လွန်းသည်။

ဗီကေဆို ဘယ်လောက်အဖိုးတန်တဲ့ ဗီကေဖြစ်ဖြစ် အဲဒီအနံ့ရှူးရှူးကို မခံနိုင်သည့် သူမနှင့် သူ ဗီကေစားတိုင်း စကားများရသည်။

အဲဒီကတည်းက ဝါသနာက ပါးစပ်ထဲ ပါလာခဲ့တာဖြစ်လျက် 'ငါ ချစ်တဲ့သူက ဖြတ်ခိုင်းတဲ့နေ့.. သူမကြိုက်တာ အကုန်ဖြတ်မယ်' တဲ့..။

ဒါကြောင့် ဒီနေ့ထိ သူ့ကို ကာလ ဘာမှ မဝေဖန်ခဲ့တော့ပေ..။ သားချစ် နဲ့ ဘယ်နေရာမှာမှ မတူခဲ့သော ဒီဒေး ဟာ သူမအတွက် ချစ်သူတစ်ယောက် ဖြစ်လာဖို့ဆိုတာ အိပ်မက်ထဲမှာတောင် ထည့်မမက်ခဲ့ဘူး ..။

ကိုယ့်စိတ်ထဲမှာ ဘယ်တုန်းကမှ အထင်ကြီး မရှိခဲ့သည့်သူကို သားချစ် ဘာဖြစ်လို့ စကားပြောတိုင်း ပါနေတာလဲ ..။

"ကာလ .. နင် ငါ့ကို စိတ်ချမ်းသာအောင် တစ်ခုတော့ ကူညီဟာ .."

"ဘာလဲ .."

သားချစ် လှိုက်လှိုက်လှဲလှဲ ပြောပြီးမှ ခပ်တုံ့တုံ့ ဖြစ်သွား၏။

"ပြောလေ ..၊ နင့်ကို မွေးနေ့ခေါ်ဖို့လား .. ငါကရော သွားမှာပါလို့ ပြောနေလို့လား .."

"ဘာပဲဖြစ်ဖြစ် နင် သူ့ဆီ ရောက်သွားရင် ငါတို့ စေ့စပ်တော့မှာလို့ ပြောလိုက်နိုင်လား .."

"ဟင်!... ဘာ!..."

"နင် ငါ့ကို တကယ်ပဲ စဉ်းစားပေးမယ်ဆိုရင် ဒါ ဘာများ ခဲယဉ်းလို့လဲ ကာလ ရယ် .."

"နင်မှ အပြောကောင်းပါလား သားချစ် ရယ် .. ဟင် ..၊ ခုချိန်မှာ





ငါက နင်တို့ထက် စီးပွားရေးနိမ့်ကျနေတာ .."

"အဲဒါတွေ ထည့်ပြောပြန်ပြီဟာ ..၊ နင်နဲ့ ငါတို့က နှစ်အိမ်တစ်အိမ် နေလာခဲ့ကြတာပါ"

"အခုထိလား .."

သားချစ် ပါးစပ်ပိတ်သွား၏။

ကာလ က သူ့ကို စိုက်ကြည့်ကာ ...

"နင် ဒီဒေး ကို ပြိုင်ဆိုင်ဖို့ နေနေသာသာ ငါ့ကိုတောင် လှည့်အားကိုးသေးတယ် .. ဟုတ်လား .."

"အားကိုးတာ မဟုတ်ဘူး ကာလ ..၊ ဒီကောင် နောက်ထပ် မျှော်လင့်ပြီး ထပ်ကြိုးစားမနေတော့အောင် ပြောတာ၊ နင်က ဘယ်လိုမှန်းမသိပေမယ့် ငါကတော့ နင့်ကလွဲပြီး ဘယ်မိန်းမကိုမှ လက်ထပ်ဖို့ စိတ်မကူးဘူး၊ ဒါကြောင့် စေ့စပ်တော့မှာလို့ ပြောဖို့အတွက် .."

"ငါက မိန်းကလေးဆိုတာ နင် မေ့နေသလား .."

"အဲလို မပြောပါနဲ့ဟာ ..၊ ငါတို့က တစိမ်းတွေလား .."

"တစိမ်းတွေပဲ .. ဘာမှ သွေးမတော်သားမစပ်ဘဲ ဆွေမျိုးလို့ ပြောလို့ ရမလား ..၊ နင် ပြောနိုင်ပေမယ့် ငါ မပြောနိုင်ဘူး သားချစ်၊ ငါတို့ နှစ်တွေအကြာကြီး ဝေးသွားပြီးမှ အခု ပြန်တွေ့ကြပေမယ့် နင်နဲ့ ငါ ဘယ်အခြေအနေရောက်နေပြီလဲဆိုတဲ့ မေးခွန်း ငါ့ကို မမေးခဲ့သေးဘူး .."

"သူက ငါ့ကို အမျိုးမျိုး ခြိမ်းခြောက် မောင်းတင်နေတာကိုး ..၊ ငါတို့ ဘယ်လို ဖြူစင်ကြတယ်ဆိုတာလည်း သူ သိနေတာပဲ၊ တကယ်လို့ ငါတို့ ချစ်သူတွေဖြစ်နေကြရင်တောင်မှ ဒီကောင် ဒသဂီရိလို လုပ်ရင် လုပ်မှာ ..၊ စိတ်ဓာတ်ကိုက အရိုင်းဆန်ပြီးသား .."

"သိနေရင်လည်း ကံကြမ္မာရဲ့အဆုံးအဖြတ်ကိုပဲ စောင့်လိုက်ပေတော့ သားချစ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ကာလ က မျက်နှာလေး နီမြန်းလာတဲ့အထိ ဒေါသတွေ တရိပ်ရိပ် ဖြစ်နေလျက် ...

"နင့်ကို မိကောင်းဖခင်သားသမီး ပီသတယ်၊ သိမ်မွေ့တဲ့ယောကျ်ား ဆိုပြီး သူ့လိုလူနဲ့ ငါ ဘယ်နေရာမှာမှ မယှဉ်ခဲ့ဘူး၊ နင်နဲ့ ငါ့ရဲ့ ရင်းနှီးတွယ်တာမှုတွေကို ရင်ထဲမှာ သပ်သပ် ကန့်သတ်ပြီး သိမ်းထားတာ.."

သားချစ် မျက်နှာ ဝင်းထိန်သွားကာ ဖျတ်ခနဲ ကြည့်၏။

"ဒါပေမယ့် တစ်ခါတစ်ခါမှာ နင့်ရဲ့ နူးညံ့မှုတွေက အစွန်းရောက်နေသလိုပဲ သားချစ်၊ သည်းခံလွန်းတော့ ကြောက်တယ်၊ ရိုးလွန်းတော့ အ တယ်တဲ့၊ နင့်ကို ဘယ်လိုလူလို့ သတ်မှတ်ရမှန်း ငါ မသိဘူး .."

"ငါကတော့ နားလည်နေပါတယ်၊ နင် ငါ့ကိုဆို ဘယ်တုန်းကမှ အထင်တကြီး အားကိုးခဲ့တာ မရှိဘူး၊ အသုံးကို မကျဘူးလို့ စသလို နောက်သလို ပြောတာက ရှိသေး .."

"ငါက ငါ့သူငယ်ချင်းကို လူလည်တော့ မဖြစ်စေချင်ပေမယ့် နေရာတကာ ခေါင်းငုံ့နေတတ်တဲ့လူ ဖြစ်နေတာလည်း မကြိုက်ဘူး၊ အဲဒါကြောင့် ပြောမိတာ .. မုန်းလို့မဟုတ်ဘူး သားချစ် .."

"အထင်သေးတာတွေပါ .. ငါ သိတယ် .."

"အေး .. အဲဒီလို ထင်နေရင်လည်း မတတ်နိုင်ဘူး .."

စိတ်ဆိုးနေသည့် ကာလ ရဲ့ မျက်ဝန်းလေးတွေက နေပူပူမှာ တံလျှပ်ထနေတာမျိုး တလက်လက် ပြေးနေသည်။

မျက်တောင်ကော့နေတာလေးတွေက ထူပိတ်နေတာတောင် တစ်ပင်ချင်း ဖြန့်ကားနေသလို ရှုမငြီးဖွယ် မြင်နေရ၏။

နီမြန်းနေသည့် နှုတ်ခမ်းသားလေးတွေကို သူ မရိုးသားသည့်စိတ်နှင့် စေ့စေ့မကြည့်ရဲခဲ့ပါ ...။

သူမကို သူ မြတ်နိုးနေခဲ့သည်။





စွန့်လွှတ်ရမှာ တွေးမိတိုင်း သူမနဲ့ နီးစပ်အောင် ဘာလုပ်ရမလဲ ဆိုသည့်အတွေးက အမြဲတမ်း နှိပ်စက်၏။

သူမကတော့ ဘာဖြစ်လို့ သတ္တိမရှိတဲ့လူဆိုတဲ့ မျက်လုံးနဲ့ပဲ ကြည့်ခဲ့တာလဲ ...၊ မျက်နှာလေးကို ငေးနေရာမှ သူ တစ်ဖက်လှည့်ပစ်မိသည်။

အကယ်၍ ဒီဒေး သာ ပြန်ရောက်မလာခဲ့ရင်လည်း အကောင်းသား ...။

သားချစ် စိတ်ဆင်းရဲကြီးစွာ ဖြစ်နေရင်း ကာလ ချထားသည့် ရေဘူးကို ဖွင့်သောက်မိသည်။

ကိုယ်ဟာ သူမရဲ့ အထင်ကြီးအားကိုးဖွယ် ယောကျ်ားအဖြစ် မရှိခဲ့ဘူးဆိုလျှင် ဒီဒေး လိုကောင်ကို သူ စိတ်မချနိုင်တာ အပြစ်လား ...။

အနာဂတ်ကို ကိုယ်တိုင် ဖန်ဆင်းနိုင်တဲ့စွမ်းအားတွေ ရှိခဲ့ရင် အကောင်းသား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

မွေးနေ့ချိန်မှာ ရုပ်ရှင်ရုံထဲ ဝင်နေလိုက်ဖို့ စိတ်ကူးအကွက် တစ်နေ့ကုန် ကြံစည်နေရသည်။

သားချစ် ကိုလည်း စကားပြော အဆင်မပြေ ဖြစ်ထားလို့ မခေါ်ချင် ..။

မာယာ့ ကို ခေါ်တော့ ရှောရှောရှူရှူဖြစ်လာလို့ တော်သေးသည်။

"ပွဲစဉ်က ကိုးနာရီခွဲမှာရယ် .. ငါတို့ ရုပ်ရှင်တကယ်ကြည့်နေလို့တော့ မရဘူးနော် ကာလ .."

"ငါ သိပါတယ် ..၊ မေမေ့ကိုလည်း ညပွဲက ခုနစ်နာရီခွဲလို့ ပြောထားခဲ့တာ .."

ထွက်လာခဲ့တာက ခြောက်နာရီခွဲ ..၊

ရုပ်ရှင်ကြည့်မလို့ဆိုပေမယ့် မေမေ ဒီတစ်ခါ အသာတကြည်ခေါင်းညိတ်ခဲ့တာက ဖေဖေ့ကိစ္စတွေကြောင့် သားအမိနှစ်ယောက် ခေါင်းခဲ့နေကြလို့ ဖြစ်သည်။





လူကြီးက လူကြီးပီပီ ထိန်းချုပ်နေရမှာပေမယ့် ကာလ ကိုတော့ စိတ်လက်ပေါ့ပါးစေချင်ရှာသည်။

ပြီးတော့ မေမေနဲ့ ကာလ ကြားမှာ ထိမ်ချန်လျှို့ဝှက်မှုတွေ သိပ်မရှိခဲ့သလို ကာလ ကို မေမေက ယုံကြည်သည်။

ယုံကြည်နေသည့် မေမေ့ကို ညာခဲ့ရတာ စိတ်တော့ မကောင်းပါ။ ဒါပေမယ့် ဒီဒေး ရောက်လာလျှင် မေမေ မေးလာမှာတွေကို သူမ မဖြေနိုင် ..။

"ငါတို့ ရုပ်ရှင် ခဏတော့ ဝင်ကြည့်မယ်ဟာ ..၊ မပြီးခင် ပြန်ရအောင်လေနော် .."

မာယာ က နာရီကို ငုံ့ကြည့်ပြီး ပြောသည်။

"မဖြစ်ဘူး မာယာ..၊ ငါတို့ ရုပ်ရှင်ပြချိန်ရောက်တာနဲ့ ပြန်မှ ဖြစ်မှာ .."

"ဟင်!..."

"သူ့မွေးနေ့ချိန်ပြီးတဲ့အထိ ငါ အိမ်မှာမရှိရင် ပြီးပြီ .."

မာယာ က သက်ပြင်းလေးချရင်း ခေါင်းလည်း ကုတ်၏။

"မွေးနေ့ဖိတ်တာပဲ လက်ထပ်စာချုပ်ချုပ်ဖို့ ခေါ်တာ ကျနေတာပဲ ကာလ ရယ် ..၊ ဟိုအရင်ကလည်း သူငယ်ချင်းတွေပဲ ဥစ္စာ .."

"သူက သူငယ်ချင်းလို ဖိတ်တာ မဟုတ်ဘူး၊ နင် မသိပါဘူး မာယာ ရယ် .. ငါ ကျေးဇူးတင်အောင် ခဏလေး ငြိမ်နေပေးစမ်းပါ"

နာရီပဲ ထပ်ကြည့်မိပြန်ကာ ကာလ အကြံအိုက်သည့်မျက်နှာလေးနှင့် ...

"ခုမှ ခုနစ်နာရီခွဲပဲ ရှိသေးတယ်၊ ဘယ်သွားရင် ကောင်းမလဲ.."

ရုပ်ရှင်ရုံရှေ့ထိတော့ ရောက်လာမိကြကာ နှစ်ယောက်သား ဘာလုပ်ရမှန်း မသိ ..၊

ရန်ကုန်နဲ့ ရုပ်ရှင်ရုံရှေ့ ညမြင်ကွင်းကို တစ်ခါပဲ ငေးထိုင်ဝင်ဝင်

www.burmeseclassic.com



ကြည့်ဖူးတာမို့ ရင်တွေလည်း ခုန်၏။

ဒီအချိန်ထိ ကာလ ညဘက် ရုပ်ရှင်မကြည့်ခဲ့ဖူးပေ ..၊

ရုပ်ရှင်မပြောနှင့် ညဥ့်နက်ပြီဆို အပြင်တောင် သိပ်ထွက်ဖြစ်တာ မဟုတ် ..။

ပြန်ရမယ့်အချိန်ကြီးကို တွက်ကြည့်ကာ ...

"ငါတို့ပြန်ရင် တစ်ယောက်တစ်လမ်းစီကြီးနော် .."

"ငါက ရပါတယ် .. အဆောင်က ငါ့အစ်မဝမ်းကွဲဆီမှာလည်း ခဏခဏ သွားအိပ်ဖူးတယ်၊ အိမ်ကို ဘယ်လိုပြောပြော ရတယ်၊ အပြန်လမ်းမှာ ညဥ့်နက်မှာ တစ်ချက်ပဲ .."

"ဪ .. မာယာ ရယ် .. ငါလည်း မေမေ့ကို ပြောပြီးမှ ထွက်လာတာပဲ၊ အဲဒီအပြန်ကို တွေးမိလို့ ပြောတာပေါ့၊ တစ်ယောက်ကို ဝင်ပို့ပြီးမှ တစ်ယောက်က ပြန်တော့လည်း အဲဒီတစ်ယောက်က တစ်ယောက်တည်း .."

"ဒါဆို သားချစ် ကို ဖုန်းဆက်ခေါ်လိုက်ပါလား .."

"မခေါ်ချင်ပါဘူး .. သူက ယောကျ်ားလေးသာဖြစ်တာ၊ အပြင်ထွက်တာ အိမ်ပြန်တာ .. ငါတို့ထက်တောင် စည်းကမ်းကြီးသေးတယ်၊ နောက်ပြီး ညဘက် ရုပ်ရှင်ကြည့်တာ သားချစ် ဆိုရင်လည်း မေမေ့ကြိုက်မှာ မဟုတ်ဘူး၊ ငါက သူငယ်ချင်းတွေနဲ့လို့ ပြောထားတာ .."

မာယာ က ကာလ မျက်နှာကိုပဲ ကြည့်နေကာ ...

"နင်က ဘာလုပ်ချင်လို့လဲ .."

"ဘာမှလုပ်လို့ မရဘူး၊ လာလိုက်ခဲ့ .."

"ဟယ် .."

"ဒီဒေး .."

အနားမှာ ဘွားခနဲ ပေါ်လာမယ်လို့ မထင်ခဲ့ပေ။ ဒီဒေး က သူများမွေးနေ့ရှင်တွေလို အဖြူရောင်မဟုတ်ဘဲ အနက်တွေချည်း ဝတ်ထားကာ





...ာက်တိုင်းဝတ်စုံပေမယ့် ရုပ်ကော်လံနဲ့ လည်စည်း ဘာညာမပါ ..။

လည်ကပ် ကိုယ်ကျပ်အနက်ပေါ်မှာ ကုတ်အင်္ကျီအနက်ကို ထပ်...ထားကာ ဖြူဝင်းနေသည့်မျက်နှာက အနက်ရောင်တွေထဲမှာ ထင်း...၏။

ရုပ်ရှင်ရုံရှေ့မှာ ပွဲချိန်မကျသေးသဖြင့် လူတွေတော့ ရှင်းပါသည်။ ...ပေမယ့် လက်ကို သူ ပိုင်စိုးပိုင်နင်း ဆွဲပစ်လိုက်တော့ ကာလ ရှက်...မှုန်သွား၏။

"ငါ့ကို နင် လွှတ်စမ်း .. ဒီဒေး .."

လက်ကို ပြန်ရုန်းရင်း အံကြိတ်သံနှင့် ပြော၏။ ဒီဒေး က မလွှတ်...

"နင့်အိမ်ကို ရောက်ခဲ့ပြီးပြီ၊ ရုပ်ရှင်သွားကြတယ်ဆိုလို့ လိုက်ခေါ်...ာ .."

ပြောပြီးတာနှင့် ဖွင့်ပြီးသားဖုန်းကို စပီကာ ထပ်ဖွင့်လိုက်ကာ...

"အန်တီ .. အန်တီ .. ကျွန်တော် ကာလ တို့ကို တွေ့ပြီ၊ တစ်ခါ...ည်း ခေါ်သွားလိုက်မယ်နော် .."

"ဟေ .. ဟဲ့ .. ရုပ်ရှင်ရုံထဲထိ ဝင်ခေါ်တာလား ..၊ သမီးက .."

"မဟုတ်ဘူး အန်တီ .. ရုပ်ရှင်က မပြသေးဘူး၊ ကျွန်တော် နောက်...ကျဘဲ ပြန်ပို့ပေးပါ့မယ် .. ဒါပဲနော် .. အန်တီ .."

သူပဲ ပြော .. သူပဲဆုံးဖြတ်ပြီး ဖုန်းပိတ်လိုက်တော့ ကာလ ဘာမှ ...ပြောနိုင်တော့ပေ ..။

"နေကြဦးလေ .. ငါက ဘယ်လိုလုပ်ရမှာလဲ .."

မာယာ က ကာလ ပါသွားတော့မှာကို သိကာ ထိတ်ထိတ်ပျာပျာ ...သွားပုံလေးနှင့် အလုအယက် ပြော၏။

"ဘာလုပ်ချင်လို့လဲ ..၊ မွေးနေ့လိုက်ချင်လို့လား .."

"အို .. မဟုတ်ပါဘူး၊ ဒီပုံကြီးနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုဘဲတယ် .. တော်တော် ပုံဆိုးနေတာ .."

ဒီဒေး က အတုံးလိုက်အတစ်လိုက်ပြောပြီး ကားတွေရှိရာကို မေးဆတ်ပြ၍ ...

"ပြန်လိုက်ပို့ပေးမယ် .. သွား .."

ကာလ လက်ကိုတော့ မလွှတ်ဘဲ ရှုံ့ရှေ့ကနေ ဒီတိုင်း ဆွဲထွက်၏။

"ဒီဒေး .. ငါ့လက်ကို လွှတ်လို့ ပြောနေတယ်နော် .."

"လက်လေးကိုင်ထားတာ ဘာဖြစ်လို့လဲ ..၊ ဒီဒေး ဆိုတဲ့ကောင်က စိတ်မဝင်စားရင် မျက်စိရှေ့မှာ စိန်တုံးတွေ့တာတောင် ကောက်ချင်မှ ကောက်မှာ .."

"ဩော် .. ကျေးဇူးတောင် တင်ရဦးမှာပဲ .."

"မတင်ပါနဲ့ .. အချင်းချင်းတွေပဲ .."

"ဒီဒေး .."

"ပြော .."

"နင့်ရုပ် နင့်ရည်နဲ့ ငါ့အတွက် အဲဒီလောက်ထိ မျက်နှာပြောင်နေရတာ မရှက်ဘူးလား.."

"ဘာကို ရှက်ရမှာလဲ .."

"နင့်ကို ငါ ဒီလောက်ပြောထားပြီးသား .."

"ဘာဖြစ်လဲ ..၊ ခဏ ခဏ ကြားနေရတော့ မှတ်မိတာပေါ့"

သူက တံခါးဖွင့်ပေးသည်။

ကာလ က နှုတ်ခမ်းလေးမဲ့လိုက်ပြီး နောက်ခန်းတံခါး ဆွဲဖွင့်၏။ မာယာ ကလည်း ဟိုဘက်ကို ကမန်းကတန်း တိုးပေးရှာသည်။

သို့သော် ...

"မရဘူး .. ရှေ့မှာပဲ ထိုင် .."

ဒီဒေး က ကာလ လက်ကောက်ဝတ်လေးကို အသာလေး ဖိဆွဲ





ကာ ရှေ့ခန်းထဲ တွန်းထည့်လိုက်သည်။ ပြီးတော့ တံခါး သေချာပိတ်ပစ်လိုက်၏။

ကာလ တက်ခေါက်၍ သူ ဟိုဘက်မှာ ဝင်ထိုင်ပြီးမှ ...

"ဒီဒေး .. ငါ ဒီပုံစံနဲ့ မလိုက်ဘူးနော် .."

"မတတ်နိုင်ဘူးလေ ..၊ ငါ ကြိုပြောထားတာပဲ .. ဒါ နင်ရွေးချယ်တဲ့ လမ်း .."

"ဘာဖြစ်ဖြစ် နင် ငါ့ကို အရှက်မခွဲနဲ့ ..၊ နောက်နေ့မှ တစ်နေရာမှာ တွေ့ပြီး ငါ လက်ဆောင်ယူခဲ့မယ်၊ အိမ်ကိုပဲ ပြန်ပို့ .."

ကားကို ပါကင်ထဲက ပြန်ထွက်လိုက်ပြီးမှ ဒီဒေး က လှည့်ကြည့်သည်။

"နင့်ကို ရုပ်ရှင်ရုံထိ လိုက်ဖမ်းခေါ်နေတာ .. လက်ဆောင်မက်နေလို့လို့ ထင်လား .."

"မထင်ဘူးလေ ..၊ ဒါပေမယ့် နင် ငါ့ပုံစံကိုလည်း ကြည့်ပါဦး.."

ဒီဒေး က သေချာလှည့်ကြည့်ပြီး အတွင်းမီးကိုပါ ဖွင့်လိုက်သေးသည်။

လက်ရှည်လည်ဟိုက် အပျော့သားအနက်ရောင်လေးနှင့် ရင်ဘတ်မှာ အဝါရောင် စာတမ်းလေးတစ်တမ်း ခုံးခုံးလေး ပါ၏။

ဂျင်းဘောင်းဘီရှည်အနက်နှင့် ဆံပင်တွေ ဖားလျားချထားသည့် ကာလ မျက်နှာလေးက ဝင်းမွတ်နေ၏။

ပြီးတော့ မီးရောင်က ဖမ်းစားကာ မျက်တောင်ကော့တို့၏အရိပ်က မျက်ဝန်းလေးတွေပေါ်မှာ ဖြာဆင်းနေသေးသည်။

"လှတယ် .. အသေအလဲ ပြင်ထားကြတဲ့ ငါ့ပွဲထဲက မိန်းကလေးတွေတောင် နင့်လောက်လှမှာ မဟုတ်ဘူး .."

ကာလ မျက်နှာလေးမှာ စိတ်ဓာတ်ကျဆင်းမှုများနှင့် မဲ့မဲ့လေး ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မဖြစ်မနေ လိုက်ရမှာပဲဆိုတာသာ သိခဲ့ရင် ပြင်ဆင်ပြီးတော့ပဲ သွားလိုက်မိမှာပါ ..။

ခုတော့ ကိုယ် ကြိုးစားခဲ့တာတွေလည်း အလကား ..၊

မွေးနေ့ရှင်ကိုယ်တိုင် လာခေါ်ရတဲ့ သူငယ်ချင်းအဖြစ် ပါသွားရမယ့်ပုံစံကိုလည်း ပြန်တောင် ငုံ့မကြည့်ရဲပေ ..။

ဘာလုတာလဲ ..၊

ခွေးစုတ် .. ဝဲစား .. သက်သက် ငါ့ကို ပွဲထုတ်ပြီး ဖွဲ့ချင်တာ၊ မွေးနေ့ လူပုံအလယ်မှာ ဘောင်းဘီထဲ ပုရွက်ဆိတ် ဝင်ကိုက်ပါစေ..။

အားပါးတရ ကျိန်ပြီး မျက်စောင်းတစ်ချက် ပစ်ပစ်နှစ်နှစ် ထိုးမိသည်။

သူက ပြုံးလို့ ရယ်လို့ ဘာမှမသိ ..။





## အခန်း (၇)

"ဟော .. ဟိုမှာ သား ပြန်လာပြီ .."

ဂီတသံတွေ မြူးကြွနေသည့်ထဲကနေ အမျိုးသမီးတစ်ယောက်ထံမှ စကားသံတစ်ရပ် ထွင်းဖောက်ထွက်လာသည်။

ထိုနေရာမှာ ရပ်နေကြတာ .. အမျိုးသမီးကြီးနှစ်ယောက်ရယ်.. ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်ရယ် ..။

သုံးယောက်စလုံး လှမ်းကြည့်လာကြတာဖြစ်ကာ စားပွဲအသီးသီးမှ မျက်လုံးတွေ ကာလ နဲ့ ဒီဒေး ဆီကို ရောက်လာကြ၏။

ရှက်သည့်စိတ်နှင့် ကာလ ခြေလှမ်းတွေ မှားကုန်၏။

ဒီဒေး က လက်ကို လာကိုင်လိုက်တော့ မရှောင်မိသည့်အပြင် သူ့လက်ပေါ်က ထပ်ကိုင်လိုက်မိသေးသည်။

"မွေးနေ့ရှင်က ပျောက်သွားလိုက်တာ အထဲဝင်သွားတာ မပုတ်တဲ့ အပြင်ထွက်သွားတာကိုး .."



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်သည့် အမျိုးသမီးကြီးကပဲ ထပ်ပြောတာဖြစ်ကာ ကာလ ကို ခြေဆုံးခေါင်းဆုံး ကြည့်၏။

လူကြီးနှင့် အနီးကပ်ရှိနေသည့် အမျိုးသမီးကတော့ ပြုံးနေသည် သာရှိကာ ဘာမှမပြောပေ ..။

လူကြီးက ရှေ့ကို တိုးလျှောက်လာကာ ....

"သားက သူငယ်ချင်းကို သွားခေါ်တာလား .."

"ဟုတ်တယ် ဖေဖေ .. စောင့်နေတာ စိတ်မရှည်တာနဲ့ လိုက်ခေါ်ရတာ .."

"ကြည့်ပါဦးကွယ် .. သူ့ခများ အလုပ်လုပ်ရင်း ထလိုက်ရတာ ထင်တယ်၊ သားကတော့ လုပ်ပြီ .."

အမျိုးသမီးကြီးက ရွှန်းရွှန်းဝေအောင် ပြောရင်း လက်လှမ်းကြို ဆို၏။

ဒီဒေး က ကာလ လက်ကိုဆွဲ၍ တစ်ဖက်လှည့်ပို့လိုက်ကာ လူကြီး ဘေးမှာ ရပ်လိုက်ပြီး ...

"ဖေဖေ .. သူက ကျွန်တော့်ရဲ့ အထူးဧည့်သည်နော်၊ ကျွန်တော့် သူငယ်ချင်းတွေလာရင် ဟိုဘက်ဝိုင်းကို လွှတ်ပေး .."

"အေး .. အေး .. သား .. သွားလိုက်၊ သမီးကို ဧည့်ခံလိုက်ပါ"

ပြန်ထမလာနိုင်တဲ့အကြောင်း တစ်ခါတည်း ပြော၍ ကာလ လက်လေးကိုဆွဲပြီး ထိပ်ဆုံးဘေးအစွန်စားပွဲကို ခေါ်လာခဲ့သည်။

ပြုံးမဲ့မဲ့ကြီး ဖြစ်ကျန်ခဲ့သည့် အမျိုးသမီးကြီးထံ ကာလ သမင်လည်ပြန် အကြည့်ရောက်ခဲ့ရင်း ...

"ဒီဒေး .. နင် အဲဒီလောက်တောင် ရိုင်းတာ ငါ အံ့သြတယ်"

"ဒီမှာ ထိုင် ...၊ ဘာဖြစ်လို့လဲ .."

ခုံ သေချာ ပြန်ဆွဲပေးပြီး မျက်မှောင်ကုတ်နှင့် မေး၏။

ဒီဒေး ပုံစံကလည်း ထိုအမျိုးသမီးကြီးကို မြင်လိုက်တာနှင့် မှုန်





ကုပ်ကုပ် ဖြစ်သွားသဖြင့် ...

"အဲဒါ နင့်မိထွေး မဟုတ်ဘူးလား ..၊ ကိုယ့်ဘာသာ မလိုလားရင်သည်း ကွယ်ရာမှာ ထင်သလိုနေပေါ့၊ လူဘုံအလယ်မှာကျတော့ ကိုယ့်အဖေမျက်နှာက ရှိသေးတယ် .."

"ဘာတွေ လျှောက်ပြောနေတာလဲ..၊ အဲဒါ ငါနဲ့ ဘာမှမဆိုင်ဘူး"

"ဟင်!..."

"ဖေဖေ့ဘေးမှာ ရပ်နေတာက ငါ့မိထွေး .."

"ဟုတ်လား .."

ကာလ နောက်ကို ပြန်လှည့်ကြည့်နေမိသည်။

ဒီအချိန်မှာ မကျေနပ်ခဲ့တာတွေက မွှေမွှေပျောက်ပျောက် ရှိနေခဲ့သျှက် ..၊

ဒီဒေး နဲ့ သူမဟာ ငယ်ငယ်တည်းက ခင်တွယ်လာခဲ့ကြသည့် သူငယ်ချင်းတွေလို သံယောဇဉ်များနှင့်သာ ..။

"ဒါ .. ဒါဆို ဆွေမျိုးလည်း မဟုတ်ဘူးပေါ့ .."

"မဆိုင်ပါဘူး ဆိုနေမှ .."

ဒီဒေး က သူကိုယ်တိုင် စားစရာတွေ သွားယူပြီး ခေါက်တုံ့ခေါက်ပြန် သယ်သည်။

"တော်ပြီ .. ဘာလုပ်ဖို့လဲ .. ဒီလောက် အများကြီး .."

ကာလ စိတ်ဝင်စားနေတာက စားသောက်စရာကို မဟုတ်ပေ။ ဒီဒေး တို့ သားအဖနဲ့ ဒီအမျိုးသမီးတွေ ဘယ်လို ပတ်သက် ရှုပ်ထွေးနေကြသည်ဆိုတာ ..။

"ရော့ .. ပဲကြာဇံနဲ့ ကဏန်းပေါင်း အရင်စား .."

ပန်းကန် ရှေ့တိုးပေးကာ ကဏန်းပေါင်းကျတော့ သူကိုယ်တိုင်တုနဲ့ သေချာရွေးထည့်ပေးရင်း ...

"လက်မတွေချည်း ပေါင်းထားတာပဲ၊ ဒါပေမယ့် ငါ [illegible]းတုန်းက

www.burmeseclassic.com



ရင်အုံက အခွံမာတွေ ဝါးမိထားလို့ ..''

''ဒီဒေး .. နင့်အဖေက ဟိုလေ ..''

''ဘာလဲ ..၊ ဘာတွေ သိချင်နေတာလဲ မေးစမ်းပါ ..''

''ဟိုလေ .. နှစ်ယောက်စလုံးနဲ့တော့ မဟုတ်ဘူးမို့လား ..''

ဒီဒေး က တူကိုင်ထားရင်း ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။ ကာလ ကိုယ်လေး မသိမသာ မတ်သွားကာ ...

''ငါက အထင်မြင်သေးလို့ မေးတာ မဟုတ်ပါဘူး .. ငါ့အဖေနဲ့ နင့်အဖေက အဖြစ်ချင်း နည်းနည်းတော့ ဆင်တယ်လေ၊ ဒါပေမယ့် နင့်အဖေက နင့်အမေနဲ့ ကွာရှင်းပြီးမှ ယူခဲ့တာ၊ ငါ့အဖေက ..''

''အခု ဘာတွေ ဖြစ်နေလို့လဲ ..''

ကာလ မျက်နှာမကောင်းဘဲ အသံတိတ်နေသဖြင့် သူ့အတွက် ယူထားသည့် ဂျူးစ်ကို သောက်လိုက်ရင်း ...

''စမော ဆွဲနေလို့လား ..''

သူက ဒိုင်းခနဲ မေးချလိုက်ပေမယ့် ကာလ မျက်နှာလေး ပိုင့်သွား၏။ ပြီးတော့ ရှက်ခြင်းအပြင် နာကျင်တာက ပိုမိုနေကာ ...

''ငါ မမေးတော့ဘူး ..၊ ငါ့ကို ပြန်မမေးနဲ့ ..''

''ဆောရီးပါဟာ .. ငါ့စကားလုံး ရင့်သွားတယ် ထင်တယ်၊ ငါတို့ ယောကျ်ားချင်းကတော့ ဒါတွေက အဆန်းမှ မဟုတ်တော့တာ၊ နင့် အနေနဲ့ ထည့်တွေးဖို့ မေ့သွားတာ ဆောရီး ..''

သူက အထပ်ထပ် တောင်းပန်၍ ...,

''ဖေဖေနဲ့ အနီးဆုံးရပ်နေတဲ့ မိန်းမက ဒေါ်လွင်လွင် .. ငါ့မိထွေး..၊ နင်မေးတဲ့ မိန်းမကြီးက သူ့အစ်မအရင်း ဒေါ်ဇင်မာလွင် .. နေရာတကာ ပါတယ်၊ ပါသင့်မှန်း မပါသင့်မှန်း မသိအောင် သိက္ခာမဲ့တယ်၊ တချို့ ဆိုရင် သူ့ကိုပဲ ဖေဖေ့မိန်းမလို့ ထင်သွားကြတာ၊ နင့်ကို ငါ ပြောသားပဲ၊ ဖေဖေက နူတံကြမ်းလျှာကြမ်းတဲ့ မိန်းမမျိုးကို စိတ်ပျက်ပြီး နောက်ထပ်





ရှာလိုက်တာ .. အရုပ်နဲ့တူတဲ့ မိန်းမကို ရသွားတယ်လို့ ..''

ပြောပြီး နှုတ်ခမ်းကို ပုံဆိုးအောင် မဲ့ပစ်၏။

''အခု ငါ့အဖေ လည်နင်နေတာ အဲဒီမိန်းမနှစ်ယောက်ကြောင့်ပဲ၊ တကယ့်မိန်းမက အေးစက်စက် ခပ်နုံနုံ၊ အတူပါလာတဲ့ မရီးကျတော့ ညီမကို ကွန်ထရိုးလုပ်ရင်း အားမရနိုင်ဘဲ သူကိုယ်တိုင် သရုပ်ဆောင်နေ တာလေ ..၊ ဟွန့် .. ရှုံ့ဖို့ ကောင်းတယ် ..''

ဒါကြောင့် ဒီဒေး က ပေါ်တင် တိုက်ခိုက်နေတာပေါ့။ နောက်ထပ် လှမ်းကြည့်ဖြစ်ကာ ကာလ စိတ်ပျက်သွားမိ၏။

ဒီဒေး နဲ့ နှစ်နှစ်ကြာအောင် သူငယ်ချင်းဖြစ်နေခဲ့သော်လည်း သူ့ မိသားစုတွေကိုတော့ သားချစ် ရော ကာလ တို့ပါ မသိခဲ့ကြပေ ..။

မွေးနေ့လုပ်တိုင်း ဖိတ်ပေမယ့် ခုလို ခြံကျယ်ကြီးထဲမှာ တခမ်း တနားမဟုတ်ဘဲ စားသောက်ဆိုင် တစ်ခုခုမှာသာ ဖြစ်သည်။

ထိုစဉ်က ဒီဒေး ကိုယ်တိုင် ပြောတာ ..၊ သူ့ရဲ့မိသားစုက မြန်မာ ပြည်မှာ မဟုတ် ..။

''မွေးနေ့ရောက်တိုင်း ဖေဖေလည်း ပြန်မလာဖြစ်တာ များတယ်၊ လူမစုံတော့ အိမ်မှာ မလုပ်ဖြစ်တော့ဘူးလေ၊ မွေးနေ့အတွက် လက် ဆောင်ရော .. ကြိုက်တဲ့နေရာမှာ လုပ်ဖို့အတွက်ရော ဖေဖေက ဟိုကနေ အားလုံး စီစဉ်ပေးပါတယ်'' တဲ့ ..။

စားပွဲတွေ အများကြီး ခင်းထားသလောက် လူတွေပြည့်နေတာ ကို ကြည့်ကာ ကာလ ဒီဒေး ရဲ့အဆင့်အတန်းကိုပါ နားလည်သွား သည်။

သူ့အဖေ ဦးအောင်ချိန် ဆိုသည့် လူကြီးကလည်း ဒီဒေး လိုပဲ အရုပ်အမောင်းကောင်းကောင်းနှင့် တည်တံ့သောမျက်နှာက လေးစား ချင်ဖွယ် ဖြစ်သည်။

ဖေဖေကျတော့ ဒီအသက်အရွယ်အထိ နုပျိုချောမွေ့နေသဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အရမ်းချောတာပဲဆိုပြီး ပီတိဖြစ်ချိန်တောင် မရလိုက်ပါ ..။

မေမေ ပြောခဲ့သလိုပဲ မေမေ့အပြစ်တွေကို ရိုးမယ်ဖွဲ့ကာ အပြစ်ရှာ အသစ်ရှာခဲ့သည့်မှတ်တမ်းနှင့် မိသားစုကို မညှာ ရက်စက်ခဲ့သည်။

"ကာလ .."

"ဟင်!..."

"ဘာဖြစ်သွားတာလဲ ..၊ ဆောရီးပါဆိုတာ မကျေနပ်ဘူးလား.."

"မဟုတ်ပါဘူး ..၊ ငါ့အကြောင်းနဲ့ ငါပါ"

"နင့်အဖေက အခု အိမ်မှာ မနေတော့ဘူးလား .."

"နေတယ် .."

"ဒါဆိုရင် မိသားစုသံယောဇဉ် သူ့မှာ ရှိသေးတာပဲ၊ ဟိုအရင်က လည်း ငါ ပြောဖူးပါတယ်၊ အဲဒီလို အော်ကြီးဟစ်ကျယ် ပြဿနာရှာ တတ်တဲ့ မိန်းမတွေကို ယောက်ျားတွေ မကြိုက်ဘူးဆိုတာ .."

"မကြိုက်ရင် လွှင့်ပစ်လိုက်ရအောင် .. ဇနီးမယားဆိုတာ မုန့် တစ်ခုမှ မဟုတ်တာ၊ ပြီးတော့ သားသမီးမျက်နှာဆိုတာရော .. ဒါတွေ မရှိတော့ဘူးလား .."

"ကဲ စားပါဦး ကာလ ရာ ..၊ ငါ နင့်ကို စိတ်ညစ်အောင် နင် မကြိုက်တာ ဘာမှမပြောဘဲ နေတာနော်၊ ငါ့မွေးနေ့အတွက် နင် ပြုံးပြုံး ရယ်ရယ်လေးတော့ နေပေး .."

ဟုတ်သားပဲလို့ တွေးမိပြီးမှ သတိရမိပြန်သည်။ ကိုယ်က လာချင်လို့ လာခဲ့တာမှ မဟုတ်လား ..၊ သူပဲ အတင်းဆွဲခေါ်လာခဲ့တာ ..။

"အံမာ .. ငါတို့ကတော့ တစ်ယောက်စောင့် တစ်ယောက်စောင့်နဲ့ လူစုလူဝေးလုပ်ပြီး လာကြရတယ်၊ သူက တစ်ယောက်တည်းတို့ သီးသန့် ချေ့ခံနေတာ ကြည့်စမ်း .."

"မရဘူး .. မရဘူး .. စားပွဲသုံးလုံးလောက် ဆက်ခိုင်းလိုက် ငါတို့လည်း ဝိုင်းမှာပဲ .."





"အဲဒါမျိုး နှိပ်စက်ရတာ ပိုတောင် အရသာရှိသေးတယ် .."

လူစုလူဝေးကြီးနဲ့ တကယ်ကို ချီတက်လာကြတာ ဖြစ်သည်။ ကာလ ရုတ်တရက် ထပေးရမလို နေရာရွှေ့ရမလို ဖြစ်သွားကာ ဒီဒေး က ကျွတ်ခနဲ မဲ့သွားပြီး ခေါင်းသပ်၏။

ပြီးတော့ နေရာမှ ထရပ်လိုက်ကာ အားလုံး၏ရှေ့ကနေ ကာဆီး ရပ်လိုက်ပြီး ...

"မွေးနေ့လက်ဆောင်တွေလည်း ပြန်ယူသွားလို့ ရတယ်၊ မနက် ဖြန်လည်း ထပ်ပြီး ပြုစုဦးမယ် .. နော် ..၊ ဟိုဘက်မှာ သွားထိုင်ပြီး အေးဆေး အားပေး ..၊ ကျေးဇူးတင်တယ် .."

"အံမာ .. ကြည့်စမ်း .."

"အေးလေ .. ဒီကောင် ကြည့် ..၊ ရှေ့ကနေ ကာထားလိုက်တာ ငါတို့က နှိပ်စက်ချေးတိုးနေတာ ကျနေတာပဲ .."

"လာပါကွာ ..၊ မွေးနေ့လက်ဆောင် မပေးရဘူးဆိုတော့လည်း တန်ပါတယ် .."

"အံမာ .. ဟိုမှာ ပေးခဲ့ပြီးပါရော .."

တစ်ယောက်တစ်ခွန်း မကျေမနပ်ဆိုနေကြပေမယ့် ကာလ ကိုပဲ ဝိုင်းကြည့်နေကြကာ မျက်နှာတွေကလည်း စပ်ဖြဲဖြဲတွေနဲ့ပါ ..။

ဟိုဘက်မှာ စားပွဲနှစ်ဝိုင်းဆက်ပေးထားတာတောင်မှ ဒီဘက်ကိုပဲ လှမ်းအော်နေကြကာ ...

"ဘာလဲ .. မွေးနေ့မှာ တစ်ခါတည်း စေ့စပ်ပွဲ လုပ်မှာလား .."

"ဒါဆိုရင်တော့ ဒီလောက်နဲ့ မရဘူး ဒီဒေး ..၊ ဟုတ်သလား ဟုတ်ဘူးလား မြန်မြန် ဖြေ .."

ဒီဒေး က ရယ်နေရင်း နှာခေါင်း မသိမသာ တွန့်၏။ ပြီးတော့ ကာလ ရှေ့မှာ ပြန်ထိုင်ကာ ...

"စားလေ .."



www.burmeseclassic.com

www.burmeseclassic.com



"စားပြီးပြီ ..၊ မျိုလို့လည်း မကျတော့ဘူး၊ နင် အဲဒီလို ပွဲထကျ အောင် တမင် လုပ်ထားတာမို့လား .."

"မဟုတ်ပါဘူး .."

ကာလ က မျက်မှောင်ကုတ်ပြီး စိုက်ကြည့်နေသဖြင့် စားပွဲပေါ်မှာ တံတောင်နှစ်ဖက်စလုံး တင်လိုက်ပြီး သူ့မျက်နှာရှေ့ တိုးလာကာ —

"ဒီမှာ ကာလ .. ဒီဒေး က သူ တန်ဖိုးထားတဲ့အရာတစ်ခုကို သူများ ဂရုစိုက်မိလာတာတောင် ကြိုက်တတ်တာ မဟုတ်ဘူး၊ အချစ်ပဲ ဖြစ်ဖြစ် .. စစ်ပွဲဖြစ်ဖြစ် သူများအကူအညီမပါဘဲ နိုင်အောင် တိုက်ပြီး အပိုင်သိမ်းမှာ .. အပြောမဟုတ်ဘူး .."

ပြောပြီး ကာလ ရဲ့မျက်နှာလေးကို စိုက်ကြည့်သည်။

"ငါ့ဆုံးဖြတ်ချက် .. ငါ့အမိန့်နဲ့ ငါပဲ ခေါင်းဆောင် .."

"ကြံတိုင်းအောင်နေတုန်းတော့ ပြောနိုင်ကြတာပဲ .."

"မကြံပါဘူး ..၊ ကြံစည်တယ်ဆိုတာ စိတ်ကူးတွေနဲ့ သက်ဆိုင်တယ်၊ ငါက လက်တွေ့ လုပ်ပြမှာ .. လျှို့ဝှက်နေမှာ မဟုတ်ဘူး အားလုံးရှေ့မှာပဲ ကြိုးစားပြမယ် ကြည့် .."

"ဘာကိုလဲ .."

"နင့်ကို ပိုင်ဆိုင်နိုင်ဖို့ .."

ကာလ ကလည်း သူ့ကို ပြန်စိုက်ကြည့်သည်။

"နင့်မျက်လုံးထဲမှာ သားချစ် တစ်ယောက်လုံး ပျောက်နေသလား ဒီဒေး .."

"သားချစ် ပျောက်ပျောက်မပျောက်ပျောက် အဲ့ဒါ နင့်ကို ရယူဖို့ ကိစ္စနဲ့ မဆိုင်ပါဘူး .."

"ဘာလို့ မဆိုင်ရမှာလဲ .."

ကာလ က နည်းနည်းပဲ စားရသေးသည့် ကြာဇံပွဲကို ဘေးကို အသာလေး တွန်းပြီး လက်ကွေးတင်၍ ...





"နင်နဲ့ငါတို့ ဆုံခဲ့ကြတာ နှစ်နှစ်တည်းရယ် ..၊ သားချစ် နဲ့ ငါက သိငယ်တည်းက ခြံချင်းကပ်လျက်၊ တစ်ကျောင်းတည်း .. တစ်ခန်းတည်း အတူတူနေခဲ့ကြတာ၊ ဒီနေ့ထိလည်း အတူတူပဲ .."

ဒီဒေး က သူမ ပြောသမျှကို ပြီးအောင် ပြော .. ဆိုသည့် မျက်လုံး အစုံနဲ့ ကြည့်နေ၏။

ပြောလို့ ပါးစပ်ပိတ်လိုက်တာနှင့် ဘယ်လိုစကားတွေ ထွက်လာတော့မည်ဆိုတာ ကာလ သိတော့ သိနေသလိုပါ ..။

ဒါပေမယ့် သူ့ကို သူမ ဘယ်တော့မှ စိတ်ကူးမှာ မဟုတ် ..။

"ငါတို့ ဒီနေ့ထိ ရိုးသားကြပေမယ့် သူချစ်နေတာကို ဖွင့်ပြောပြီး ပြီ .."

"ဟွန့် .."

"ဒီနေ့ထိ ငါ အဖြေမပေးသေးပေမယ့် သူ့ကို ငါ့ဘဝရဲ့ လက်တွဲဖော်အဖြစ် စဉ်းစားထားပြီးသား .."

"ဒါပဲလား .."

"ဟုတ်တယ် ..၊ ခု ပြောချင်တာကတော့ ဒါပဲ၊ နင့်ရဲ့ အရည်အချင်းကောင်းတွေကို မလိုအပ်ဘဲ ထုတ်သုံးနေမိမှာစိုးလို့ သတိပေးတာ၊ သားချစ် က သူချစ်ကိုယ်ချစ် မိဘချစ် ဖြစ်လာမယ့်လူ .."

"အခု ဖြစ်မလာသေးဘူးမို့လား .."

"ဖြစ်လာမှာပဲ ဒီဒေး ..၊ သူနဲ့ ငါတို့က အိမ်နီးချင်း အကြောင်းသိ ဇာတ်သိတွေ .."

"အနီတိက အကြောင်းမသိ ဇာတ်မသိရင် မပေးစားဘူးတဲ့လား"

ကပ်သီးကပ်သပ် ကောက်မေးလိုက်တော့ ကာလ မျက်ခုံးတန်းလေးတွေ တွန့်သွားသည်။ ဒီဒေး က ပြုံးနေကာ ...

"ရှာနားက မြက် ရှာနွား မစားဘူး ဆိုတဲ့စကား ရှိသေးတယ်"

ကာလ မျက်နှာလေး အနီရောင်သမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သားချစ် နဲ့ မသက်ဆိုင်သော မိမိဘာသာ အားနာစိတ်က ရ
ပုတ်နှိုးလိုက်သလို ဖြစ်သွားခဲ့၏။

ပြီးတော့ ဒေါ်နီနီခင့် မျက်နှာကို မြင်ယောင်ကာ စိတ်ကူး ဖြစ်
တဲ့အတိုင်း ပြောချလိုက်မိတာ မှားပြီမှန်း နားလည်လိုက်သည်။

ဒီဒေး က ကပ်သီးကပ်သပ် ကုတ်ဖွဲ့ အနိုင်ယူပြောတတ်တာ သိ
မယ့် ကိုယ့်ဘာသာ သိနေသည့်အဖြစ်တွေကြောင့် ရှက်မိ၏။

အကယ်၍များ ဒီစကားတွေ ပြန့်ကားသွားလို့ ဒေါ်နီနီခင် ကြ
သွားခဲ့ရင် ကျေနပ်ပါ့မလား ..။

"နဖူးစာရွာလည် ဆိုတာကလည်း ရွာလည်တာကို ပြောတာ
ရွာထဲကပဲလို့ ပြောတာ မဟုတ်ဘူး ..၊ နင် ငါ့ကို သဘောမကျ
မှန်းစရာတွေ ပြောပါ၊ ငါကလွဲရင် ဘယ်ကောင်ဖြစ်ဖြစ် ကောက်ယူ
ဆိုတဲ့ မှန်းတီးမှုတွေ ထားရင်လည်း ရတယ် .."

သူက ကာလ မျက်နှာလေး လွှဲထားတာကို ဘေးတိုက်ထ
ကြည့်နေလျက် ...

"ဒါပေမယ့် နင့်လိုပဲ ငါ ကြိုပြောထားမယ်၊ နင် ဘယ်ကိုမှ ထ
ပေါက်ရှာလို့ မရသေးခင် ဘယ်ကောင့်လက်ထဲမှ မပါနိုင်ဘဲ ငါ့ရင်
ထဲကို နင့်ကိုယ်တိုင် ကြည်ဖြူ ကျေနပ်စွာ ဝင်လာရမယ် .."

ကာလ ဖျတ်ခနဲ လှည့်ကြည့်တော့ သူက စိုက်ကြည့်နေရင်း
ပြ၏။

"ဘာပြုံးတာလဲ ..၊ နင် အဲဒီလို အနိုင်ယူချင်တာတွေ ပြော
ငါ့ကို မရမက ခေါ်တာမို့လား .."

"နင်ပဲ စပြောတာလေ .."

သူကပဲ အပြစ်မဲ့သူလေးလိုလို ..။

"ဟိုကောင်တွေ သူတို့ဘာသာ ထင်ရာမြင်ရာတွေ ပြောကြ
ငါ့ပယောဂ လုံးဝ မပါဘူး၊ အဲဒါနဲ့ပတ်သက်ပြီး သားချစ် နဲ့အကြော





တွေ နင်ပဲ စပြောတာ မဟုတ်ဘူးလား .."

"သားရေ.. သူငယ်ချင်းနဲ့ စကားပြောတာ ခဏလေးနားပြီး ဟိုမှာ
မင်း အန်တီတွေ လာကြတာ ခဏဖြစ်ဖြစ် နှုတ်ဆက်လိုက်ပါဦး .."

ဦးအောင်မျိုး ကိုယ်တိုင် ရောက်လာသဖြင့် သူတို့ စကားပြတ်
သွားပြီး မော့ကြည့်လိုက်မိကြ၏။

ဦးအောင်မျိုး နှင့် ဒေါ်လွင်လွင် က အတူတွဲလျက် ရောက်လာ
တာဖြစ်ကာ ...

"သမီးလေး .. ဒီမှာ စားစရာတွေ ဘာမှလည်း မစားရသေးပါ
လား၊ သမီးသူငယ်ချင်းကို မုန့်စားရင်း စောင့်နော် .. ခဏလေးပဲ .."

ဒေါ်လွင်လွင် က နူးညံ့သည့်အပြုံးလေးနှင့် ကာလ ပခုံးလေးပေါ်
ဖွဖွလေး လက်တင်ပြီး ပြော၏။

"ခဏလေးနော် သမီး ..၊ သားနဲ့ မြန်မာပြည်မှာ အလုပ် အတူ
လုပ်ကြမယ့် မိတ်ဆွေတွေမို့ပါ၊ အန်ကယ်လ်က ဒီတစ်ပတ်ပဲ နေမှာ
လေ၊ ငါးလပိုင်း မဆန်းခင် မြန်မာ .."

"ဟုတ်ကဲ့ အန်ကယ်လ် .. သမီး က ကိစ္စမရှိပါဘူး၊ ဟဲ့.. လိုက်
သွားလေ .."

လူကြီးတွေ ဒီလောက်ပြောနေတာကို ဖိုင်ရာမထသဖြင့် ကာလ
မျက်နှာပူလာသည်။ သူက ထုတ်ကိုင်ပြီးသည့်မီးခြစ်နဲ့ စီးကရက်ကို
စားပွဲပေါ်မှာ ချထားလိုက်ပြီး ထရပ်ကာ ...

"ငါ ပြန်လာမှာ ခဏစောင့် .."

လို့ ထပ်ပြောပြီးမှ ထွက်သွားသည်။ ဒါတောင် ဒေါ်လွင်လွင်
မျက်နှာကို မကြည်ကြည့်နှင့် ငဲ့ကြည့်သွားသေးသည်။

"သမီးက ဆောင်းကာလ ဆိုတာလား .."

"ရှင်၊..."

ဦးအောင်မျိုး က မေးလိုက်တာမို့ ကာလ ထိတ်ခနဲ ဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



နေကာမှ ထရပ်လိုက်မိသည်။

"နေပါ သမီးရဲ့ .. ထိုင်နေပါ၊ သားက မိန်းကလေးသူငယ်ချင်း သိပ်မရှိဘူး၊ ရှိတာတွေလည်း သူ့ကျောင်းလေးတွေလောက် အရေးတယူ သိပ်မရှိတတ်ဘူးလေ၊ သမီးကိုတော့ သူ ဂရုစိုက်တယ်၊ အန်ကယ်လ်က သမီးနာမည်ကို ရင်းနှီးနေတာ ကြာပြီ .."

"ဟို .. ကာလ တို့က ကိုးတန်း ဆယ်တန်းတုန်းက အတူတူ တက်ဖူးကြတာပါ .."

"ဟုတ်တယ် .. အဲဒီလောက်တည်းက အန်ကယ်လ် ကြားဖူးနေတာ.. ထိုင် သမီး ထိုင်..၊ စားစရာရှိတာ စား၊ အန်ကယ်လ်တို့ သားအဖ က ပွင့်လင်းတယ်၊ ဘာမှ ရှိန်မနေနဲ့ .. လွတ်လွတ်လပ်လပ် နေနော်.."

"သမီး .."

ဒေါ်လွင်လွင် ကလည်း ကာလံ မျက်နှာလေးရှေ့ထိ လက်ထောက် ရပ်လိုက်ကာ ...

"အန်တီ့ကို တစ်မျိုး မထင်နဲ့နော် ..၊ အန်တီက မဖော်ရွေတာ မဟုတ်ဘူး၊ သားက နေရာတကာ ဝင်ပြောရင် သိပ်မကြိုက်လို့ပါ .."

"ရပါတယ် အန်တီရယ် .. ဒီဒေး ကလည်း နာမည်တွေ ပြောပြပြီး ခုနကပဲ မိတ်ဆက်ပေးပါတယ်၊ ဟို အန်တီ့ကိုရော ကာလ သိပါ တယ်"

ပြောနေရင်း ဒေါ်ခင်မာလွင် ရှိရာကို လှမ်းကြည့်ပြလိုက်ရာ ကာလ မြင်ကွင်းထဲမှာ မထင်မှတ်သော မျက်နှာတစ်ခုက လျှပ်စီးလက် သလို ထင်းခနဲ ဝင်လာ၏။

ဒေါ်မြင့်မိုရ်ဦး ..၊

ဆံပင် နားရွက်ကုပ်ပုံစံ တိုနံ့နံ့ .. နုတ်ခမ်းနီ ပန်းရင့်ရောင်နှင့် ဝတ်ထားတာကလည်း ပန်းရောင် ..၊ ခေါင်းမှာရော လည်ပင်းမှာပါ ပြိုးပြိုးပြက်ပြက် လက်နေတာတွေက ဘာတွေမှန်း မသိ ..။





ကိုယ်နဲ့အလှမ်းကွာနေသဖြင့် သိပ်တော့ ကြည့်လို့မရဘဲ ဦးအောင် ချိန် တို့ ထွက်သွားမှ သေချာပြန်ကြည့်တော့ စုဝေးနေသည့် လူစုက ကွဲသွားပြီဖြစ်သည်။

ပြီးတော့ ဒီဒေး ပြန်ရောက်လာကာ ...

"နင် မစားတော့ဘူးမို့လား .. ပြန်မယ်လေ ..၊ အန်တီ့အတွက် ငါ မုန့်တွေ ထည့်မိုင်းထားတယ်၊ လာပို့တာနဲ့ သွားမယ် .."

"ဒီဒေး .."

"ဟင် .."

"ဒေါ်မြင့်မိုရ်ဦး နဲ့ နင်က ဘာလဲ .."

"မေးပုံကြီးက မတည့်ရာမတည့်ကြောင်းပါလား ..၊ ဘာထင်လို့ မေးတာလဲ .."

"ငါ သိချင်လို့ပါ ..၊ ပြီးတော့ ဒီလောက် တိုက်ဆိုင်နေတာကို အံ့သြလို့ .."

ဒီဒေး က ဖြေမည်ပြင်ပြီးမှ ဟိုဘက်က သူငယ်ချင်းတွေ လှမ်း နောက်နေကြသဖြင့် ခဏ စကားသွားပြောသေးသည်။

ပြီးမှ ပြန်လာကာ စီးကရက် မီးညှိရင်း ထိုင်လိုက်၍ ...

"ဘာတိုက်ဆိုင်တာလဲ ..၊ နင့်မျက်နှာပေါ်က ရာသီဥတုက သူနဲ့ ရှော့ခ်ရှိပုံပဲ ..၊ ခုန နင် ပြောနေတဲ့ နင့်အဖေကိစ္စနဲ့ ပတ်သက်နေ သလား .."

ဒီလောက်ထိ တန်းခနဲ မေးလာလိမ့်မယ် မထင်သဖြင့် ဘာမှ မဟုတ်သလို ခေါင်းခါလိုက်ဖို့ စိတ်ကူးကို မေ့သွား၏။ သူ့ကို တအံ့ တသြ ကြည့်မိကာ ဘာမှလည်း မပြောနိုင် ..။

ဒီဒေး က သူမ ဖြေလာမှာကို စိုက်ကြည့် စောင့်ဆိုင်းနေသည်မို့ ကာလ မျက်နှာလေးကို ကြည့်ပြီး သူ့ဘာသာ နားလည်သွားသည့်ပုံ နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ ..၊ မဖြေချင် မဖြေနဲ့ ရတယ် ..၊ သူက ငါနဲ့ အလုပ်အတူလုပ်ဖို့ရှိတဲ့ ဂရုစ်တစ်ခုတည်းကပဲ ဖမြေ မိတ်ဆက်ပေးထားတာ၊ သူတို့အားလုံးနဲ့ သိပ်တော့ မရင်းနှီးသေးပါဘူး၊ အလုပ်ကိစ္စ ပြောဆိုဖြစ်တဲ့ ခဏတစ်ဖြုတ်ပဲ .."

"နင်က ကိုယ်ပိုင်လုပ်ငန်း လုပ်မလို့လား .."

"ငါက မလုပ်ချင်ဘူး .. အထူးသဖြင့် တစ်ယောက်တစ်မျိုး လက်ညှိုးထိုးလို့ရတဲ့ အဲဒီကုမ္ပဏီကိစ္စတွေ.. ရှယ်ယာလုပ်ငန်းတွေကို ဝါသနာမပါဘူး .."

"ဒါပေမယ့် အခု လုပ်မှာပဲမို့လား .."

"လုပ်မလို့ စိတ်ကူးနေတာ ..၊ ငါ့ရဲ့ အဓိကအကျဆုံး ဆန္ဒကို အရင်ခွဲခြားမယ်၊ ဝါသနာရော .. စိတ်ထုတ်မှုရော ဘာမှမလုပ်ချင်တဲ့ စီးပွားရေးမျိုးကိုတော့ ဘယ်တော့မှ မလုပ်ဘူး .."

"ဒါကျတော့ တွေဝေသွားပြီလား .."

လှောင်ပြုံးယဲ့ယဲ့နှင့် ကာလ မေးလိုက်တော့ ဒီဒေး က မျက်လွှာပင့်ကြည့်သည်။

ပြီးတော့ စီးကရက်မီးခိုးဖြူဖြူတွေကို နှုတ်ခမ်းဖွင့်ရုံလေး မှုတ်ထုတ်နေကာ ...

"လမ်းမသိဘဲ လျှောက်လာတဲ့ လူတစ်ယောက်က လမ်းခွဲကို ရောက်ရင် ခြေစုံရပ်ပြီး ဘယ်ညာ မကြည့်တော့ဘူးလား ..၊ နှစ်ခုထဲက တစ်ခုကိုမှ မသိဘဲ ရွေးချယ်ရမယ်ဆိုရင် မစဉ်းစားဘဲ ရွေးလိုက်မှာလား .. ပြောပါဦး .."

ကာလ က မဲ့ပြုံးလေးနှင့် မျက်နှာလွှဲလိုက်၏။

သူ့ရဲ့ အဓိကဆန္ဒ ဆိုတာ ဝါသနာပါနေတဲ့ တခြားစီးပွားရေးလား .. ဒါမှမဟုတ် ကိုယ်နဲ့ သက်ဆိုင်နေသလား သိချင်ပေမယ့် မမေးတော့ဘဲ နေလိုက်၏။





သို့သော် ...

"ဘာဖြစ်လို့ တွေဝေနေတာလဲလို့ မမေးတော့ဘူးလား .."

သူ့မေးခွန်းကြောင့် ဒိတ်ခနဲ ရင်တုန်သွားသည်။

ထိုစဉ် မုန့်ဘူးတွေ အထပ်လိုက်ကြီး ထည့်ထားသည့် အိတ်နှစ်နှင့် ကောင်လေးတစ်ယောက် ရောက်လာကာ ...

"အစ်ကိုလေး .. ဒါ ကားပေါ် သွားတင်ထားရမှာလား .."

"အေး . ရော့ .. သော့ယူသွား .."

သူ ကားသော့ လှမ်းယူပေးလိုက်တာနှင့် ကာလ နေရာမှ ထရပ်လိုက်ကာ ...

"ပြန်မယ် .."

သူ မျက်နှာပျက်သွားပေမယ့် ခေါင်းညိတ်လိုက်ကာ ...

"သွားမယ်လေ .."

နှစ်ယောက် အတူလျှောက်ထွက်လာကြသည်နှင့် ...

"ဒီဒေး .. ပြီးရင်တော့ ငါတို့အလှည့်မို့လား .."

"ခွဲခြားလိုက်တာလည်း ပေါ်တင်ပဲနော် ..၊ အကောင်းစား သူငယ်ချင်းပဲ .. ဘတ်စ်ဖရန့်ဒ် .."

ဟိုဘက်ကနေ တစ်ယောက်တစ်မျိုး လှမ်းအော်နေကြသေးသည်။

ညီခံပွဲကို ဖြတ်မလျှောက်ဘဲ ဘေးအစပ်ကနေ ပတ်ထွက်လာခဲ့တာမို့ ...တွေ သွားထားသည့် ကောင်လေးက ပြေးလိုက်လာပြီး ကားသော့ ...ပေးသွား၏။

ဒီဒေး က ကားတံခါးဖွင့်ပေးပေမယ့် တံခါးရှေ့မှာ ကိုယ်တစ်ခြမ်း ...ဆင်းရပ်လိုက်တော့ ကာလ ဒီတိုင်းပဲ ရပ်နေရကာ နှစ်ယောက် မျက် ...ချင်းဆိုင်မိပြန်၏။

ဒီနေရာမှာ သိပ်မလင်းပေမယ့် မီးရောင်တော့ ရှိနေသဖြင့် တစ် ...ယောက်မျက်နှာကို တစ်ယောက်က မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မွေးနေ့ပွဲကို လာအားပေးတဲ့အတွက် ကျေးဇူးပဲ .."

"သက်သက်လာစားပေးလို့ ငေါ့တာလား ..၊ မပူနဲ့ .. မနက်ဖြန် လက်ဆောင်ပေးမယ် .."

"ဘာလက်ဆောင်လဲ .."

"ငါတတ်နိုင်တဲ့ ဈေးသက်သက်သာသာ ပစ္စည်းတစ်ခုခုပေါ့ .."

"မလိုချင်ဘူး .."

နှစ်ယောက် မျက်လုံးချင်း ဆုံသွားကြ၏။

"မွေးနေ့လက်ဆောင်အဖြစ် ငါ့ကို အရင်လို ပြန်ခေါ်ပေးပါလား"

"နင်ကရော အရင်လိုပဲ သူငယ်ချင်းလို ပြန်နေမှာလား .."

"နင် မေးတာကို 'အင်း' လို့ ငါ အခု ဖြေလိုက်ရင် ရမလား .."

ကာလ ဘာမှ ပြန်မပြောတတ် ..။

"ချစ်ပါတယ်လို့ ရည်းစားစကား ပြောထားတာကို ပြန်ရုတ်သိမ်းလို့ ရသလား ကာလ ..၊ ငါ ချစ်နေမှန်း သိနေတဲ့ နင့်ခေါင်းထဲမှာ အဲဒါကို ဖျောက်ပစ်လိုက်နိုင်လို့လား .."

"ဖျောက်နိုင်တယ် ..၊ နင်သာ ငါ့ကို သူငယ်ချင်းလိုပဲ .."

"သဘာဝမကျတာတွေ မပြောစမ်းပါနဲ့ ..၊ ငါ့ကို အဲဒီလို လက်တစ်လုံးခြား ကတိပေးရင် ငါ သိပ်မုန်းတာ၊ သူများကိုလည်း အဲဒီလို မလုပ်ဘူး၊ ငါ နင့်ကို ချစ်တယ်၊ နေ့ရှိသမျှ ကြာလာလေလေ ပိုချစ်လေပဲ .. အဲဒါ ဘယ်လိုမှ မပြောင်းလဲနိုင်ဘူး .."

"ဒါဆို ပြီးပြီလေ ..၊ ငါက ဆောရီးလို့ ပြောပြီးသား .."

"ကာလ .."

"နင် .."

ကာလ အထဲဝင်မလို့ ပြင်လိုက်တာနှင့် သူက ကိုယ်နဲ့ ပိတ်ကွယ်ထားလိုက်ကာ ...

"ငါ တစ်ခု ကတိပေးနိုင်တယ် ..၊ နင့်ကို မရိုးမသားစကားမျိုး





ပြောမိရင်တောင် ရည်းစားစကားတွေ ထပ်မပြောဘူး .."

"သားချစ် ရဲ့အမြင်မှာ ငါ့ကို တစ်မျိုးတစ်မည်ထင်ပြီး အထင်သေးစေတဲ့ အပြုအမူတွေပါ ရှောင်မှ ဖြစ်မယ်၊ ဥပမာ သူ့ကိုမြင်ရင် မတည့်တာတွေ ပြောပြီး ရန်ရှာတာမျိုး .."

"ငါက အဲဒီလို လုပ်နေတယ် ထင်လို့လား .."

"ငါ မြင်နေတာပဲ ဒီဒေး ရယ် .. ဟိုတစ်ခါကတောင် နင် သူ့ကို ငါ့ရှေ့မှာပဲ ကြိမ်းဝါးသွားတာ .."

"အဲ့ဒါ သူ မကျေနပ်ရင် သူ ပြောပါလိမ့်မယ်၊ နင်က ဘာဖြစ်လို့ ကြားဝင် ပူနေတာလဲ ..၊ ကြိမ်းဝါးတာပဲဖြစ်ဖြစ် .. ဖိုက်တင်ပလေးမယ် ဆိုလည်း အဲဒါ သူနဲ့ ငါနဲ့ပဲ ပတ်သက်တယ် .."

"ဘယ်ဟုတ်မလဲ ..၊ သားချစ် က ငယ်ငယ်တည်းက ခုချိန်ထိ အရမ်းနူးညံ့တာ၊ သူများတကာကို နာကျင်အောင်လုပ်ဖို့ မပြောနဲ့ နစ်နာစေမယ့်စကားမျိုးနဲ့တောင် စော်ကားတတ်တာ မဟုတ်ဘူး .."

ဒီဒေး ဟွန့်ခနဲ မဲ့ကာ စီးကရက်ကို ပစ်ချပြီး ခြေထောက်နဲ့ ဖိချေနေတာ မပြီးနိုင် ..။

"သူ နူးညံ့တတ်လွန်းလို့ ငါ့မှာ တစ်ခါတလေ ကရုဏာဒေါသတွေ ဖြစ်ရ၊ ပြောမိဆိုမိရနဲ့ ..၊ သူ့စိတ်ထဲမှာ တစ်မျိုးတစ်မည်တွေတောင် ထင်နေပြီလား မသိဘူး .."

"ဟုတ်လား .. သနားစရာပဲ .."

"အေး .. ဟုတ်တယ် ..၊ နင် သူ့ကို အနိုင်ယူသလို ဆက်ဆံပြောဆိုသွားတိုင်း ငါ သူ့ကို သနားတယ်၊ ငါက ကရုဏာဒေါသနဲ့ ပြောပေမယ့် သူက တစ်မျိုး လက်ခံနေရင် စိတ်ဝမ်းကွဲကုန်ကြမှာ နားလည်ရဲ့လား ..၊ အဲဒါကြောင့် ငါတို့နှစ်ယောက်နားမှာ နင် ရှိလို့ မဖြစ်ဘူး .."

"ဒါဆို သူက ငါ့ကို ကြောက်နေတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



မထိတထိ လှောင်ရယ်နေသည့်မျက်နှာကို ကာလ မျက်စောင်းထိုးမိကာ ...

"ကြံဖန် ဂုဏ်ယူပေါ့ .."

"ဟား .. ဟား .. ရယ်ရတယ် .."

ထိုညမှာ တစ်လမ်းလုံး ကားမောင်းရင်း ပခုံးတွန့်လိုက် .. ဟွန့်ခနဲ မဲ့လိုက် ဖြစ်သွားတတ်သည့် ဒီဒေး ကို သူမ သတိထားမိခဲ့သည်။

ဒါပေမယ့် ကိုယ့်ကို ဘာမှ လှည့်ပြောတာ မဟုတ်သဖြင့် နားတောင် အေးသေးသည်လို့ ထင်၏။

ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးမိပြန်ကာ ..၊

ဒီဒေး လိုလူကို အရှုံက်ထိသွားအောင် ငါ ပြောနိုင်သားပဲလို့ ကြိတ်နှတွေး၍ ..၊





## အခန်း (၈)

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ..၊ ဒါ ကလေးကစားတာမှ မဟုတ်ဘာ .."

"ဟုတ်တယ်လေ .."

"ဒါပေမယ့် ကိုအောင့် သားက ဖျက်ချဖို့ အတိုက်အခံလုပ် ပြောနေတာ .."

စားပွဲရှည်ကြီးမှာ နှစ်ဖက် မျက်နှာချင်းဆိုင် ရှိနေသမျှ အားလုံး ရှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။ ရုတ်တရက် ပြောင်းလဲတော့မည့် ပရော့ဂျက်အတွက် ဘယ်သူမှ သဘောမတူနိုင် ..။

"နေပါဦး .. ဒီကိစ္စကို တစ်ယောက်တည်း ကန့်ကွက်မဲ ထည့်လိုက်တာ ဘယ်သူလဲ .."

"ကျွန်တော် .."

အားလုံး၏မျက်လုံးတွေ အဝင်တံခါးဆီ ရောက်သွားကြသည်။ အတွင်းခံခွယ်တာအနက် ..၊ လက်ရှည်ခါးတို ဂျင်းထပ်ဝတ်အင်္ကျီဖြင့် ခြေလှမ်းကျဲကျဲ လှမ်းဝင်လာတာ ဒီဒေး ..၊



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို နောက်မှာ စည်းထားကာ မဟာနဖူးပြေပြေကို အပြောင်သိမ်းထားသဖြင့် ဖြူနုချောမွေ့နေသည့်မျက်နှာက ရင့်ရော်သလို ဖြစ်နေသည်။

တင်းထားလိုက်တော့ ပို၍ဆိုးကာ မလိုလားစွာ ရှိနေကြသည့် မျက်လုံးတွေထဲမှာ မိုက်ရူးရဲပုံစံ စတန့်ထွင်နေသည့် လူမိုက်လေးတစ်ယောက်လို ..။

"မင်းက .."

"ဒီဒေး .. ဦးအောင်ချိန် ရဲ့သား ..၊ ဒီနေ့ ဆိုတာ ကျွန်တော်ပါပဲ"

ကိုယ်စား ဆိုသည့် လူငယ်တစ်ယောက်က ထောင့်မကျိုးစွာ ဝင်လာသဖြင့် လူကြီးတွေမျက်နှာအားလုံး တင်းနေကြကာ ...

"ပြောပါဦး မောင်ဒီဒေး ..၊ ကျုပ်တို့အားလုံး ဒီပရောဂျက်အတွက် ဝိုင်းဝန်း အားစိုက်ခဲ့ကြတုန်းက မောင်ရင်က ဂျပန်မှာပါ .."

"ဟုတ်တယ် ..၊ ဦးအောင် တောင်မှ ကိုယ်တိုင်လာခဲ့တာ မဟုတ်ဘူး .."

ဒီဒေး က ဘာမှမပြောသေးဘဲ သူ့အတွက် ခုံလွတ်မှာ ဝင်ထိုင်လိုက်သည်။ မျက်လုံးတွေကလည်း သူ ထိုင်လိုက်တဲ့အထိ အားလုံး တစိုက်မတ်မတ် ကပ်ပါနေကြလျက် ...

"မင်း ဒီလုပ်ငန်းအတွက် စိတ်ဝင်စားမှု နည်းနေတယ်လို့လည်း ဦးအောင် က ပြောပါတယ်၊ သူ မပြန်ခင် မိတ်ဆုံစားပွဲလုပ်တုန်းက တောင်မှ မင်း ဒီလိုလုပ်ဖို့ ဘာမှ မဟာခဲ့ဘူး .."

"တကယ်ဆို ဦးအောင်ချိန် ရှိတုန်းက ပြောခဲ့ရင် ငါတို့က လူကြီးချင်း အကျိုးသင့်အကြောင်းသင့် ပြောလို့ရသေးတယ် .."

"ဒီလိုပါ .."

သူ့အသံ ထွက်လိုက်တာနှင့် အားလုံးသောအသံတွေ တိတ်သွားကာ အကြောင်းရင်းကို စိတ်ဝင်တစား နားစွင့်နေကြ၏။





"ဖေဖေ မပြန်ခင်က ဒီမီတင်လုပ်ဖို့ လူမစုံဘူး၊ ဖေဖေက စောင့်မလို့ပေမယ့် ကျွန်တော် ဒီလုပ်ငန်းထဲမှာ ပါဝင်တော့မယ်လို့ ကတိပြုလိုက်လို့ ပြန်သွားတယ်၊ အဲဒီတော့ အားလုံးအတွက် ဖြစ်လာတာက ကျွန်တော်က ဖေဖေ့နေရာမှာ အတည်တကျ နေရာယူလိုက်တဲ့လူပေါ့.."

"အတည်တကျ နေရာယူနိုင်တာက တို့ လက်ခံကြလို့ပါ"

"အခု လက်မခံနိုင်ပါဘူး ပြောချင်လို့လား .."

"မဟုတ်ဘူး ..၊ ဒါပေမယ့် မင်း နေရာယူတာက အပြုသဘောလား .. အဖျက်သဘောနဲ့လား၊ ဒီလိုလုပ်ဖို့ ရည်ရွယ်ချက်နဲ့ဆိုရင် လုံးဝလက်မခံနိုင်ဘူး .."

"ဟုတ်တယ် .. ကျုပ်တို့က ဒီနေရာကို ရဖို့အတွက် အချိန်ယူခဲ့ရတယ်၊ လူအား ငွေအား အကုန်သုံးရတယ် .."

"အဲဒီအင်အားတွေက မသမာတဲ့နည်းတွေ ဖြစ်နေလို့ ကျွန်တော်က ကန့်ကွက်တာပါ .."

"ဘာ!..."

"ဘယ်လိုပြောလိုက်တာလဲ ..၊ မင်း .."

လူကြီးတွေ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။ ထို့ပြင် ဒီဒေး ရဲ့မျက်လုံးတွေ စူးစိုက်ထားသည့် မျက်နှာဆီ လှမ်းကြည့်မိကြကာ ...

"မင်းက မမြင့် ကို .. ဟာ!..."

"မဟုတ်သေးဘူး .. အဲ့ဒါ .."

ဒီ့ထက်လည်း ဘာမှ မပြောနိုင်ကြဘဲ ဒေါ်မြင့်မိုရ်ဦး နဲ့ ဒီဒေး ကိုပဲ တစ်လှည့်စီ ကြည့်နေမိကြ၏။

"ဒေါ်မြင့်မိုရ်ဦး .."

ဒီဒေး က မျက်နှာကို တည့်တည့်ကြည့်ပြီး ခေါ်ကာ ...

"ဒီထဲက လူကြီးမင်းတွေနဲ့ ပူးပေါင်းပြီး အရှက်အကြောက်ကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ခင်ဗျားတို့ ခြိမ်းခြောက် ကြိုးကိုင်ခဲ့ကြတာ ကျွန်တော် အားလုံး သိပြီ ..''

''မင်း ဘာတွေ လာပြောနေတာလဲ ..''

ဒီထဲက လူကြီးမင်းတွေလို့ ပြောလိုက်သဖြင့် လူကြီးတွေ ရှုံ့မဲ့ ရှားရှား ထရပ်တဲ့သူ ရပ် ..၊

''ဒီကိစ္စကို ကျွန်တော့်မွေးနေ့ပြီးတည်းက စုံစမ်းခဲ့တာ နှစ်ဆယ် ရှစ်ရက်ပဲ ကြာတယ်၊ ခင်ဗျား အရင်က ဘော်ဒါဆောင်တစ်ခု ဖန်တီး ဖွင့်ပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာကအစ လူတစ်ယောက်ကို အရက် အောင် တိုက်ပြီး ..''

သူ ဆက်မပြောဘဲ စိုက်ကြည့်နေလိုက်သည်။ ဒေါ်မြင့်မိုရ်ဦး ၏ သည့် မိန်းမကြီးရဲ့ ရိုးသားမှုနည်းပါးသော အမြဲတမ်း ပြုံးမဲ့မဲ့မျက်နှာ သူ အကဲခတ်ခဲ့သည်။

မသင်္ကာသည့်မျက်လုံးနဲ့ ကြည့်လိုက်မိတာနှင့် ကျန်တဲ့လူကြီးတွေ နဲ့ ဒေါ်မြင့်မိုရ်ဦး ရဲ့ မသင်္ကာဖွယ် ဆက်ဆံရေးတွေကို သတိထားမိလာ ခဲ့၏။

''ဖေဖေ ဒေါ်မြင့်မိုရ်ဦး နဲ့ ရင်းနှီးသလား ..''

ဖေဖေ့ကိုပဲ တိုက်ရိုက်မေးတော့ ဖေဖေက ခေါင်းခါသည်။

''မဇင်မာ နဲ့ ရင်းနှီးတယ်၊ မင်း ဘာလုပ်မလို့လဲ ..''

''သိဖို့ လိုအပ်လို့ ဖေဖေ ..၊ ဒီအဖွဲ့မှာ သူနဲ့ အရင်းနှီးဆုံး ဘယ်သူလဲ ..''

''ဖေဖေ သိပ်မသိဘူး၊ ဖေဖေက ကိုအုံ့မိုး တို့လူစုနဲ့ပဲ အလုပ်လုပ် ဖူးတာ၊ မိန်းမတွေ ပါလာတဲ့အပိုင်းကို မသိတော့ဘူး၊ မဇင်မာ ကတော့ အားလုံးနဲ့ ရင်းနှီးတယ်၊ မင်း သိချင်ရင် ဖေဖေ မေးကြည့်ပေးမယ် .. သွားမမေးနဲ့နော်၊ မင်း ပြောပုံဆိုပုံနဲ့ မဇင်မာ နဲ့ မဖြစ်ဘူး ..''

ဖေဖေက သူ ခရီးမသွားခင် ဒီကိစ္စတွေကို ဂရုစိုက် စုံစမ်းပေး





သည်။ ဒေါ်ဇင်မာလွင် ကိုယ်တိုင်က ညီမဖြစ်သူနဲ့ မိုးခိုရှုံ စီးပွားရေး လုပ်ငန်းရှင်တွေထဲ တိုးဝင်နိုင်ဖို့ ကြိုးစားခဲ့သူဖြစ်ရာ သူမနဲ့ပတ်သက်သူ တွေကို စုံစမ်းရတာ သိပ်မခဲယဉ်းပေ ..။

ထို့ပြင် ဒေါ်မြင့်မိုရ်ဦး က လှလည်း လှသည်၊ စကားပြောလည်း ရဲလွန်းသဖြင့် သူမရဲ့ ကာရိုက်တာက စကားထဲမှာ ပေါ်နေခဲ့၏။

''ကိုရာဇ ဆီက တစ်စွန်းတစ်စ ကြားရတာကတော့ ဒေါ်မြင့်မိုရ်ဦး က လုပ်ငန်း မကျွမ်းကျင်ပေမယ့် ကျန်တာ အားကိုးရတယ်လို့ ပြော တယ်၊ ကြည့်ရတာ အားလုံးက ဒေါ်မြင့်မိုရ်ဦး ကို ဖေးမ တွဲခေါ်နေသလို ပဲ .. ဖေဖေတောင် အံ့သြနေတာ၊ ကိုအုံ့မိုး တို့က တကယ့် သချာသမား တွေ၊ အကျိုးအမြတ်မရှိရင် မျက်တောင်ခတ်ရမယ့်အချိန်ကိုတောင် ထည့်တွက် နမြောကြတာ၊ ဒါကြောင့်လည်း ဖေဖေ အဝေးမှာနေပေမယ့် သူတို့နဲ့ လက်တွဲရတာပေါ့ ..''

''ဖေဖေက ဘယ်လို ပြောချင်တာလဲ ..''

''မပြောတတ်ဘူးကွ .. မင်းကို သူတို့ ဂရုစ်ထဲ ရောက်ဖို့တောင်မှ ဖေဖေ ပညာတွေ ဘယ်လောက်သင်ပေးနေရသလဲ၊ ငါ့သားရဲ့ ပွဲဦးထွက် မှာ သူများ နှာခေါင်းရှုံ့တာ မခံရအောင်လေ ..၊ သူတို့က အဲဒီလိုလူမျိုး တွေ .. ဒါပေမယ့် ဒေါ်မြင့်မိုရ်ဦး ကို အချိန်ယူ တွဲခေါ်နေတယ် ..''

''တစ်ယောက်ယောက်နဲ့ တစ်မျိုးတစ်မည် ပတ်သက်နေတာမျိုး ရော မဖြစ်နိုင်ဘူးလား ..''

''မဖြစ်နိုင်ဘူး ..၊ ဖေဖေတို့က ရင်းနှီးတဲ့မိတ်ဆွေတွေ၊ ဒီလို အပြစ် အနာအဆာမျိုးကို တကူးတက လျှို့ဝှက်ထားကြတာ မရှိဘူး ..''

''ဒါဆို တစ်မျိုး ထူးခြားနေတာတော့ သေချာတာပဲ ဖေဖေ၊ ဒီ မိန်းမကြီးမျက်နှာပုံက လှတာက သပ်သပ် .. မသတီစရာ ပြုံးနေတာ ကြီးက ကြည့်ရဆိုးတယ် ..''

ဖေဖေက ချက်ချင်းတော့ မထောက်ခံသေးပါ။ သူကိုယ်တိုင် ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မှားပြီး အိမ်ထောင်နှစ်ဆက် ဖြစ်ခဲ့ရခြင်းနှင့် ပတ်သက်၍ ဒီလိုကိစ္စတွေကို စိတ်ဝင်တစား မရှိတော့တာလည်း ပါလိမ့်မည်။

"မသိဘူး သား .. ဖေဖေလည်း ကိုယ်တိုင် မပါနိုင်ခဲ့ဘူး၊ အဝေးကနေပြီး အကျိုးအမြတ် ထိုင်တွက်နေရတဲ့ အခြေအနေနဲ့ သူများလုပ်ကိုင်နေတာကို သံသယမျက်လုံးနဲ့ မကြည့်ချင်ဘူး၊ ပြီးတော့ ဒါက နောက်ထပ် ပြန်စတဲ့ ပရော့ဂျက်အသစ်လေ ..၊ သူတို့ အခက်အခဲဖြစ်နေတာတောင် ဖေဖေ ဘာမှ မကူညီနိုင်ဘူးဆိုတော့ .."

"အဲ့ဒီအခက်အခဲဆိုတာကို ဘယ်လို ဖြေရှင်းသွားတာလဲ .."

"နေရာပြဿနာပဲလေ ..၊ အခု စမယ့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းအတွက် သူတို့က ကန်ထရိုက် တစ်ဝက်လောက် ယူထားတာ၊ ကိုယ့်ဝင်းထဲမှာပဲ စူပါမားကက်တွေ၊ လူတန်းစားပေါင်းစုံအတွက် လက်ဖက်ရည်ဆိုင်ကအစ ကစားကွင်း၊ ရေကူးကန် အားလုံးထည့်ဖို့ မြေနေရာကျယ်ကြီး လိုတာ .."

"အဲဒါနဲ့ပဲ သူများ အဆင်ပြေနေတဲ့ ကုမ္ပဏီ အဆောက်အဦတစ်ခုကို ဖျက်သိမ်းသွားအောင် ကြိုးစားကြတာလား .."

ဒါကိုလည်း ဖေဖေ က ဇဝေဇဝါနဲ့ပါ ..။

"မဟုတ်ပါဘူး ..၊ ပျက်စီးလုလုဖြစ်နေတဲ့ နှစ်ဦးစပ် ကုမ္ပဏီ လုပ်ငန်းလေးပါ၊ သူတို့ချင်း ကျေနပ်လောက်တဲ့ အလဲအလှယ်တွေနဲ့ အလုပ်ဖြစ်ခဲ့တာ မဟုတ်ဘူးလား .."

"မဟုတ်ဘူး ဖေဖေ .."

သူ စုံစမ်းထားသမျှနှင့် ဒီဒေး က ရဲရဲတင်းတင်း ခေါင်းခါလိုက်သည်။

"အဲဒီကုမ္ပဏီက ကာလ ရဲ့ဖေဖေ ဦးစီးထားတဲ့ကုမ္ပဏီ၊ ဒီကိစ္စ ဖေဖေ မသိသေးတဲ့တချို့ကို ကျွန်တော် သိထားတယ်၊ ဖေဖေ့လူတွေ မရိုးသားဘူး .."





"သား .. မင်း ..."

"ဒေါ်မြင့်မိုရ်ဦး က မသက်သာစရာကောင်းနေတဲ့ နံပါတ်တစ်ဦးဆောင်သူပဲ .."

"မင်း ဒါကြောင့် သူ့ကို စုံစမ်းနေတာလား .."

"ကျွန်တော် စုံစမ်းထားတယ် .. ဖေဖေ သိလာတာနဲ့ တိုက်စစ်နေတာ၊ ဒေါ်မြင့်မိုရ်ဦး က အားနွဲ့သူ မိန်းမသားပုံစံနဲ့ ကာလ ရဲ့ဖေဖေနဲ့ နီးစပ်သွားတာ၊ ဒီမှာကျတော့ သူက ဒါရိုက်တာတစ်ယောက် ဖြစ်နေတယ် .."

"နေဦး သား ..၊ ဒါ မရိုးသားရင်တောင် မင်း ပြောလိုက်သလို ကွာဟနေတာ မဖြစ်နိုင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ဒီပြဿနာရှိနေတာ ကြာပြီ .."

"ဒေါ်မြင့်မိုရ်ဦး နဲ့ ကာလ ရဲ့ဖေဖေကလည်း ကြာပြီပဲ ဖေဖေ.."

"ဒါကြောင့် ပြောတာ ..၊ ကိုယ် အညာခံနေရရင် ဘယ်ယောက်ျားခု ဒီလောက်ကြာအောင် နုံနဲ့ ညံ့ဖျင်းနေမှာ မဟုတ်ဘူး၊ ကောက်ကျစ်တဲ့သူဟာ သူ့ရဲ့အကြည့် အပြုံးတွေမှာ ပေါ်လွင်တယ်၊ မင်းတောင်မှ ဒေါ်မြင့်မိုရ်ဦး ကို အကဲခတ်မိသေးတာ .."

"ဘယ်ယောက်ျားမှဆိုတာကတော့ ဖေဖေ မှားနေပြီ ထင်တယ်.."

"ပြောပါဦး .."

"မဟုတ်တာ လုပ်မယ့်လူက သူ့အပြစ်ကို သူ ကာကွယ်နေမှာပဲ၊ အဲဒီတစ်ယောက်ရဲ့ရှေ့မှာတော့ သိသာတဲ့ အပြုံးတွေ .. အကြည့်တွေနဲ့ ထိုယ့်ကိုယ်ကိုယ် ကြိုးကွင်းစွပ်အောင် နေမှာ မဟုတ်ဘူး .."

"အင်း .. အဲဒီတော့ .."

"မိန်းမမာယာဆိုတာလည်း ရှိသေးတယ်၊ နောက်ပြီး တစ်ဖက်လူတာအား တော်နေရင် တစ်ဖက်က ညံ့သွားတာပဲ၊ ဒီကိစ္စကို ကွင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



တွေ လိုက်ပြီး ကျွန်တော် ဖော်ထုတ်မယ် ..”

“မင်းက ဖအေကို စီးပွားပျက်အောင် လုပ်မလို့လား ..”

“အမှိုက်ပုံရှင်းရင် ပိုးကောင်မွှားကောင် သေတာလောက်တော့ ရှိမှာပဲ ဖေဖေ ..၊ မြေထွက်လာတဲ့အထိ စောင့်ကြည့်နေရင် အန္တရာယ်ကြီးတယ် ..”

“လုပ်ကြည့်လေ ..၊ ဖေဖေတို့က ရှယ်ယာအများဆုံး ပါထားလို့ ဒီအခြေအနေတွေ ဖြစ်လာတာမျိုးတော့ သက်ရောက်မသွားစေနဲ့ .. ဖေဖေက ဟိုမှာ စီးပွားရေး အခြေချထားပြီးပြီ၊ မြန်မာပြည်မှာတော့ သားကိုပဲ ဖြစ်စေချင်တာ၊ အဲဒီအတွက် လောလောဆယ် လမ်းပြ ကူညီနိုင်မယ့် သူတို့လို ဝါရင့်ပညာရှင်တွေ လိုအပ်တယ် ..”

“သက်ရင့်ပင်အိုကြီးဖြစ်ပြီး ပိုးကိုက် ချစားနေတဲ့ အထွင်းလိုက်ခေါင်းကြီး ဖြစ်နေရင်လည်း ဘာလုပ်မှာလဲ ..၊ ကျွန်တော်ကတော့ ဆရာနဲ့တူမှ ဆရာ ခေါ်မှာ ..”

ဖေဖေက ခွင့်ပြုခဲ့ပြီးသား ..၊ ဒါကြောင့် သူ လူအင်အား သုံးသည်၊ အချိန်တိုတိုအတွင်း သတင်းအချက် ပြည့်စုံ မှန်ကန်စွာ ရဖို့ ငွေတွေပါ ဖြုန်းခဲ့ရ၏။

တကယ်တော့ ဒေါ်မြင့်မိုရ်ဦး က ဘော်ဒါဆောင် ဗန်းပြဖွင့်ထားကာ မဟုတ်တာတွေလုပ်ပြီး နောက်ကွယ်မှာ ခန့်ခန့်ကြီး ခံစားနေတာ ဖြစ်သည်။

ဦးမိုးဆောင်း ကို ကုမ္ပဏီသူဌေးဆိုပြီး ခန့်ခန့်ချောချော ဥပဓိရုပ်ရည်ကိုပါ သဘောကျပြီး ရွေးချယ်ခဲ့၏။ အိမ်ထောင်ရေးမှာ စိတ်ရှုပ်ထွေးမှုများနှင့် ဦးမိုးဆောင်း သည် ဒေါ်မြင့်မိုရ်ဦး ၏ အလှမာယာကွန်ထဲမှာ အလွယ်တကူ ဝပ်စင်းသွားခဲ့သည်။

ဒီထိလည်း ရှုပ်ထွေးမှုတွေ သိပ်မရှိခဲ့သေးပေ။ ကိုယ့်ကျင့်သိက္ခာကို စောင့်ထိန်းတတ်သော ကောင်းစိတ်လေးလည်း ရှိနေသဖြင့် ဦးမိုးဆောင်း က ထိန်းသိမ်းဖို့ ကြိုးစားသည်။

ဒေါ်မြင့်မိုရ်ဦး က ရေ့ဆက်တိုးဖို့ ကြိုးစား၏။ ထို့ပြင် ဦးမိုးဆောင်း ရှောင်ဖယ်ဖယ် လုပ်လာတာကိုလည်း မကျေမနပ်ဖြစ်ရရင်းနှစ်ယောက်ကြားမှာ ပြဿနာ စလာခဲ့သည်။

ထိုအခြေအနေမျိုးမှာပဲ ‘ကာလီးယား’ ကွန်စထရပ်ရှင်အဖွဲ့နှင့် ဒေါ်မြင့်မိုရ်ဦး ချိတ်မိသွားတာ ဖြစ်သည်။

“ကျုပ်က မမြင့် ရဲ့ ဒရိုင်ဘာပါ၊ ထိပ်ပြောင်ပြောင် အရပ်ထောင်ထောင်နဲ့ နောက်တစ်ယောက်က အရပ်ပုပု နားရွက်ကားကား၊ အဲဒီလူတွေရောက်လာတိုင်း ‘နယူးလိုက်’ စင်တာမှာ ချိန်းကြတယ်၊ မင်းဒီထက်ပိုသိချင်ရင် မမြင့် ရဲ့ညီမဝမ်းကွဲတစ်ယောက် ရှိတယ်၊ နီလာဦးတဲ့ .. ရပ်ကွက်ထဲမှာ အလှပြင်ဆိုင်လေး ဖွင့်ထားတယ်၊ သူတို့ညီအစ်မတွေက လက်ရဲဇက်ရဲတွေပါ၊ လှလည်း လှကြတယ်ကွ၊ အခု သူတို့ချင်း သိပ်မတည့်ကြတော့ မင်း လိုမှာသလို အစ်အောက်ထုတ်ပေါ့ ..”

“သူက ဘာတွေ သိထားလို့လဲ ..၊ ကျွန်တော် သိချင်တာတွေက သူတို့ငယ်ငယ်တုန်းက ခရေပင်အောက်မှာ ပန်းကောက်ကြတဲ့အကြောင်းတွေ မဟုတ်ဘူး၊ ဦးလေး သိထားသလောက်ပဲ အရင်ပြောပြပါ ..”

“ကျုပ် သိတာက ကျုပ်လိုက်လို့ရတဲ့နေရာလောက်ပဲ သိတာလေ၊ မင်း သိချင်တဲ့ကိစ္စမျိုးတွေ မနီလာဦး က ပိုပြောပြနိုင်မှာ .. ဘာဖြစ်လို့လဲဆိုတော့ သူတို့ ကွဲသွားကြတာ လပိုင်းလောက်ပဲ ရှိသေးတာ ..”

“အစက အတူတူပေါ့ ..”

“ဟုတ်တယ် .. အဲဒီ ဆောက်လုပ်ရေးက သူဌေးတွေကို မနီလာ သနေ ဆက်သွယ်ပြီး ခေါ်လာတာပဲ၊ သူတို့ညီအစ်မနှစ်ယောက် တည့်နေကြရင် ကြောက်ဖို့ အရမ်းကောင်းတာကွ၊ စိတ်ကကြံတိုင်း လက်ကဖြစ်တယ်၊ အင်အားကလည်း ကောင်းတယ်လေ၊ သူတို့မှာ ချေပေ့သူပေ့ဆိုတဲ့ မိန်းမငယ်လေးတွေ ကြိုက်သလို ခေါ်နိုင်းလို့ ရတယ် ..၊







www.burmeseclassic.com

www.burmeseclassic.com



လိုသလို အသုံးချနိုင်တယ် ..''

ဒရိုင်ဘာဆိုသည့်လူကြီးက သူနဲ့တွေ့တော့ လမ်းထိပ်မှာ သူ့ဇနီးနဲ့ အတူ ကွမ်းယာဆိုင်လေး ဖွင့်ထားခဲ့တာ ဖြစ်သည်။

ဒီညီအစ်မအကြောင်းတွေကို ယောက်ျားမဆန်စွာ အတင်းအဖျင်း လိုက်ပြောနေမယ့်ပုံမျိုးလည်း မဟုတ်ပါ။ သူကသာ အခြေအနေတစ်ခု ကို အရင်ပြောပြပြီး အကူအညီတောင်းရတာ ဖြစ်သည်။

သူ သိသမျှ ပြောပြလိုက်သည့်ပြင် ပိုပြည့်စုံအောင် ဆက်လက် လှုပ်ရှားနိုင်သည့် လမ်းကြောင်းတွေကိုပါ ညွှန်ပြလိုက်သေးသည်။

ထို့ကြောင့် သူ စိတ်ကူးတည့်သည့်အတိုင်း အကောင်အထည်ဖော် ခဲ့သည်။ ဒေါ်နီလာဦး တစ်ယောက်တည်း အပြင်ထွက်အလာမှာ သူ့ ဆိုင်ကယ်နဲ့ မထိတထိ ပွတ်တိုက်ပစ်လိုက်သည်။

သူမကို ဆိုင်ကယ်လ်ပေါ်တင်၍ တောင်းပန်ဖေးမရင်း ရင်းနှီးမှုကို မရရအောင် ဖန်တီးခဲ့၏။ ပြီးတော့ ဒေါ်မြင့်မိုရ်ဦး ကို ရှာနေတာဖြစ် ကြောင်း၊ မိန်းမသားတစ်ယောက်၏ သဝန်တိုစိတ်ကို နှိုးဆွ ပြောပေး လိုက်လျှင် ...

''လာပြန်ပြီကိုး .. အဟွန်း ..၊ ဒီကုမ္ပဏီရဲ့ မြေယာအစွန်းအတွက် တော်တော် သဲမဲလိုက်နေကြပါလား ..''

''ဘယ်သူတွေ ရှိသေးလို့လဲ အစ်မ ..''

ကိုယ့်အမေလောက် ကြီးပေမယ့် သူမရဲ့ နုသစ်အောင် ပြင်ဆင် ထားသည့်မျက်နှာနှင့် တစ်ကိုယ်လုံးကို အားနာကာ အစ်မလို့ပဲ ခေါ် လိုက်ရသည်။

သူမ၏ တစ်မျိုးတစ်မည် ယူဆပုံရသည့် မထိတထိ အပြုံးတွေကို စိတ်ပျက်မိသော်လည်း ...

''ဒီပရော့ဂျက်ကို ဖြစ်မြောက်အောင် ဦးဆောင်လိုက်တဲ့သူ ဖြစ်ဖို့ လိုတယ် အစ်မ၊ အဲဒါကြောင့် လျာထားမြေနေရာအတွက် ဒီကုမ္ပဏီ





ချက်သိမ်းဖို့ကိစ္စကို ကျွန်တော်ပဲ ဆောင်ရွက်နိုင်သူ ဖြစ်ချင်တာ၊ အဲဒါ အတွက် အစ်မ မြင့်မိုရ် ကို အားကိုးရမှာ ..၊ သူက ကုမ္ပဏီပိုင်ရှင်နဲ့ အရင်းနှီးဆုံးလူလို့ ကျွန်တော် သိထားတယ် ..''

''အဟွန်း ..''

ဒေါ်နီလာဦး က ရယ်နေသည်။ ဝါရွှေလက်တောက်နေသည့် ဆံပင် အခွေအလိပ်တွေကို ပခုံးပေါ်ကနေ ရင်ဘတ်ပေါ်ကို ဆွဲယူ ကစားရင်း ချက်ဝန်းတို့မှာ အေးစက်စက် သဝန်တိုမှုတွေ လွှမ်းခြုံနေလျက် ...

''အဲဒီလူကို စည်းရုံးနိုင်ဖို့ မင်း သူ့ကို လာရှာတာ သိပ်နောက်ကျ သွားပြီကွ ..''

''ဗျာ!...''

''မင်းက လူငယ်ဖြစ်ပြီး ကိုယ့်အဖွဲ့ထဲက အဘိုးကြီးတွေလောက် တောင် ခြေလှမ်းမသွက်ဘူးပဲ ..''

''ဘာဖြစ်လို့လဲ ..၊ ဒီအိမ်ရာစီမံကိန်းက ဘာမှ စရသေးပါဘူး''

''မစရသေးပေမယ့် အခု ပြီးသွားပြီ .. နာမည်တော့ မပြောချင်ပါ ဘူး၊ ဒါပေမယ့် မင်းတို့ထဲက လူကြီးတွေနဲ့ မြင့်မိုရ်ဦး တို့ ပူးပေါင်းသွား တယ်လေ၊ ဟိုကုမ္ပဏီပိုင်ရှင် သူဌေးပေါက်စကို မလှုပ်နိုင်အောင်လုပ်ပြီး မကြာခင် သူတို့လက်ထဲကို ဒီအုတ်ပုံ ရောက်တော့မှာ ..''

''မဟုတ်ပါဘူး .. နာမည်ပြောလည်း ရပါတယ် အစ်မရယ် .. ကျွန်တော်တို့က တစ်ဖွဲ့တည်းပါ၊ ကိုယ့်ကြောင့် မဟုတ်ဘူးဆိုပေမယ့် သူတို့ ရသွားတယ်ဆိုလည်း ပြဿနာ အကြီးအကျယ် ထဖြစ်ဖို့တော့ မရှိပါဘူး ..''

''မင်း မရှိပေမယ့် တို့က ရှိတယ် ..''

ဒေါ်နီလာဦး ၏ ခံစားချက်တွေက သူ ထင်ထားခဲ့တာထက် ပို၍ ပြင်းထန်နေခဲ့သည်။

''ဦးမိုးဆောင်း ပုံစံက နူးညံ့ညံ့ ပျော့နွဲ့နွဲ့နဲ့လေ၊ သူ အချုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မထူးစိတ်ပိုက်ပြီး ဟိုက လက်ထပ်ပါမယ်လို့ လုပ်မှာပဲ၊ အဲဒီလို လုပ်လိုက်ရင် သူများရဲ့ အငယ်အနှောင်းဖြစ်ရုံအပြင် ဘာအကျိုးထူး ရှိလာမှာလဲ ..၊ ပြီးတော့ ကုမ္ပဏီ လက်ဝါးလောက်လေးနဲ့ ကွန်စထရပ် ရှင်အင်ပါယာကြီးတစ်ခုလုံးထဲမှာ ကိုယ်တိုင် ဒါရိုက်တာဖြစ်ခွင့်ရမယ့် အခွင့်အရေး ..''

ညီအစ်မ တည့်နေကြတော့ အစ်မအတွက် ညီမဖြစ်သူက အကြံဉာဏ်တွေ ပေးခဲ့သည်။

''ကုမ္ပဏီတစ်ခုလုံး ထိုးအပ်ပြီး ချက်ချင်း မွဲသွားတဲ့အဖြစ်ကို ဂရုမစိုက်လောက်အောင် သူ့ရဲ့ အရက်သိက္ခာကို ခွာချမှ ရမှာ၊ အဲဒါကြောင့် ငါ့စိတ်ကူး .. ငါ့အကြံတွေနဲ့ သူ့ကို ကူညီခဲ့တယ်၊ ဦးမိုးဆောင်းဟာ သမီးအရွယ်လေးကို မတရားကျင့်ကြံမိတယ်ဆိုရင် ဒီလူ ဘယ်လိုနေမလဲ ..''

နားထောင်ရင်း သူ ဖျင်းခနဲ ဖြစ်သွားသည်။ တော်တော်ယုတ်မာတဲ့ မိန်းမတွေလို့ စိတ်ကဖြစ်လျက် နှုတ်မှာ စကားလုံးတွေ ဖွင့်ထွက်အံဆဲဆဲ ..၊ နှုတ်ခမ်းတွေ ဖိပိတ်ပစ်ကာ မျက်နှာလွှဲနေလိုက်ရ၏။

ဦးမိုးဆောင်း သည် လင်ရှိမယားတစ်ယောက်နှင့် ဖောက်ပြန်နေသည့်အပြင် ထိုမိန်းမ၏ သမီးပျိုလေးကိုပါ မတရားကြံစည်ခဲ့ပါသည် ဆိုတာ ခိုင်မာအောင် လုပ်ကြသည်။

ဦးမိုးဆောင်း ကို သက်သေနဲ့တကွ ယုံအောင်ပြပြီး ချုပ်ကိုင်ခဲ့ကြ၏။ ဦးမိုးဆောင်း က ခုချိန်ထိ ဒေါ်မြင့်မိုရ်ဦး နဲ့ ကလီးယား ကွန်စထရပ်ရှင် ပတ်သက်နေတာကို မသိခဲ့ပေ ...။

ဒီသားအမိရဲ့နစ်နာမှုအတွက် သူ ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့၏။ အခန့်မသင့်လျှင် အရက်တကွဲ လာရောက် စွပ်စွဲနိုင်သည်ဆိုသော ဒေါ်မြင့်မိုရ်ဦး ရဲ့ခင်ပွန်းကို သူ့အရက်သိက္ခာအတွက် ဒူးထောက်ဖို့ ပြင်ဆင်နေခဲ့၏။





''ယောက်ျားတွေက တစ်ခါတစ်ခါကျတော့ သနားစရာတော့ ကောင်းတယ်ကွ၊ မိန်းမတစ်ယောက်ကြောင့်ဆိုတဲ့အဖြစ်ကို သူတို့က မလိုချင်ဘူး၊ ဒါပေမယ့် မိန်းမနဲ့ပတ်သက်လာရင် သူတို့မှာ ပျော့ညံ့မှုတစ်ခုက အမြဲရှိတယ်၊ မြင့်မိုရ်ဦး ဆိုတဲ့မိန်းမကို သူ ဘယ်လိုပုံစံနဲ့ ချစ်နေတယ်ဆိုတာ ဦးမိုးဆောင်း မသိဘူး၊ သူ သိနေတာက သူ့သမီးအတွက် .. ပြီးတော့ သူ့ရဲ့ဂုဏ်သိက္ခာအတွက် သူ ပေးဆပ်မယ်.. ဒါပဲ..''

''ဦးမိုးဆောင်း က တကယ် အဲဒီလို မလုပ်ခဲ့ဘူးပေါ့ ..''

''မလုပ်ပါဘူး ..၊ ဒီလူက လူကောင်းတစ်ယောက်ပါ၊ ဒါပေမယ့် မြင့်မိုရ်ဦး ရဲ့ ညွှတ်ကွင်းမှာ မိသွားကာမှ သူက အရုပ်တစ်ရုပ်လိုပါ၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေလည်း မဆင်ခြင်နိုင်တော့ဘူး၊ သူ မှားပြီဆိုတဲ့ အသိတစ်ခုနဲ့ သူပဲ မှားနေလို့ ခေါင်းထိုးခံလိုက်တာ၊ သတ္တိမဲ့တာတော့ မဟုတ်ဘူး ထင်ပါတယ်၊ လူရိုးလူကောင်းတွေရဲ့ အားနည်းချက်က သူတို့ရဲ့ဂုဏ်သိက္ခာကို အသက်ထက် တန်ဖိုးထားကြတာလေ ..''

''ကျွန်တော်ကတော့ အစ်မ မြင့်မိုရ် ကိုပဲ လေးစားတယ်ဗျာ ..''

''ဘာ!...''

''ဩော် .. ဒီလိုပါ ..၊ အစ်မက ကူညီခဲ့ပေမယ့် တကယ် ဆွဲဆောင်ရတာက သူပဲလေ ..၊ ကျွန်တော် သူ့လိုလူမျိုးကို စောစော မတွေ့လိုက်ရတာ နာတယ် ..''

''တော်စမ်းပါကွာ ..၊ သူ ဆွဲဆောင်တာ မဟုတ်ပါဘူး၊ ငါ့လူတွေ ဆည့်ပြီး ငါ ရွှေ့တဲ့အကွက်တွေပေါ်မှာ သူ့မျက်နှာ ပြရုံပါပဲ၊ အဲဒါတွေ ငါ ခုမှ နောင်တရတယ်၊ ကိုမိုးဆောင်း ကို အရက်မူးအောင်တိုက်ပြီး သူနဲ့ရှိနေတဲ့ အခန်းထဲကနေ သေးအခန်းကို ပြောင်းခဲ့တာ ကောင်မလေးနဲ့ ထင်ယောင်ထင်မှားတွေလုပ်ဖို့ ယုတ္တိရှိအောင် မျက်လှည့်ပြခဲ့ရတာ၊ အဲ့ဒါတွေက ငါ့ရဲ့လုပ်ကွက်တွေ၊ ငါကိုယ်တိုင် ကြံ၊ ငါပဲ ဝင်လုပ်ပေးရတာ ..''



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအတွက် အစ်မက ဘာရမှာမို့လို့လဲ .."

"အစကတော့ကွာ .."

ဒေါ်နီလာဦး အားလုံးကို အိတ်သွန်ဖာမှောက် ပြောပြပြီးမှ ဒေါ်သဲတွေအစား နာကြည်းသော ယူကျုံးမရခြင်းတွေ အဖတ်တင်လာကာ..

"ကိုယ့်အစ်မကို အဲဒီလောက် ယုတ်မာလိမ့်မယ် မထင်ခဲ့တာ အမှန်ပဲ၊ ငါ့ကိုက မေ့လျော့ခဲ့တာပါ၊ ငါက သူ့ညီမအရင်းမှ မဟုတ်ဘဲ"

"ဟုတ်တယ် .. ဒါပေမယ့် အစ်မက သူ့ထက်မိုပြီး ဉာဏ်ပြေးတာပဲ .."

သူ နည်းနည်း ပင့်ပေးလိုက်တာနှင့် ဒေါ်နီလာဦး မျက်နှာမှာ မာန်မာနတို့နှင့် အရောင်ပြန်တက်လာ၏။

"ငါကလည်း ဒါတွေကို လက်လျော့လိုက်ပြီလို့ မင်း ထင်လို့လား၊ ကောင်းကင်က ဂြိုဟ်နက္ခတ်တွေကို မော့ကြည့်ပြီး အချိန်တွေကို ရေတွက်ပြီး စောင့်နေတဲ့ နှန်းကျဘုရင်လိုပေါ့၊ ငါ့အတွက် ကံကောင်းမယ့်အချိန် မရောက်သေးလို့ .."

"အင်းပေါ့လေ .. ဒီကိစ္စက ရှုပ်ထွေးမှု ရှိနေတာပဲ၊ ရှင်းလိုက်ရင် အစတစ်ဖက်တော့ ပေါ်လာမှာပဲ၊ ကျွန်တော်ကတော့ ဘယ်သူ ဘယ်ကိစ္စတွေပဲပေါ်ပေါ် ဘာအကျိုးအမြတ်မှ မရနိုင်တော့ပါဘူး.. အပွန်း.."

မချိသွားဖြဲရယ်ရင်း လက်လျှော့တော့မယ့်မျက်နှာနှင့် ခဏပဲ အသက်အောင့်ရင်း စောင့်နေလိုက်ရသည်။ ဒေါ်နီလာဦး ဟွန့်ခနဲ မဲ့၍..

"အကျိုးအမြတ် ဘာလို့ မရနိုင်ရမှာလဲကွ၊ မင်းက နောက်ကျခဲ့တဲ့ လူ .. ငါက ခလုတ်တိုက်လို့ ဘေးရောက်သွားတဲ့လူ..၊ မင်းနဲ့ငါ လက်ချင်းဆက်မိရင် သူတို့ရှေ့ကနေ ဖြတ်တားလိုက်လို့ ရတယ် .."

"ဘယ်လို .."

"ငါ ကူညီမယ် ..၊ မင်း ဘာလုပ်ရမယ်ဆိုတာသာ စဉ်းစား .."

ထိုအဖြစ်နှင့်ပတ်သက်၍ သူ သက်သေတွေ .. အဖြစ်အပျက်တွေ





အများကြီး စုဆောင်း ကြားသိခဲ့၏။ ကိုယ်က စလိုက်ပြီဆို အဆုံးသတ်နိုင်ဖို့အထိ သူ အစအဆုံး လိုက်ခဲ့သည်။

အများတကာ ရှေ့မှာ ဖော်ပြနိုင်ပြီဆိုမှ ...

"ကျွန်တော် ပြောပြတာတွေ ရှင်းပါတယ်နော် .."

အားလုံး တိတ်ဆိတ်နေကြသည်။ ပြီးတော့မှ ဦးအံ့မိုး က တဖြည်းဖြည်း ထရပ်သည်။ ဒေါ်မြင့်မိုရ်ဦး ကပါ စားပွဲမှာ လက်တင်ရင်း ဂရုမစိုက်စွာ ထရပ်လိုက်ကာ ...

"မင်း ပြောသွားတာတွေက ယုတ္တိတော့ရှိတယ် ဒီဒေး ..၊ လူငယ်တစ်ယောက်ဖြစ်ပေမယ့် မင်းရဲ့ စေ့စပ်သေချာမှုတွေကလည်း အံ့သြလောက်ပါတယ်၊ ဒါပေမယ့် မင်းမှာ ဘာသက်သေရှိသလဲ၊ သက်သေပြနိုင်အောင် မင်း ကြိုးစားဦးမယ်ဆိုလည်း ကုမ္ပဏီကို လွှဲအပ်ကြောင်း သဘောတူစာချုပ်က ငါ့လက်ထဲ ရောက်နေပြီ .."

ဒီဒေး က ထရပ်လိုက်တော့ သုံးယောက်က တြိဂံပုံ ဖြစ်သွားသည်။

"စာချုပ်တွေထဲမှာ အဆောက်အဦဖြစ်လာမှာမှ မဟုတ်တာ ဒေါ်မြင့်မိုရ်ဦး .. ဒီကုမ္ပဏီကို ဖြိုချ ဖျောက်ဖျက်ဖို့အတွက် အဆင့်တွေ ကျန်ပါသေးတယ်၊ အဲဒီတော့ .."

အားလုံး မျက်နှာပျက်ကုန်ကြသည်။ ဒေါ်မြင့်မိုရ်ဦး မျက်နှာမှာ မာယာတို့နှင့် အပြုံးတွေ ရှိနေဆဲပေမယ့် ဦးအံ့မိုး ၏မျက်နှာမှာ သွေးတွေ ပေါက်ထွက်တော့မလို နီမြန်း တုန်ယင်လာ၏။

ဒီဒေး က မျက်နှာအားလုံးကို အေးဆေးသည့်မျက်ဝန်းတို့နှင့် ဝေ့ကြည့်သည်။ ပြီးမှ ခါးအနည်းငယ်ညွတ်၍ စားပွဲမှာ လက်နှစ်ဖက် ထောက်လိုက်ကာ ...

"ဒီပရောဂျက်ကို အဆုံးသတ်ဖို့ ကျွန်တော် ခွင့်မပြုနိုင်တဲ့အကြောင်းနဲ့ .. ကုမ္ပဏီနဲ့ ဦးမိုးဆောင်း ရဲ့ဂုဏ်သိက္ခာကို ပြန်ပေးဖို့ ပြောရစေ.."



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ ..။

လူကြီးတွေ မျက်နှာထက်မှာ အချိုးတူ ပြင်းထန်သည့် ဒေါသများနှင့် ဖြစ်နေကာ ဒီဒေး ကို ချက်ချင်း ထိုးခုတ်သတ်ဖြတ်တော့မလို လက်သီးတွေ ဆုပ်ထားကြ၏။

ဒါကို မကောင်းမှုမှန်း သူတို့ မသိဘဲနေမလား ..။ သူများတကာ အပေါ် မကောင်းကြံစည်ရတာကို ပျော်လွန်းလို့ ဝါသနာတကြီး ကျူးလွန်ခဲ့ကြတာလည်း မဟုတ် ..။

ဒါပေမယ့် သူများထက်ဦးဖို့ .. သူများထက် ထူးဖို့အတွက် အခက်အခဲဖြစ်နေတဲ့ နောက်ဆုံးထစ်ကို ဒီနည်းနဲ့ ဖြိုချမှပဲ ဖြစ်မှာ .. ဘယ်လို လုပ်ရမလဲ ..။

မကောင်းမှုမှန်း သိပေမယ့် တစ်ဖွဲ့လုံး မျက်လုံးစုံမှိတ်၍ ကျူးလွန်ခဲ့ကြရတာ အားလုံးက အောင်မြင်စွာ ပြီးဆုံးခဲ့ပြီ။ ခုကျမှ မလောက်လေး မလောက်စား လူငယ်တစ်ယောက်က သူတို့အားလုံးကို လက်ညှိုးထိုးခဲ့ပြီး ...

"နောက်တစ်ချက်က .."

"နေဦး .."

ပြဿနာပေါ်မှာ ခေါင်းဆောင် ကိုင်တွယ်ခဲ့သည့် ဦးအံ့မိုး ကပဲ မာထန်စွာ ကြားဖြတ် တားဆီး၍ ...

"ငါတို့တွေ အလုပ်လုပ်ကြရင်း အမှားတစ်ခုကို ကျူးလွန်ခဲ့တယ် ဆိုရင် မင်းကိုယ်မင်း အခု ကျူးလွန်နေတဲ့အမှားကို ဘာအတွက်ဆိုတာ ပြစရာရှိလား .."

"ဟုတ်တယ် ..၊ ဒီပရော့ဂျက်ရဲ့ ဒါရိုက်ရှင်က အားလုံး အကျိုးအမြတ်ရကြဖို့ပဲ၊ မင်း ဒါကို လူတတ်ကြီးဝင်လုပ်နေတာ ဘာအတွက်လဲ ..၊ မင်းအဖေက ရှယ်ယာအများဆုံးဝင်ထားတာ .. ဒါကို သူ ဇာတ်ညွှန်းရေးတာ မဖြစ်နိုင်ဘူး .."





"တစ်ခုကို ရှင်းနေတာ မပြတ်သေးဘူး အန်ကယ်လ်..၊ ကျွန်တော် မေးစရာတွေလည်း ရှိသေးတယ်၊ အဲဒါကြောင့် အန်ကယ်လ်တို့ရဲ့ နောက်ထပ်မေးခွန်းတွေကို မဖြေနိုင်ဘူး .."

"ဘာကွ!..."

"ဟေ့ .. ဒီမှာ ..၊ မင်းကို ငါတို့က ကိုအောင်ချိန့် သား ဆိုပြီး အန်ဘာဝင်အဖြစ်နဲ့ပဲ ထားသေးတာနော် .."

"အန်ကယ်လ်မိုး .."

ဦးအံ့မိုး ပါးစပ်ပြင်နေပြီးမှ ပြန်ပိတ်သွား၏။

"ကျွန်တော့်ကို ကုမ္ပဏီမှာ လိုအပ်တာ မလိုအပ်တာထက် ကျွန်တော် ထွက်သွားရင် ကလီးယားကွန်စထရပ်ရှင်ကြီး ကလီးယားနဲ့ ကျန်ခဲ့နိုင်ပါ့မလားဆိုတာ ပိုအရေးမကြီးဘူးလား ..၊ ဦးမိုးဆောင်း ကို အားလုံး ချုပ်ကိုင်ထားခဲ့ကြသလို ဒီကုမ္ပဏီရဲ့အနာဂတ်မှာ ထမ်းပိုးပါသွားမယ့် ဂုဏ်သိက္ခာတွေက ကျွန်တော့်လက်ထဲမှာနော် .."

"ဟေ့ .. ငါတို့ကလည်း ဂုဏ်သိက္ခာကို အသက်နဲ့ လဲသွားမယ် ဆိုရင်ရော .."

ဒီဒေး က မဲ့လိုက်သည်။

"လူသေသွားတာနဲ့ အဲဒီလူရဲ့နာမည်ပါ သေသွားတာ မဟုတ်ဘူး၊ သူ့ရဲ့ ကောင်းခြင်း မကောင်းခြင်းတွေက ကျန်ခဲ့မှာ .."

"သိတယ် .. ငါတို့အသက်ကို ငါတို့ မစွန့်လွှတ်ပါဘူး၊ မင်းကိုယ်မင်း ဘယ်ဘဝရောက်နေသလဲဆိုတာ ပြန်စဉ်းစားဖို့ပဲ လိုတာ .."

"ဟား .. ဟား .. ဟား ..."

လူကြီးတွေရှေ့မှာ လေးစားသမှုနှင့် ခံညားစွာ နေခဲ့ရသော ဒီဒေး ၏ ဂျစ်ကန်ကန် အရွတ်ဆန်တတ်သည့်မျက်နှာ ပြန်ပေါ်လာခဲ့၏။

"အောက်ကနေပြီး ကြောက်ပြီလား ပြန်အော်သေးတယ် ဦးအံ့မိုး၊ ဘာလဲ .. သွေးရူးသွေးတန်းဖြစ်ပြီး စကားတွေ မှားကုန်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... ပြောတယ်ကွ .."

"ခင်ဗျား ဖွင့်ဟခြိမ်းခြောက်လိုက်တဲ့အတွက် ထပ်မှားပြန်ပြီ၊ ဒီ တစ်ခန်းလုံးကို ချိန်ထားတဲ့ ကင်မရာ ရှိတယ် .."

"ဟင်!..."

အားလုံး မော့ကြည့်လိုက်မိကြ၏။

မျက်နှာကြက် မီးဆိုင်းကြီး၏အလယ်ထဲမှာ ရှိနေသည့် တင်မရာ လေးက သူတို့ကို ပြုံးပြုံး ငုံ့ကြည့်နေသလိုပင် ..။

"ခုဆိုရင် တီဗွီရှေ့မှာ ကျွန်တော့်လူယုံတွေလည်း ထိုင်ကြည့်နေ မှာပဲ .."

"မင်း .. မင်း ဘာလုပ်တာလဲ ဒီဒေး .."

"စကားဆိုတာ ပြောတိုင်း ရပေမယ့် ပြောပြီးတဲ့စကား တည်ဖို့ လိုတယ်လေ၊ ကျားကို နှိုးချင်ရင် အမြီးသွားမဆွဲရဘူးဆိုတာလောက် တော့ ကျွန်တော် သိတာပေါ့၊ ခင်ဗျားတို့လို လူတွေကို အလွယ်တကူ ပုဒ်မ တပ်ဖို့ဆိုရင် ကိုယ့်ဘက်က ဒါတွေ မသိလို့ မရဘူး .."

"တောက်!..."

"မင်း .. မင်း .. တောက်!... ကွာ .."

မချိတရိ တက်ခေါက် လက်သီးဆုပ်ကုန်ကြသည်။ ဦးအုံ့မိုး အံ ကြိတ်လျက် လက်တကာကာနှင့် တစ်ခုခုကို ပြောဖို့ ကြိုးစားနေ၏။

ကတုန်ကယင် နီရဲနေသည့်မျက်နှာကြီးက ပါးတွေ ပြူတ်ကျကုန် တော့မလောက်ရှိကာ စကားလုံးတွေကတော့ ဘာမှ ထွက်မလာနိုင် သေး ..။

"မင်း .. .."

အသက်ရှူလိုက် .. လက်ညှိုးထိုးလိုက်နှင့် တော်တော်ကြာမှ --

"မင်း ထင်သလိုလုပ်လို့ မရဘူး ..၊ ဒီ .. ဒီကုမ္ပဏီကြီးရဲ့ အဓိက ဦးဆောင်ဒါရိုက်တာ သုံးဦးနေရာမှာ မင်းအဖေက ထိပ်ဆုံးက .."





"ငါးခုံးမတစ်ကောင်တည်းနဲ့ တစ်လှေလုံးပုပ်တာ ဟိုဘက်ခေတ် တွေမှာ ကျန်ခဲ့ပြီ ဦးအုံ့မိုး..၊ အခု အဲဒီလို မဖြစ်တော့ဘူး၊ ခြေမ မကောင်း ခြေမ .. လက်မ မကောင်း လက်မ .."

"မဟုတ်သေးဘူး .. အဲ့ဒါ .."

"ကျွန်တော့်ဘက်က အဲဒီလောက်ထိ မရည်ရွယ်ဘူး ဦးအုံ့မိုး .."

"ဟင်!..."

အားလုံး တအံ့တသြတွေ ဖြစ်ကုန်ပြန်၏။ ဒီဒေး က ပင့်သက် ရှိုက်၍ စားပွဲပေါ်မှာ လက်ချောင်းထိပ်တွေနဲ့ ခပ်ဖွဖွ ထောက်ကာ ...

"ဦးမိုးဆောင်း ရဲ့ကုမ္ပဏီနဲ့ သူ ကျဆင်းနေတဲ့ ဂုဏ်သိက္ခာကိုပဲ ကြည်ဖြူစွာ ပြန်ပေးပေးပါ၊ ကလီးယားကွန်စထရပ်ရှင်က ဒီတိုင်း ရပ် တည်ကျန်ခဲ့လိမ့်မယ် .."

လက်ခံရတော့မလိုလို .. ခေါင်းခါရဦးမလိုလိုနှင့် အသံတိတ်မျက် လုံးတွေ ဆုံစည်းကုန်ကြ၏။ သူတို့ ပြန်လည် စွန့်လွှတ်ရမှာတွေက နည်းနည်းနောနော မဟုတ် ..။

ဒါ့အပြင် ကလီးယားကွန်စထရပ်ရှင်ရဲ့ လုပ်ရပ်တွေက လုံးဝ အစမပေါ်ဘဲ ဒီတိုင်း ကျန်ခဲ့မယ်ဆိုတာရော ဘယ်လို သေချာမှာလဲ..။

"မင်းအဖေလည်း နာမည်ပါတယ်ဆိုတဲ့ စကား ထပ်ပြောပြီး ခြိမ်း ခြောက်နှုတ်ပိတ်ဖို့ မကြိုးစားနဲ့နော်၊ ကျွန်တော် ကလီးယားကို ဒုက္ခ မပေးတာ ဖေဖေနဲ့ မဆိုင်ဘူး၊ ဆိုင်တယ်ထင်ရင်တော့ လုပ်ကြည့်ပါ၊ ကျွန်တော် နောက်ထပ် အခွင့်အရေးပေးမှာ မဟုတ်ဘူးဆိုတာ ကြိုပြော ခဲ့မယ် .."

ဒီဒေး အားလုံးကို ကျောခိုင်း၍ ရဲဝံ့စွာ ထွက်ခဲ့သည်။ တံခါးဝကို ရောက်နေမှ သူ့နောက်မှာ ဒေါက်ဖိနပ်သံ တဒေါက်ဒေါက် အပြေးတစ် ခိုင်း ပါလာတာကို သတိထားမိပြီး လှည့်ကြည့်လိုက်၏။

"ဒီဒေး .."



www.burmeseclassic.com

www.burmeseclassic.com



"ပြော .."

ဒေါ်မြင့်မိုရ်ဦး က အရှိန်မထိန်းနိုင်သလို ဒီဒေး ရဲ့ပခုံးတစ်ဖက်မှာ သူ့မရင်ဘတ်နဲ့ မထိတထိ ကပ်မိသွားပြီးမှ နောက်ပြန်ဆုတ်၏။

ပြီးမှ မဲ့ပြုံးနှင့် စိုက်ကြည့်ကာ ...

"မင်းကို ငါ အရမ်းသဘောကျတယ် ."

"ခင်ဗျားကတော့ သဘောကျစရာ မရှိပါဘူး .."

"အဟွန်း .. ဒီနေ့ မင်း ရွှေ့တဲ့ အကွက်ဆန်းတွေကို မှတ်ထားဖို့ လာပြောတာပါ၊ နောက်ထပ် ငါနဲ့ ရင်ဆိုင်မိရင် မင်း ဒုက္ခရောက်မှာ စိုးလို့ .."

"ဟွန့် .."

"တစ်ကွက်ကောင်းပဲ တတ်ထားတဲ့သူက သူများက တခြားအကွက်ရွှေ့လိုက်ရင် ငုတ်တုတ်မေ့ ကျန်ခဲ့မှာလေ ..၊ ပြီးတော့ ငါက လက်နက်မုန်းပစ်တဲ့နေရာမှာ ကျွမ်းကျင်တယ် .."

ပြောပြီးတာနှင့် ဒီဒေး ကို ဘာမှပြောခွင့်မပေးတော့ဘဲ နောက်ပြန်လှည့်သွား၏။

ဒီဒေး မျက်မှောင်ကုတ်သွားကာ ထိုကျောပြင်ကို စိုက်ကြည့်နေသေးသည်။ ပြီးတော့ မျက်နှာပြန်လွှဲ၍ နှုတ်ခမ်းတွေ မသိမသာ တွန့်မဲ့သွား၏။

ဘယ်သူက ဂရုစိုက်နေလို့လဲ ..၊





## အခန်း (၉)

"ဂရုမစိုက်လို့ မရဘူး သား ..၊ ပတ်ဝန်းကျင်ဆိုတာ လူတစ်ယောက်အတွက် ကောင်းမွေဆိုးမွေတွေ အများကြီး ပေးနိုင်ဆုံးပဲ၊ သူတို့ မိသားစု ဘယ်လိုရှုပ်ထွေးနေတယ်ဆိုတာ သူတို့ ဘယ်လောက်ထိ ဖုံးထားနိုင်မှာလဲ ..၊ ပတ်ဝန်းကျင်က ဆိုးမွေပေးတာ မဟုတ်ဘူး၊ သူတို့ မကောင်းလို့ အဆိုး သတ်မှတ်ခံရတာ ..၊ အဲဒါကို မင်းက ဖေးမလက်တွဲဖို့ မလိုဘူး .."

ဒေါ်နီနီခင် က သားချစ် စောဒက မတက်ရဲအောင် မျက်နှာကို တင်းထားတာထက် ပိုတင်းသည်။ လေသံကို ရာဇသံတစ်ရပ်လို ပြတ်သားစွာ စီရင်၏။

"ကာလ နဲ့ ငါ သဘောမတူဘူး .. ဒီစကားကို ပြောချင်နေတာကြာပြီ၊ ဒါပေမယ့် သားတို့က ရိုးရိုးပါဆိုတဲ့စကားနဲ့ ကာမှာစိုးတယ်၊ ပြောလိုက်မှ သတိပေးသလို ဖြစ်သွားမလားလည်း တွေးရတယ်၊ အဲဒါကြောင့် မင်း ပြောလာတဲ့အထိ စောင့်နေခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



သားချစ် မျက်နှာက မရွှင်မပျ ရှိနေကာ ...

"အန်တီသင်း ,တို့ သားအမိ ပြောတဲ့ စကားတွေနဲ့ ပြီးပြည့်စုံမသွားပါနဲ့ မေမေရာ ..၊ ကာလ နဲ့ ဖူးဖူး တို့က ရှယ်တူ အပြိုင်အဆိုင် မိန်းကလေးတွေ၊ ဖူးဖူး ကလည်း ဘယ်တုန်းကမှ ကာလ ကို ယှဉ်နိုင်ခဲ့တာ မဟုတ်ဘူး .."

"မေမေ သိတယ် ..၊ ဖူးဖူး မပြောနဲ့ ဘယ်မိန်းကလေးမှ ကာလထက် ချောပါတယ်လို့ ပြောရလောက်တဲ့အထိ ပြီးပြည့်စုံအောင် လှနေတာ မရှိသေးဘူး၊ ကိုယ်လုံးကိုယ်ပေါက် လမ်းလျှောက်ပုံ ဘယ်လိုကြည့်ကြည့်- လှနေတာ ..၊ မျက်နှာတစ်ခုလုံး ပြုံးနေနေ မဲ့နေနေ ကြည့်လို့မရိုးအောင် လှတာ .. အဲဒါ ဆောင်းကာလ ပဲ .."

"ပြီးတော့ သူတို့မိသားစုက လူကုံထံအဆင့်အတန်းတွေပါ၊ အခုစီးပွားရေးကျတာလည်း .."

"လူကုံထံဖြစ်တိုင်း စာရိတ္တကောင်းကြသလား၊ စီးပွားရေးဆိုတာကရော နိမ့်တာမြင့်တာ သဘာဝရှိသဘောပဲ၊ မေမေ အခုပြောနေတာ အဲဒါတွေ မပါသေးဘူး သားချစ် ..၊ သူ့အဖေရဲ့ ဂုဏ်သိက္ခာမဲ့တဲ့ သတင်းဆိုးတွေ .."

"အဲဒါတွေ လျှောက်ဖွနေတာ မေမေ၊ ဘယ်သူမှ ဟုတ်သလားမဟုတ်သလား သေချာမသိဘူး၊ သူတို့အိမ်ထောင်ရေး အဆင်မပြေဖြစ်လာတည်းက လူတွေ လျှောက်ပြောနေကြတာ .."

"မီးခြိမ်းသံ မကြားဘဲ မီးကြီးပစ်သွားပြီ ပြောလို့ မရဘူး၊ သမင်မှန်း .. ကျားမှန်း သေချာမသိရင်တောင် ခြေရာမတွေ့ဘဲနဲ့တော့ ခြသော်ကြီးပါလို့ ပြန့်ကားပြောလို့ မရဘူး၊ အေး .. မင်း ပြောသလို ထားပါဒါပေမယ့် ဥတော့ ဥပဲ သား .. ဘာဥ ဥသွားမှန်း မသိသေးလို့ .."

"သားကတော့ အန်ကယ့်လ်ကို လေးစားနေဆဲပဲ ..၊ ယောကျ်ားမှို့ ဒီလိုကိစ္စမျိုး ရှိခဲ့ရင်တောင် ကိုယ့်မိသားစုကို မငဲ့ဘဲ ဆုံးဖြတ်ရလောက်





အောင် ပျက်စီးနေတာ မဖြစ်နိုင်ဘူး .."

ဒေါ်နီနီခင် က သားဖြစ်သူမျက်နှာကို စိတ်ပျက်သည့်အကြည့်တွေနှင့် စိုက်ငေးနေကာ ...

"ဒါဆို မင်းက ဖူးဖူး ကို စိတ်မဝင်စားနိုင်ဘူးဆိုပါတော့ .."

သားချစ် က ငြိမ်နေ၏။

"မရဘူး သား ..၊ ဒီလို မိသားစုထဲကို သားကို အရောက်မခံနိုင်ဘူး၊ ပြီးတော့ မေမေ မြင်နေရတာ ဒီကောင်မလေးကို သား အလိုလိုက်ရလွန်းတယ်၊ ခုမှ မဟုတ်ဘူး .. ဟိုး ငယ်ငယ်တည်းက မင်းချည်းပဲ အလျှော့ပေး ချော့မော့လာခဲ့ရတာ .."

"ဒါကတော့ .."

"ငယ်နိုင်ဆိုတာ သေတဲ့အထိ နိုင်သွားကြတာပဲ၊ နောက်ပြီး ကိုယ်က ဦးဆောင် ရှာဖွေ ကျွေးမွေးရမယ့်ယောကျ်ား ဖြစ်နေပြီး မိန်းမဖြစ်တဲ့သူက နင်တစ်လုံး ငါတစ်လုံး နိုင်စားနေမှာလည်း မကြားချင်ဘူး"

"မေမေရာ .."

"ဒါလေးများလို့ ပြောချင်လို့လား ..၊ သားရှင်မိဘတွေရဲ့ ရင်ဘတ်ထဲကို မင်း မမြင်ပါဘူး သားချစ် ရယ် .. ကိုယ် မွေးလိုက်ပေမယ့် သူများက အသာလေး ကောက်ယူ အပိုင်စီးသွားတာ ဒါက သဘာဝတော့ သဘာဝပဲ၊ ဒါပေမယ့် သဘာဝကြီးကို ထိုင်အရှုံးပေးနေရတဲ့ကြားထဲ ကိုယ့်သားလေးကို အဲဒီ ချွေးမဆိုတဲ့ တစိမ်းမိန်းမက ပြုစု ကြင်နာမနေဘဲ ဗိုလ်ကျ အနိုင်ယူနေရင် မင်း တွေးကြည့်စမ်း .."

သားချစ် ဘာမှမပြောချင်တော့ဘဲ အခန်းအောင်းနေခဲ့မိတာ မိုးချုပ်ကာနီးမှပဲ အပြင်ထွက်ဖို့ စိတ်က ဖြစ်၏။

အပြင်ရောက်တော့လည်း ခြေထောက်တွေက ကာလ ရှိတဲ့ဆီကိုပဲ ဖြစ်နေကာ ...

"သား .."



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ လျှောက်လာရင်း ဘေးမှာ ကားတစ်စီးရပ်သွား
ခေါ်သံကြောင့် လှည့်မကြည့်ရဘဲ မေမေမှန်း သိလိုက်၏။

"ခေါင်းငိုက်စိုက်နဲ့ ဒါက ဘယ်ကိုလဲ .."

"မေမေ .. ဟို သား .."

"ကာလ ဆီ သွားမလို့မို့လား .."

"မေးစရာ ရှိလို့ပါ၊ သင်တန်းမှာ သားတို့ .."

"ဘာကိစ္စတွေပဲရှိရှိ သား တွေ့မှာ မဟုတ်ဘူး .."

ဒေါ်နီနီခင် က ကားထဲကနေ ကိုယ့်သားပုံစံကို ခြေဆုံးခေါင်း
ကြည့်၍ ...

"ကားပေါ်တက် ..၊ သူ ဘယ်မှာရှိတယ်ဆိုတာ ဒီကနေ လှမ်း
လို့ မကောင်းဘူး .."

မတက်ချင်ပါဘူး ပြောလို့လည်း ရတော့မှာ မဟုတ်သဖြင့် သား
ကားထဲရောက်သွားသည်။ ဒါပေမယ့် မေမေ ပေးမယ့် သတင်းကို န
မထောင်ချင် ..။

"မောင်းတော့ ချစ်ဦး .."

ဒေါ်နီနီခင် က ဘေးမှာ သားချစ် ပါလာမှ စိတ်ချမ်းသာသွားသ
မျက်နှာနှင့် ...

"ကိုမိုးဆောင်း က အမျိုးသမီးတစ်ယောက်နဲ့ ရပ်စထုရန့်တ
ထဲမှာ ရှိနေတယ်၊ ကာလ နဲ့ သူ့အမေတို့က ဆလွန်းကားစုတ်လေး
နောက်မှ ရောက်လာတယ်လေ .."

"မေမေက ဘယ်မှာရှိနေလို့ မြင်တာလဲ .."

"မေမေက အဲဒီ ရပ်စထရန့်ထဲမှာပေါ့၊ ကိုမိုးဆောင်း ဝင်လာ
တည်းက မြင်တယ်၊ ဒါပေမယ့် တစ်ယောက်တည်း ဝင်လာတာ၊ ရပ်ရှ
မင်းသမီးရှုံးအောင် ပြင်ထားတဲ့ အမျိုးသမီးက နောက်မှ ဝင်သွားတာ-

"အဲဒါ အန်ကယ့်လ်ဆီကို သွားတာပါလို့ မေမေက ဘယ်လိုလု





သိလိုက်တာလဲ .."

"မေးခွန်းတွေက မေမေ့ကို တရားခံရှာဖို့ချည်းပဲလား သား .."

"မဟုတ်ပါဘူး ..၊ အဲဒါမျိုးနဲ့ သားက ကြုံချင်တာ .."

"လက်တွေ့မြင်ရမှ ယုံချင်တယ်လို့ ပြောတာလား ..၊ မေမေ
ပြောတာကို .."

"ဟာ!... မဟုတ်ပါဘူး မေမေရာ .. သူ့အမေ အရမ်း စိတ်ညစ်
နေတယ်လို့ ကာလ က ပြောထားလို့ပါ၊ သားတို့ထင်တာက အန်ကယ်လ်
အဲဒီလို ရှုပ်ထွေးတာမျိုး မဟုတ်ဘဲ လောင်းကစား ဒါမှမဟုတ် တစ်ခုခု
ဒီစီးပြီး စိတ်လေနေတာမျိုး ဖြစ်နေလားလို့လေ .."

"မေမေကတော့ အဲဒီလို မထင်ပါဘူး ..၊ ရပ်ရှင်ရေလျှံ ဘောစိလေး
ဖြစ်လာတာနဲ့ ခန့်ခန့်ကြီး ရှုပ်ပွေချင်လာတာမျိုး၊ မျက်နှာလေးတော့
ထူဖြေ့ဆည်မှာပေါ့ .. လူရှိန်အောင်လို့ .."

မေမေ ဘာဖြစ်လို့ ကာလ တို့ မိသားစုကိုမှ ရွေးကွက်ပြီး နှိမ်ချ
ချင်ရတာလဲ ..၊ မေမေ့စိတ်ရင်း အဲဒီလောက် မဆိုးတာကို သိထားတာမို့
ခုကျမှ ဘယ်လို နားလည်ရမှန်း မသိအောင် ဖြစ်မိ၏။

"ထားလိုက်ပါတော့ .. သား မေးထားတာကို မေမေ ဖြေပေးမယ်၊
အဲဒီရပ်စထရန့်က ကာလ တို့ ပြန်ဝယ်မလို့ စရန်တစ်ဝက် ဝင်ထားတာ
လေ .. သူတို့ အရှိန်ကောင်းနေတုန်းကပေါ့၊ အပေါ်ထပ် နှစ်ထပ်
ထပ်တင်ပြီး ဘေးချဲ့မယ် ..၊ မိုတယ်လောက်ဖြစ်အောင် တိုးချဲ့မယ်
ဘာညာ .."

"သားကို အဲ့ဒါတွေ ကာလ ဘာမှ မပြောဘူး .."

"မပြောပြနိုင်တာ နေမှာပေါ့ သားရဲ့ .. ယောကျ်ားတွေက အိမ်က
မိန်းမ မသိအောင် စီးပွားခွဲထုတ်ထားရတာကို ဝါသနာပါကြတယ်၊
ဒါမှ ဘာလုပ်လုပ် မိန်းမက မသိမှာပေါ့၊ ဒါကို သားရဲ့အမေ ပေါ်လို့
မေမေ့ကို ပြောပြခဲ့တာ၊ ခုတော့ ကျန်တဲ့ငွေလည်း မချေနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သွင်းထားတဲ့ငွေလည်း ဆုံးပြီ ထင်တာပဲ ..''

''ဒါ အဲဒီလောက် ဆိုးဆိုးဝါးဝါး ဖြစ်စရာ လိုလို့လား မမေရာ-

''မသိဘူးလေ ..၊ အဲဒီ ရပ်စထရန့်ကို ကိုမိုးဆောင်း ဘာ [illegible] ရောက်ရောက်နေတာလဲဆိုတဲ့ အကြောင်းရင်းပဲ သား သိအောင် မေ [illegible] ပြောပြတာ၊ သူ ပိုင်ဆိုင်ခွင့်ရှိထားတဲ့နေရာဆိုတော့ သူက ထဲထဲဝင် [illegible] ရောက်သွားတယ်လေ၊ အဲဒီ အမျိုးသမီးကလည်း အဲဒီလမ်းအတိုင်း [illegible] ဝင်သွားတာ ..''

သားချစ် မျက်နှာမကောင်းတာကို ကြည့်ပြီး ဒေါ်နီနီခင် က သ [illegible] ပြင်းချသည်။

''ကာလ နဲ့ သူ့အမေ ရောက်လာတော့ မေမေက ပြန်ထွက်လ [illegible] ခဲ့ပြီ၊ အထဲမှာ ဘာတွေ ဆက်ဖြစ်ကြမလဲဆိုတာတော့ မပြောတတ်ဘူး- ဒီမှာ သား ..''

သားချစ် က မျက်နှာ မသာမယာနှင့် လှည့်ကြည့်၏။

''သူတို့စီးပွားရေး ပြန်ကောင်းလာသည်ဖြစ်စေ .. မကောင်းဘူ ဖြစ်စေ ကိုမိုးဆောင်း ဆိုတဲ့လူဟာ သား ပြောသလို ရှုပ်ပွေ ဖောက်ပြ [illegible] ခဲ့တဲ့သူ မဟုတ်ပါဘူးဆိုတဲ့ သက်သေပြချက်တစ်ခု ရှိလာရင် ကာလ နဲ့ သားကို မေမေ သဘောတူပေးမယ် ..''

''ဟွန်း ..''

သူ မချိတရိ ပြုံးမိသည်။

''မေမေ တကယ်ပြောနေတာ သား ..၊ သူတို့မိသားစုရဲ့ မကောင်း သတင်းတွေ သား မကြားချင်သလို သား မျက်နှာညိုတာကို ကြည့်ပြီး ပြောနေရတာ မေမေ့ ရင်ထဲမှာလည်း မကောင်းပါဘူး၊ ဒါပေမယ့် လက်ခံပေးလို့ မရတဲ့အပိုင်းကိုတော့ ဖျက်ချ ပြင်ဆင်မပေးနိုင်ဘူး ..''

''မေမေ ပြင်ဆင်မပေးနိုင်လောက်တဲ့အကြောင်းတွေ ဒီလောက်ထိ သက်သေနဲ့တကွ ပြခဲ့ပြီးမှ မေမေရာ ..''





''ဒါဆို သားက မေမေ့စကားကို နားထောင်တော့မှာလား ..''

''အဲလောက် ချက်ချင်းကြီးတော့ အဖြေမတောင်းပါနဲ့ဦး မေမေ ..၊ ကာလ ကို သား သနားတယ် ..''

''မေမေကတော့ သားကိုပဲ သနားတယ် ..''

''ဟင်!...''

''ကာလ က အရှမ်းလှတယ် .. သားက သူ့ဘေးမှာ ရွက်ကြမ်း [illegible]ကျိုလောက်ပဲလေ၊ ပြီးတော့ အချစ်စိတ်ဆိုတာ အထင်ကြီးလေးစားမှု [illegible]ကြောင့် ဖြစ်လာတာတွေပဲ များတယ်၊ သူ့မှ သားကို လေးစားသမှု [illegible]တာ ..၊ ပိုဆိုးတာက ကိုယ်နိုင်နေရတဲ့သူကို အထင်သေးတဲ့စိတ်က [illegible]ပြီးသား ..''

လူကြီးတွေ တွေးကြည့်ရင် ပြောကြည့်တာထက် မှန်တယ်ဆိုတာ [illegible]င်ထဲကို ဒိုင်းခနဲ ရောက်လာသည်။ ကာလ သူ့အပေါ်မှာ ဘာတွေလုပ် [illegible]းပေး အမြဲတမ်း အားမလိုအားမရ ရှုံ့မဲ့နေတဲ့ မျက်နှာ ..၊

''နင်ဟာလေ 'ပြောရင် မကြိုက်ဘူး ..''

''သည်းခံလွန်းတော့' ကြောက်တယ်တဲ့ ..''

''ငါ့သူငယ်ချင်းကို လူလည်တစ်ယောက်တော့ မဖြစ်စေချင်ပေ [illegible]ယ့် ..''

သူ မျက်နှာငုံ့လိုက်ရင်း မျက်လုံးတွေကိုပါ မှိတ်ထားလိုက်မိသည်။ ဒါတွေက အချစ်နဲ့ တကယ်ပဲ သက်ဆိုင်သလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"တောက်!..."

သွားလာတိုင်း ကားပျက်တာ ခဏခဏ ဖြစ်လာတော့ စိတ်ညစ်မိ၏။

တစ်ယောက်တည်း ဘာမှလည်း မလုပ်တတ် ..၊ အိမ်မှာ ဖေဖေ့ကိုပဲ ကားအကောင်းစားနဲ့ တခမ်းတနား သွားလာစေခဲ့ကာ မေမေနဲ့ ကာလ ကတော့ ဆလွန်းကားလေးကိုသာ စီးနေရတာ ပျက်လိုက် ပြင်လိုက် ...။

"ဟလို .."

ဖုန်းလာလို့ ကြည့်လိုက်တော့ သားချစ် ဆီက ဖြစ်နေသဖြင့် ...

"သားချစ် .. ငါ ကားပျက်နေလို့ .."

"ဘယ်မှာလဲ ..၊ ငါ ရွှေဂုံတိုင်နားမှာ ရောက်နေတယ် .."

"ငါ ပြည်လမ်းပေါ်မှာ .. နီးနီးမနီးနီး အခု လာခဲ့ဟာ ..၊ ငါ တစ်ယောက်တည်း ဘာလုပ်ရမှန်း မသိလို့ .."





"အေး .. လာမယ် .. အတိအကျ ပြော .."

သားချစ် ကားကို ချက်ချင်း ဦးတည်ချက် ပြောင်းလိုက်သည်။

ဒီကားနဲ့ ကာလ ကိုလည်း သူ ဘယ်လိုလုပ်ပေးရမှန်း မသိတော့ပါ ..။

ကားက အင်ဂျင်ကလည်း ကျနေပြီ ..၊ အပြစ်အနာအဆာတွေကလည်း များနေပြီ ဖြစ်၏။ ကားလဲပါလားဆိုတော့လည်း မစာမနာ ပြောရာ ကျဦးမည်။

သူမတို့မိသားစု စိတ်သောက .. လူသောကတွေနှင့် ခြိုးခြံချွေတာနေကြရတာ သိနေတော့ ခက်၏။

"သားချစ် .."

သူ့ကား ရပ်လိုက်တာနှင့် ကာလ မျက်နှာလေး လန်းသွားသည်။ ဆာတ်တော် မျှော်နေပုံလည်း ပေါ်ကာ ...

"လုပ်ပါ .. ဘာဖြစ်တာလဲ ကြည့်စမ်းပါ"

သားချစ် က ခေါင်းတစ်ချက်ကုတ်ကာ ...

"ဘာဖြစ်ပြီး ရပ်သွားတာလဲ .."

"စက်သံ တစ်မျိုးကြီးဖြစ်လာပြီး ငါ သတိထားမိလိုက်တာနဲ့ ဘန်းရပ်သွားတာ .."

ဖွင့်တော့ ဖွင့်ကြည့်နေပေမယ့် သူ သိသမျှ မှတ်သမျှလောက်မှာ ဘာအပြစ်မှလည်း မတွေ့ ...။

"ဘာဖြစ်တာလဲ ဟင် .."

"ငါလည်း မသိဘူးဟ .. တံခါးသော့ခ်တွေ ချခဲ့လေ၊ ဝပ်ခ်ရှော့သွတ်လိုက်လို့ ရတာပဲ၊ နင် ငါနဲ့ လိုက်ခဲ့ .."

"ဟဲ့ .. ဝပ်ခ်ရှော့က လာကြည့်တော့ ပိုင်ရှင်ရှိမနေရင် ပြောချင်သလို ပြော ..၊ တောင်းချင်သလို တောင်းသွားမှာပေါ့ .."

"မတောင်းပါဘူး ကာလ ရာ .. စိတ်ချရတဲ့ ဝပ်ခ်ရှော့တွေ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ..''

''စိတ်ချရတယ်ဆိုတာတွေပဲ .. ကွယ်ရင် ကွယ်သလို ချတာ၊ ပစ္စည်းမထည့်ရဘဲ ထည့်ရတယ် ပြော ..၊ အင်ဂျင်ဝိုင်မလဲဘဲ လဲတယ်ဆိုပြီး ဘူးခွံတွေ ပြ ..''

''ဟား ..''

''မဟားပါနဲ့ .. ငါ ထင်သားပဲ၊ နင့်ကို ခေါ်လိုက်ရင် သိပ်တော့ ထူးမှာ မဟုတ်ဘူးဆိုတာ ..''

ကာလ က ကားမှာ ဆောင့်ခနဲ နောက်ပြန်မှီကာ ပွစိပွစိ ရေရွတ်ရင်း ရှုံ့မဲ့နေသည်။ သားချစ် စိတ်တိုလာကာ သူမလိုပဲ ကပ်မှီလိုက်ရင်း ...

''ငါက ကားပြင်ဆရာမှ မဟုတ်တာ ..၊ ဖွင့်ကြည့်လိုက်တာနဲ့တော့ ဘယ်သိမလဲ ..၊ ငါ သိသလောက်က အားလုံး ကောင်းနေတာပဲ..''

''ဘာသိတာလဲ ..၊ ဖစ်တာဘူးထဲ ရေဝင်နေလား၊ အင်ဂျင်ဝိုင် ရှိရဲ့လား .. ဒါတွေ သိတာလား ..''

''ကာလ .. နင် ငါ့ကို နည်းနည်းပါးပါး အကောင်းပြောပေးဖို့ အစီအစဉ် မရှိတော့ဘူးလား ..''

''ပြောချင်စရာ ရှိလို့လား နင်က ..၊ ဘာဖြစ်ဖြစ် သားချစ် ရေလို့ တလိုက်ရင်း ပြုံးပြုံးပြဲပြဲ ရောက်တာပဲ ရှိတယ် ..''

''ပြုံးပြဲရောက်လာတာက နင့်အတွက် အမြင့်ဆုံး စိုးရိမ်မှုတ်နဲ့လေ ..၊ အဲဒီစေတနာတွေက အရေးမပါဘူးလား ..''

''ကဲ .. တော်ပါတော့ သားချစ် ရယ် .. ချစ်တာတွေ မေတ္တာတွေ အပိုပါလာပြန်ပြီ ..''

သားချစ် ရင်ထဲမှာ နင့်သွားသည်။

''နင်လည်း သွားစရာရှိတယ်မို့လား .. သွားလေ ..၊ ငါကတော့





ကား မထားခဲ့နိုင်ဘူး၊ ငါ့ကားက တံခါးတစ်ဖက်ကလည်း လော့ခ်ချလို့ မရဘူး၊ တစ်ဖက်ကလည်း မှန်တင်လို့ မရဘူး၊ အဲဒီတော့ ဝပ်ခ်ရှော့ ခေါ်ပေးရင် ရပြီ ..''

''ကာလ ရယ် .. ငါက နင့်ကို ဒီတိုင်းထားခဲ့ရမှာလား ..''

''မထားခဲ့တော့ ဘာလုပ်မှာလဲ ..၊ နင် ရှိနေတော့ရော ကားက ကောင်းသွားမှာမှ မဟုတ်တာ ..''

နောက်ထပ် မြားတစ်စင်း ပစ်စိုက်သွားသည်။ သားချစ် ကိုယ့်စိတ်ကို ဖြေသာအောင် ဖြေ၍ ...

''နင် မလိုအပ်ရင်လည်း ငါ စိတ်မချဘူး၊ အဲဒီတော့ ငါ့ကားကို နင် မောင်းသွား ..၊ ဝပ်ခ်ရှော့ရှိတဲ့နေရာ ငါ ပြောပြမယ်၊ ခေါ်ပြီး ပြန်လာပေါ့ ..''

''မလုပ်ပါနဲ့ သားချစ် ရယ် .. နင့်အမေက အပြင်မှာ သွားလာနေတာ နင့်ကားနဲ့ ငါ့ကိုများ မြင်သွားရင် မတွေးရဲဘူး ..''

ဒါလည်း ဟုတ်နေတာမို့ သားချစ် စိတ်ညစ်သွားသည်။

သူဟာ တကယ်ပဲ မိန်းကလေးတစ်ယောက်အတွက် ဘယ်လို အထင်ကြီး အားကိုးဖွယ်မှ မရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေခဲ့သလား ..။

သူငယ်ချင်း သို့မဟုတ် ချစ်သူ မိန်းကလေးတစ်ယောက် ရှိနေပြီဆိုရင် အဲဒီယောကျ်ားလေးမှာ တာတ်အပ်သော ညာရပ်တွေ ဘယ်နှစ်မျိုးလောက် ရှိနေသလဲ ..။

''မေမေ ..''

သူ့အတွေးတွေက ကာလ အသံလေးနဲ့ ရှေ့မှာရပ်သွားသည့် ကားကြောင့် ပြတ်တောက်သွားခဲ့ကာ ...

''အန်ကယ်လ် ..''

''သမီး ကားပျက်နေတာလား ..''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .. ဖေဖေ .."

ဦးမိုးဆောင်း ကားပေါ်က ဆင်းလာကာ စက်ဝန်းထဲကို တစ်ချက် ငုံ့ကြည့်ကာ ...

"ဘာဖြစ်သွားတာလဲ သမီး .."

"မသိဘူး ဖေဖေ ..၊ အသံကြီး တုန်လာပြီး ရပ်သွားတာ .. အဲ့ဒါ သားချစ် ကို ဖုန်းလှမ်းဆက်ပြီး ခေါ်ထားရတယ် .."

ဦးမိုးဆောင်း က သေချာ ထပ်ကြည့်နေပြီးမှ ...

"အပေါ်ယံဖြစ်တာတော့ မဟုတ်ဘူး ထင်တယ် .. ဖေဖေ ဘာမှ မတွေ့ဘူး၊ တော်သေးတာပေါ့ သမီးရယ် .. သားချစ် ရောက်လာပေးလို့ .."

ပြောပြီး သားချစ် ရဲ့ကားကို လှည့်ကြည့်ကာ ...

"ဒီကားနဲ့ ဝပ်ခ်ရှော့ သွားခေါ် ရတဲ့ဟာကို .."

"သား ပြောပါတယ် ..၊ ကာလ က ကားနားကကို မခွာဘူး ဖြစ်နေတာ .."

"နင်နော် ..၊ မဟုတ်ဘူး ဖေဖေ .. ကားက လော့ခ်တွေ အစုံ မကျဘူး၊ မှန်တွေလည်း ပျက်နေလို့ ထားခဲ့ရမှာ ဘယ်လိုလုပ်မလဲ.."

ဦးမိုးဆောင်း က သမီးခေါင်းလေးကို ချစ်စနိုးပုတ်၍ ပြုံးလိုက်ကာ ...

"သမီးကို ဖေဖေ ကားလဲပေးဖို့ စဉ်းစားနေတာ၊ အခု မဖြစ်မနေ လဲပေးမှ ဖြစ်တော့မယ် .."

"ဟာ .. ဒါလည်း စီးလို့ရနေတာကို ဖေဖေကလည်း အပိုပစ္စည်း အတွက် ခေါင်းရှုပ်မခံပါနဲ့ ..၊ သမီးက ဒီကားရောင်းလိုက်ပြီး ပိုက်ဆံကို တစ်နေရာမှာ သုံးဖို့တောင် စဉ်းစားနေတာ ..၊ တစ်သက်လုံး ကားစီး ရတာ တော်ပါပြီ၊ လိုင်းကားစီးတော့ ဘာဖြစ်တာ မှတ်လို့ .."

သားချစ် မျက်နှာ ပျက်သွား၏။





ကာလ တကယ် စိတ်ကူးနေပြီဆိုရင် ဖြစ်အောင်လုပ်တော့မှာကို သူ သိနေသည်။

"မဟုတ်တာ သမီးရယ် .. ကောင်းသထက် ကောင်းတာတွေ သုံးနေကြတဲ့ခေတ်ကြီးထဲမှာ ဘယ့်နှယ် တော်ပါပြီ ဖြစ်ရမှာလဲ ..၊ အဖေ အဆင်ပြေနေပါပြီ .."

"ဟင်!..."

"ဖေဖေတို့ ကံကောင်းခြင်းလက်ဆောင်တွေ ပြန်ရပြီ သမီး .."

"ဖေဖေ .. ဖေဖေ တကယ် ပြောတာလား ..၊ ဘာတွေ ပြောင်းလဲ ကုန်လို့လဲဟင် .."

ဦးမိုးဆောင်း က သားချစ် ကို လှည့်ကြည့်ပြီး ပြုံးပြကာ ...

"ကဲ .. သားချစ် ကတော့ မင်းသူငယ်ချင်းနဲ့ နောက်မှတွေ့ပြီး တစ်ဆင့်ထပ်ပြောကြပေါ့၊ ခုတော့ ပြန်လိုက်ဦး .."

"ဟုတ်ကဲ့ပါ .."

"ကျေးဇူးတင်ပါတယ် လူလေးရယ် .. သူငယ်ချင်းချင်း ခုလို စောင့်ရှောက်ပေးတာ အန်ကယ်လ် ဝမ်းသာတယ် .."

ရင်ထဲမှာ ဖြေသာသွားသည်။

ပြီးတော့ ဦးမိုးဆောင်း မျက်နှာပေါ်က လန်းဆန်းသည့်အပြုံးတွေ ကြောင့် တစ်ခုခုတော့ ကောင်းခြင်းဘက်ကို ရောက်ခဲ့ပြီဆိုတာ တွေးမိ သည်။

ပြီးခဲ့တဲ့ ဖရိုက်ဒေးတုန်းကပဲ ဆိုးဝါးသည့် အခြေအနေမျိုး မေမေ တွေ့လာခဲ့သေးသည်။

အဲဒီတုန်းက ရပ်စထရန့်မှာ ဆုံကြပြီး ဘာမှမဖြစ်ခဲ့ဘူးလား ..၊ ဒါမှမဟုတ် ဆုံမိခဲ့လို့ ရှင်းသွားတာလား ..။

ဒါမှမဟုတ်ဘူးဆိုလျှင် မေမေ ထင်သလို ဘာမှကို မဖြစ်ခဲ့ဘူး လား ..။



www.burmeseclassic.com

www.burmeseclassic.com



ကာလ မျက်နှာလေးကတော့ အရင်ထက် ပိုဆိုးပြီး ဖြစ်ပျက်ခဲ့တာ ဘာမှမရှိသလိုပါ ..။

ထို့ပြင် အန်ကယ်လ် ပြောလိုက်တာကို ဝမ်းသာအားရ ဖြစ်သွားပုံလေးက ကလေးလေးလိုပင် ..။

အဆင်ပြေပါစေ ကာလ ရယ် ..၊ နင် ချမ်းသာ ပျော်ရွှင်နေမယ်ဆိုရင် နင့်အတွက် ငါက ဘာမှမဟုတ်တဲ့ကောင် ဖြစ်နေမယ်ဆိုလည်း နေပျော်ပါတယ် ..။

ငါ ခံယူထားတာက ချစ်သူကို ပျော်ရွှင်စေခြင်းဟာ အချစ် ..၊





## အခန်း (၁၁)

ကြိမ်ဆန်ခါကွက်တွေရဲ့အပြင်ကို သူ မြင်နေရသည်။

နီ့စိမ်းရောင်ဇာပါးလေး လွင့်သွားတိုင်း ပြုံးလိုက်မဲ့လိုက် ဖြစ်သွားတတ်သည့် သားချစ် မျက်နှာကိုပါ မြင်နေရ၏။

သူ ပြုံးလိုက်ပြီး နေရာမှ ထရပ်ကာ ...

"ညီလေး .. ဒါတွေ ကိုယ့်ကို ရှေ့စားပွဲကို ပြောင်းပေး ..",

"ဟုတ်ကဲ့ အစ်ကို .."

ဝိတ်တာကောင်လေးကို မျက်စပစ်ပြလိုက်ပြီး ထိုစားပွဲမှာ သူ ပြောင်းထိုင်လိုက်လျှင် သားချစ် တို့ ဝိုင်းနှင့် အထဲနဲ့အပြင် ကပ်လျက် ဖြစ်သွားသည်။

လှုပ်ခတ် လွင့်လူးနေသည့် ပဝါပါး၏အနားစပေါ်ကို ပန်းကန်လုံးလေးတစ်လုံး ဖိထားလိုက်တာနှင့် အပြင်ကနေ သူ့ကို သေချာသတိထားမကြည့်ဘဲ မြင်နိုင်မှာ မဟုတ်တော့ပေ ..။



www.burmeseclassic.com

www.burmeseclassic.com



"မှိနေလိုက်တာကွာ ..၊ နောက်က ထရံလည်း ပွင့်ထွက်သွား
ပါဦးမယ် .."

"အေးလေ .. ရည်းစားပူမိနေတယ် ပြောရအောင် ရည်းစားလည်း
မဟုတ် .. ဘာလည်း မဟုတ် .."

"မင်းတို့ မသိပါဘူးကွာ .. ချစ်ရည်တူမှုခွင့် မရပေမယ့် င
တစ်သက်လုံး မြတ်နိုးလာခဲ့တဲ့ မိန်းကလေး .."

"ကာလ ကလည်း အရမ်းလှတာကိုးကွ ..၊ သူ ဒီလောက်မလှရ
မင်းလည်း ဒီလောက် ရောဂါသည်းချင်မှ သည်းမှာပါ"

"ဟုတ်တယ် ..၊ ငါတို့ မင်းကို အစားထိုးချစ်ခြင်းလေးတွေ
ဖန်တီးပေးလို့ ရတယ်နော် ..၊ မင်းက သူမှ သူ ဖြစ်နေလို့ .."

သူများပြောသည့် အသံတွေက ဒေါသတွေ၊ မခံချင်မှုတွေန
တက်ကြွနေပေမယ့် သားချစ် ဖြစ်ပျက်နေပုံက တစ်လောကလုံး၏ ရွ
ပစ်ပစ္စည်းတွေပေါ်မှာ စားစရာရှာနေသည့် ကမ္ဘာ့နောက်ဆုံးလက်ကျ
သတ္တဝါလေး တစ်ကောင်လို ..။

"မင်းပုံစံကို ရှိင်းရှိုင်းနှိုင်းရရင်လည်း မကောင်းတော့ဘူး၊ ဘာလဲ
ကာလ ကို မင်း မကြိုးစားတော့ဘူးလား .. ဒါမှမဟုတ် တခြား မိန်
ကလေးတစ်ယောက်ယောက်ကိုမှ နောက်ထပ် စဉ်းစားဖို့ စိတ်မကူ
လောက်အောင် ဗိုးဗိုးကျသွားတာလား .."

"ကာလ နဲ့ ငါ ဒီတိုင်းပဲ ရှိသွားတော့မယ် ထင်တယ် .."

"ဒါကတော့ မင်း အဖြေတောင်းပေါ့ကွ၊ ချစ်တယ်လို့ ပြောပြီးကာ
မှ သူကလည်း မင်းတောင်းမှ ပေးလို့ရမှာ မဟုတ်ဘူးလား .."

"သူ ငါ့ကို ငြင်းမှာ မကြားချင်ဘူး .."

"ငြင်းတော့ ထပ်ကြိုးစားပေါ့ .."

"အေးလေ .. သူ့ဘေးမှာ ယောက်ျားဆိုတဲ့ကောင် .. မင်းပဲ ရှိတာ
မဟုတ်ဘူး .. ဒီဒေး ရှိသေးတယ်လို့ နှုတ်မှ ဖွင့်မပြောမိခဲ့ပါ





ဟိုတစ်နေ့ညကလည်း ဒီဒေး ရဲ့မွေးနေ့ပွဲကို သူမ သွားခဲ့သည်။

ဒီဒေး နဲ့ တစ်ခါတွေ့ဖြစ်လိုက်တယ်ဆိုတိုင်း ပူလောင်သွားခဲ့ရ
သည့် ရင်ထဲမှာ ဟိုအရင် ကျောင်းတက်နေကြတုန်းကလို ပူလောင်တာ
နဲ့ မတူ ..။

ကာလ တစ်ခါပြောခဲ့ဖူးသလို ဒီဒေး ကို သူ့စိတ်ကိုက အထင်
တကြီး နေရာပေးပြီးသား ဖြစ်နေခဲ့တာလား ..။

ဘာပဲဖြစ်ဖြစ် ဒီဒေး ရောက်လာခြင်းဟာ ကာလ နဲ့သူ့ ပို၍ ဝေး
ကွာသွားဖို့ မဖြစ်ပါစေနဲ့လို့သာ ဆုတောင်းရတော့မှာပါ ..။

"ကာလ မှာ မင်းအပြင် ရင်းနှီးတဲ့သူ ရှိသေးလို့လား ..၊ ဟိုကွာ..
ချစ်သွားနိုင်တဲ့သူ .."

"မသိဘူးကွာ .. အဲဒါတွေက ငါ တားဆီးလို့ရတဲ့အရာတွေ
မဟုတ်သလို ငါ ဖြစ်စေချင်တာတွေကိုလည်း ငါ့ဘာသာ ဖန်တီးယူလို့
မရဘူး .."

"ဟား!... သားချစ် ရာ .. မင်းပုံစံက ဘာမှကို မစရသေးဘူး၊
ဘာမှမစဘဲ အရှုံးထား တွက်နေတာပဲ၊ မင်း ယောက်ျားပဲကွ .."

"ကာလ ငါ့ကို အဲဒီလို ပြောဖူးတယ် .."

နာကျင်သည့်မဲ့ပြုံးနှင့် ကော်ဖီပန်းကန်ကို စူးစိုက်ကြည့်နေမိ
သည်။ သူ တစ်ယောက်ပဲ ကော်ဖီသောက်ကာ သူငယ်ချင်းတွေက
ဘီယာသောက်နေကြတာ ဖြစ်သည်။

ဆုံဖြစ်ကြတိုင်း ဒီတိုင်းပဲဖြစ်ကာ သူငယ်ချင်းတွေ အားလုံးက
လည်း သူ့ကိုဆို မင်းသားတစ်ပါးလို ဒါမှမဟုတ် စည်းကမ်းတင်းကျပ်မှု
များနှင့် သေသေသပ်သပ် ခန့်ခန့်ညားညား မွေးလာတဲ့ လူငယ်လေးတစ်
ယောက်လို ..။

သူ့ကိုဆို ဘီယာလည်း အတင်းမတိုက်ကြပေ။ သားချစ် နဲ့ပတ်
သက်သမျှ ပြဿနာရှိလာရင်လည်း သူတို့ပဲ ရင်ဆိုင်ပေးကြဖို့ အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့် ရှိနေကြ၏။

"ဘာတွေ ဖြစ်နေတာလဲ ..၊ မင်းနဲ့ ကာလ ရှေ့ခ်ရှိနေတာ သေချာပြီ၊ ဘာလဲ ပြော .."

"မရှိပါဘူး ..၊ သူ့ဘက်က အမြင်ကတော့ ငါ့အပေါ်မှာ ဒီတိုင်းပဲ ပြောင်းလဲနေခဲ့တဲ့ ငါ့မှာသာ သူ့ဘက်က မပြောင်းလဲတဲ့အသံတွေက ရင်ဘတ်ကို ထိတယ် .."

"ဘာတွေလဲ .."

"အဲဒီလိုမေးရင် မဖြေတတ်ဘူး၊ ဒါပေမယ့် ငါ ခံစားမိနေတာက သူ့မျက်လုံးထဲမှာ ငါက ဟိုတုန်းက သားချစ် ဆိုတဲ့ကောင်လေးပဲ .. အဲ့ဒီထက် မပိုဘူး .."

"ဟာကွာ .. ဒါတော့ မဟုတ်နိုင်ပါဘူး၊ သူငယ်ချင်းဆိုတဲ့အသံ ဖုံးလွှမ်းနေတာ ရှိရင် ရှိမယ် .. သူ ရင်ခုန်နေရင် မင်း မြင်နိုင်မှာလား.."

"သူ့အမြင်မှာ ငါက ချစ်ခင်အားကိုးဖွယ် အိမ်ထောင်ဖက်ကောင်း ဖြစ်နိုင်တဲ့သူလို့ ထည့်မတွေးခဲ့ဘူး ..၊ အဲ့ဒါ ငါ သိနေတယ် .."

"အံမာ .. သူ့အတွေးကိုပါ သိနေပြန်ပြီ .."

"အဲဒါ ပြောတာပေါ့ ..၊ ဒီကောင် တစ်ယောက်တည်း ဝေဖန် သုံးသပ်ပြီး တစ်ယောက်တည်း မဲခွဲနေရတာကို ဝါသနာကို ပါတာ.."

"လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ ဆက်သွယ်ချက်ဟာ စကား ပြောခြင်း အဓိကမဟုတ်ဘူးကွ .. ခံစားချက်က အဓိက ..၊ ကောင်းခြင်း မကောင်းခြင်း .. ချစ်ခြင်းမုန်းခြင်းဆိုတာ ကိုယ့်ဆီမှာ လာရိုက်ခတ်တဲ့ သက်ရောက်မှုပဲ .."

"အေး .. မင်း အဲဒီလောက် သေချာနေရင်လည်း တခြား ကောင် လေးတွေ ပြောင်းချိန်ပေါ့ကွ ..၊ မင်းရဲ့လွတ်လပ်မှုတွေ၊ သာယာပျော်ရွှင် ခြင်းတွေကို ကာလ ဘေးမှာပဲ မျှော်လင့်ချက်မဲ့ ကုန်ဆုံးခံမှာလား .."

"နောက်ထပ် မိန်းမတစ်ယောက်က ထပ်ပြီး အထင်သေး အမြင်





သား ပြောလာဦးမှာလည်း မလိုချင်တော့ဘူးကွာ .. ငါဟာ တကယ်ပဲ နေရာတကာ အားနာသည်းခံတတ်တဲ့ အသုံးမကျတဲ့ကောင် ဖြစ်နေပြီ လား ..၊ မဟုတ်ဘူးလားဆိုတာ ငါ့ကိုယ်ငါ သေချာအောင် ဆန်းစစ်ရဦး မယ် .."

သူငယ်ချင်းတွေ သူ့ကိုကြည့်ရင်း အသံတွေ တိတ်ကုန်ကြ၏။ ကာလ ဒီလိုမျိုးတွေ ပြောခဲ့တာ အမှန်ပဲဆိုတာလည်း တွေးမိသွားကြ၏။

သူတို့ တကယ်ပဲ စိတ်မကောင်းဖြစ်မိကြပေမယ့် မေ့လိုက်ပါဆို သည်း ရမှာ မဟုတ်တော့ ..။

"ရင်းနှီးလွန်းရင် စကားများတာပဲကွ ..၊ မိဘတောင်မှ သားသမီး ကို ပြုပြင်ပြောင်းလဲစေချင်ရင် တမင်တကာ ချိုးဖဲ့နှိမ်ချပြီး ဆူရ ဆဲရ တာတွေ ရှိတယ်၊ မင်းတို့က ငယ်သူငယ်ချင်းတွေလေ .."

"အေးလေကွာ .. သူ့ဘေးမှာ မင်းပဲရှိတာ ..၊ နေရာတကာ မင်း ကိုပဲ ရှေ့တန်းတင်ချင်လာတဲ့အခါ မင်း မတတ်နိုင်တာမျိုးတွေရှိရင် သူလည်း အားမလိုအားမရ ပြောမိတာမျိုး ရှိမှာပေါ့ .."

သားချစ် မျက်နှာမှာ မျှော်လင့်ခြင်းတစ်ချက်နှင့် ဝင်းခနဲ ဖြစ်သွား သည်။

"အဲဒီလို တကယ်ဆိုရင် သူ ငါ့ကို ပြန်ချစ်ဖို့ နီးစပ်သေးတယ် ပေါ့ .."

"မနီးစပ်လည်း နီးစပ်အောင် လုပ်ရမှာပေါ့ကွ၊ ကာလ ကို မင်း လက်လွှတ်မခံနဲ့ သားချစ် ..၊ ကိုယ့်ဘေးမှာ တစ်လျှောက်လုံး ရှိလာခဲ့တဲ့ ပန်း၊ ကိုယ့်ရင်ခွင်ထဲကနေ သူများ ခူးယူသွားတာ ခံရရင် မင်း ညံ့ပြီ"

"ဟုတ်တယ် .. ကာလ က အရမ်းလှတာ၊ ကျောင်းမှာတည်းက သူ့ဘေးမှာ မင်း ရှိနေလို့ .. မဟုတ်ရင် မင်း ဘာကားနဲ့လိုက်လို့မှ မီမှာ မဟုတ်ဘူး .."

ပြောပြီး ရယ်နေကြသည်။ ဒီသူငယ်ချင်းတွေက ကျောင်းတုန်းက



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေပါပဲ ..၊ ဒါပေမယ့် တက္ကသိုလ်ရောက်မှ ခင်ကြတာ ဒီဒေး ကို သူတို့ မသိကြပေ ..။

သူကိုယ်တိုင်ကိုက ဒီဒေး နဲ့ ပြန်ဆုံလာလိမ့်မည်လို့ မထင်ခဲ့တာ ဒီအကြောင်းတွေကို မပြောဘဲနေခဲ့ရင်း သူတို့မသိခဲ့ကြတာ ဖြစ်သည်။

"နောက်တစ်နည်း ရှိသေးတယ် သားချစ် ..၊ ကာလ မင်းကို မြန်မြန် ပြန်ချစ်လာမယ့်နည်း .."

"ဘာလဲ .."

"မင်း တခြားတစ်ယောက်နဲ့ တွဲပြကြည့်လိုက် ..၊ အဲဒီမှာ သဝန် တိုတာတွေ .. ဘာတွေ စလာပြီဆို အိုခေပြီ .."

"တော်ပါကွာ .."

"ဘာတော်တာလဲ ..၊ မင်းကိုယ်တိုင် စိတ်တွေတက်ကြွပြီး မပြော ရဲတာတွေ ပြောရဲလာလိမ့်မယ် .."

"ဘာလဲ .. မင်းက သားချစ် ကို ဇာတ်လမ်းတွေထဲကလို အကူ အညီရှာပေးမလို့လား .."

"ဟုတ်တယ်.. ဒီကောင့်ပုံစံနဲ့ အဲဒီလိုဖြစ်စေချင်ရင် ငါတို့ ဝိုင်း မှ ရမှာ ..၊ ဒီတစ်ယောက်ကိုတောင် သူက လက်မြှောက်ပြီးသား ဖြစ်နေ တာ .."

"ဒါက သူ ရင်မခုန်ဘူးသေးလို့ပါ၊ အချစ်ကြောင့်ဖြစ်ဖြစ်.. သာယာ စိတ်နဲ့ဖြစ်ဖြစ် ရင်ခုန်သံတွေ မြန်လာရင် စိတ်က အလိုလို တိုက်စား ခြင်းအလုပ်ကို လုပ်လာတာ .."

"ဘာတိုက်စားမှာလဲ .."

"ကိုယ် လိုချင်တာကိုပေါ့ .. သူ့ဆီကအချစ်ကို တိုက်စားခြင်းနဲ့ ရယူနိုင်ဖို့ အပီအပြင် သွေးကြွလာမှာ .."

"ဟား .. ဟား .. ဟား ..."

သူငယ်ချင်းတွေ တစ်ယောက်တစ်မျိုး ပြောနေကြတာကို သဘော





ကျကာ သားချစ် ရယ်နေမိ၏။ သူတို့တွေနဲ့ ပြန်ဆုံမိကာမှပဲ သူ့မှာ ခွန်အားတွေ တိုးလာသလိုပါ။

"မင်းတို့နဲ့တွေ့ရတာ အရမ်း အဆင်ပြေတယ်၊ ငါ တကယ် စိတ် ခတ်ကျနေတာ၊ ချကွာ .. ကြိုက်သလောက် စားကြ .."

"တွေ့လား .. ဒါ အစပဲ ရှိသေးတယ်၊ ငါတို့စကားကို နားထောင် ယ်ဆိုရင် ဒီကောင် ကာလ ကိုတောင် ဂရုမစိုက်တော့ဘဲ ကဲသွားလိမ့် ယ် .."

"ဟုတ်တယ်.. ဖြစ်နိုင်တယ်.. အဲဒါ ဘာဖြစ်လဲကွ ..၊ ယောကျ်ားပဲ ဖြစ်သေးတာပဲ ရှိတယ် .. မဖြစ်နိုင်တာ မရှိဘူး .."

သားချစ် ရယ်နေရင်း ဒီဒေး ကို လှမ်းမြင်လိုက်သဖြင့် နှုတ်ခမ်း တွေက ရယ်ဟပနှင့် ရပ်၏။

ပြောင်လက်ပျှော့အိနေသည့် အသားကပ်ဂျာကင် ခါးတိုလက်ရှည် ကို ဝတ်ထားသည်။ အတွင်းခံအကျႌကလည်း လည်ဝိုင်းကိုယ်ကျပ်မို့ အဆီပိုမတင်သည့် ကိုယ်ဟန်က မိန်းကလေးတွေ သဘောကျချင်ဖွယ် ဆွဲဆောင်နေ၏။

ကားနားမှာရပ်ကာ ဖုန်းပြောနေတာ ဖြစ်သည်။ ကားတွေက ကော်ဖီဆိုင်ရှေ့မှာပဲ ခေါင်းထိုးရပ်ထားကြတာမို့ အထဲနဲ့အပြင်ပေမယ့် မြင်ကွင်းက သိပ်ဝေးတာ မဟုတ် ..။

ပြန်ဆုံကြကာမှ ဒီဒေး ကို မြင်လိုက်ရတိုင်း အနက်တွေနဲ့ချည်း ဖြစ်ကာ ကုတ်အကျႌဖြစ်ဖြစ် .. ဂျာကင်ဖြစ်ဖြစ် နောက်ဆုံးပေါ် ဒီဇိုင်း ဆန်းတွေနှင့် ရောက်လေရာမှာ ထင်းနေအောင် တတ်ပဲ တတ်နိုင်လွန်း ပါ၏။

"မင်း ဘာကြည့်နေတာလဲ .."

"အဲဒီကောင်ကို သိလို့လား .."

"ပုံစံကတော့ နိုင်ငံခြားရုပ်ရှင်မင်းသား ကျနေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က ဒီဒေး တဲ့ .."

"သိတာလား .."

"ရင်းနှီးပါတယ် .."

"မင်း ကြည့်ပုံကတော့ သံယောဇဉ် မပါပါလား .."

"ပါစရာအကြောင်းမှ မရှိတာ .."

သားချစ် မျက်နှာလွှဲလိုက်ပေမယ့် မျက်ဝန်းထဲမှာ ကကြီးပုံနဖူးဆံပင်တွေ နောက်လှန်စည်းထားသည့် မျက်နှာသည် ..၊

"ကာလ ကို သူ ပရိုပို့စ် လုပ်ခဲ့တာ .."

"ဟမ်!..."

"ဘာ!..."

အားလုံး ထိတ်လန့်အံ့သြသလို ဖြစ်ကုန်ကြသည့် မျက်နှာတွေက သားချစ် မျက်နှာထက်က ကြည်နူးပျော်ရွှင်ခြင်းတွေကိုပါ ရိုက်ချ ဖျက်ဆီးသွားကြ၏။

ပိုဆိုးတာက မနာလို သဝန်တိုကြသည့် မျက်နှာတွေက ဒီဒေးကားမောင်းထွက်သွားတဲ့အထိ မလွှဲဖယ်ကြဘဲ တိတ်ဆိတ်စွာ ကပ်ငြိပါသွားခဲ့ခြင်းပင် ..။

သူ နားလည်ပြီးတဲ့အတိုင်း ..၊

ဒီဒေး ဆိုတာ အဲဒီလိုကောင်မျိုး ..၊





## အခန်း (၁၂)

"မွေးနေ့သွားတာနဲ့ပဲ ငါ ပြန်ကြိုက်တော့မယ်လို့ နင် ထင်နေသလား သားချစ် ရယ် .."

မမေးဘဲလည်း မနေနိုင် ..၊ ကာလ အဲဒီလိုမျက်နှာ ဖြစ်သွားတိုင်း သူ မနေတတ်သလို .. ဒီလို ပြန်မေးလာတိုင်းလည်း ရုတ်တရက် မဖြေပနိုင် ..။

"မသိဘူး ကာလ ..၊ အဲဒီကို ငါ လုံးဝ မသွားစေချင်ခဲ့တာ နင် သွားလိုက်တယ် .."

"ဟဲ့ .. မရမက လာခေါ်တာကို မသွားလို့ ရမလား ..၊ မေမေ့ကိုပါ ဖုန်းဆက်ပြောတယ် .. မာယာ့ ကိုလည်း ပြန်ပို့ပေးသေးတယ် .."

"မာယာ့ ကိုတော့ ဘာဖြစ်လို့ ခေါ်မသွားတာလဲ .."

"ခေါ်တာပဲ .. မာယာ က မလိုက်တာ .."

'သူ မယုံပါ ..။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို မဖိတ်ဘူးနော်" ဆိုတဲ့ စကားမျိုး ဒီဒေး ပါးစပ်က ထွက်
အလွယ်လေး ..။

မိန်းကလေးဖြစ်ဖြစ် .. ယောကျ်ားလေးဖြစ်ဖြစ် ဒီဒေး တို့က မ
အစ်တာမှန်သမျှ ဗိုက်ဘုတ်မှာ ဖျက်သလို ဖျက်ချရသည်။

သူ့မှာ ဤသို့သော ရဲရင့်ရိုင်းပျခြင်းတွေ မရှိခဲ့တော့ ကာလ ရဲ
ရှုံ့ချခြင်း အမြဲခံခဲ့ရသည်။

ဒါပေမယ့် ဒီဒေး ရဲ့ ရဲရင့်ခြင်းတွေကိုလည်း ကာလ က မနှ
သက်ဘူးလို့ ဆိုခဲ့လေသည်။

"အဲဒါ သတ္တိကောင်းတာ မဟုတ်ပါဘူး သားချစ် ရယ် ..။ နင်
ကလည်း ဒါမျိုးကို အားမကျစမ်းပါနဲ့ .. အဲ့ဒါ ရိုင်းစိုင်းတာလို့ ခေါ်
တယ်၊ မဆင်ခြင်တာလို့ ခေါ်တယ်၊ မဆင်ခြင်တတ်တာ .. တစ်ကိုယ်
ကောင်းစိတ် ရှိတာ .."

ဒီလို ပြောခဲ့ဖူးလို့ သူ ပြန်မေးခဲ့တုန်းက ...

"ဒါပေမယ့် နင် ငါ့ကျတော့လည်း အ လိုက်တာ .. တုံးလိုက်တာ
လို့ ပြောတာပါပဲ .."

"အဲဒီလို ဖြစ်သွားမှာစိုးလို့ပါ၊ နင်က အရမ်း သည်းခံတတ်တာ
သဘောထားပြည့်ဝတာ ကောင်းပါတယ်၊ ဒါပေမယ့်ဟာ ဘယ်ဘက်ကို
ကြည့်ကြည့် ကိုယ့်အတွက်တော့ တစ်ကွက် ချန်ရတယ်လေ ..။ သူများ
အတွက် ကိုယ်ကျိုးစွန့်ဖို့ချည်း အမြဲတမ်း အဆင်သင့် ဖြစ်နေတဲ့အထိ
တော့ မကောင်းဘူးပေါ့၊ ငါတို့တွေက အရိယာ သူတော်စင်တွေမှ
မဟုတ်တာ" တဲ့ ..။

ဒါဆို သူမ ဘယ်လိုလူမျိုးကိုမှ စိတ်တိုင်းကျ အမှတ်ပြည့်ပေးဖို့မှ
မှာလဲ ..။

"ဘာလဲ .. မကျေနပ်သေးဘူးလား ..။ လက်ဖက်သုပ်လေးတောင်
မစားနိုင်ဘူးဟယ် .. မျက်နှာကြီးက ဖြစ်နေတာ .."





ဒန်းကို ခပ်လှုပ်လှုပ် လွှဲလိုက်ရင်း ကာလ က နေရာမှ ထရပ်
ဟာ ...

"တွေးပေါ့ .. စိတ်ကူးထဲမှာ ဒီဒေး ကိုပါ သွားမေးလိုက်ဦး၊
နင်က စိတ်ကူးတွေနဲ့ပဲ ပြီးပြည့်စုံနေတဲ့ လူ ..။ ငါ မေမေ့ဆီ သွားလိုက်
ဦးမယ် .."

"ကာလ .."

"ဟော .."

ထွက်သွားမယ်ဆိုမှ ငေါက်ဆတ်ဆတ် ခေါ်ကာ ...

"ငါ့ကို နင် ဘယ်လိုလူလို့ ထင်နေလဲ .."

"လာပြန်ပြီ ..။ ဒီလိုမေးပုံမျိုးတွေ ငါ ခဏ ခဏ ကြားနေရ
သလိုပဲ၊ နင်ကရော ငါ့စကားတွေအပေါ်မှာ ဘာတွေ မကျေမနပ် ဖြစ်နေ
တာလဲ ..။ ငါ ပြောတာ ဘယ်လို ဝေဖန်ချက်မှ မပါဘူး .."

"ပါတယ် ..။ နင် ငါ့ကိုဆိုရင် ပုံစံတစ်ခုခုထဲပဲ အမြဲ ပစ်ထည့်ခဲ့
တာ၊ ငါ့ကိုယ်ငါတောင် ဘာမှန်းမသိတော့အောင်ပဲ .."

"မတတ်နိုင်ဘူး..။ အဲဒီမှာ စဉ်းစားပြီး ခဏ ထိုင်နေဦး၊ လက်ဖက်
စားချင်လည်း ရတယ် .. အားမနာနဲ့ .."

"ကာလ .."

သားချစ် က နေရာမှ ထရပ်လိုက်ကာ လက်ဖက်သုပ်ပန်းကန်ကို
ပြန်ငုံ့ကြည့်ပေမယ့် စိတ်ဝင်စားတာ ဟုတ်ဘဲနှင့် ...

"ငါတို့ လက်ထပ်ဖို့ထိ နင် စဉ်းစားဖူးလား .."

"မစဉ်းစားပါဘူး ..။ နင်နဲ့ဖြစ်ဖြစ် .. ဘယ်သူနဲ့ဖြစ်ဖြစ် လက်ထပ်
ဖို့မှ ငါ စိတ်မဝင်စားတာ .."

"ဒါဆို အခု ဝင်စားလိုက်ပါဟာ ..။ အန်ကယ့်လ်ကိစ္စတွေလည်း
အခု အားလုံး ရှင်းသွားပြီ .."

ကာလ မျက်ခုံးလေးပင့်၍ နားထောင်နေသည်။ ဖေဖေ့အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တွေအကြောင်း ဖေဖေ ပြောပြထားတဲ့အတိုင်းပဲ သူ့ကို ပြန်ပြောပြခဲ့တ ခုလေးတင် ...။

"ဘယ်လိုဖြစ်ရတာလဲ ...၊ ငါက အဲဒီ စီးပွားရေး အခြေအနေတွေ ကြောင့် လက်ထပ်ဖို့ စိတ်မကူးတာလို့ နင်က ထင်နေတာလား .."

"မဟုတ်ဘူးဆိုရင်တောင် အဲဒါတွေကြောင့် နင် စိတ်ဆင်းရဲနေ ရတာမို့လား ...၊ ငါလည်း ပြောချင်တဲ့စကားတွေ အားမှ ပြောမထွက် ဘူးလေ .."

"ခုတော့ ပြောထွက်သွားပြီလား .."

"ကာလ .. ဟာသ မလုပ်နဲ့ဟာ .. ငါ မေမေ့ကို ဖွင့်ပြောတော့ မယ် .."

"သားချစ် ရယ် .. စိတ်ညစ်လိုက်တာ .."

ကာလ သူ့မျက်နှာကို ကြည့်၍ ရင်ဆိုင်ရပ်လိုက်ကာ ...

"ငါတို့မိသားစု ခုမှ စိတ်ချမ်းသာ ကိုယ်ချမ်းသာ မျက်နှာချင်းဆိုင် ဖြစ်ခဲ့ကြတာ .. နည်းနည်းပါးပါးများ ထည့်စဉ်းစားပါဦး၊ ပြီးတော့ ငါတို့က ချစ်သူတွေလည်း မဟုတ်ဘူးလေ .. လက်ထပ်ဖို့ကို အဆင့် ခုန်ပြီး စိတ်ကူးရအောင် .."

"ဟုတ်တော့ ဟုတ်ပါတယ် .. ဒါပေမယ့် ငါကတော့ ချစ်နေခဲ့ရ တာလည်း ကြာပြီ၊ နင့်ကို အကြာကြီး စောင့်လာခဲ့ရတဲ့သူပါ .."

ကာလ က သဘောကျသလိုလေး ပြုံးနေကာ ...၊ ပြီးတော့ ခစ်ခနဲ ရယ်၏။

သူမ ဒီလို ကလေးဆန်ဆန် ပြုံးရယ် ပျော်ရွှင်တာလေးကို မမြင် ခဲ့ရတာ ကြာပါပြီ။

ဒါပေမယ့် ခုချိန်မှာ သူမ ပျော်နေပါလားဆိုတာထက် ကိုယ့် စကားတွေကို အလေးအနက်မထားရက်လေခြင်းလို့ တွေးမိပြီး ရင်ထဲ မှာ မကောင်း ...။





ပြီးတော့ သေချာ စိုက်ကြည့်မိတိုင်း ထိကိုင်ကြည့်ချင်ဖွယ် ဖြစ် လာတဲ့အထိ ဆွဲဆောင်နိုင်လွန်းသော နီမြန်းမှုန်ညက်နေသည့် ပါးပြင် လေးတွေက ရယ်နေတော့ မို့မို့ဖောင်းဖောင်းလေးနှင့် ပို၍ ချစ်ဖို့ကောင်း နေသည်။

ကကြီးပုံ ပြေပြန့်သည့် နဖူးပြင်လေးကျတော့ နည်းနည်း ပိုကျဉ်း တာလေးပဲ ကွာသည်။ ဆံပင်တွေ အပြောင်သိမ်းထားတတ်သည့် ဒီဒေး ရဲ့နဖူးနှင့် တူနေတော့ စိတ်ထဲမှာ မလိုလားစိတ် ဖျင်းခနဲထကာ မျက်နှာ လွှဲပစ်မိသည်။

"သားချစ် .."

"ဟင် .."

ဒီရက်ပိုင်းတွေကျမှ သိသာစွာ ပြောင်းလဲနေခဲ့သည့် သားချစ် ကို ကာလ ကလည်း စိုက်ကြည့်ကာ ...

"အရင်လို အေးအေးချမ်းချမ်း နေပါလား သားချစ် ရယ် ...၊ နင် ငါ့ရင်ထဲကိုပဲ ဘာဖြစ်လို့ ယုန်ထင်ကြောင်ထင်တွေ ဖြစ်နေရတာ လဲ ...၊ ကြောက်ရင် နှစ်ခါသေတယ် ဆိုတဲ့စကား မကြားဖူးဘူးလား.."

"ကြားဖူးတာနဲ့ပဲ .. ကိုယ့်ချစ်သူကို သူများ လုယူသွားမှာ မစိုးရိမ် ရတော့ဘူးလား .."

"လုယူတိုင်း ရရအောင် ငါက ကစားစရာအရုပ်မှ မဟုတ်တာ.."

"ကစားစရာကို လုယူတတ်တာလည်း ကလေးတွေပဲ ကာလ၊ အချစ်ကို လုကြတာ ကလေးလေးတွေ မဟုတ်ဘူး .."

"ငါကတော့ ငါ့စိတ်ထဲမှာ ဘာမှမရှိတဲ့အရာအတွက် ငါလည်း မပူဘူး၊ နင့်ကိုလည်း မပူစေချင်ဘူး .."

"နင် ဒီဒေး နဲ့ တွေ့ဖြစ်သေးလား .."

"မတွေ့ဖြစ်ဘူး ...၊ တွေ့ရင်လည်း သူ့ကို ငါ သူငယ်ချင်းလို ခင်ခင်မင်မင် နှုတ်ဆက်ဖြစ်မှာမှ မဟုတ်တာ၊ သူ မရှိးသားတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသရွေ့ ငါ လုံးဝ ရင်းနှီးခွင့် မပေးဘူးဆိုတာ ပြောပြီးသား ..”

“ဘာ!...”

သားချစ် ရဲ့ ‘ဘာ ..’သံက အံ့သြတာလိုလို .. ဒေါသဖြစ်သွားတာလိုလို ..။

“သူ ရည်းစားစကား ပြောခဲ့တာကို ပြန်ရုတ်သိမ်းခိုင်းတာ မဟုတ်လား ..”

“ဟုတ်တယ် ..၊ ဟိုအရင်လို ..”

“နေပါဦး .. အဲဒီလို ပြန်နေပါမယ်ဆိုရင်ရော .. နင်က သူငယ်ချင်း ပြန်ဖြစ်ပြီဆိုပြီး အရင်လိုပဲ တရင်းတနှီး ပြန်နေမယ်.. ဒီလိုလား..”

“ဟုတ်တယ် ..၊ အဲဒါတွေကို ထပ်မပြောဘူးဆိုရင် ..”

“နင် ရူးနေလား ကာလ ရာ ..”

“ဘာ!... ဟာ ..”

“ဟုတ်တယ် ..၊ နင် ရူးနေတာ မဟုတ်ရင်လည်း ဒီဒေး ကို နင့်စိတ်က အရင်လို ပြန်ရင်းနှီးခွင့်ပြုဖို့ အဆင်သင့်ဖြစ်နေတာ သေချာတယ် ..”

“သားချစ် .. အစတည်းက ငါတို့က သူငယ်ချင်းတွေပဲလေ ..”

“ဒါပေမယ့် သူက နင့်ကို ပရိုပို့စ်လုပ်ထားတဲ့ ကောင် ..”

“အဲ့ဒါ ဘာဖြစ်လဲ ..၊ သူက ပရိုပို့စ် လုပ်ထားခဲ့တယ် .. နင်လည်း အတူတူပဲလေ၊ နင့်ကိုလည်း ငါ အခု ခင်နေရတုန်းပဲ၊ သူ့ကို ပြန်ခင်လို့ရော မရဘူးလား ..”

“ငါ့ကို နင် ဒါ မပြောပါနဲ့ ..၊ ဒါ မလုပ်ရဘူးဆိုရင် ငါက ဒီတိုင်း ဒီလိုပဲ နေတာ၊ သူက အဲဒီလိုနေမယ့်ကောင်လား ..”

“အဲဒါကြောင့် နေနိုင်ရင် ခေါ်မယ်လို့ ပြောတာပဲ၊ သူ မရိုးသားနေလည်း အဲဒါတွေ ငါ မကြားရရင် ပြီးပြီ၊ ဟွန်း .. သူ့ကို ပြန်ကြိုက်ဖို့များ သူ တစ်ကိုယ်ကောင်းဆန်ခဲ့တာတွေ သတိရတိုင်း စိတ်တိုလွန်းလို့ ..”





“အဲဒီအဖြစ်တွေ မရှိခဲ့ရင်တော့ နင် ဒီလောက် ဖြစ်ချင်မှ ဖြစ်မှာပါ ..”

“မသိဘူး .. နင်လည်း မရှိတာတွေ .. မဖြစ်သေးတာတွေကို စိတ်ဝင်စားမနေစမ်းပါနဲ့ ..၊ အခု သူနဲ့ ငါတို့ မရောနှောကြဘူး၊ ဖြစ်နေတာက အဲ့ဒါပဲ ..”

“နင်က ရိုးသားဖို့ပြောတော့ သူက မရိုးသားနိုင်ဘူးလို့ ပြောလိုက်တယ်မို့လား ..”

“ဟုတ်တယ် ..”

“ငါလည်း အဲဒီလို သတ္တိရှိအောင် ဆယ်တန်းပြီးတည်းက နင်နဲ့ ခွဲနေလိုက်ရမှာ ..”

“ဘာပြောတယ် ..”

သားချစ် က သူ့စကားသူ ပြန်မရှင်းတတ်တာလား ..၊ မရှင်းချင်တာလား မသိ ..။ လက်ဖက်သုပ်ပန်းကန်ကို ကောက်ယူပြီး အေးဆေးပုံစံနဲ့ စားနေ၏။

“အမလေး .. ခုကျမှ စားကောင်းသောက်ကောင်း ဖြစ်နေပြန်ပြီ၊ ပြော .. ဘာပြောလိုက်တာလဲ ..၊ ရှင်းအောင် ပြော ..၊ နင်က ငါ့နားမှာ နေရတာ ဒုက္ခလို့ ထင်နေတယ် ဟုတ်လား ..”

“ဟင့်အင်း ..”

စားနေရင်း ခေါင်းခါတော့ ပို၍ မချင့်မရဲဖြစ်သွားမိကာ လက်ဖက်သုပ်ပန်းကန်ကို ဆွဲယူပြီး အလယ်မှာပဲ ပြန်ချထားလိုက်ပြီး ...

“မဟုတ်ရင် ဘာလဲ ..၊ နင့်စကားလုံးက အကြီးကြီးနော် ..၊ အဲ့ဒါကို ရှင်း ..”

သားချစ် က နှုတ်ခမ်းပိတ်၍ ဝါးနေရင်း ကာလ မျက်နှာလေးကို စိုက်ကြည့်သည်။ ကြည့်နေရင်း ပင့်သက်ရှိုက်ကာ ...

“သူငယ်ချင်းအဖြစ်က စောစောစီးစီး နုတ်ထွက်ခဲ့မယ်ဆိုရင် ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တဲ့ ချစ်ခြင်းစကားတွေကို နင် ဟာသလုပ်ပစ်မှာ မဟုတ်ဘူး လေ ..''

ကာလ မျက်နှာလေး ပျက်သွားသည်။ သားချစ် အဲဒီလောက်ထိ ခံစားသွားရအောင် သူမ တမင် ရယ်ပြုံးခဲ့တာတွေ မဟုတ်ပါ။

သူငယ်ချင်းဆိုတဲ့အဖြစ်နဲ့ကလွဲပြီး ဟိုဒီ ခံစားမိတာမျိုး မရှိခဲ့တာ မှန်ပေမယ့် သူ ကိုယ့်ကို ချစ်နေတယ်ဆိုတာကိုလည်း နားလည်ပေးခဲ့ တာပဲ ..။

''နင် ငါ့ကို အထင်လွဲနေတာ သားချစ် ..၊ ငါ နင့်ကို ဟာသလုပ် နေတာ မဟုတ်ဘူး ..''

''မဟုတ်ဘူးဆိုရင်လည်း ထားလိုက်ပါ၊ ဒါပေမယ့် ငါ အဲဒီလို နောင်တရလာခဲ့တာတော့ အမှန်ပဲ၊ နင်နဲ့ငါ အမြဲ အတူရှိနေခဲ့တဲ့ ရလဒ် က နင် ငါ့ကို သူငယ်ချင်းအဆင့်ထက် မပိုနိုင်တာတွေပဲ ဖြစ်လာခဲ့ တာ ..''

''မဟုတ်ဘူး .. အခု ငါက ဒီဒေး ကို .. ကျွတ် ..''

ကာလ မျက်နှာလေး ရှုံ့မဲ့သွားသည်။

''နင် ဘာတွေ လျှောက်ထင်နေတာလဲ..၊ ဒီလောက်ထိ အပိုးမကျိုး ဖွတ်တရွတ်ဆန်တဲ့ ဒီဒေး ရဲ့ပုံစံကို ..''

''နင် မကျေနပ်တာတွေ ရှိနေလို့ ဒီလိုမြင်တာပါ ကာလ ရယ်.. နင့်ကို သူ အန်တီ့အားကိုးနဲ့တောင် ခေါ်ထုတ်သွားနိုင်သေးတာပဲ၊ လူကြီးတစ်ယောက်ရဲ့မျက်လုံးထဲမှာ အဆင်ပြေအောင်တော့ သူ နေ တတ်ပါတယ် ..''

''ဒါက ဟိုတုန်းတည်းက သူ ဝင်ထွက်ဖူးခဲ့တဲ့အိမ်ပဲ ..''

''ငါ ရင်ပူနေတာတွေကို ပြေပျောက်ချင်တယ် ကာလ ..၊ ငါတို့ ချစ်သူဖြစ်ခွင့် မရနိုင်သေးရင်လည်း စေ့စပ်တာဖြစ်ဖြစ်တော့ လုပ်ထား ရအောင် ..''





''ဟင့်အင်း ..''

ကာလ ခေါင်းလေးခါလိုက်ပြီး မျက်နှာမော့၍ ဆံပင်သပ်သည်။ ကော့စင်းသည့်နှာတံလေးနှင့် ဖူးငုံသည့် နှုတ်ခမ်းဖူးတို့၏ ဖြားယောင်း ခြင်းက ဖွေးနုသည့် လည်တိုင်အလှလေးကြောင့် သူ့ရင်ခုန်သံတွေကို ရိုက်ပုတ် နှိပ်စက်လေသည်။

သူမ၏အလှတရားတို့ကို စေ့စေ့ကြည့်မိတိုင်း လူဟာ နှုံးခွေကျန် ရစ်ခဲ့ရသလို အရာအားလုံးကိုပါ ပြေး၍ ဒူးထောက်ချင်မိ၏။

သူမရဲ့ ချစ်ခြင်းအကြင်နာကိုသာ ပိုင်ဆိုင်ခွင့်ရမည်ဆိုပါလျှင်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

မေမေ ပြုံး၍ ခေါင်းညိတ်လိုက်တော့ သားချစ် ပျော်သွားသည်။

"တကယ် နော် .. မေမေ .."

"တကယ်ပါ သားရယ် .. ကာလ က လှလည်း လှတယ်၊ စိတ်ဓာတ် စာရိတ္တ အဆင့်အတန်းရှိတဲ့ မိန်းကလေးပါ၊ မေမေ ကတိပေးထားခဲ့တဲ့အတိုင်းပဲလေ .. သူ့အဖေရဲ့ အရိပ်မည်းကြီးက တကယ်သာ မဟုတ်ဘူးဆိုရင် မေမေက ဘာဖြစ်လို့ မကြည်ဖြူရမှာလဲ .."

"ဟော့ .. တစ်ခုတော့ ရှိတယ်နော် .."

သားချစ် ရဲ့ဖေဖေ ဦးစိုးမောင် က သဘောကျပေမယ့် စည်းကမ်းကိုတော့ လိုက်နာရမှာမုန်း သိစေချင်သည့်မျက်ဝန်းတို့နှင့် သားချစ် ကို လက်ညှိုးထောင်ပြကာ ...

"စေ့စပ်ပေးပါဆိုတဲ့ စကားကို ဖေဖေတို့ ခေါင်းမညိတ်နိုင်သေးဘူး .."

"ဘာဖြစ်လို့လဲ ဖေဖေ .."





"ကာလ က မင်းကို တကယ် နှစ်သက်လက်ခံတယ်ဆိုမှ ဒါကဖြစ်မှာ .."

သားချစ် မေမေ့ကို လှမ်းကြည့်မိ၏။ ကာလ က သူ့အတွက်လိုက်လျောညီထွေ မရှိခဲ့သေးဘူးဆိုတာ ဖေဖေ့ကို မေမေ ပြောလိုက်တာပဲ နေမှာပါ ..။

ဒါပေမယ့် သူ ကျေနပ်ပါသည်။

"ဘာဖြစ်သွားတာလဲ မျက်နှာက .."

ဒေါ်နီနီခင် က ပြုံး၍ ...

"သားက သူနဲ့ နီးစပ်အောင် ကြိုးစားလေ၊ သားတို့ ကလေးတွေ မဟုတ်ကြတော့တာ .."

"ဟုတ်ကဲ့ပါ .. သားက မေမေတို့နဲ့ လူကြီးချင်း စေ့စပ်ထားပေးပါ ပြောမလို့ .."

"ထင်သားပဲ .."

"သူ့အမေက သဘောတူတယ်ဆိုရင်လည်း သူ နာခံမှာပါ၊ သားတို့က သံယောဇဉ်ရှိကြပြီးသား .."

"မဆိုင်ဘူး သားချစ် ..၊ ငါ့သားကို ဖေဖေ ပြောမယ်၊ သူ့ရဲ့အရယ်အပြုံး အခွင့်အရေးပေးမှုတွေကို ရနေတာ အချစ် မဟုတ်ဘူး၊ မိန်းမသားချင်း အကဲခတ်ပြီး မင်းရဲ့အမေက ဖေဖေ့ကို အားလုံး ပြောပြသားပြီးသား၊ နောက်ပြီး ကာလ တို့က အစတည်းက ချမ်းသာလာခဲ့ကြတဲ့ လူတွေ ..ဖေဖေတို့ကသာ ဒီဘဝရောက်အောင် တစ်ဆင့်ချင်း ကြိုးစားလာရတာလေ .."

"ဟုတ်ပါတယ် .."

"အဲဒီတော့ ကာလ က နဂိုတည်းက မာန ရှိတယ်၊ သူ့အဖေရဲ့ ပါစင်နယ်တွေ ထပ်ပေါ်လာတော့ သူ့ခေါင်းထဲမှာ ဒါတွေ ထည့်ထားမှာ မဟုတ်ဘူးလို့လည်း ဖေဖေ ထင်တယ်၊ ဒါတွေက သူ့အမေ ကိုမိုး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း က ပြောပြတာပါ ..''

''ဒါဆို ဖေဖေက ..''

''သား မပြောခင် သူတို့မိသားစု အတွင်းရေးတွေ ရှုပ်နေတည်းက ဖေဖေက သူ့သမီးလေးကို တောင်းခဲ့ဖူးတာ ..''

သားချစ် ဟင် .. ခနဲ ဖြစ်သွားသည်။

''မင်းမေမေက သဘောမတူနိုင်ဘူးဆိုတာ သိတယ်၊ ဖေဖေလည်း ဒီလိုရှုပ်ထွေးမှုတွေကို ခွင့်မလွှတ်နိုင်တဲ့သူပဲ၊ ဒါပေမယ့် ယောကျ်ားချင်း သိနေတာတစ်ခုက ကိုမိုးဆောင်း က ခြေလှမ်းမှားခဲ့တာပါ၊ သူ့ရဲ့အမှား က အများသူငါလို ပြီးဆုံးမသွားဘဲ နောက်ထပ် ချောက်တွန်းခံလိုက်ရလို့ စီးပွားပါ ပျက်ခဲ့ရတာ ..''

''အဲ့ဒါတွေ ဖေဖေ့ကို အားလုံး ပြောပြတာလား ..''

''ဟုတ်တယ် ..''

ဦးစိုးမောင် က ဆိုဖာပေါ်မှာ ခြေချင်းချိတ် ထိုင်လိုက်ကာ ...

''ယောကျ်ားချင်း အိမ်နီးချင်း မိတ်ဆွေတွေပဲကွာ .. အားလုံးကို ပြောပြတာပေါ့၊ ဒါကြောင့် သူ စိတ်အပူဆုံး သူ့သမီးလေးရဲ့ ရှေ့ရေး ဆိုတာကို ဖေဖေက တာဝန်ယူချင်လို့ သားအတွက် စေ့စပ်ချင်တယ်လို့ ပြောခဲ့တာ ..''

''အဲဒီတော့ ဘာပြောလဲဟင် .. အန်ကယ်လ်က ..''

''ခုန ဖေဖေ ပြောတာ သူ့စကားတွေပဲပေါ့ သားရဲ့ .. သူ့သမီးစိတ် ကို သူ သိတယ်၊ ကာလ ဆိုတဲ့ မိန်းကလေးက ဒီလောက်လှနေတာ တောင် တက္ကသိုလ်မှာ ချစ်သူတွေဘာတွေ ရှာခဲ့တာမှ မဟုတ်တာ၊ အဲဒါ သားတို့ သူငယ်ချင်းရင်း သိမှာပေါ့ ..''

သားချစ် ခေါင်းညိတ်လိုက်မိသည်။

''ဖေဖေတို့ကလည်း အဲဒါကိုပဲ သဘောကျလို့ အမှတ်ပြည့်ပေး လိုက်တာပါ၊ ကိုမိုးဆောင်း ကတော့ လူကြီးချင်း မျက်နှာမပျက်ချင်လို့ သူ့သမီးလေး ကျေနပ်မှုရှိမှပဲ လက်ခံချင်တာ၊ နောက်ပြီး သမီး မိန်း ကလေးရဲ့ အိမ်ထောင်ရေး သူ့အမေရှိနေရင် အမေကပဲ ဦးဆောင်မှာ လေ ..၊ ကိုမိုးဆောင်း က မိသားစုထဲမှာ မျက်နှာငယ်ရတဲ့ဘက်မှာ ဖြစ်နေတော့ သူတို့သားအမိ ဘယ်လိုရှိစေချင်မှန်း မသိတဲ့ အိမ်ထောင် ရေးကို သူ့သဘောနဲ့ မဆုံးဖြတ်ချင်ဘူးပေါ့ ..''

''ဟုတ်တော့ ဟုတ်ပါတယ် ဖေဖေ ..၊ သားကလည်း ဖေဖေတို့ ပြောတာကို လက်ခံမှာပါ၊ အဟွန်း .. ဒါပေမယ့် သား ပင်ပန်းမှာတော့ သေချာပြီပေါ့ ..''

''ရယူအောင်မြင်ခြင်းဆိုတာ လွယ်ကူတာ ဘာမှမရှိဘူးကွ၊ မင်း ကြိုးစားပေါ့ ..''

''ဒီမှာ သား ..''

ဒေါ်နီနီခင် က ပြုံးလိုက်ကာ ...

''အခု သူတို့ရဲ့စီးပွားရေးတွေ ပြန်ရလာပြီဆိုရင်တောင် ခေါင်းထူ နိုင်ဖို့က မလွယ်သေးဘူး၊ မေမေတို့ နားလည်ပေးလိုက်တာက တိစ္ဆ ဦးသနာအားလုံး ပြေလည်သွားတဲ့အတွက်ပဲ၊ အစက မေမေ ဘာဖြစ်လို့ ဒါကျောကျောပုံ ဖြစ်နေရသလဲဆိုတာလည်း သမီး ကာလ ကို နား လည်စေချင်တယ် ..''

''သား မေမေတို့ရှေ့ကို သားရဲ့ချစ်သူအဖြစ် ခေါ်လာနိုင်အောင် ကြိုးစားမှာပါ ..''

''ဟုတ်တယ် .. သဘောတူနိုင်တယ်ဆိုပေမယ့် သူက သားကို ခေါင်းညိတ်တာ မဟုတ်ဘဲ မေမေတို့က သွားတောင်းရမ်းမိလို့ အငြင်း ခံရတာဆိုရင် ဒါကိုတော့ မေမေတို့က နားလည်ပေးနိုင်မှာ မဟုတ်ဘူး''

အဆင်ပြေပြီ ထင်ရပေမယ့် မလွယ်သေးပါလား ..၊

စာအုပ်ဆိုင်ထဲမှာ စာအုပ်တွေ လျှောက်လှန်နေမိပေမယ့် စိတ် ကလည်း မပါ ...။







www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့နဲ့ ပြောခဲ့တဲ့ စကားတွေကိုပဲ ပြန်စဉ်းစားနေမိကာ ဝမ်းသာရမလို ဝမ်းနည်းရမလိုနှင့် ဝမ်းနည်းတာ မဟုတ်ဘဲလည်း မပျော်နိုင် ..။

"ဟာ!..."

"ဘုတ် .."

"ဆောရီး ညီမ .. ဆောရီး .."

နှစ်ယောက် ပခုံးချင်း ချိတ်သွားတော့မတတ် ပစ်စလက်ခတ် တိုက်မိသွား၏။ နှစ်ယောက်စလုံး၏ ကိုင်ထားသမျှ စာအုပ်တွေ လွတ်ကျကုန်ကာ သူ့ပဲ အရင်ခြေဖျားထောက် ထိုင်လိုက်ပြီး လိုက်ကောက်မိ၏။

ပြန်ထရပ်လိုက်တော့ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းလေးနှင့် နားဆွဲလေးက ပခုံးထိ ထောက်နေ၏။ ဆံပင်က ပခုံးကျော်ရုံလေးရှိကာ အရပ်လေး မနိမ့်မမြင့်နှင့် ချစ်စဖွယ်လေးပဲ ဖြစ်သည်။

သူမက သူ လိုက်ကောက်ပေးတာကို ယူတော့မလို .. တစ်ခုခု ပြောတော့မလိုနှင့် မျက်နှာကိုပဲ ငေးနေကာ ...

"ဟို .. အား .. အားနာလိုက်တာ .."

"ကျွန်တော့်ကိုလား ..၊ မဟုတ်တာ .. ကျွန်တော်က တောင်းပန်ရမှာပါ"

"မဟုတ်ပါဘူး အစ်ကိုကလည်း ..၊ ချစ် ကလည်း မမြင့်တာပဲဟာ .."

"နာမည်က ချစ် တဲ့လား .."

"ချစ်မင်းဘုံ .."

"သြော် ..."

သူက ပြုံးပြ ခေါင်းညိတ်ကာ ...

"ကျွန်တော့်နာမည်က သားချစ် ပါ၊ ဒါနဲ့ ညီမ ရွေးထားတဲ့စာအုပ်





တွေ ဟုတ်ရဲ့လား ပြန်စစ်ကြည့်ပါဦး၊ ကျွန်တော်က ဒီလိုပဲ လျှောက်ဖွနေတုန်းဆိုတော့ ကိုယ် ရွေးထားတာကို မမှတ်မိလိုက်ဘူး၊ တော်ကြာများကုန်မှာ စိုးလို့ .."

"ဟာ!... ရတယ် ..၊ ချစ် ကလည်း လျှောက်ကြည့်နေတုန်းပဲ"

ချစ်မင်းဘုံ က စာအုပ်တွေကို တစ်ချက်ပဲကြည့်ပြီး သူ့အစဉ်ထဲ ပြန်ထည့်လိုက်ကာ ...

"အစ်ကိုက ဘယ်စာအုပ် ရှာတာလဲဟင် .."

"ဟင်!..."

သူ လျှောက်လာတုန်း ဘေးမှာ ပါလာတော့ အံ့သြသွားမိသည်။ ချစ် က ပွင့်လင်းသည့်အပြုံးလေးနှင့် ပခုံးစွန်းကနေ ကျော်ကျလာသည့် ဆံနွယ်လေးတွေကိုလည်း နောက်ကို ခဏခဏ ပို့နေရကာ ...

"ချစ် က ပျင်းရင် စာအုပ်ဆိုင်ထဲ ဝင်ဖွနေကျ အစ်ကိုရဲ့..၊ အဲဒါကြောင့် အစ်ကို့အတွက် ဝိုင်းရှာပေးမလို့ .."

မထင်မှတ်ဘဲ ခင်ခင်မင်မင် ဖြစ်သွားခဲ့ကြတော့ ချစ်မင်းဘုံ က သူ့အပေါ်မှာ အစ်ကိုလို .. ငယ်ပေါင်းကြီးဖော်လို တကယ့်ကို တရင်းတနှီးကြီး ဖြစ်သွားခဲ့၏။

သူမလေးသည် နောက်ဆုံးပေါ်ပြိုင်ကား အဖြူရောင်လေးနဲ့ အလွန်မတန် သွက်လက်ပွင့်လင်းသူလေး ဖြစ်ရကာ ...

"အစ်ကို ချစ် ကို ဘယ်လိုထင်လဲ ဟင် .."

"ဟင်!... ဘာကိုလဲ .."

ကာလ ကို သူ မကြာခဏ မေးခဲ့ဖူးတဲ့ မေးခွန်း ..၊

သူ့မျက်နှာမှာ ပြုံးယောင်သမ်းခဲ့၏။

ချစ် က အဖြူရောင် ဒူးကျစကတ် ကိုယ်ကျပ်လက်ရှည် အဖြူလေးနှင့် ရှူးဖိနပ်အဖြူရောင်လေးကို စီးထား၏။

မြက်ခင်းစိမ်းစိမ်းပေါ်မှာ ဖွေးဆွတ်နေသည့် သူမပုံစံလေးက



www.burmeseclassic.com

www.burmeseclassic.com



နှသစ်လှပနေကာ ...

"ပြောလေ .. ဘုံ .."

သူမက ကိုယ့်ကိုယ်ကိုယ် ချစ် လို့ ပြောပေမယ့် သူကတော့ ဘာ မဆိုင်ကြဘဲနှင့် ဒီလိုကြီး ခေါ်ဖို့ မသင့်တာကို တွေးမိသည်။

ထို့ကြောင့် ဘုံ လို့ပဲ ခေါ်ခဲ့၏။

"ဘာဖြစ်လို့ အဲဒီလို မေးတာလဲ .."

"မဟုတ်ဘူးလေ အစ်ကိုရဲ့ ..၊ ချစ် က အစ်ကိုရှိတဲ့နေရာတွေ လာတယ်၊ သွားစရာရှိရင် လိုက်ပို့ပေးပါလို့ ခေါ်တယ် .. ခုလိုနေရာမျိုး ကို အစ်ကို့ကို ခေါ်လာတာကျတော့ .."

ပြောပြီး ကန်ပတ်လည်မှာ ရှိနေကြသည့် စုံတွဲတွေဆီ ခေါင်းလေး လည်အောင် လှည့်ပတ်ကြည့်သည်။ ပြီးမှ ...

"အဲ့ဒါလေ .. အဲ့ဒါကို မေးတာ .."

သားချစ် က ရယ်လိုက်ပြီး ချစ် ရဲ့ခေါင်းလေးကို ကလေးစသလို ဖွဖွလေး ထုသည်။

"ညီမလေးတစ်ယောက်ကို အလိုလိုက်နေရသလို သဘောထား တာပေါ့၊ ဒါ ဘယ်လိုထင်စရာတွေ ရှိလို့လဲ .."

ချစ် မျက်နှာလေးက ကျေနပ်သွားတာမျိုး မဖြစ်ဘဲ သားချ ပုတ်လိုက်သည့် ခေါင်းပေါ်က ဆံပင်နေရာကိုပဲ ဖိသပ်ချနေသည်။

"ဘာဖြစ်သွားတာလဲ ..၊ တို့ ပြောတာ ဘာမှားသွားလို့လဲ .."

"မမှားပါဘူး .. မှန်လွန်းလို့ တွေးမိသွားတာ .."

"ဘာတွေးမိတာလဲ .."

လမ်းလျှောက်နေတာကို ရပ်လိုက်ကာ ချစ် က သူ့မျက်နှာ မော့ကြည့်၏။

"ချစ် ကို ဆို အမြဲတမ်း အဲဒီစကားတွေ ပြောကြတာ .."

"ဟင် .. ဘာစကားတွေလဲ .."





"အစ်ကို .."

"ဟင် .. ပြောလေ .."

"ချစ် ရဲ့ပုံစံက အရမ်းများ ကလက်နေသလား ဟင် .."

"မဟုတ်တာကွာ ..၊ ဘာဖြစ်လို့လဲ .."

ချစ် က မြက်ခင်းပြင်ကို ငုံ့ကြည့်ကာ လက်လေးပိုက်၍ တစ် မ်းချင်း လျှောက်နေကာ ...

"အိမ်မှာ .. ဒက်ဒီတို့ ကိုကြီးတို့ပေါ့၊ ပြီးတော့ ချစ်မြတ်နိုးခဲ့ရတဲ့ င်ထဲက ချစ်သူ .."

"ဘယ်လို .."

"ဟုတ်တယ် .. အားလုံးပဲ၊ ချစ် ပြောတဲ့ စကားတွေက ကလေး ကားလိုလို .. မဆင်မခြင် ပြောတတ်တာလိုလို .."

သားချစ် ရင်ထဲမှာ ထိခိုက်သွားသည်။ သူမမှာလည်း ဝေဒနာလေး တွေ ရှိနေသည်ပဲ ..။

"အစ်ကို့အသက် ဘယ်လောက်ရှိပြီလဲ ဟင် .."

"နှစ်ဆယ့်သုံး .."

"တွေ့လား .. ချစ် အသက်က နှစ်ဆယ့်နှစ် .. အစ်ကိုနဲ့ တစ်နှစ် ကွာတာကို ..၊ ချစ် ကို စမြင်ကတည်းက အစ်ကိုက အလိုလိုက်ချင်တဲ့ စ်ကိုကြီးပုံ ပေါက်နေတာ .."

"အဲဒါ မင်းပုံစံလေးက ကလေးဆန်ပြီး ချစ်ဖို့ကောင်းနေလို့ပါ ွာ ..၊ ပြီးတော့ တို့က တစ်ဦးတည်းသော သားလေ .. မွေးချင်း ောင်နှမလည်း မရှိဘူး၊ ညီမလေးတစ်ယောက် ကောက်ရသလို ခင် ွားမိတာ၊ ဘာသဘောမှ မပါဘူး .."

"ဒါဆိုလည်း ချစ် ကိုက ကံဆိုးတာပေါ့နော် .."

"လုပ်ပြန်ပြီ ..၊ ဒီလောက် ကံကောင်းနေတာကိုကွာ .."

"လူတိုင်းကတော့ ထင်ကြတာပါပဲ၊ ဒက်ဒီက ဆောက်လုပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကြီးနဲ့ ကိုယ်တိုင်ကလည်း အင်ဂျင်နီယာ၊ ကိုကြီးက ကိုယ်ပိုင်ဆေးရုံဆောက်ထားတဲ့ ဆရာဝန်၊ အငယ်ဆုံး သမီးလေး .. အငယ်ဆုံး ညီမလေးမို့ ချစ်ကြတယ်တဲ့ ..”

“အဲ့ဒါ ဘာမှားနေလို့လဲ ..”

“ချစ် က ကလေးမှ မဟုတ်တော့တာ အစ်ကိုရယ် .. အိမ်စီးပွားရေး ဝင်မေးမိရင်လည်း သမီး ဒါတွေ နားမလည်ပါဘူး၊ ကိုကြီး အိမ်ထောင်ရေးထဲ ဝင်ပြောမိရင်လည်း ကိုကြီးက ညီမလေးက ငယ်ပါသေးတယ်၊ ဒါတွေ ဝင်မပြောနဲ့တဲ့ ..”

သားချစ် ပင့်သက်ရှိုက်မိလေသည်။

“တစ်ခါတလေမှ မဟုတ်တာ .. ကြာလာတော့ ဒါတွေကို အချစ်ခံရတာလို့ မမြင်တော့ဘူး၊ ဖယ်ကြဉ်ခံနေရတာ ..”

“ဘုံ ရယ် ..”

“ပြီးတော့လေ ဘယ်ကိုကြည့်ကြည့် .. ရင့်ကျက်တည်ငြိမ်နေကြတဲ့ လူကြီးတွေဖြစ်နေပြီး ကိုယ် တစ်ယောက်တည်းပဲ တန်းနိမ့်နေတာမျိုး .. အထီးကျန်ဆန်လာတယ် အစ်ကို ..”

ကြားရတာ နားမချမ်းသာပါလား ..၊ သူမက ကိုယ့်ထက် အဖြစ်ဆိုးနေတာလား ..၊ သူကပဲ ငါသာလျှင် ကံအဆိုးဆုံးလို့ ထင်ခဲ့မိတာလား ..။

“ကိုကြီးရဲ့ယောက်ဖ ဒေါက်တာ .. အင်း .. နာမည်တော့ မပြောတော့ဘူးနော် ..၊ သူက လက်ထပ်သွားပြီဆိုတော့ ..”

“ဟင်!...”

ဒါက ဟက်ထ်ထိဆုံးစကား ဖြစ်သည်။

“သူက ချစ် ကို ပြောတယ် သိလား ..၊ ကလေးကို မုန့်ပေးကြိုက်သလို ဖြစ်မှာ မလိုချင်ဘူးတဲ့၊ ကိုကြီးတို့ကလည်း ချစ် ကို ကလေးလို့ပဲ မြင်နေကြတာ သူ စိတ်မကူးရဲဘူးတဲ့ ..”





“မင်းနဲ့ ချစ်နေကြမှလား ..”

“ချစ်တော့ မချစ်သေးပါဘူး ..၊ ဒါပေမယ့် ချစ် က ဟန်မဆောင်တတ်တော့ ကိုကို့ကို ချစ်နေမိတာတွေ သိသာနေလို့ ဖြစ်မှာပေါ့ ..”

သူမက ကိုကို လို့ ခေါ်ခဲ့သည်လား ..။

“အဲ့ဒါလေ .. အဲ့ဒါ ချစ် မှားပါတယ်၊ ကိုကို အထင်သေးသွားအောင် ချစ် ရဲ့ပုံက ကြိတ်ပိုးမလေး ဖြစ်ခဲ့တာ ..”

“ဒီလိုလည်း မဟုတ်သေးပါဘူးကွာ ..၊ အချစ်နဲ့ပတ်သက်လာရင် သူတွေက ဒီလိုပါပဲ၊ နောက်ပြီး သူက ဆရာဝန်ဆိုတော့ မင်းအစ်ကိုနဲ့ ပတ်သက်ရင်းနှီးတဲ့သူ ဖြစ်မှာပေါ့၊ ဆရာဝန်တောင် ဖြစ်နေပြီဆိုတော့လည်း သူ့ရဲ့အသက်က မင်းနဲ့တော့ ကွာမှာပဲ၊ သူ ချစ်ပေမယ့် မသင့်တော်လို့ ရှောင်ထွက်သွားတာ ဖြစ်မှာပေါ့ ..”

သူမနဲ့ လမ်းခွဲလာခဲ့ပြီးမှ ရင်ထဲမှာ ပူလောင်ကျန်ရစ်ခဲ့တာ သူမရဲ့ သောကတွေ ကိုယ့်ဆီမှာ ကူးစက် ပါလာခဲ့သလိုပင် ..။

“မင်း အဲ့ဒါ ရင်ဘတ်ချင်း ဆက်နေတာ ..”

“ဘာဆိုင်လဲ ..”

ညဘက် ထင်ကျော် နဲ့ ဖုန်းပြောဖြစ်တော့ တန်းခနဲ ဟောကိန်းထုတ်၏။ ချစ် ရောက်လာတတ်တဲ့ တချို့နေရာတွေမှာ ထင်ကျော်တို့နဲ့ ဆုံတတ်တာမို့ ချစ် ကို သူငယ်ချင်းတွေလည်း သိကြ၏။

ချစ် နဲ့ ဆုံဖြစ်ခဲ့တဲ့အချိန်တွေမှာ မဆုံဖြစ်ခဲ့လို့ မသိခဲ့တာက ကာလ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မသိသေးတာတွေ ရှိရင်လည်း နောက်မှပဲ ပြောတော့ဟာ .. ငါ ဖေဖေနဲ့ အလုပ်ကိစ္စတွေ လိုက်နေရတာ ခုမှ အိမ်ပြန်ရမှာ .."

"ငါ လာကြိုမယ်လေ .. ဘယ်မှာလဲ .."

"မကြိုနဲ့ ..၊ ငါ လမ်းတစ်ဝက်မှာ ကားဝင်ရွေးရဦးမှာ .."

"ကျွတ်!..."

ဖုန်းထဲက သားချစ် ရဲ့ စိတ်ပျက်သံကြီးကို ကြားရပေမယ့် မတတ်နိုင် ..။

ခု တစ်လောကျမှ သားချစ် တို့အိမ်ကလူတွေ မေမေ့ကို ဈေးမှာတွေ့လည်း နှုတ်ဆက်၊ လမ်းမှာတွေ့လည်း ကားရပ်ပြီး လာနှုတ်ဆက်..၊

"ကာလ .. နင် ငါ့ကို ခုတစ်လော မတွေ့အောင် တမင်ရှောင်နေသလိုပဲ .."

"ငါ့မှာ နင့်ကို ရှောင်ရှားဖို့ နည်းဗျူဟာတွေ ထုတ်နေစရာ အချိန်မရှိဘူး သားချစ် .."





ဖုန်းပြောရင်း လမ်းရောက်အောင် ထွက်လာခဲ့တာမို့ ခြေလှမ်းတွေကိုလည်း ကြည့်ရသေးသည်။

"ဖေဖေနဲ့ငါ ဘယ်လောက်ထိ အလုပ်ရှုပ်နေကြသလဲ နင် သိသားနဲ့ သားချစ် ရယ် .."

"အလုပ်ရှုပ်တာက အန်ကယ်လ်နဲ့ နေ့တိုင်း လိုက်နေရတာလား.."

"ဖေဖေ ကြုံရတဲ့ပြဿနာက လုပ်ကြံမှုလို့ အစပေါ်လာတယ်ဟ၊ ပြီးတော့ အခု အဆင်ပြေသွားတာကလည်း တစ်ယောက်က ကိုင်တွယ်နေတာဆိုတာတွေ၊ အရမ်းကို ရှုပ်နေလို့ပါဟာ .."

"အဲဒါတွေကို ငါလည်း ဝိုင်းရှင်းပေးနိုင်ပါတယ်၊ ဒါမှမဟုတ် ငါ့အဖေ .."

"ဖေဖေကိုယ်တိုင် ငါ့ကို ဘာမှ သေချာပြောတာ မဟုတ်ဘူး၊ ပြီးတော့ ဟိုမိန်းမကြီးနဲ့ ဖေဖေ ပြန်မဆက်မိအောင် ငါ အသည်းအသန် လိုက်နေရတာ၊ အားလုံး ဒီမိန်းမကြီး ရှုပ်နေတာလို့ ငါက ထင်တာ..၊ ဖေဖေတစ်ယောက်တည်း ခေါင်းမခဲစေချင်လို့ပါ၊ ငါနဲ့ ဖေဖေ အလုပ်ကိစ္စရော .. အဲဒီပြဿနာကိုရော ကြိတ်စုံစမ်းနေတာ မေမေတောင် မသိဘူး .."

"နင် အခု ဘယ်မှာလဲ ကာလ .. ငါ လာမခေါ်ပါဘူး၊ ကားသံတွေ ကြားနေရတာ ဆူညံနေလို့ .."

"လမ်းဘေး ရောက်နေပြီ .. ဒါပဲနော် .."

"နေပါဦး .. အန်ကယ်လ် တစ်ခါပြောတော့ အဲဒီကားကို လဲတော့မှာဆို .. ဒီလောက်ပျက်နေတာကိုကွာ .."

"နင် အဲ့ဒါကြီး ပြန်မစစမ်းပါနဲ့၊ ပျက်ပျက်စုတ်စုတ် .. ပိုက်ဆံတစ်ပြားမှ အပိုကုန် မခံနိုင်ဘူး .."

စကားပြောရတာ များလာတော့ မောလည်း မောသည်၊ စိတ်လည်း တိုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကားလာနေပြီ .. ဒါပဲနော် .."

ဘယ်လိုထင်ထင် ဖုန်းချပစ်လိုက်ကာ တက္ကစီ လှမ်းတားလိုက်သည်။

ဟိုနားဒီနားလေးကို နှစ်ထောင် တောင်းသဖြင့် တိုရသည့်စိတ်က တိုရလွန်းလို့ အသက်ပါ တိုလာနိုင်၏။

"သမီး .. ဘယ်မှာလဲ .."

"သမီး .. ကား .. အဲ .. အိမ်ရောက်တော့မယ် ဖေဖေ .."

ဆော်ဒီရုံမှာ ကားဝင်ရွေးရင်း ဆေးလေးမှုတ်တာကို နှင်းကန် တောင်းသဖြင့် ဈေးဆစ်နေတုန်း ဖေဖေ့ဖုန်းကြောင့် စကားပြောလက်စ နှင့် ဆော်ဒီရုံနဲ့ ဝေးရာကို အပြေးတစ်ပိုင်း သွားရပြန်သည်။

ကားပွတ်မိခဲ့တာ၊ ဆော်ဒီရုံမှာ အပ်ထားရတာ ဖေဖေက ဘာမှ မသိ ..။

ထစ်ခနဲရှိ ဒီကားလဲဖို့ပဲ ပြောဦးမှာမို့ ကားပျက်တိုင်း ဖေဖေ့ကို မပြောဘဲ ဖုံးလို့ရသလောက်တော့ ဖုံးဖိထားရသည်။

"သမီးမေမေ့ကို ဂရုစိုက်လိုက်ဦး၊ မနက်က နေသိပ်မကောင်းဘူး ထင်တယ်၊ ဖေဖေ ဖုန်းဆက်တာလည်း အိပ်နေလို့ .."

"ဟုတ်ကဲ့ ဖေဖေ .. ဖေဖေလည်း ပြန်ခဲ့တော့လေ၊ ရှေ့နေကြီးက ဒီနေ့လာမှာမှ မဟုတ်တော့တာ .."

"အေး .. သမီး .. ဒါပေမယ့် စောင့်လိုက်ဦးမယ်၊ သမီး တံတား အောက်ကဖြတ်ရင် သမီး မေမေ့အတွက် သူကြိုက်တဲ့ ပဲကြာဇံသုပ်နဲ့ ငုံးဥ ငါးဖယ်လုံးဟင်းချို ဝင်ဝယ်သွားဦးနော် .."

"ဟုတ်ကဲ့ ဖေဖေ .. သမီး ကြိုမှာထားလိုက်မယ်၊ သိပ်မစောင့်ရ အောင် .."

စကားစ ပြတ်သွားသည်မို့ ယောကျ်ားတွေကြားထဲ ပြန်ဝင်ပြီး ဆေးမှုတ်ခလည်း ထပ်ဆစ်မနေချင်တော့ပါ ..။





ကားသာ ပြန်မောင်းလာခဲ့ရသည်။ စိတ်ထဲမှာ ကျေနပ်ခဲ့တာ တစ်ခုမှ မရှိ ..။

"ဟုတ်တယ် .. ကြိုမှာထားတာလေ .."

"ဟုတ်ကဲ့ပါ အစ်မ .. ခဏလေး စောင့်ပါနော် .."

"အင်း .. ဒါဆို ကုတ်တစ်ဘူးပေး .."

မိသားစု လာစားနေကျဆိုင်ပါပဲ။

ဒါပေမယ့် တစ်ယောက်တည်း လာတိုင်း ဒီလိုပဲ ဝိုင်းကြည့်ခံရတာ ကို ခံရတိုင်းပဲ စိတ်ညစ်မိသည်။

ကြိုမှာထားတာတောင် အအေးတစ်ဝက်ကျတဲ့အထိ ရပါပြီဆိုတာ ထွက်မလာ ..။

"တစ်ယောက်တည်းလား .."

"ဟင်!..."

ဒီအေး ဘယ်လိုကဘယ်လို ရောက်လာမှန်း မသိ။

အတွင်းခံ လည်ပိုင်းအနီရဲရဲနှင့် ဂျာကင်အနက်ကို ထပ်ဝတ် ထား၏။

သူက ကာလ ရဲ့ရှေ့မှာ ဝင်ထိုင်လိုက်ကာ ...

"ဘာဝင်လုပ်နေတာလဲ .. တစ်ယောက်တည်း .."

"ဘာလဲ .. အအေးတစ်ဘူး ဝင်သောက်ပြီး ထိုင်ရှိုးနေတယ် ထင်လို့လား .."

"မထင်ဘူးလေ .. မထင်လို့ မေးတာ၊ ဒီဆိုင်က ညနေပိုင်းကျရင် အသောက်အစားသမားတွေရဲ့အချိန် .. ရှုပ်က ရှုပ်နဲ့ .."

"ရှုပ်ပေ့စေ .. ငါ့ကိစ္စနဲ့ ငါ .."

"ကောင်းကောင်းမေးတာ ကောင်းကောင်းဖြေ ..၊ ဒီက ခင်ဗျား တစ်ယောက်တည်း မြင်လို့ တကူးတက ဝင်လာမေးတာ .."

"မခေါ်ဘဲ လာတဲ့အတွက် ကျေးဇူးတင်စကား ပြောစေချင်သေး



www.burmeseclassic.com

www.burmeseclassic.com



သလား ..''

ဒီဒေး က ရယ်မလို မဲ့မလိုနှင့် စိုက်ကြည့်ကာ ...

''မပြောနဲ့ .. ကျေးဇူးတင်စကား ပြောလိုက်ရင် ပါးစပ်ကို ဖဲ ပေါက်တတ်တယ် ..''

ကာလ စိတ်ညစ်သည့်ကြားထဲက ရယ်ချင်သွားသည်။ သူ ရောက် လာတဲ့အတွက် ကြောင်တောင်တောင်နိုင်ခြင်းဒုက္ခတော့ အေးသွားတာ အမှန်ပါ ..။

''အစ်မ .. ရပါပြီ ခင်ဗျ ..''

ကာလ ပိုက်ဆံရှင်းတာကို စောင့်ကြည့်နေပြီးမှ အတူထရပ်ကာ -

''ကား မပါဘူးလား ..''

''ပါတယ် ..၊ ဆိုင်ရှေ့မှာ ကျပ်သိပ်နေတာ မထိုးရဲလို့၊ ဟိုဘက် သွားထိုးလိုက်ရတာ လမ်းနဲ့ လွတ်ပါတယ်၊ ချောင်ထဲမှာ ဥစ္စာ -''

ကိုယ့်ဘာသာ စိုးရိမ်သွားကာ မမေးဘဲ ဖြေရှင်းနေမိသည်။ သို့ သော် ...

နှစ်ယောက် အတူတူ ထွက်လာခဲ့ကြစဉ် ...

''ဂျိမ်း ..''

''ဂျီး .. ဒိန်း ..''

''ဟာယ်!...''

ကာလ မျက်လုံးတွေ ပြူးကျယ်သွား၏။

''သွားပြီ .. သွားပါပြီ ..၊ ငါ့ကားလေး ..''

ဘယ်ကဘယ်လို စည်းလွတ်ကမ်းလွတ် ထိုးဝင်သွားမှန်း မသိ သည့် ကားတစ်စီးသည် ကာလ ရဲ့ ဆလွန်းကားလေးကို ပစ်စလက်ခတ် ဝင်တိုက်၏။

ကားက ဘေးတိုက်ကြီး လည်ထွက်သွားကာ ကပ်လျက်မှာရှိသည့် ရေသန့်ဘူးသယ်သည့်ကားကြီးကို ပစ်ဆောင့်သွားသည်။





ထိုအခါ ရေအပြည့်နှင့် ရေသန့်ဘူးကြီးတွေ ကားပေါ်ကို အင် တိုက်အားတိုက် ခုန်ပေါက် ပြုကျလာခဲ့ပြီး ...

''ဟေ့လူ .. နေဦး ..''

ပစ်တိုက်သည့်ကားက ဂျစ်ကား ခပ်စုတ်စုတ်ပဲဖြစ်ကာ ဝေါခနဲ နောက်ပြန်ဆုတ်သဖြင့် ဒီဒေး လှမ်းအော်ပြီး ကားဆီ ပြေးသွား၏။

အခြေအနေ ပတ်ဝန်းကျင်ပါ ဆူညံ ရှုပ်ထွေးကုန်က ပြူးကြောင် ကြောင်လေး ဖြစ်နေသည့် ကာလ ကို ဒီဒေး က လက်တစ်ဖက် ဆွဲထား လျက် ...

''ဘရိတ်ပေါက်လာတာ ဘာညာ မလိုချင်ဘူး၊ ဒီကားတစ်စီးလုံး စုတ်ပြတ်သွားပြီး .. အဲဒါ ခင်ဗျား လျော်ရမယ် ..''

''လျော်ပါ့မယ် .. အမှုတော့ မလုပ်ပါနဲ့ဗျာ .. ယာဉ်ထိန်းရဲဆီ လည်း မရောက်ပါရစေနဲ့၊ ကလေးက ကားမောင်းချင်တယ်ဆိုလို့ ကျွန် တော်က ခိုးပြီး မောင်းခိုင်းတာပါ ..''

ဒရိုင်ဘာလည်း ပါသည်၊ မောင်းသူက ဆယ့်လေးနှစ်သား ကောင် လေး ..။

မကျွမ်းကျင်သည့်ကလေးကို ဟန်းဘရိတ်မဖြုတ်ဘဲ မောင်းခိုင်း လာသဖြင့် ဘရိတ်ပေါက်သွားတာလို့ အားလုံးက ပြောနေကြ၏။

''ကျွန်တော့်ကြောင့်ပါ ..၊ သူ့အမေကို ပြောပြီး အားလုံး စိတ်ချမ်း သာအောင် လုပ်ပေးပါ့မယ် ..''

ရှုပ်ထွေးနေသည့်လူတွေ ဖြေရှင်းသံတွေကို ကာလ သေချာလည်း ဘာမှမကြားပါ ..။

ဒီဒေး ဖြေရှင်းနေတာကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိ လျက် ..၊ စောစောက ကားတိုက်သံကြီးက နားထဲမှာ စွဲနေ၏။

ပြီးတော့ ပိန်ရှုံ့ချိုင့်ခွက်နေသည့် ကိုယ့်ကားတစ်စီးလုံးရဲ့အခြေကို ကြည့်နေရင်း မယုံနိုင်တာလား ..၊ ထိတ်လန့်နေတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ရင်ဆိုင် ယှဉ်ပြိုင်ရဲနေပြီ ထင်ခဲ့ပေမယ့် မိန်းမသားပီသသည့် အားငယ်စိတ်ကတော့ မပျောက်မပျက် ရှိနေခဲ့လေသည်။

"လာ .. ပြန်မယ် .."

"ငါ့ကား .. ငါ့ကားကို သူက တကယ်လျှော်မှာလား ..၊ ဒီလောက် ပျက်စီးနေတာ .."

"တစ်ကားလုံး ပျက်စီးရင် တစ်ကားလုံး အသစ်ပြန်လျှော်ပေးရမယ်၊ အဲဒါ နှင့် ပူမနေနဲ့ .. ငါ့ရှေ့မှာ ဖြစ်တာ၊ ဒီကိစ္စပြီးတဲ့အထိ ငါ အားလုံး လုပ်ပေးမယ် .."

ဒီဒေး အာမခံရင်း ကာလ ကို အိမ်ပြန်ပို့ပေးခဲ့သည်။

ပြီးတော့ ကားပေါ် ပြန်တက်၍ သက်ပြင်းရှည်ကြီးချကာ ...

"ကားစုတ်ကို ကိစ္စတုံးဖို့လုပ်ရတာ တော်တော် မလွယ်ပါလား.."

ဆံပင်တစ်ချက်သပ်ရင်း နှုတ်မှ ဖွင့်ဟ ညည်းညူမိတဲ့အဖြစ် ..၊ ထို့ပြင် ကားကို လမ်းပေါ် ပြန်ထွက်ခဲ့ရင်း ဖုန်းဖွင့်၍ ...

"ဦးမျိုး လား .."

"... ... ... ..."

"အဲဒီက ထိခိုက်မိတာတွေပါ အားလုံး ရှင်းထားလိုက် ..၊ ခုနက အတိုင်းပဲ ခင်ဗျား ပျာယာခတ်နေလိုက်နော် ..၊ လုံးဝ မပေါက်ကြားစေနဲ့ .."

"... ... ... ..."

"အဲဒီချာတိတ်ပါ ဘာမှ မသိစေနဲ့ .."

"... ... ... ..."

"မြင့်ဦး ကို အခု လွှတ်လိုက်ပြီ၊ ကလေးအိမ်က မေးတဲ့ပုံစံနဲ့ အဲဒီနားက အသေးစားတွေကို ရှင်းပေးထားခဲ့ .."

"... ... ... ..."





"ကားကို အဲဒီကနေ တစ်ခါတည်း ဆွဲသွားလိုက်လေ .."

"... ... ... ..."

"ဩော် .. ဒီလောက်ဖြစ်ထားတဲ့ဟာကို ဘာလုပ်ချင်သေးလို့လဲ..၊ သံရည်ကျိုစက်ထဲ ထည့်လိုက်၊ ဝါသနာပါရင် ခင်ဗျားပါ ခုန်ချသွားလို့ရတယ် .."

အဲဒီလောက် ရှင်းပြနေတာကို စိတ်က မရှည် ..။

ကိုယ်တိုင် ဝင်လုပ်လို့ မရသည့်ကိစ္စတွေကို ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ ခိုင်းနေရတာ ပိုပင်ပန်းသည်။

ဒါတွေ မယ်မင်းကြီးမလေးက ဘာမှ သိမှာမဟုတ် ..၊

ကျေးဇူးတင်တင် .. မတင်တင် ဒီမှာ ထားလိုက်ရတဲ့ စေတနာတွေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

BURMESE CLASSIC .com

ဖွင့်ထားလိုက်တာနှင့် သိပ်မစောင့်လိုက်ရဘဲ ဖေဖေ့မျက်နှာ ပေါ်လာသည်။

ကုတ်ချိထားသည့် မျက်ခုံးထူထူကြီးတွေကို ကြည့်လိုက်တာနှင့် သိသည်။

ရာသီဥတုက မကောင်း ...၊

"ဘာတွေလုပ်နေတာလဲ သား .."

"သိရဲ့သားနဲ့ ဖေဖေရာ ..၊ အန်ကယ်လ် ဦးထိန်ဝင်း က ပြောပြီးပြီ မို့လား .."

"ဘာမှမဆိုင်ဘူး .. အဲဒါက ဖေဖေ့အလုပ်ကိစ္စတွေပဲ မေးတာ၊ ကိုယ့်သားအကြောင်းကို ဖေဖေက အပြင်လူဆီမှာ ဘာဖြစ်လို့ စုံစမ်းရမှာလဲ .."

ဒီဒေး က စီးကရက်သောက်ရင်း မျက်နှာခပ်လွှဲလွှဲ လုပ်နေ၏။





"ကိုအံ့မိုး တို့က ဖေဖေ့ကို တိုင်တယ် .."

"ဒီတိုင်းလုပ်မှာပဲလို့ ဖေဖေ့ကို ကျွန်တော် ပြောထားတာပဲ .."

"မမှန်ကန်တာတွေကို ဖော်ထုတ်တာက ကောင်းပါတယ်၊ ဒါပေမယ့် ဒီလူတွေက လူလိမ်လူကောက်တွေ မဟုတ်ဘူး သား .."

"မဟုတ်ဘူးဆိုတဲ့လူတွေပဲ လုပ်ချလိုက်ရင် အဲဒီလို ဟင်ခနဲ .. ဟာခနဲ .."

"အလုပ်လုပ်နေတဲ့လူမှာ မှားကွက်ဆိုတာ တစ်ခုမဟုတ်တစ်ခု ရှိတတ်တာပဲ၊ လောဘအမှားဆိုတာ .."

"ဖေဖေ .. ဒါ မှားတာ မဟုတ်ဘူးနော် .. မတရားလုပ်တာ၊ ဖေဖေက အခု ဘာဖြစ်စေချင်လို့လဲ .."

"မဟုတ်ဘူးလေ.. မင်း သူတို့ထဲက ရှယ်ယာကို နုတ်ထွက်တဲ့ အထိ .."

"ကျွန်တော့်လုပ်ပိုင်ခွင့်က ဒီလောက်ပဲမို့လို့ .. မဟုတ်ရင် ကွန်စ ဘရပ်ရှင်တစ်ခုလုံးကို အမှိုက်ပုံ လုပ်ပစ်ချင်တာ .."

ဦးအောင်ချိန် မျက်နှာကြီးက စခရင်မှာ ရှုံ့တွတွ စိတ်ပျက်ခြင်းများနှင့် ...

"သား .. မင်း ဖေဖေ့ကို လေသံ နည်းနည်းလျှော့ပြောစမ်းပါ၊ မင်းကို ဖေဖေ ဆူနေတာ မဟုတ်ဘူး .."

"ဆူတာဆဲတာ .. အပြစ်တင်တာ .. ဘာဖြစ်ဖြစ် ရပါတယ်၊ သူတို့လိုလူတွေနဲ့ လက်တွဲဖို့ မပြောရင် ပြီးတာပဲ"

"လက်မတွဲချင်ရင်လည်း လူလိမ္မာရှောင် ရှောင်ရမှာလေ ..၊ ကလေးချင်း မတည့်သလို ချက်ချင်းကြီး ငါ့အိုးပုတ် ပြန်ပေးဆိုတာ သေးသိမ်ရာကျတာပေါ့၊ ပြီးတော့ ဖေဖေ သားကို ကြိုပြောခဲ့ဖူးတယ် ဖေဖေတို့ရဲ့ရှယ်ယာတွေက တစ်ဝက်နီးပါး ရှိနေတာ .."

"အဲဒီရှယ်ယာရှင် ထွက်မသွားချင်အောင် သူတို့ ဆက်ဆံခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ဖေဖေ၊ မှားနေတာကို ထောက်ပြတော့ ရှက်ရမ်းရမ်းတယ် ငါတို့က အကြီး .. လူငယ်က အပြစ်ထောက်တာ မခံနိုင်ဘူးဆိုတာမျိုးတွေ၊ နောက်ပြီး အဲဒီ လူလိမ်လူကောက်မဟုတ်တဲ့ ဖေဖေ့လူတွေကပဲ ကျွန်တော့်ကို သတ်မယ် ဖြတ်မယ်လို့ ကြိမ်းဝါးခဲ့သေးတာ .."

"ဟင်!..."

ဦးအောင်ချိန် မျက်နှာကြီးက အံ့သြသလို ဖြစ်သွားပြီးမှ ဒေါသတွေ တရိပ်ရိပ်တက်၍ တင်းမာလာ၏။

"အဲဒီလိုတွေ ဖြစ်ခဲ့ကြတာလား..၊ ဖေဖေ့ကိုပြောတော့ ကတောက်ကဆတ် ဖြစ်ခဲ့ကြရုံပဲတဲ့ .."

သားကို ထိမှ မချိအောင် နာသွားသည်။

"ဒါဆို ဘာကို ငဲ့ညှာနေရဦးမှာလဲ ..၊ သူတို့မှာ ဖေဖေတို့ရှယ်ယာ ဖြုတ်လိုက်ရင် ဒီပရော့ဂျက်ကို နောက်ပြန်ဆုတ်လိုက်ရဦးမှာပဲ၊ ဘယ်လိုမှ ချက်ချင်း ရှေ့မတိုးနိုင်တော့ဘူး .."

"သေချာတာပေါ့ ..၊ ဖေဖေ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် ကစ်မလို့ ပြင်ထားပြီးသား .."

ဦးအောင်ချိန် နည်းနည်းတော့ တွေဝေသွား၏။

ဒါပေမယ့် မိတ်ဆွေဟာ မိတ်ဆွေတို့ဝတ္တရားမှ မရှိတာ .. ကိုယ်က ဘာကို ငဲ့ရမှာလဲ ..၊

"မင်း ဘာလုပ်ချင်လို့လဲ .."

"အဲဒီ ပရော့ဂျက်ကို ကျွန်တော် ပြန်ဦးဆောင်မယ်၊ အန်ကယ်လ် ဦးထိန်ဝင်း ရှိတယ် .. အခု လုပ်လက်စတွေကို ကျွန်တော် သိနေပြီ"

"အေး .. လုပ်ကွာ၊ မင်းကို ဖေဖေ အဲဒါတွေ သဘောကျတာ..

ကိုယ့်သားပေမယ့် အားပါးတရပဲ ချီးကျူးမိသည်။ ငယ်ငယ်တည်းက ဒီဒေး ဆိုတဲ့ သားက စိတ်မဝင်စားလျှင် ဘယ်လို သင်ကြားတိုက်တွန်းပေးလို့မှ မရတာတ်ပေမယ့် ...





သူ့ကိုယ်တိုင် စူးစိုက်လာပြီဆို ဘယ်သူမှမယုံအောင် ကြိုးစားအောင်မြင်ခဲ့တာတွေ သက်သေရှိသည်။

အခြေအနေတစ်ခုကို အချိန်တိုအတွင်းမှာ လျင်မြန်စွာ သုံးသပ်ဘတ်ခြင်းနှင့်အတူ ဘာဆက်လုပ်မလဲ ..၊ ဘာတွေ ပြင်ဆင်ထားရမလဲဆိုတာပါ ဒီဒေး ခေါင်းက တွေးပြီးသား ..။

"မေးစရာတစ်ခု ရှိသေးတယ်ကွ .."

"ကျွန်တော် အခု လိုအပ်တာတွေ ပတ်ရှင်းနေတုန်းပဲ ဖေဖေ၊ အဲဒီ့ထဲမှာ ပရော့ဂျက်ကိစ္စ အဓိကပဲ၊ မစရသေးတာက ဖေဖေနဲ့ ခုလိုပြောရဖို့တွေ ရှိသေးတာရယ်၊ ကျွန်တော် အဲဒီဘက်မှာ အာရုံစိုက်ဖို့ကျန်နေသေးလို့ .."

"မမေးရသေးဘူး .. ထွက်လာတာတွေက အများကြီးပါလား .."

ဒီဒေး က စီးကရက်ရှိုက်လိုက်ရင်း ရယ်သည်။ သားအဖ ဒီလိုပြုံးရယ်ပြီး စကားပြောဖြစ်တာဆို ခုနောက်ပိုင်းမှာ မရှိသလောက် ရှားနေပါပြီ ..။

ဦးအောင်ချိန် ကလည်း ပြုံးကြည့်နေကာ ...

"ဒါဆို ဖေဖေ မေးဖို့မလိုတော့ဘူး ထင်တယ် .. ဆက်ပြော .."

"ကာလ နဲ့ပတ်သက်ပြီး ကျွန်တော် စိတ်ချနိုင်မှ အလုပ်ကို အာရုံစိုက်လို့ ရမှာ .."

"အဲဒါကြောင့် မိန်းမပိုးဖို့အတွက် ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ငွေကုန်ကြေးကျခံ ရိုက်ကူးနေတာလား .."

"ဟား .. ဟား .. ဟား ..."

သူ လုပ်နေတာတွေကို ဖေဖေ သိနေပြီမို့ ရှက်ရယ်ရယ်ရင်း နဖူးကိုလည်း လက်မနဲ့ ခြစ်မိ၏။

"အေးပါ .. လုပ်ပါ .. မင်းမှ မဖြုန်းရင် ဖေဖေ့ပစ္စည်းတွေဟာ လေသလပ်ခွင့်တောင် ရမှမဟုတ်တော့ ဖြုန်းပေးတာကိုပဲ ကျေးဇူးပါ"

www.burmeseclassic.com



"ကျွန်တော် ပြန်ရှာနိုင်ပါတယ် .."

"အေးပါ .. မင်းကို ဖေဖေ တားနေတာမှ မဟုတ်ဘဲ .. တစ်ခုခု ဖေဖေ့ကို ပြန်ကူညီဦး .."

သားအဖနှစ်ယောက် မော်နီတာပေါ်မှာပဲ မျက်လုံးချင်း ဆုံသွားကြသည်။

"လွင် ကတော့ မင်းရဲ့ နူးညံ့တဲ့ တုံ့ပြန်မှုကို မျှော်လင့်နေတဲ့သူပါ၊ ဖေဖေတို့သားအဖ သူ့ပေါ်မှာ ဥပေက္ခာဆန်ဆန် နေခဲ့ကြတာလည်း ကြာပြီမို့လား ..၊ ဘာပဲဖြစ်ဖြစ် မျက်နှာငယ်တဲ့သူကို မင်းဘက်ကတော့ မနူးညံ့ရင်တောင် မရိုင်းမိပါစေနဲ့ .."

"သူ့အတွက် ကျွန်တော်တို့ရဲ့ ဥပေက္ခာတွေ .. အကြင်နာတွေ မလိုပါဘူး ဖေဖေ .. သူ့အစ်မတစ်ယောက်လုံး ကွန်ထရိုးလုပ်နေတာ အားလုံး ပြည့်စုံနေတာပဲ .."

"ဖေဖေလည်း အဲဒါကြောင့်ပဲ စိတ်ပျက်ပြီး မြန်မာပြည်တောင် ပြန်မလာဘဲ နေခဲ့တာ သား သိပါတယ်၊ ခုချိန်မှာတော့ အသက်တွေလည်း ပိုပိုကြီးလာပြီ .. လွင့် စိတ်သဘောက မဇင်မာ နဲ့ မတူဘူးဆိုတာလည်း ဖေဖေတို့ သိနေပြီဆိုတော့ သူနဲ့ အနီးဆုံးမှာ ရှိနေတဲ့ သားက.."

"ကျွန်တော်က သူနဲ့ အဝေးကြီးမှာနေတာ ဖေဖေ ..၊ ဒီမိန်းမကြီးတွေကြောင့် ကိုယ့်ဝန်းကိုယ့်ခြံကိုတောင် စွန့်လွှတ်ထားခဲ့တာ .."

"ဟုတ်ပါတယ် .. သားကိုလည်း သွားကြည့်ပေးပါ .. စောင့်ရှောက်ပေးပါလို့ မပြောပါဘူး၊ တကယ်လို့ မဖြစ်မနေ သူ့ဘက်က အကူညီတောင်းတာမျိုးရှိရင် ကိုယ်သာ အရင်းနီးဆုံးလူဆိုတဲ့ အသိလေးနဲ့ ကောင်းကောင်းမွန်မွန် ပြောဆိုပေးဖို့ .. ဒါပါပဲ .."

သူ ဘာမှမပြောဘဲ ငြိမ်နေပေးလိုက်တာနှင့် ဦးအောင်ချိန် ကျေနပ်သွားသည်။

"ကာလ ဆိုတဲ့မိန်းကလေးက အထည်ကြီးပျက်ဆိုတာ ဟုတ်





သလား .."

"အထည်ကြီးလည်း မဟုတ်ဘူး .. ပျက်လည်း မပျက်သေးပါဘူး ဆဖေ ..၊ သူ့အဖေနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင် ကဲ့ရဲ့စရာ ပြဿနာ တချို့ကြောင့် ဟိုလိုဒီလို ဒုက္ခရောက်နေကြတာ ..၊ အခု ကောင်းသွားပါပြီ .."

"အေး .. အခုဖြစ်တဲ့ ပြဿနာမှာ မင်းက မိန်းကလေးအတွက် တစ်ဖက်သတ် ဘက်လိုက်ပြီး အားလုံးကို မငဲ့မညှာ လုပ်လိုက်တာဆိုတဲ့ အသံ ထွက်လာတယ် .."

"ကျွန်တော် လုပ်သမျှ မှန်မှန်မှားမှား ခေါင်းငုံ့ လည်စင်းခံနေရလောက်တဲ့လူတွေလား ဖေဖေ .."

"ဖေဖေက သိပါတယ် .. သူတို့လည်း သိတယ်၊ မကျေနပ်တဲ့လူတွေကတော့ ဟိုကြောင့်ဒီကြောင့် ပြောကြမှာပေါ့ကွာ .. အဲဒါကို ဖေဖေက ပြောချင်တာ မဟုတ်ဘူးကွ၊ ဒါတွေက အခု ငါ့သားဘက်မှာဖြစ်တဲ့ ကောလဟာလ .. ကောင်မလေးဘက်က ဒီအသံတွေကြားရင် ချစ်ခြင်းမေတ္တာကို ဖိအားတစ်ခုခုနဲ့ ရယူဖို့ ကြိုးစားတယ်လို့ ထင်စရာ ဖြစ်နိုင်တယ် .."

ဦးအောင်ချိန် က သားဖြစ်သူ မမြင်မှာစိုးသည့် လစ်ကွက်ဟာကွက် တချို့ကို ထောက်ပြ၏။

"နောက်ပြီး မိန်းမတစ်ယောက်အတွက် အချိန်တွေ ငွေတွေ လွှတ်သုံးနေတာ ကိုယ်က ကိုယ့်စိတ်ကူးနဲ့ကိုယ် အဆင်ပြေရင် ပြေနေမယ်၊ မိန်းကလေးဘက်က အထင်ကြီး အားကိုးမှုကို ဒီနည်းနဲ့တော့ မရနိုင်ဘူး"

"ကျွန်တော် အဲဒါတွေလုပ်နေတာ သူ့ကို ရလိုမှုက အဓိကပေမယ့် ငွေသုံးတာ .. ပံ့ပိုးနေတာတွေက သူ့အခက်အခဲတွေကို တစ်နည်းနည်းနဲ့ ပြေလည်သွားစေချင်တာပါ၊ ဒါတွေကို သူ သိအောင် ဖန်းတင်ပြီး ပြအားပေးဖို့ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

"ကျွန်တော့်ဘက်က ရိုးသားတယ် ဖေဖေ ..၊ သူ့အချစ်ကို အချိန်နဲ့ပဲ သိမ်းပိုက်မှာ .."

"အေးပါ .. ဖေဖေကတော့ မင်းရဲ့အိမ်ထောင်ရေးကို မင်းကိုယ်တိုင် အကောင်းဆုံး ဖန်တီး တည်ဆောက်နိုင်ပါစေလို့ပဲ ဆုတောင်းပေးတော့မယ်၊ ဖေဖေတို့လို အဖြစ်တွေကို မမေ့ပါနဲ့ .."

သူ မော်နီတာရှေ့က ထလိုက်သည့်အချိန်မှာ ညဉ့် ဆယ့်နှစ်နာရီထိုးပြီ ဖြစ်သည်။ သူ့အာရုံထဲမှာ ကာလ ရဲ့ မျက်နှာလှလှလေးက ပုံပေါ်လာသည်။

သူမနဲ့ အဝေးဆုံးကို ခွဲထွက်သွားခဲ့စဉ်က သူမကို ရအောင် ယူမည်။ မြန်မာပြည်ကို ပြန်လာမည်ဆိုသော ဆုံးဖြတ်ချက်နဲ့ပေမယ့် ပညာသင်ယူနေစဉ် သူ့ရင်ထဲမှာ ရှင်းနေခဲ့သေးသည်။

ပြန်တွေ့ကြပြီဆိုမှ မဖြစ်မနေ ပိုင်ဆိုင်လိုခြင်းက သည်းသည်းထန်ထန် ဒုက္ခပေးလာခဲ့၏။

သိပ်လှတာပဲ ကာလ ရယ် ..၊

စီးကရက်ကို ပြာခွက်ထဲမှာ ချခါနီးမှ ရင်တွင်းစကားတွေကြောင့် လက်က လွှတ်ဖို့ မေ့လျော့နေမိ၏။ သူမကို သူ ဆုံးရှုံးမခံနိုင် ..၊ ဒါပေမယ့် ...

သူမအတွက် သူ လုပ်ပေးခဲ့သမျှဟာ ဖြားယောင်းလိုခြင်း အလျဉ်းမပါခဲ့ပါ ..။

ကာလ ပြောပြသည့် သူမအဖေနဲ့ ပတ်သက်သောအကြောင်း တစ်နေရာမှာ ဒေါ်မြင့်မိုရ်ဦး ပါလာသည်။ ဒေါ်မြင့်မိုရ်ဦး က အလုပ်ထဲမှာ မရိုးသားစွာ ဝင်ရောက်နေသည့် မိန်းမကြီး ဖြစ်နေရာ ...

တစ်ခုကို အစဖော်လိုက်ရင်း အားလုံးဟာ ကွင်းဆက်တွေအတိုင်း ပေါ်သွားခဲ့တာ ဖြစ်သည်။





ပြီးတော့ အင်ကျင်ကျ ဟောင်းနွမ်းနေသည့် ကားလေးကိုစီးကာ နေရာတိုင်းမှာ ဒုက္ခရောက်နေသည့် ကာလ အတွက် ကားလဲဖို့က အလိုအပ်ဆုံး ဖြစ်နေသည်။

သူမက မိဘစီးပွားရေးကို ငဲ့ညှာ၍ ဒုက္ခများခံပြီး ဒါကို မစွန့်လွှတ်ဘဲ နေခဲ့တာလည်း သူ သိနေ၏။

ဒါကို ဒီလိုနည်းနဲ့မှ သူ မကြိုးစားခဲ့လျှင် ကားဟောင်းနဲ့ ကားသစ် ပြောင်းလဲသွားဖို့က လွယ်မလား ..။

အိပ်ရာထဲမှာ ကျောခင်းလိုက်မိတဲ့အထိ ကိုယ်လုပ်ခဲ့သမျှတွေအပေါ်မှာ သုံးသပ်နေမိကာ ..၊ ဘာဆက်လုပ်ရမှာတွေအတွက် အစီအရီခေါင်းထဲ ထည့်သည်။

ကြောင်ပဲပြောပြော .. အရူးလို့ပဲဆိုဆို နောက်ကြောင်း မဲ့အေးဘဲတော့ သူ စီးပွားရေးထဲမှာ သူ ဇောက်ချလုပ်ဖို့ စိတ်မကူးနိုင်သေးပေ..။

လိုချင်တာကို ရမှ ဖြစ်မည်။

သူ လိုအပ်နေတာက အချစ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

BURMESE CLASSIC .com

"ဘာပဲဖြစ်ဖြစ် ခု ဖြစ်နေတာတွေက ကိုယ့်အတွက် ကောင်းဖို့ ချည်းပဲမို့လား ..၊ ကောင်းလာမှာတွေကိုပဲ ဆက်စဉ်းစားကြတာပေါ့.."

ဒေါ်နှင်းပွင့် က မိသားစု ဆုံနေကြတုန်း စိုးရိမ်ထိတ်လန့်နေရတာတွေကို မတွေးစေချင်သဖြင့် စကားကို ဒီမှာပဲ ဖြတ်စေချင်သည်။

ဦးမိုးဆောင်း က ခေါင်းညိတ်လိုက်ပေမယ့် ကာလ က မျက်နုံးလေးတွေ တွန့်ကုတ်နေဆဲ ..။

"အဲဒါ ဟုတ်တော့ ဟုတ်တယ် မေမေ .. ဒါပေမယ့် ဝမ်းသာအားရဖြစ်သွားကြတဲ့ ပြိုင်ဘက် စီးပွားရေးသမားတွေက ဖေဖေ ချက်ချင်းကြီး အကောင်းဘက်ကို ပြန်ရောက်သွားတာ ဘယ်သူကမှ လက်ခုပ်တီးပေးကြမှာ မဟုတ်ဘူး၊ ပြီးတော့ ဟိုမိန်းမကြီးကိုယ်တိုင် ဖေဖေ့ကို ရိုးရိုးရှင်းရှင်းလေး လာပြန်ပေးသွားတာ ဘယ်လောက် အံ့ဩဖို့ ကောင်းသလဲ .."





အစကတော့ သူမတို့သားအမိအတွက် ဒီလောက် ဒိပ်မာဏကိုမှ ခံနိုင်ရာကြေးမရလျှင် သူမတို့ကသာ ကျေနပ်နိုင်ပေမယ့် သမီးရဲ့အဖေက ဘယ်လိုမှ သည်းခံမှာ မဟုတ်တာတွေ ဘာတွေ သူမပဲ လဲသေချင်လောက်အောင် တုပ်နှောင်ပြောခဲ့တာ ဖြစ်သည်။

ဦးမိုးဆောင်း ဒေါ်မြင့်မိုရ်ဦး ရောက်လာသည့်နေ့ကအဖြစ်ကို တစ်လောက်တည်း ကြိတ်တွေးနေမိသည်။

ထိုနေ့က သူ ရပ်စထရန့်ထဲမှာ ပုလင်းထောင်မလို့ စိတ်ကူးနှင့် အကျအန နေရာယူနေတုန်း ဖြစ်သည်။

"ကျွန်မ မှားသွားပါတယ် ကိုဆောင်း ရယ် .. သူများမိသားစု အသိုက်ပျက်ဘဝရောက်မှ ကျွန်မတို့ ကောင်းစားမှာမျိုးလည်း မလိုချင်တော့ပါဘူး၊ ဒါကြောင့် သမီးရဲ့အဖေအတွက် ကျွန်မ တာဝန်ယူဖြေရှင်းမယ်၊ ကိုဆောင်း ရဲ့ စာချုပ်စာတမ်းတွေ ပြန်သိမ်းပါ.." တဲ့ ..။

သူ ဘယ်လိုမှ မယုံနိုင် ..၊ ဒေါ်မြင့်မိုရ်ဦး မျက်နှာကို မမြင်ဖူးခဲ့သလို ငေးကြည့်နေမိတာလည်း အမှန် ..။

"ကျွန်မတို့အဖြစ်တွေကိုလည်း မေ့လိုက်ပါ့မယ် .. ကိုဆောင်း ကျေနပ်ပါ၊ ဒီစာချုပ်စာတမ်းတွေကို မရမက တောင်းယူခဲ့မိတဲ့ ကျွန်မအပြစ်တွေကို လျှော့က်မပြောဘူးဆိုရင် ကျေးဇူးတင်ပါတယ် ကိုဆောင်း ရယ် .."

"မင်းပဲ မရမက ရယူတယ် .. မင်းပဲ ရောက်လာပြန်ပြီ၊ ကိုယ့်ကို အရူးလုပ်နေတာလား မြင့်မိုရ် .."

"ကျွန်မ ချမ်းသာချင်ပေမယ့် ကိုယ်နဲ့လည်း မသက်ဆိုင်၊ ကိုယ်လည်း ဘာမှ တတ်သိကျွမ်းကျင်တာ မဟုတ်ဘူးလေ၊ ဒါတွေ ကျွန်မပိုင်လိုက်တဲ့အတွက် ကျွန်မမှာ တိုးပွားလာအောင် လုပ်နိုင်တဲ့အရည်အချင်း မရှိသေးပါဘူး၊ ကိုဆောင်း တို့မှာသာ မိသားစုဘဝ ပျက်ခဲ့ကြတာ .. အဲ့ဒါကြောင့်ပါ၊ ကျွန်မ စိတ်ကောင်းလေး မွေးကြည့်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုဆောင်း ယုံပေးပါ" တဲ့ …။

ယုံပါဆိုလို့ ယုံလိုက်ရပေမယ့် ဒီနေ့ထိ ဘာကို နောက်ကျောမလုံ နေမှန်း မသိ …။

ခုတစ်ခါ နောက်ကွယ်မှာ ကြိုးကိုင် လှုပ်ရှားနေသူ ရှိသလိုလို ဘာလိုလို သတင်းထွက်လာပြန်ပြီ …။

ဒါတွေကို ပြန်ပေးလိုက်၊ ပြန်ယူလိုက် လုပ်ချင်တာလား .. ဒါမှ မဟုတ် နောက်ထပ် သိက္ခာကျ အရှက်ရစေမှာမျိုးလား …။

"ဖေဖေ ဘာစဉ်းစားနေတာလဲဟင် …၊ ဒေါ်မြင့်မိုရ်ဦး နဲ့ပတ်သက်တာတွေလား၊ မရိုးသားမှု ရှိနေသေးရင် .. သူ့ဆီမှာပဲ နေမှာ .."

ဖအေ ငိုင်သွားတာနဲ့ ကာလ က ချက်ချင်း မေးခွန်းထုတ်၏ ပြီးတော့ …

"ဒေါ်မြင့်မိုရ်ဦး ဖြစ်ဖြစ် .. ဘယ်သူဖြစ်ဖြစ် သူ လာပြန်ပေးတယ်ဆိုတည်းက နောက်ကွယ်ကလူတွေလည်း သမီးတို့ မှန်ကန်တာကို သိလို့ ပေးခိုင်းတာပဲ၊ ဘာမှ ဂရုမစိုက်ပါနဲ့တော့ ဖေဖေရယ် - သမီးတို့ စီးပွားရေးကို အေးဆေး ဆောက်ချလုပ်မယ်၊ အခု ဖေဖေ့ဘေးမှာ သမီးတစ်ယောက်လုံး ရှိတယ်လေ .."

ဦးမိုးဆောင်း က ပြုံးသည်။ မျက်မှောင်လေးကုတ်ပြီး ငေးငိုင်နေတာ ခုနက ဘယ်သူလဲ …။

ကာလ က ဆံပင်တွေသိမ်းလိုက်ရင်း နားက ကပ်ပန်းပွင့်လေး ပြုတ်ကျတော့ ပြန်ကောက်တပ်နေကာ …

"သမီးက ကားကိစ္စကိုပဲ တွေးတာ .."

"လာပြန်ပြီ .. ဒီကားကိစ္စ .."

ဒေါ်နှင်းပွင့် ကော်ဖီကို လက်ကျန်မရှိအောင် မော့သောက်လိုက်ပြီးမှ ပြန်ချ၍ …

"ကားကိစ္စကလည်း ဒီဒေး လုပ်ပေးသွားတာ ကိုယ်နစ်နာတာ





ဘာရှိလို့လဲ သမီးရယ် .. ဖအေကို စိတ်ရှုပ်ထွေးစရာတွေ ဘာဖြစ်လို့ ဆပ်ထပ်ပြောနေတာလဲ .."

"ရပါတယ် နှင်း ရယ် .. ကိုယ်တို့မိသားစု ဒီအချိန်လေးပဲ လွတ်လွတ်လပ်လပ် ပြောကြဆိုကြရတာ ဘာဖြစ်လဲ .."

ဒီလို ပေါ့ပါးကြည်သာစွာ ဝိုင်းဖွဲ့မပြောဖြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲလို့ ရင်ထဲမှာ ဆက်ပြောနေမိကာ …

"သမီးက ဒါကို ဘာဖြစ်လို့လဲ .."

"သမီးတို့ ကားတစ်စီးလုံး ရစရာမရှိ ဖြစ်သွားတာ အမှန်ပါပဲ၊ ဒါပေမယ့် ကားအသစ်ကြီးတစ်စီးလိုက် ပြန်ထိုးပေးတာကို လက်ခံလိုက်ရတာတော့ စိတ်မလုံသလိုပဲ .."

"သူတို့က သူဌေးတွေပဲ သမီးရဲ့ .. ဒီဒေး ဖြေရှင်းနေတာလည်း မေမေတို့အမြင်ပဲဟာ ..၊ ဒီကိစ္စက ကားပေါ်မှာ လူရှိနေရင် ဘာဖြစ်သွားနိုင်တယ် .. ညာဖြစ်သွားနိုင်တယ်ဆိုတာတွေ ..၊ ပြီးတော့ ဒီလောက်ဆယ့်သုံးလေးနှစ်သားကို ကားမောင်းခိုင်းတာ ကြည့်ဦး .."

"ထားလိုက်ပါ သမီးရယ် .. ဒီလိုပြဿနာမျိုးဖြစ်ရင် ပြောတတ်တဲ့သူကို မပြောနိုင်တဲ့သူက အရှုံးပေးရတာပဲ၊ ပြီးတော့လည်း ဒီဒေး ပြောတာ စည်းကမ်း လမ်းကြောင်းမှန်နေတော့ သူတို့လိုလူတွေက အမှုအခင်းမဖြစ်ရရင် ပြီးရော .. ခေါင်းရှုပ်မခံတော့ဘူးပေါ့ .."

ဦးမိုးဆောင်း ကလည်း ဒီကိစ္စမှာတော့ ဒီဒေး ကို တော်တော်ကျေးဇူးတင်သွားခဲ့တာ ဖြစ်သည်။

သူသာ အနားမှာ ရှိမနေလျှင် ဒါမှမဟုတ် သမီး ကားပေါ်ရောက်တာမှသာ ဒီလိုဖြစ်သွားခဲ့ရင် ပြီးပြီ …။

"မေမေလည်း ဒီဒေး ကို ကျေးဇူးတင်တယ်၊ ကားအတွက် သမီးတွေးသလို မတွေးပါဘူး၊ ကားကို ကောင်းအောင် ပြန်ပြင်ဖို့က ဘာမှမထူးတော့တာ .. ဒါကြောင့် စိတ်ရှုပ်မခံချင်လို့ ကားဝယ်ပေးလိုက်တာ

www.burmeseclassic.com



ရှင်းရှင်းလေးပဲ၊ ဒီကားတွေလည်း သိပ်တန်ဖိုးကြီးတာမှ မဟုတ်ဘဲ.."

"အင်း .."

ဦးမိုးဆောင်း က မုန့်တစ်ခု ယူစားရင်း ခေါင်းညိတ်သည်။ ပြီးတော့ ကာလ ကို ကြည့်၍ ...

"သမီးနဲ့ သားချစ် တို့က ဘယ်လိုလဲ .."

"ရှင်!..."

"ဪ .. ဒီဒေး ကလည်း သူငယ်ချင်းပဲလေ၊ ဒါပေမယ့် သမီးတို့ချင်းက အရင်းနှီးဆုံးမို့လား .. ဖေဖေက အဲ့ဒါကြောင့် မေးတာ.."

ဒေါ်နှင်းပွင့် ကလည်း ကာလ ဘယ်လိုဖြေမလဲဆိုတာကို ကြည့်သည်။

ကာလ မိဘနှစ်ပါးကို တစ်လှည့်စီကြည့်ကာ မေးခွန်းကို နားလည်ရခက်နေဆဲနှင့် ...

"ရင်းနှီးတာက ဟုတ်ပါတယ် ..၊ ဖေဖေက ဘာကို သိချင်တာလဲဟင် .. ကာလ နဲ့ သားချစ် နဲ့က ဆန်းဆန်းပြားပြား ဘာမှမဟုတ်ဘူး"

"နှစ်ယောက်စလုံးလား .."

"ဟင်!..."

ကာလ ကြောင်တောင်တောင် ဖြစ်သွားပြန်သည်။ ဖေဖေ့ မျက်နှာပေါ်မှာ နောက်ထပ် ပြောဖို့ ရှိနေတာတွေကို မြင်နေရသလိုလို .. နားလည်နေမိသလိုလို ..။

"သမီးက ရိုးသားတယ်ဆိုရင် သားချစ် က ရိုးရဲ့လားလို့ .."

ပါးပြင်လေးတွေ နီမြန်းသွားတာကို ကြည့်၍ ဦးမိုးဆောင်း က နားလည်သည့်အပြုံးနှင့် မျက်နှာလွှဲကာ ...

"သားချစ် က မြတ်နိုးနေလို့ပါတဲ့၊ ဖေဖေ့ဆီမှာ သမီး တောင်းခဲ့တယ် .."

"ဟင်!..."





ရှက်လည်း ရှက်သွားသည်။ စိတ်လည်း တိုမိ၏။ ဒီလိုတွေ မလုပ်ဘဲ အတန်တန် တားထားရက်နဲ့ .. သားချစ် ..၊

"ခု ရက်ပိုင်းမှာတော့ မဟုတ်ပါဘူး .."

"ဘယ်တုန်းကလဲ .."

ဒေါ်နှင်းပွင့် က မေးတော့ ဦးမိုးဆောင်း က သူမကို ကြည့်၍...

"ကိုယ့်ပြဿနာတွေ ရှင်းမရ ဖြစ်နေတုန်းကပါ၊ ကိုစိုးမောင် က သူ တတ်နိုင်တဲ့ဘက်က အားပေးချင်တာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် အခု မနီခင် ကိုယ်တိုင်က သားချစ် က .."

"မဟုတ်ဘူး ဖေဖေ .. သမီး အဲဒါကို လက်မခံချင်ဘူး၊ သားချစ် ကိုလည်း သူငယ်ချင်းလိုပဲ ခင်ခဲ့တာ .."

ဒေါ်နီနီခင် ရဲ့ ပြေပြစ်စွာ ရှိမနေခဲ့ဘူးသော မျက်နှာကို သတိရတာ ဘယ်လိုမှ လက်ခံချင်စိတ် မဖြစ်ခဲ့ဘဲ ...

"သူတို့ ချမ်းသာလာတယ်ဆိုရင်လည်း သမီးတို့ ကျွမ်းကျင်တဲ့ စီးပွားရေးနဲ့ သူတို့ စီးပွားရေးက တစ်လိုင်းစီပဲ၊ အဲ့ဒါကစပြီး အန်တီနီတို့က သမီးတို့ကို ခွဲခြားခဲ့တာ .."

"ခွဲခြားတာမျိုးတော့ ဟုတ်ဟန် မတူပါဘူး သမီးရယ် .. စည်းစိမ်ကြီးလွန်းတဲ့လူတွေက အစွန်းရောက်တတ်တယ်၊ တစ်ကိုယ်ကောင်းဆန်သလိုလည်း ဖြစ်တတ်တယ် .."

"အကျင့်ဆိုတာ မပျောက်ဘူး ဖေဖေ ..၊ သူတို့နဲ့ ဆွေမျိုးတော်ဖို့ဆိုတာ သားချစ် နဲ့ သမီးတို့ ကလေးဘဝရဲ့ ဒီဘက်ကို လွန်မြောက်လာမှည်းက တစ်နေ့တခြား သေချာလာခဲ့တာ .."

ဒေါ်နှင်းပွင့် က စားသောက်ပြီးပြီမို့ သားအဖ စကားပြောတာကို နားထောင်နေသူဖြစ်ကာ ...

"ဒါဆို မေမေ မေးမယ် .. သမီးက သူ့အမေကို မကြည်လင်တဲ့စိတ်နဲ့ သားချစ် ကို မစဉ်းစားချင်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



ကာလ တစ်ချက် တွေသွားသည်။

"သားချစ် သမီးကို ပရိုပို့စ် လုပ်ထားတယ်ဆိုတာ မေမေ အံ့ ခတ်မိတယ် .."

"သမီးတို့ချင်း သံယောဇဉ်ရှိနေတယ်ဆိုရင်တော့ .."

"သံယောဇဉ်ဆိုတာတော့ ရှိတာပေါ့ မေမေ ..၊ ဒါပေမယ့် သူ့ကို သူငယ်ချင်းသံယောဇဉ်ထက် ပိုပြီး ယုံကြည်အားကိုးချင်တဲ့စိတ် သမီး မဖြစ်ဘူး၊ နောက်ပြီး သမီးတို့ စီးပွားရေးနဲ့ သမီးတို့ ဝင်ဆံ့တဲ့ အသိုင်းအဝိုင်းကို တခြားတစ်ဖက်ကနေ တလွဲ အထင်အမြင်သေးနေတဲ့ သူ့အမေကိုရော .."

"သမီး ရောထွေးနေပြီ ထင်တယ် .."

"မရောဘူး မေမေ ..၊ အစက ရောထွေးနေတယ်ဆိုရင်တောင် အခု ဖေဖေ့ဆီက ဒီစကားတွေ ကြားရတဲ့အချိန်မှာ သမီး ရင်ထဲမှာ ရှင်းသွားပြီ .."

"ဘာဖြစ်လို့လဲ သမီး .."

ကိုယ် ပြောမိတာဆိုတော့ ဦးမိုးဆောင်း က တအံ့တဩ ဖြစ်သွား၏။

"သူတို့စိတ် .. သူတို့ရဲ့ ခံယူချက်အားလုံးက ပတ်ဝန်းကျင်နဲ့ ဂုဏ်သိက္ခာပဲ .."

"ကိုစိုးမောင် ကတော့ ဟိုအရင်တည်းက ပြောနေတာပါ"

"ဒါကတော့ ဖေဖေ .. သူတို့ သနားသဖြင့် တာဝန်ယူပေးရအောင် သမီးတို့က မွဲတေပြာထိုင်သွားတာမှ မဟုတ်ဘဲ၊ သမီးကို တောင်းတယ်ဆိုတာ သူတို့ဘက်က နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း ရှိခဲ့တာမျိုးကို ဖော်ကျူးချင်တာပါ၊ အန်တီနီ ခုကျမှ ဖေဖေ့ကိစ္စတွေ ရှင်းလင်းသွားပြီဆိုပြီး .."

"သမီး .."





"သမီး ဒီတိုင်းပဲ နားလည်လို့ ရတယ် ဖေဖေ ..၊ သားချစ် အပေါ်မှာ သမီး သံယောဇဉ်ကြီးခဲ့တာရှိရင်တောင် အမြစ်တွယ်ရလောက်တဲ့ ခင်သည်းမှုမျိုး မရှိခဲ့ပါဘူး .."

"ဒီလိုရှိတယ် သမီးရဲ့ .."

"ဖေဖေက သားချစ် နဲ့ သမီးကို သဘောတူနေတာလား .."

"သမီးမေမေ ပြောသလို သမီးကိုယ်သမီး ရောထွေးနေတုန်း ဆုံးဖြတ်မှားမှာပဲ စိုးတာ .."

"ဆုံးဖြတ်မှားသွားလည်း ဒါ ဘဝပျက်လောက်တဲ့ကိစ္စ မဟုတ်ဘူး ဖေဖေ၊ သမီး ဒီတစ်ခါ ဂုဏ်သိက္ခာကျ အရှက်ရခဲ့တာကို မမေ့နိုင်ဘူး၊ အဲဒါ ဖေဖေ့ကို မျက်နှာပူအောင် ထပ်ပြောတာ မဟုတ်ပါဘူး၊ သမီး ဆုံးဖြတ်ထားတာကို ပြောချင်လို့ .."

"သမီးက စီးပွားရေးထဲကို ဝင်ပြီး သမီးအဖေကို ကူညီချင်တာ မို့လား .."

"ဟုတ်တယ် မေမေ ..၊ ဖေဖေ့ကို သမီး ကူညီချင်တယ်၊ စီးပွားရေးကိုရော .. ဖေဖေ့ကိုရော ဒီတစ်ခါ သမီး ဆုံးရှုံးမခံနိုင်ဘူး၊ ပြီးတော့ မေမေ့ကိုလည်း ဘာတာဝန်မှ မပိစေချင်သေးဘူး၊ သမီးတို့မိသားစု အရင်လို ပြန်နေချင်တယ် .."

"ဒါဆို .. သမီး ဆုံးဖြတ်တာတွေက မေမေတို့က အဓိက ဖြစ်နေပြီပေါ့ .."

"မိဘကို ကူညီချင်တယ်ဆိုတာလည်း သမီး အိမ်ထောင်ပြုလိုက်ရင် ဖေဖေ့ကို ကူညီဖို့ သား ရမယ် .. သမီးအမေအတွက် သမီးက အနီးကပ် နေနိုင်မယ်၊ ဒါ အဆင်ပြေသားပဲ သမီးရဲ့ .."

အိမ်ထောင်ပြုဖို့အရေးကိုပဲ ဦးတည်နေကြသည့် ဖေဖေနဲ့ မေမေ့ကို ကာလ တကယ်ကို အံ့ဩနေမိပါပြီ။

သူမ ခေါင်းတွင်တွင်ခါနေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြောတဲ့ သူနဲ့ သမီးတို့ရဲ့ အခြေခံ စီးပွားရေးချင်း တခြား ဆိုတော့ အဲ့ဒါတွေ ရှိလာမှာကို ပြောတာ ဖေဖေ၊ သားချစ် ကို သမီး လက်ထပ်လိုက်လည်း ဖေဖေ့ကို ကူညီမယ့် သမက်မျိုးတော့ ဖြစ်မှာ မဟုတ်ဘူး .."

နောက်ထပ် ဒီအကြောင်းဆက်နေလျှင် ဒီဒေး ဘက်ကိုပါ လှည့် လာနိုင်တာမို့ နာရီကိုကြည့်ကာ ဆလင်းဘက်ခ်ကို ကောက်ယူလိုက်၏

"သမီးတို့ သွားရအောင် ဖေဖေ .."

"အေး .. ဟုတ်သားပဲ၊ စကားကောင်းနေတာနဲ့ .."

သားအဖနှစ်ယောက် ထွက်သွားတာကို ကြည့်ကာ ဒေါ်နှင်းပွင့် မျက်နှာမှာ ကျေနပ်ခြင်းတို့နှင့် ကြည်လင်နေသည်။

ဖအေနဲ့ သမီး တာဝန်ခွဲပြီး သွားလာကြတဲ့အခါ သမီးလေးလည်း ဟိုတုန်းကလို ကားစုတ်လေးနဲ့ မဟုတ်တော့သဖြင့် လမ်းပေါ်မှာ ကား ပျက်နေပြီလားလို့ ရင်တမမ မျှော်နေရသည့်ဒုက္ခတွေလည်း မရှိတော့ ပေ ..။

ကံကြမ္မာ မျက်နှာသာပေးလာတာကို ဘာကြောင့် စိုးရိမ်နေရမှာ လဲ ..။





## အခန်း (၁၇)

"ဘာ!... မေမေ .. ကာလ တို့က .."

"ဟုတ်တယ် .. ကာလ ကိုယ်တိုင်က ဆုံးဖြတ်တာတဲ့ .."

"မေမေ့ကို ဘယ်သူ ပြောတာလဲ ..၊ အန်တီလား .."

"ဟုတ်တယ် .."

ဒေါ်နီနီခင့် မျက်နှာကလည်း တင်းနေသည်။ ဒီလိုတွေ ဖြစ်လာလျှင် သည်းခံနိုင်မှာမဟုတ်မှန်း ကိုယ့်စိတ်ကိုယ် သိနေပေမယ့် ဖြစ်လာနိုင်သည်လို့ မထင်မိပေ ..။

ကာလ ဆိုတဲ့ မိန်းကလေးက ဘာလဲ ..၊ သင်းက လှသလောက် ကိုယ့်သားကလည်း ဥစ္စာပေါ၊ ရုပ်ချော မိန်းမလေးတွေ ဝိုင်းဝိုင်းလည်လို့ပါ။

"သားချစ် .."

မျက်နှာကြီးနီကာ အံကြိတ် ငိုင်ကျသွားသည့် သားချစ် ကို ဒေါ်နီနီခင် လက်မောင်းကနေ ဆောင့်ဆွဲလှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းကြောင့် .. သိရဲ့လား၊ ဒီကောင်မလေး ခုလို မာ[...] တက်နေတာ မင်း အောက်ကျို့ ခယလွန်းလို့ .."

"ယောက်ျားလေးနဲ့ မိန်းကလေး မေမေ .. သူ မိန်းကလေးသူငယ်[...] ချင်းမို့လို့ သား အလျှော့ပေးခဲ့တာ .."

"ဟုတ်လား ..၊ ချစ်ခွင့်ပေးပါ .. ကြိုက်ခွင့်ပေးပါဆိုပြီး ဒူးထောက်[...] ခဲ့တာ မဟုတ်ဘူးပေါ့ .."

သားချစ် မျက်နှာ ခပ်လွှဲလွှဲ ဖြစ်သွား၏။ ပြီးတော့ မျက်လွှာချ[...] ၍ကာ ...

"ကိုယ်ချစ်တဲ့သူဆီက အချစ်ကို လိုချင်လို့ တောင်းခဲ့တာပဲ မေမေ[...] အဲဒါ သားမှာ အပြစ်ရှိလား .."

"မင်း ဒူးထောက်နေတဲ့ရှေ့မှာ လူလား .. ကျောက်ရုပ်လားဆိုတာ[...] မင်း ဂရုစိုက်မိရမှာ .."

ဒေါ်နီနီခင် ပြောနေရင်း ဒေါသကြောင့် ကိုယ့်အသံကိုလည်း မထိန်း[...] မိတော့ပေ ..။

"မေမေ လိုချင်တာက ကိုယ့်သားရဲ့ဘေးမှာ အထောက်အကူ[...] လည်း ဖြစ် ..၊ ခြေသုတ်လက်နှယ် ပြုစုရမယ်.. ကြင်နာရမယ်.. ကျွန်နဲ့[...] တူသော မယားမျိုး .."

"မေမေရာ .."

"တူရမှာကို ပြောတာ ..၊ သူ့ကို ကျွန်ပြုပါ့မယ်လို့ မေမေ မပြော[...] ဘူး၊ ဟွန်း .. တွက်မိနေသားပဲ .. သူ့စိတ်ဓာတ် သူ့ပုံစံနဲ့ ငါ့သားအတွက် သခင်နဲ့တူသော မယားမျိုးပဲ ဖြစ်မှာ .."

"ဘာမှလည်းဖြစ်မလာသေးဘူး .. ဖြစ်လာဖို့လည်း မရှိတော့ဘူး မို့လား မေမေ၊ ဘာဖြစ်လို့ မေမေ ဒီလောက်ထိ ဒေါသထွက်နေတာ လဲ .."

"အဲဒါ မင်းအတွက်ပဲ့လေ သားချစ် ..၊ မင်း မခံစားရပါဘူးလို့





[...]န်ဆောင်ပြောမလို့လား .."

သားချစ် မျက်နှာ မဲ့ခနဲ ဖြစ်သွားပြီး ဆံပင်တွေထဲ လက်ရောက် [...]နေ၏။

"ဟိုက အပြတ်အသတ် ငြင်းလိုက်ပြီဆိုတော့ မင်း အရက်ဆိုင်မှာ [...]ငယ်ချင်းတွေနဲ့ ပြေးတွေ့မယ် .. အခန့်မသင့်ရင် ချုံးပွဲချ ငိုဦးမယ်.."

"မဟုတ်ဘူး မေမေ .. သား အဲဒီလောက် မဖြစ်ပါဘူး၊ ခံစားရ [...]ာက သပ်သပ် .. ငိုရလောက်တဲ့အထိဖြစ်အောင် ကာလ နဲ့ သားက [...]ချစ်သူတွေ ဖြစ်ခဲ့ကြတာလည်း မဟုတ်ဘူး .."

သိနေတယ်ဆိုသည့် မဲ့ပြုံးနှင့် ဒေါ်နီနီခင် ဆိုဖာတွေနောက်မှာ [...]က်သီးနှစ်ဖက် ဆုပ်ထားရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

"ဒီလောက်ထိ တောက်လျှောက် သူ့ဘေးမှာ အလိုလိုက်.. အကြိုက် [...]ဆောင် .. လိုအပ်သမျှကို ပေးဆပ်နေခဲ့တဲ့ သူ့ ..၊ ဒါကို သူ နည်းနည်း [...]လေးမှ သံယောဇဉ်စကား မဆိုဘဲ 'သားချစ် နဲ့ လက်မထပ်နိုင်ပါဘူး' လို့ ငြင်းချလိုက်တာ .."

သားချစ် မျက်ခုံးတန်းတွေ တွန့်ခနဲ ဖြစ်သွား၏။ ဒါကို မကြား ချင်ပေမယ့် နားမထောင်လို့လည်း မရ ..။

"'သူငယ်ချင်းအဖြစ်ကနေ အိမ်ထောင်ဖက်ဖြစ်လာဖို့ မလွယ်လို့ ပါ'တဲ့..၊ သင်းက သူတို့ ပြန်ပြီးအဆင်ပြေလာလို့ မာန်တက်သွားတာ.."

သားချစ် က မျက်နှာမော့လာပြီး ခေါင်းခါသည်။

"မဟုတ်ဘူး မေမေ .."

"အို .. ဟုတ်ဟုတ် .. မဟုတ်ဟုတ် မပြောနဲ့တော့၊ မင်းကို ကလေးလေးလို ချုပ်ထားလို့ ရမှာ မဟုတ်တော့ မေမေ တစ်ခုပဲ မှာမယ်၊ ကာလ နဲ့တွေ့ပြီး အဲဒီကိစ္စအတွက် မင်း ဒူးထောက် တောင်းပန်ဖို့ မကြိုးစားနဲ့၊ အယူခံဝင်ဖို့ ကြိုးစားနေပါတယ်ဆိုတဲ့အသံ ငါ့နားသံ ရောက်တာနဲ့ မင်းအမေအကြောင်း မင်း သိမယ် .."



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်တာတွေ အုန်းခနဲ ထဖြစ်သွားတာ မြန်လှချေလား - ဘာဖြစ်သွားတာလဲ ကာလ ရယ် ..၊

ရင်ထဲမှာ နင့်နေသည်။ အလုပ်တွေရှုပ်နေလို့ဆိုသည့် အကြောင်း[illegible] တွေပြကာ လိုက်သွားတော့လည်း လွဲသည်၊ ချိန်းတော့လည်း မလာနိုင်[illegible]

ကိုယ်ကသာ ချစ်နေရပေမယ့် ကိုယ့်ချစ်သူလည်း မဟုတ်တော့[illegible] သူမကို ဘယ်လိုအခွင့်အရေးနဲ့မှ ချုပ်ကိုင် တောင်းဆိုခွင့်လည်း မရှိ-

ခုချိန်မှာ နာကျင်နေသည့် ကိုယ့်ရင်ဘတ်ကြီးကို နှစ်ခြမ်းဖွင့်[illegible] ပန်ကာရှေ့မှာ ပြေးရပ်နေရမလား ..၊ ဒါမှမဟုတ် မေမေ မသိအောင် ဘီယာဆိုင်ပြေးပြီး ဝေဒနာကို အရည်ဖျော်ပစ်လိုက်ရမလား ..။

ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်ပါ ..၊ ခံစားရသမျှ တကယ်တမ်း သ[illegible] သာစေမည်ဆိုလျှင် ဘာမဆို သူ လုပ်ပစ်ချင်မိ၏။

သူငယ်ချင်းတွေကတော့ 'မင်းမှာ ဖြေသိမ့်စရာလေး ရှိနေပြီပဲ[illegible] ဒီလောက် သည်းမနေနဲ့တော့ ..' တဲ့ ..။

တကယ်ဆို ခံစားလိုက်ရသည့် ဝေဒနာချင်းက တခြားစီ ..။





## အခန်း (၁၈)

"သားချစ် .."

"ဟုတ်တယ် .. ငါပါ .."

သားချစ် မျက်နှာက မှုန်ညစ်ညစ် မျက်မှောင်ကုတ်လျက်နှင့် [illegible]ာလ သွားနေသည့်ရှေ့မှာ ခါးတစ်ဖက်ထောက် ရပ်နေကာ ...

"နင် စိတ်ချမ်းသာလား .."

"ဘာမေးတာလဲ သားချစ် .."

"ငါ့မျက်နှာ မမြင်ရတော့လေ .."

ကာလ မျက်နှာလေး ပျက်သွားလျက် သူ့ကို ကွေ့ရှောင်ထွက် [illegible]သည်။

သားချစ် က ဘေးကနေ ပါလာကာ သူ ဖြတ်သန်းခဲ့သည့် ကျွမ်း[illegible] [illegible]င်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လာလျက် ...

"အားလုံး အဆင်ပြေနေတာပဲ .."

ကာလ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုသဘောနဲ့ သုံးသပ် ပြောလိုက်တာလဲဆိုတာ ငါ နားလည်တယ်၊ နင့်အမေလည်း ဒီတိုင်း နားလည်သွားမှာပဲ .."

"မေမေနဲ့ နင့်ကြားမှာ အဲဒီလို အဖုအထစ်တွေ ရှိခဲ့တာ ငါ လုံးကို မရိပ်မိခဲ့ဘူး ကာလ ..၊ ဒါတွေ ရှိရအောင်လည်း မေမေနဲ့ မျက်ချင်းဆိုင်ခဲ့တဲ့အကြိမ်ရေ ဘယ်လောက် ရှိခဲ့သလဲ ငါ တွက်ကြည့်တယ် မသင့်မြတ်တာတွေ ဘယ်တုန်းက စခဲ့တာလဲ ..၊ အဲဒီလောက်ထိ လက်မခံနိုင်တော့အောင် နင် အုံ့ဖွဲ့နေတာတွေ ဘာလို့ ငါ့ကို အရိပ်အမြွက်လေးတောင် မပြောခဲ့ရတာလဲ .."

"တော်ပြီလား သားချစ် .."

"ပြောပြခွင့်ပဲ ရှိတော့တာလေ .. ငါ့ရင်ထဲက စကားတွေပဲ ကာလ ရယ် ..၊ နင် တကယ် ရက်စက်တယ် .."

"သေးလူကြားရင် ချစ်သူချင်း မိဘကြောင့် အဆင်မပြေဖြစ်ကြတယ်လို့ ထင်တော့မယ် .."

ပတ်ဝန်းကျင်ကို သူပဲ လိုက်ဝေ့ကြည့်ကာ ...

"သေးလူ မရှိဘူး ..၊ သေးလူကြောင့် နင် ဆုံးဖြတ်တာလည်း မဟုတ်ပါဘူး၊ နင် မေမေ့ကို .."

"သက်ဆိုင်ပေမယ့် အဲဒါကြောင့် မဟုတ်ဘူး သားချစ်၊ နင် ပြောချင်တာတွေ ပြောလို့ ကျေနပ်ရင် ငါ ပြောမယ်၊ နံပါတ်တစ် ငါတို့ ချစ်သူတွေ မဟုတ်ဘူး .."

"ငါက ချစ်နေခဲ့တာ ကြာလှပြီ .."

"ငါ မချစ်နိုင်ဘူးလို့ ပြောခဲ့တာလည်း နင် သိတာပဲ .."

"နင် ငါ့ကို မငြင်းခဲ့ဘူးဆိုတာ ထည့်ပြောပါ .."

"မလိုဘူးလေ .. ငါ ငြင်းလိုက်တာနဲ့ နင်ကလည်း လှည့်ပြန်သွားမှာ မဟုတ်ဘူး၊ ငါတို့ချင်းကလည်း သူငယ်ချင်းတွေ၊ မချစ်နိုင်ဘူးဆိုတာက ငါ သူငယ်ချင်းထက် ပိုလို့ မရခဲ့တာရယ် .. ငါ့ဘဝ နိမ့်ပါး





ခဲ့တာရယ် .. အဓိကက အဲဒါ .."

"အခု အဆင်ပြေလာတော့ရော .."

"ငါ အဆင်ပြေရင် နင့်ကို လက်ထပ်မယ်လို့ မပြောမိခဲ့ဘူး ထင်တယ် .."

"နင် .. ဟာ .."

ကာလ မျက်နှာလေးကိုကြည့်ပြီး ရင်ထဲမှာ ဆွေးသွားသည်။ ဆံပင်တွေကို နဖူးကနေ အပြောင်သိမ်းပြီး ကျောထက်မှာ ဖြန့်ချထား၏။

ဖြူနုတင်းပြည့်သော ရင်ဘတ်လှလှလေး ပေါ်နေအောင် ဟိုက်ချထားသည့် မိုးပြာနုရောင်ဝတ်စုံလေးက မြန်မာ့ဝတ်စုံပေမယ့် အပါးသားတွေနဲ့ ကန့်ချုပ်ထားသဖြင့် အရိုင်းဆန်သလိုနှင့် ယဉ်သည်။

ပြီးတော့ မြန်မာဝတ်စုံလေးကြောင့် ပန်းပုဆစ်ထားသလို လှသည့်ကိုယ်ဟန်က မြင်သူတိုင်းကို ငေးမော ကျန်ရစ်အောင် ဆွဲဆောင်နေလေသည်။

တစ်နေ့တခြား အလှပေါ် အယဉ်ဆင့်လာသော ကာလ ရဲ့မျက်နှာလေးက ခပ်ပြေပြေ ခြယ်သထားသည့်အောက်မှာ မှုန်ညက်ညက်လေးနဲ့ ဖြူနုနေ၏။

"နင့်ရဲ့ နံပါတ်နှစ်ကို ပြောပါဦး .."

သူ မေးတော့ ကာလ မျက်နှာလွှဲပစ်၏။ ပြီးမှ ကားနားကို ဖြည်းလေးစွာ ဆက်လျှောက်နေရင်း ...

"နံပါတ်နှစ်က ငါ့ဘဝမှာ မွန်းကျပ်မှုတွေနဲ့ ပြည့်သိပ်နေတဲ့ကာလ ဖြစ်တဲ့အတွက် နင့်ကိုရော .. ဘယ်အတွက်နဲ့ဖြစ်ဖြစ် ငါ့ခေါင်းထဲကို စီးပွားရေးအပြင် ဘာမှ ထည့်မထားနိုင်ဘူး .."

"အဲဒီထိ ငါ နားလည်ပေးခဲ့တာပဲ၊ အခု အဆင်ပြေရင်တော့ ငါတို့ ပျော်ရွှင်ရမှာပဲလို့ မျှော်လင့်ထားခဲ့တာ .."

"မပျော်ရွှင်တာက ငါပါ သားချစ် ရယ် .. နင် မဟုတ်ပါဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ကာလ မျက်နှာလေးက တည်ငြိမ်တာထက် ပိုမိုကာ အေးစက်စက်ပုံစံလေး ပေါက်နေလျက် ...

"ငါလည်း အလုပ်ရှုပ်နေရသလို နင်လည်း ရှုပ်နေရတာပဲ၊ အဲ့ဒါကြောင့် ငါ့အလုပ် ငါ စိတ်အေးလက်အေး လုပ်နေတာပါ .."

"ကာလ .. နင် .. နင် ပြောတာ ဘာအဓိပ္ပာယ်လဲ .."

"ငါ့ကိုချည်းပဲ နင် မျှော်ငေးနေရတာ မဟုတ်ဘူးဆိုတာ သိလိုက်ရလို့လေ ..၊ ငါက ပြောလိုက်ရင် သဝန်တိုနေတယ်ထင်မှာစိုးလို့ မပြောခဲ့တာ၊ အခု လိုအပ်နေလို့ ဆိုပါတော့ ..၊ နင်တို့အုပ်စုတွေထဲမှာ ချောချောလှလှ ကောင်မလေးတစ်ယောက်ကို ငါ တွေ့တယ် .."

"အဲ့ဒါ .."

"ဘယ်သူဘယ်ဝါမှန်း အစက မသိပါဘူး၊ ခုလည်း ငါ သူ့ကို မသိပါဘူး၊ ဒါပေမယ့် အဲဒီကောင်မလေးက နင့်နားကို ကပ်နေတာမှန်းတော့ သိလာခဲ့တယ် .. အဟွန်း .."

ကာလ က နာကျင်နေသည့် ရယ်သံလေးနှင့် မျက်နှာပြန်လွှဲကာ...

"ငါ့သူငယ်ချင်းကို ငါ အထင်သေးခဲ့မိတာ ..၊ အဲဒီလို တွဲလျက်လေး မြင်လိုက်ရမှလေ .."

"ကာလ .."

"ငါ ဝမ်းသာလို့ ပြောတာပါ၊ ဟန်ဆောင်ပြောနေတာ မဟုတ်ဘူးသားချစ် ..၊ ငါ နင့်ကို မတွေ့အားသေးဘူးလို့ ငြင်းရတိုင်း .. နင်မေးတိုင်း ငါ ခေါင်းခါနေရတဲ့အချိန်တွေတိုင်း ငါ နင့်ကို မပြောရက်ပြောမထွက်အောင် ဖြစ်နေခဲ့ရသမျှ အဲ့ဒီမှာ အားလုံး အဆင်ပြေသွားတာ .."

"ငါ့ကို ပြောခွင့်ပေးဦး ကာလ ..၊ နင် ငါတို့ကို ဘယ်လိုပုံစံနေတာမြင်လိုက်လို့လဲ ..၊ ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက်တွေးလိုက်





တာလဲ .."

"နင့်လက်မောင်းကိုဖက်ပြီး သူက နွဲ့ခိုနေတာလေးပဲ မြင်တာပါ"

စိုက်ကြည့်နေသည့် ကာလ မျက်ဝန်းတွေရှေ့မှာ သူ့မျက်နှာ ရဲခနဲဖြစ်သွားသည်။ သူငယ်ချင်းတွေက မြှောက်ပေးကြ၊ သူကိုယ်တိုင် သွေးကြွခဲ့တာ ..၊ ဒါတွေက အမှန်တွေပါ ..။

မမှန်တာက ဘုံ့ ကို သူ ချစ်ခဲ့တာ မဟုတ် ..၊

ကာလ ရဲ့ အသုံးမကျဘူးလို့ ပြောဖူးခဲ့တဲ့ စကားတွေကြောင့် သိရှိခဲ့ဖူးသည့်ရင်ဘတ်က အထင်တကြီး မှီနွဲ့တွဲခိုလာသည့် မိန်းမလှလေးတစ်ယောက်ကြောင့် ဖြေသာသလို ဖြစ်သွားခဲ့တာလား ..။

ဒါမှမဟုတ် သွေးကြွ မာန်တက်သွားခဲ့သည်လား မသိ ..။

တုံ့ နဲ့ သူ တွဲနေမိသည့်ကာလအတွင်းမှာ ဖြေသာနေခဲ့တာလည်း အမှန်ပင် ..။ ဘာပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ မရိုးသားစိတ် တစ်စုံတစ်ရာ ဖြစ်သွားခဲ့ဖူး၏။

"ဟုတ်တယ် ဘုံ့ .. အဲ .. သူက ချစ်မင်းဘုံ့ တဲ့၊ သူက စိတ်ဒဏ်ရာရနေခဲ့တဲ့ ကောင်မလေးပါ၊ သူနဲ့ ငါ မထင်မှတ်ဘဲ ဆုံခဲ့တာ၊ သူက ကလေးဆန်တယ်၊ ပွင့်လင်းတယ်၊ အဲ့ဒါကြောင့် ရင်းနှီးသွားကြတာလည်း မြန်တယ်"

"နင်လည်း ပျော်နေခဲ့တယ်မို့လား သားချစ် ..၊ အဲဒီကာလမှာ ငါကလည်း လုံးဝ လှည့်မကြည့်နိုင်အောင် ရှိခဲ့တာလေ .."

မဟုတ်ပါဘူးလို့ သူ မပြောနိုင် ..။

"ဒါပေမယ့် ငါ အားရှိသလို ဖြစ်သွားခဲ့တာ သူ့အပေါ် သာယာလို့ မဟုတ်ဘူး .."

သူငယ်ချင်းတွေ မြှောက်ပေးသလို ဒါကို ကာလ သိသွားခဲ့ရင် သူ့အပေါ်မှာ အထင်ကြီးမလား ..၊ သဝန်တိုစိတ်လေးများ ဖြစ်သွားမလားလို့ မျှော်လင့်မိတာ သက်သက်ရယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရင်ထဲကို ငါ နားမလည်ချင်ပါဘူး၊ ငါ့ကိုချည်း အုံ့ဖွဲ့နာကျင်နေရင်လည်း မုန်းသွားတဲ့အထိ ငါက မျှော်လင့်ထားပြီးသားပါ၊ ဒါပေမယ့် ရက်စက်လိုက်တာလို့ အံကြိတ်သံနဲ့ လာမစွပ်စွဲနဲ့ သားချစ် - ငါ နင့်ကို အရှင်လတ်လတ် သစ်စိမ်းချိုးချိုးသလို လွှင့်ပစ်ခဲ့တာ မဟုတ်ဘူး၊ နင့်အတွက် ဖြေသာနေတဲ့ အခြေအနေတစ်ခုကို မြင်မှ ငါ လက်လွှတ်စပယ် ဆုံးဖြတ်တာ .."

"ဘာလဲ .. ဘာအခြေအနေလဲ ..၊ အဲဒီလို နင် ကြိုက်သလို ခေါင်းစဉ်တပ်လိုက်လို့ ရလား .."

ဒေါသမထွက်စဖူး သားချစ် မျက်နှာက ချက်ချင်းပဲ တင်းတင်းမာမာ ထဖြစ်လာသည်။

"နင် အကြောင်းပြကောင်းဖို့အတွက် ငါက ဘုံ နဲ့ တွဲပြလိုက်သလို ဖြစ်ခဲ့ရတာ ..၊ နင် ကံကောင်းဖို့အတွက် ငါက ကံဆိုးသွားတာ အဲဒါ နင့်ကိုယ်နင် သမာသမတ်ကျလှပြီ ထင်လို့ ပြောနေတာလား.."

"ကျကျမကျကျ ငါ့ဘာသာ ဆုံးဖြတ်ခွင့်ရှိတယ် ..၊ နင့်နှလုံးသားရေးရာကိစ္စတွေကို သမာသမတ်ကျကျ ချုပ်ကိုင် စီစဉ်ပေးပါ့မယ်လို့ ငါ အာမခံထားတာ မဟုတ်ဘူး .."

"ဒီမှာ ကာလ .."

"ငါ ပြောလို့မပြီးသေးဘူး သားချစ် ..၊ တိရစ္ဆာန်တောင်မှ နေသားတကျ ခွေနေပြီးမှ နေရာပြောင်းရရင် နွေးနေတဲ့နေရာကို ပြန်ငဲ့ကြည့်သေးတယ်၊ ငါက မိန်းကလေး၊ အလိုအလျောက် ပေါပေါများများ ရနေတာတွေကို မရတော့တဲ့အခါ နှစ်ဖက်ပုတ်နေတဲ့ ဘောလုံးသမားလို တစ်ဖက်က ဖမ်းမယ့်သူ မရှိတော့တဲ့အခါ ဒီမှာ ငါ ပျော်နေတယ်လို့ နင် ထင်လား .."

"ဒါဆို ငါတို့ အရင်လို ပြန်နေလို့ ရတယ်၊ ငါ လက်ထပ်ခွင့်တောင်းတာကို ပြန်ရုတ်သိမ်းထားမယ်၊ ငါတို့ ချစ်သူဘဝကို မရမချင်း





လုံးဝ ပြန်မပြောဘူး၊ သူနဲ့ ငါ ရိုးသားတာကိုတော့ နင် လက်ခံပေးရမယ် ကာလ ..၊ နင့်အတွက် ရှိနေတဲ့ ငါ့ဘက်က အမြဲတမ်း လိုက်လျောနားလည်မှုတွေကလည်း နင့်အတွက်ချည်းပဲ ဖြစ်ရမယ်၊ အဲဒါတွေ အားလုံးအတွက် ငါ ကတိပေးပါတယ်ဟာ .."

ကာလ ဆုံးဖြတ်ချက်တွေ ဝေဝါးသွားခဲ့၏။ မချစ်နိုင်ဘူးဆိုတာတွေက သူငယ်ချင်း သံယောဇဉ်အောက်မှာ ဘာတစ်ခုမှ နောက်ထပ် ပြောမထွက်အောင် ပိတ်ကာထားလိုက်သလိုပင် ..။

ပြီးတော့ ဒေါ်နီနီမှာ ..၊

သူမ မေမေကနေတစ်ဆင့် အားလုံးကို နှုတ်ဆက်ကြေညာခဲ့ပြီးပြီ၊ ဒါကို သက်ပြင်းချ ခေါင်းငုံ့ပြီး ပူဆွေးသောကဖြစ်နေမှာ မဟုတ်တာ သေချာပါသည်။

သိက္ခာစကားတွေပဲ တွင်တွင်ဆိုတတ်ခဲ့သော နှုတ်ခမ်းနဲ့ မျက်လုံးစိမ်းတွေက ခုလောက်ဆို သိက္ခာတွေကျရပါပြီဆိုပြီး အရောင်တလက်လက် အံတကြိတ်ကြိတ် ဖြစ်နေနိုင်သည်။

ဘယ်လိုမှ မဖြစ်နိုင်တော့သည့် သားချစ် အပေါ်မှာ သူမ ဆက်လက်တင်းမာနေလို့လည်း မရတော့ဘဲ မျက်ရည်တွေသာ ဝဲလာခဲ့၏။

"ကာလ .."

"ဖယ်ပါ သားချစ် ရယ် ..၊ နင်နဲ့ ငါ .."

"ဟော့ သားချစ် .."

ကုမ္ပဏီဝင်းရှေ့မှာ ရပ်သွားသည့်ကားပေါ်ကနေ မျက်နှာတွေပြူး၍ ထွက်အော်ကြ၏။

သားချစ် ကာလ လက်ကလေးကို ကိုင်ထားပြီးမှ ကျွတ်ခနဲ ဖြစ်သွားကာ မချင့်မရဲ ပြန်လွှတ်သည်။ ထင်ကျော် က ဦးဆောင်ခေါင်းလာကာ သူ့နောက်မှာ ဘုံ က ပါလာ၏။

"ငါ သွားတော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကာလ .."

ကာလ တံခါးဖွင့်လိုက်တာနှင့် သားချစ် က တံခါးကို လှမ်းကိုင်ထားလိုက်၏။

"အစ်ကို .."

ဘုံ က အနားမရောက်သေးဘဲ အသံကို အရင်မို့လွှတ်သည်။ သုံးယောက်စလုံး တစ်သံစီ ထွက်သွားကြပြီးမှ ဘုံ က သူ့ဘေးမှာ လာရပ်ကာ ...

"အစ်ကို့ချစ်သူလားဟင် .."

ကားထဲ ဝင်မလို့ ခြေတစ်ဖက်တင်ပြီးမှ ကာလ တုံ့ခနဲ ဖြစ်သွားသည်။ ပြန်လှည့်ကြည့်လိုက်တော့ အံ့မှိုင်းရီဝေနေသည့် သားချစ် ရဲ့ မျက်လုံးတွေနှင့် ဆုံ၏။

ဘုံ က သူတို့နှစ်ယောက်ကို အကဲခတ်သလိုလေး ကြည့်နေရင်း...

"အဟွန်း .. မေးကြည့်တာပါ၊ စိတ်မဆိုးနဲ့နော် အစ်မ .."

ကာလ က ကားထဲရောက်နေပြီးမှ သူမကို ပြန်မော့ကြည့်ပြီး ပြုံးပြကာ ...

"မဆိုးပါဘူး .. သားချစ် က တို့ရဲ့ အခင်ဆုံးသူငယ်ချင်း .."

"ကဲ .. ကဲ .. သားချစ် ရေ .. မင်းကလည်း ဘုံ့ ကို ချိန်းထားပြီးတော့ .. စောင့်လည်း မနေဘူး .."

ကာလ ပြုံးလိုက်သည့်အပြုံးကြောင့် သားချစ် ထိတ်လန့်သွား၏။ ကာလ နဲ့ ထင်ကျော် ကို ကြည့်၍ သူ ဘာစကားမှ မဆိုနိုင်ခင် ...

"ငါ ပြောစရာရှိတာနဲ့ ခေါ်လိုက်တာပါ၊ ဆောရီးနော် သားချစ်.. ချိန်းထားကြမှန်း မသိလို့ပါ .."

ကာလ ရဲ့ကားလေး မောင်းထွက်သွားသည်နှင့် သားချစ် မျက်နှာသည် ထိုကားဘီးတွေအောက်မှာ ဖိကြိတ် နင်းဖြတ်ခံလိုက်ရသလို ပြိုကြွ ပျက်စီးကျန်ခဲ့လျက် ...





"ဘာတွေ လျှောက်လုပ်နေတာလဲကွာ .. သွားပြီ .. ကျွတ်!.."

"မင်းတို့ရဲ့ လပ်စ်ဆင်းနိ်အတွက် ပိုလှသွားအောင် မီးမြှင့်ပေးတာလေ၊ မကောင်းဘူးလား .."

"မကောင်းဘူး .."

စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်တာ ငေါက်ဆတ်ဆတ် ဖြစ်သွားသည်။ ဘုံ ကိုတောင် အားနာရမှန်း မသိအောင် ရင်ထဲမှာ ပူလောင်နေ၏။

အားလုံး သွားပြီ ..၊

အခြေအနေတစ်ခုထိ ရောက်ဖို့ သူ ဆွဲတင်ကြိုးပမ်းနေတုန်း ပြန်ပြုတ်ကျသွားတာ အုန်းခနဲတောင် မြည်သွားသလား ,မသိ ..။

မီးမြှင့်ပေးလိုက်တာ ဆိုပေမယ့် လပ်စ်ဆင်းနိ်က မလှဘဲ ရင်ထဲမှာသာ လောင်ကျွမ်းသွားခဲ့တာ ဖြစ်သည်။

မပြိုင်ပေမယ့် .. ရှုံးခဲ့ပြီလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဟား .. ဟား .. ဟား ..."

"ကိုဒေး နော် .."

သူ ရယ်နေတာကို ဘုံ က မျက်စောင်းလေးရွယ်၍ ဒေါကန်နေသည်။

"သူများ ကျရှုံးနေတာကို ရယ်တယ် ဟုတ်လား .."

"ဟုတ်တယ်လေ .. ရယ်စရာပဲဟာ .."

ဝန်ခံပြီးတော့ ထပ်ရယ်နေသေးသည်။ စိတ်တိုတိုနဲ့ကြည့်ရင်း ချစ်ရဲ့မျက်နှာလေးပါ ပြုံးယောင်သမ်းလာခဲ့၏။

"မင်းကို ပြောပြီးသားပဲ ချစ်မင်းဘုံ၊ ငါ လိုချင်တာ နည်းနည်းလေးရယ် .."

"ကိုဒေး က အပြောကောင်းသားပဲ .. လိုချင်သလောက် ဖွံ့ယူရအောင် ယောကျ်ားလေးနဲ့ မိန်းကလေး ရင်းနှီးခင်မင်ကြတဲ့ကိစ္စက ကွန်ထရိုးနဲ့ လှုပ်ရှားနေကြတဲ့ အရုပ်ချင်း တွေ့ကြတာမှ မဟုတ်ဘဲ.."





"မင်း ပြောခဲ့တုန်းကတော့ အဲဒါတွေ မပါဘူးလေ၊ ထိလာပြီ .. ငြိလာပြီဆိုမှ အဟွန်း .. ရယ်ရတယ် .."

"ထိတာ ငြိတာမျိုးတော့ မဟုတ်သေးပါဘူး၊ ဒါပေမယ့် ကိုသားချစ် က အရမ်း သဘောကောင်းတာ ..၊ သူ ချစ်နေတဲ့ ဟိုတစ်ယောက်အဲ .. ဆောင်းကာလ ဆိုတာ အစက ချစ် လည်း မသိပါဘူး၊ အစ်ကိုထင်ကျော် တို့ ပြောနေကြပေမယ့် သူငယ်ချင်းတွေပဲ မှတ်နေတာ၊ တကယ်တမ်းကျတော့ အစ်ကို သားချစ် က တစ်ဖက်သတ်ချစ်နေတာ.."

"ဟုတ်လား .."

ချစ် က ခေါင်းလေး ဆတ်ခနဲညိတ်ကာ သူ စီးကရက် မီးညှိနေသည့်အားမှာ လာရပ်၏။

"အဲဒီနေ့က ချစ် လည်း စိတ်လောပြီး သူတို့နားကို ရောက်သွားတာ၊ အစ်ကို ထင်ကျော် က ဘာလိုလိုကြီး ဝင်ပြောလိုက်တော့ ဆောင်းကာလ စိတ်ဆိုးသွားတာ ချစ် နဲ့ တိုက်ရိုက် သက်ဆိုင်သွားသလိုပဲ.."

"စိတ်ဆိုးတဲ့စကား ဘာပြောသွားလို့လဲ .."

"ဟင့်အင်း .. ပြုံးတော့ ပြုံးလို့ပါ၊ ဒါပေမယ့် အစ်ကို သားချစ်ကတော့ 'အားလုံး သွားပြီ'လို့ ပြောနေတာ ငိုချတော့မယ့်အတိုင်းပဲ၊ ဒါပေမယ့် သူ ချစ် ကို စိတ်ဆိုးတဲ့ပုံ လုံးဝ မရှိဘူး .."

ဒီဒေး က စီးကရက်ရှိုက်ရင်း ပြတင်းဘက်ကို လှည့်၍ ပြုံးသည်။

"အဲ့ဒါကြောင့် အစ်ကိုသားချစ် ကို ချစ် က စိတ်ဝင်စားတာ ..၊ အရမ်း သဘောထားပြည့်တာပဲ သိလား ..၊ သူ့ကို လေးစား အထင်ကြီးတဲ့ပုံနဲ့ ပြောဆိုခဲ့တာတွေမှာ ကိုဒေး အတွက် သရုပ်ဆောင်ပေးနေတာမျိုး မဟုတ်ဘဲ ချစ် ကိုယ်တိုင် သူ့ကို တကယ် စိတ်ဝင်စားတာ .."

"အဟွန်း .."

"ဆောင်းကာလ ကြောင့် သူ အရမ်းထိခိုက်သွားတော့ ချစ် အရမ်းကို ခံစားရတယ်၊ သူ့ရင်ထဲက အပူတွေ ကိုယ့်ဆီ ကူးစက်လာသလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူ ချစ်မယ်ဆိုလည်း ချစ်လောက်တယ် ကိုဒေး ရဲ့ .. ဆောင်းကာလ က အရမ်းကို လှတာ၊ ချစ် ပြင်ဆင်ထားရသမျှတွေ သူ့ကို မြင်လိုက်တာ နဲ့ ကိုယ့်ကိုယ်ကိုယ် သေးငယ် ကျုံ့လှီသွားသလိုပဲ၊ ဆံပင်တွေ ခါးထောက် ကျော် ဝဲဖြာပြီး မျက်နှာလေးက မှုန်ညက် ..''

ပြောနေရင်း ဒီဒေး နှုတ်ခမ်းပေါ်က အပြုံးကို သတိထားမိသွား ကာ ချစ် က သေချာလိုက်ကြည့်၏။ ပြီးတော့ ...

''ကိုဒေး ..''

''ပြော ..''

''အစ်ကိုသားချစ် ကို ခုလို ဖြစ်စေချင်တာ ဆောင်းကာလ နဲ့များ သက်ဆိုင်နေသလား ..''

ဒီဒေး က ပြတင်းဘောင်မှာ လက်တစ်ဖက်တင်၍ ချစ် ရဲ့မျက်နှာ လေးကို ကြည့်သည်။

''အဲဒီလို ဘာလို့ မေးလိုက်တာလဲ ..''

''မသိဘူးလေ .. ကိုဒေး ပြုံးနေတာက ဆောင်းကာလ နဲ့ အစ်ကို သားချစ် ဒီလိုဖြစ်မှာကို သိနေသလိုပဲ ..''

''သိနေတယ်ဆိုရင်တောင် မင်းကို ငါ အကူအညီတောင်းခဲ့တဲ့ ... က သူတို့ ဒီလိုပြဿနာ ဖြစ်သွားလောက်တဲ့အကြောင်းရင်းမျိုး ပါခဲ့လို့လား-

ချစ် က ဘာမှမပြောဘဲ မျက်မှောင်လေး ကုတ်နေဆဲ ...

''သူတို့ချင်း အထင်လွဲကုန်အောင် ဗီလိန်ဆန်ဆန် သရုပ်ဆော ... ခဲ့ရတာ မင်း ရှိခဲ့လို့လား ..''

''မရှိဘူး .. ဒါပေမယ့် ..''

''ပြော ..''

''ဟို .. မသိဘူး၊ ဆောင်းကာလ က အရမ်းလှတော့ ကိုဒေး ... ကြည့်မိလိုက်တာနဲ့ သူနဲ့ ကိုဒေး ကို တွဲပြီး တွေးမိသွားတာ ..''

''သားချစ် က ကာလ က သူ့ကို အထင်မကြီးဘူး၊ အမြင်တ...





...ားဖယ်တယ်၊ နှိမ်ချတယ်ပဲ ထင်နေတာ ..''

ချစ် က ခေါင်းလေးညိတ်၍ စိတ်ဝင်တစား နားထောင်နေ၏။

''အဲဒီလို သူ ထင်နေတာတွေ မရှိစေချင်လို့ မင်းကို ဒီလိုလေး ...ပ်ပေးပါလို့ ကိုယ် အကွက်ရွှေ့ခဲ့တာ ..၊ အဲဒီမှာ မကောင်းကြံစည်မှု ...စ်စုံတစ်ရာ မင်း တွေ့လို့လား ..''

''ဟင့်အင်း ..''

''မင်းနဲ့ ဆုံမိတဲ့အခါ သူ ပျော်နေတယ်မို့လား .. ကိုယ် လိုချင်တာ ...ဒါပဲ ..၊ သူ့ကိုယ်သူ ယုံကြည်မှုရှိပြီး တက်ကြွ ရွှင်လန်းဖို့ ..''

ဒါ အမှန်ပဲဆိုတာ ယုံကြည်ပါသည်။ ဒါပေမယ့် ချစ် စိတ်ထဲမှာ ...စ်စုံတစ်ခုက ပိတ်ခံနေ၏။ အကဲခတ်ရ မလွယ်သော ဒီဒေး ရဲ့ သွေး ...ားမှုကိုပဲ သူမ အကဲခတ်မှားနေတာလား ..။

''ဆောင်းကာလ ကိုတော့ ကိုဒေး ရင်းနှီးနေတာပဲ ..''

''ရင်းနှီးတာပေါ့ .. သားချစ် နဲ့ ကာလ တို့က ကိုယ့်သူငယ်ချင်း ...ွပဲ၊ ဒါပေမယ့် သူတို့က ခုချိန်ထိ လက်တွဲနေကြတယ်၊ ကိုယ်က ...တော့ အလုပ်တစ်ဖက်နဲ့ နေရတာကိုး၊ တွေ့ဖြစ်ကြတာထက် မတွေ့ဖြစ် ...ာက ပိုများတယ် ..''

''ဒီလောက်လှတဲ့ ဆောင်းကာလ ကို ကိုဒေး ကရော နည်းနည်း ...ေးမှ စိတ်မလှုပ်ရှားခဲ့ဘူးလား ..''

''မင်းကို ဖြေဖို့ မပြောနဲ့ .. ကိုယ့်ကိုယ်ကိုယ်တောင် မေးချိန်မရ ...၊ မင်း အခု ဘာဆက်လုပ်မှာလဲ ..''

''ချစ် က ..''

သူမကို မေးခွန်းထုတ်လိုက်သဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်မေးရ ...င်းကိုပဲ ရောက်ကာ ...

''ဒီတိုင်းပဲလေ .. အခု ကိုဒေး နဲ့ မဆိုင်တော့တဲ့ ဖြူစင်သော ...င်တွယ်ခြင်းနဲ့ပေါ့ ..''



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း .."

"ရယ်ပြန်ပြီ .. အင်းပေါ့လေ .. ကိုဒေး ရင်ထဲကိုတော့ ချစ် မမြင်နိုင်တာ၊ ချစ် ကတော့ ရင်ထဲမှာ တံခါးမရှိ ဓားမရှိအောင် နေ သူ .. ကိုဒေး ရယ်ပေါ့ .."

"မဟုတ်ဘူး .. အဲဒီလိုတော့ မဟုတ်ဘူး၊ ဒါပေမယ့် .."

ရယ်ကို ရယ်ချင်နေတာ နှုတ်ခမ်းတွေကို သမာဓိရောင် တင်ပေး ကြိုးစားပေမယ့် မရ ..။ စိတ်စေရာကို မှန်း၍ ချိန်ရွယ်လိုက်တာ တစ်ချက်ပစ် တစ်ချက်ထိနေတာကို ရယ်ချင်သည်။

သူ တကယ်ပဲ တော်နေတာလား ..၊ သားချစ် ကိုက ညံ့နေ လား .. ဒါမှမဟုတ်ဘူးဆိုရင်တော့ ရာသီဥတုက ကိုယ့်ဘက် ပါနေ ပဲ ဖြစ်နိုင်၏။

သူ ထွင်လိုက်တဲ့လမ်းက ဒီလောက်ထိ မြန်မြန်ဆန်ဆန် အဆ သတ်ဖို့ မဟုတ်ခဲ့ဘဲ အခြေအနေ အကျိုးအကြောင်းတွေက သူ့အတွ ပဲ ဖြစ်လာခဲ့သည်။

ချစ်စရာ မိန်းမလှလေးတစ်ယောက်၏ အထင်ကြီး သဘောကျ တွေကို ရတဲ့အခါ သားချစ် စိတ်တွေ အာရုံတစ်ခုတည်းပေါ်ကနေ နှ ခွဲထွက်သွားမည်။

'နင်က အထင်သေးပေမယ့် အထင်ကြီးတဲ့ မိန်းမတွေ ရှိသေး တယ်' ဆိုတဲ့ မာန်လေး ဝင်သွားအောင် စိတ်တန်ခိုးလေး ထည့်ပေးလို ရုံ သူ အစဖော်ခဲ့တာပါ ..။

ကာလ ရဲ့ 'သားချစ် ခမျာ ငါ့ကိုပဲ မျှော်လင့်နေရှာတာ' ဆို ငဲ့ညှာဖို့ချည်းပဲ အဆင်သင့်ဖြစ်နေတဲ့စိတ်တွေလည်း သားချစ် ရဲ့ ဆ ဆံရေးပေါ်မှာ မှုတည်ပြီး ကွဲပြားသွားရမည်။

လူချည်းကွဲဖို့ မဟုတ်ဘဲ စိတ်ချင်း နည်းနည်းလေး ကွဲထွက်လာ သာ သူ ရည်ရွယ်ခဲ့၏။





တကယ်တမ်း ဖြစ်လာတာတွေက သူ ရည်ရွယ်ခဲ့တာတွေထက် များကြီး ပိုနေသဖြင့် အရှင်းဆုံး ဝန်ခံရလျှင် ကျေနပ်နေခဲ့ခြင်း ဖြစ် သည်။

ဒီအခြေအနေတွေ ဘာကြောင့် ဖြစ်လာတာပဲဖြစ်စေ အားလုံးက သူ့အတွက်ပါပဲ ..။

ဒီတိုင်း လုပ်လိုက်ခြင်းကြောင့် ကာလ ရဲ့ အထင်ကြီးခြင်း၊ သဝန် တိုခြင်းတွေ ပွင့်အံထွက်လာပြီး သားချစ် နဲ့ တကယ်ချစ်သွားခဲ့ရင်လည်း ဒါဟာ အဆုံးအဖြတ်တစ်ခုပဲလို့ သူ တွက်ထားခဲ့ပြီးသား ..။

ထို့ကြောင့် ဒါဟာ စွန့်စားမှုတစ်ခုဆိုလည်း မှန်သည်၊ 'ကြောက် ရင် လွှဲ .. ရဲရင် မင်းဖြစ်' ဆိုတဲ့ စကားကို ဆုပ်ကိုင်ပြီး မတွန့်မရွံ့ ဆုံး ဖြတ်လိုက်တာ မမှားခဲ့ဘူးဆိုတာလည်း သေချာသွား၏။

ဘာဆက်ဖြစ်လာမလဲ ဆိုတာကတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟော .. ဒီဒေး ပါလား .."

ကားကို ကုမ္ပဏီဝင်းထဲ မရောက်ခင် ရပ်ပစ်လိုက်ကာ ဦးမိုးဆောင်း က ဆင်းလာသည်။ ပြီးတော့ ဒီဒေး တို့ ရပ်နေကြသည့်နေရာထိ လျှောက်လာ၍ ...

"စီမံကိန်းအတွက် လာကြည့်တာလား .."

"ဟုတ်ကဲ့ .."

ဒီဒေး က ဦးမိုးဆောင်း ဘက်ကို လှည့်လျှောက်လာရင်း အဆောက်အဦပျက်တချို့နှင့် ကွင်းပြင်ကျယ်ကို ပြန်လှည့်ကြည့်ကာ ...

"ဒီဘက်ခြမ်းက ဟိုဘက် ဆည်မြောင်းဌာနအစပ်ထိ တန်ဖိုးမျှတအိမ်ရာစီမံကိန်းရဲ့ လျာထား မြေနေရာပဲ .."

"အင်း .. ဟုတ်တယ် .. အဲဒါကြောင့် လမ်းမဘက်မှာ ယူထားတဲ့ ကွန်စထရပ်ရှင်အတွက် အန်ကယ့်လ်ကုမ္ပဏီဝင်းက ကြားခံဖြစ်နေတာ ကုမ္ပဏီကို ဖျက်သိမ်းပေးဖို့အထိ သူတို့ဘက်က အလျော်အစားတွေ လာလုပ်ခဲ့ဖူးတယ် .."





ဘယ်လိုကမ်းလှမ်းလို့မှ သူ လက်မခံခဲ့ဘဲ မိန်းမတစ်ယောက်နဲ့ ကျမှ လမ်းဆေား ဆင်းအိပ်ရတော့မလို ဆုံးဖြတ်ခဲ့ရတာတွေ ပြန်တွေးမိပြီး ဦးမိုးဆောင်း မျက်နှာပျက်၏။

ဒီဒေး ကလည်း ဘာမှ သတိမထားသလိုပဲ နေလိုက်ကာ ...

"အခု ကျွန်တော်တို့ကလည်း ဒါကို ပုဂ္ဂလိက ယူထားတာလေ..။ အခု လာကြည့်မှ နေရာက ဟိုမရောက်ဒီမရောက် ဖြစ်နေတာ တွေ့တယ် .."

"အပြွန်း .. အန်ကယ့်လ်ကုမ္ပဏီကိုတော့ ခလုတ်မတိုက်ပါဘူးနော် .."

သူ လာခဲ့တာ ဒါအတွက်ပဲမို့ ဦးမိုးဆောင်း ရောက်လာမယ့်အချိန်ကို တမင်စောင့်နေတာ ဖြစ်သည်။ ဒါပေမယ့် သူ့မျက်နှာမှာ ဘာမှမပေါ်လွင်စေဘဲ ...

"ကျွန်တော်ကတော့ အန်ကယ်လ်နဲ့ နေရာပြိုင်မလုပါဘူး၊ အထူးသဖြင့် အန်ကယ်လ် အကျိုးယုတ်မှ ကျွန်တော် အကျိုးရှိလာမှာမျိုးကို ရှောင်သွားမှာပဲ ..၊ ဒါပေမယ့် အန်ကယ့်လ်မှာ နောက်ထပ် ဒီပြဿနာတွေ ဒိုင်ခံ ရှင်းရတော့မှာနော် .."

"ဟုတ်တယ် .."

ဦးမိုးဆောင်း က ရင်မောသံကြီးနှင့် ခေါင်းညိတ်ရင်း ရှေ့ကို မျှော်ကြည့်သည်။ ဒီဘက်မှာ လူနေအိမ်ခြေဆိုလို့ ခိုင်ခံ့ကောင်းမွန်တာ သိပ်မရှိပေ ..။

တဲအိမ်တွေ ဟိုတစ်စု ဒီတစ်စုနှင့် ဝက်ခြံတချို့ ရှိနေတာလည်း တွေ့သည်။ ဒါတွေကို တိုက်စားရှင်းလင်းဖို့က လွယ်လွယ်လေး ..။

သူ့ကုမ္ပဏီကို ကျော်၍ ဒီဘက်ကို ယူလို့မရတဲ့အခါ ဒီဒေး ခြေသလို ဖြစ်လာနိုင်ခြေက ကိုးဆယ်ရာခိုင်နှုန်းလောက် ရှိ၏။

ဟိုတစ်နေ့ကပဲ သမီးဆီက သတင်းတစ်ခု ကြားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် က 'ကလီးယား'ကွန်စထရပ်ရှင်နဲ့ တစ်ဖက်လှည့် ပတ်သ…
နေသလိုလို .. ဘာလိုလို ..။

ပြဿနာဖြစ်ရခြင်းအတွက် ကုမ္ပဏီကိုပဲ အကျပ်ကိုင် တောင်း…
တာလည်း ဒီလူတွေကြောင့်လိုလို ..။

"ဟုတ်တယ် ဒီဒေး .."

စဉ်းစားရင်း ဒီဒေး ကိုတော့ အမှန်အတိုင်း ဝန်ခံမိကာ ...

"အန်ကယ်လ့် အဲ့ဒီပြဿနာမျိုး ကြုံခဲ့ရပြီးပြီ၊ ပြောရရင် တော…
တော်ဆိုးဝါးခဲ့တဲ့ ဖြစ်ရပ်တွေပဲကွာ ..၊ မင်း ပြောသလို နောက်ထပ်ဖြ…
ရဖို့တွေလည်း ရှိနေတာ မှန်တယ် .."

"အဲဒီတော့ ကျွန်တော်တို့ လက်လွှတ်လိုက်ရင် အန်ကယ်…
ဒီဘက်ကို ဆက်ယူလိုက်ပါလား .."

"ဟေ!..."

"မယူထားရင်တော့ နာမှာပဲ ..၊ ကျွန်တော် ပြောရဲတယ် .."

ဦးမိုးဆောင်း ငိုင်သွားသည်။ ဒီဒေး ကိုလည်း အထင်ကြီး အံ့ဩ…
သည့်မျက်လုံးတွေနှင့် ငေးကာ ...

"မင်းက ဒီ စီမံကိန်းအတွက် ဦးဆောင်မယ့်သူလား .."

"အားလုံးနဲ့ လက်တွဲပြီးတော့ပါ၊ ကျွန်တော်ပဲတော့ မဟုတ်…
ဘူး .."

မလှမ်းမကမ်းမှာ ရှိနေကြသည့် လူကြီးနှစ်ယောက်နှင့် လူလတ်…
ပိုင်းတစ်ယောက်က ဒီဘက်ကို လှည့်ကြည့်သည်။

သူနဲ့ ဒီဒေး စကားပြောနေတာ မြင်မှ ဘာမှမပြောတော့ဘဲ …
ဘက်ကို ခပ်လှပ်လှပ် လျှောက်သွားကြ၏။

"အခု ကျွန်တော် နောက်ဆုတ်လိုက်ရင် နောက်လူ ဝင်ဦးမှာ…
အန်ကယ့်လ်ကုမ္ပဏီက စက်ရုံနဲ့တွဲထားတော့ အဆောက်အဦ နှစ်…
ညှပ်လိုက်ရင် ဒါက ပြဿနာရှိတယ် .."





"အင်း .. အန်ကယ်လ် သိနေပါတယ်၊ ဒါပေမယ့် .."

"လုပ်ငန်းတိုးချဲ့ဖို့ကို နောက်မှ စဉ်းစားပေါ့ အန်ကယ်လ် ..၊
လောလောဆယ် ဒီဘက်က အစွန်းထွက်တဲ့မြေကိုတော့ သိမ်းလိုက်
ပါ"

"အန်ကယ်လ် အဲဒီလောက် မတတ်နိုင်ဘူး .."

"မတတ်နိုင်တာကို ထိုင်စိတ်ညစ်နေလို့ ဘာမှဖြစ်မလာဘူး
အန်ကယ်လ် ..၊ တစ်ခုကို လိုချင်ရင်တော့ တစ်ခု ပေးထားရမှာပဲ၊
အန်ကယ်လ် အဆင်မပြေမှုတွေ များနေလို့ အလုပ်ပေါ်မှာ ယုံကြည်မှု
နည်းနေတာပါ .."

"မဟုတ်ဘူး .. ဒါပေမယ့် .."

"လုပ်ကြည့်လိုက်ပါ ..၊ ခုခေတ်မှာ လမ်းဘေးဈေးသည်တွေ
တောင်မှ အစိုးရဆီမှာ ငွေချေးလို့ ရနေပြီ .."

"ဟာ!... အဲဒီလိုတော့ .."

"အန်ကယ်လ်က ငွေချေးဖို့ မလိုပါဘူး .. ဒါပေမယ့် အန်ကယ့်လ်
အတွက် အပန်းမကြီးဘဲ ဟိုဘက်မှာလည်း အကျိုးအမြတ် ဖြစ်သွား
အောင် ကျွန်တော် ဆက်သွယ်ပေးမယ် .."

"ဘယ်လို .."

"လုပ်ရမှာတော့ အချေးအငှားပဲ ..၊ ဒါပေမယ့် အလဲအလှယ်
သဘောနဲ့ နှစ်ဖက်စလုံး အဆင်ပြေသွားအောင် လုပ်ပေးလို့ ရတယ်.."

ဦးမိုးဆောင်း က နားမလည် ..။

"အန်ကယ်လ်တို့ ကုမ္ပဏီအဆောက်အဦကိစ္စတွေ ပြဿနာတက်
ခဲ့တာ ကျွန်တော် သိပါတယ်၊ နောက်ထပ် ဒုက္ခရောက်အောင် ကျွန်
တော် မလုပ်ဘူး၊ အန်ကယ်လ် ယုံကြည်ရင်တော့ ကျွန်တော့်ကို ဆက်
သွယ်လေ .. စိတ်ချရတဲ့လူတွေနဲ့ ချိတ်ပေးမယ်၊ ကိုယ့်မှာ ရှားပါးနေပေ
မယ့် ထားစရာမရှိအောင် ပေါများနေတဲ့လူတွေကျတော့ အကျိုးအမြတ်



www.burmeseclassic.com

www.burmeseclassic.com



တိုးပွားလာဖို့ထက် ကိုယ်ပိုင်ထားတာကို စိတ်ချရမယ့်နေရာမှာ သိမ်းချင်ကြတာ .."

"အင်း .. အနက်ကယ်လ် သဘောပေါက်ပြီ .."

သူတို့ စကားပြောနေတုန်း ဦးထိန်ဝင်း တို့ ပြန်လှည့်လာကြကာ—

"သွားကြမလား ဒီဒေး .."

"ဟုတ်ကဲ့ သွားမယ်လေ .."

ဦးမိုးဆောင်း ကို နှုတ်ဆက်ပြီး သူ လှည့်ထွက်ခဲ့လျှင် ...

"ဒီဒေး .."

ဦးမိုးဆောင်း က ခေါ်ပြီး ချူအေးကို တိုးလာ၍ ...

"အဲဒီဘက်အခြမ်းကို မင်း မယူတော့ဘူးပေါ့ .."

ဒီဒေး မယူဘူးဆိုလျှင် တခြား ကွန်စထရပ်ရှင်က ဝင်လာတာနဲ့ သူ့အတွက် ရှင်းရဖို့တွေ ဖြစ်လာမှာကို တွေးမိသည်။ ထို့ကြောင့် သူ မျှော်လင့်ချက်က ဒီဒေး နဲ့သာ နီးကပ်ချင်သည်ဖြစ်ရာ ...

"မင်း ပြောတဲ့နည်းထက် မင်းသာ ဒီဘက်ကို ယူမယ်ဆိုရင် .."

"မဖြစ်ဘူး အနက်ကယ်လ် .."

"ဟင်!..."

"ကျွန်တော် ယူရင်လည်း အနက်ကယ်လ်နဲ့ ငြိမှာပဲ .."

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် .."

"စီးပွားရေးဆန်လာပြီဆိုရင် ကျွန်တော်လည်း ကိုယ့်စီးပွားကိုပဲ ကြည့်ရမှာ ..၊ ဒီလောက် မြေဧရိယာနဲ့က မဖြစ်နိုင်ဘူး .."

ဦးမိုးဆောင်း ငေးငိုင် ကျန်ရစ်၏။ ဟုတ်လည်း ဟုတ်သည်ပဲ..။

သူ ကူညီနိုင်တာကို ပြောသွားပြီးပြီ။ နောက်ထပ် ဘာလုပ်ပေးနိုင်ဦးမှာလဲ ..၊ အခွင့်အရေးပေးနေကာမှ နောက်ထပ် မလာဘဲကြီးမိသလို များ ဖြစ်သွားပြီလား ..။

သူ ဒီတိုင်း ရပ်ငေးနေခဲ့တာကို ဦးထိန်ဝင်း က မှန်ထဲကနေ





လှမ်းကြည့်ကာ ...

"မင်းက သူ့ကို ငွေထုတ်ပေးမှာလား .."

"ဟုတ်တယ် .."

"သူကတော့ အဲဒီလို လုပ်ချင်ပုံ မရဘူး .."

"ဒါက သူ့အပိုင်းပေါ၊ သူတို့ နောက်ထပ် ရှင်းရဖို့တွေ ရှိသေးတာကို မမြင်မှာစိုးလို့ ဒီနေရာထိ လာရပ်ပြလိုက်တာ၊ ရှိတာလေးကို နောက်ထပ် ဘယ်လို လုံခြုံအောင် ထိန်းသင့်လဲဆိုတာ ထောက်ပြတဲ့သဘောပဲ.."

ဦးထိန်ဝင်း က ခေါင်းညိတ်၍ ...

"သူတို့က ဒီအကွက်မှာ ကုမ္ပဏီဝင်း လာလုပ်ထားတာကိုး ..၊ ဒါက ကျူးကျော်မြေဘက်ကျနေတာ မသိကြဘူးလား .."

"သူတို့ ထူထောင်နိုင်တဲ့အချိန်က ဒီလောက်ပဲ တတ်နိုင်လို့နေမှာပေါ့၊ ဘက်စုံ ရှင်းနီးမြုပ်နှံနိုင်တဲ့လူက နေရာကိုပဲ အဓိကယူတာ .."

ဒီဒေး က ကားမောင်းရင်း ရှင်းပြနေသဖြင့် ဦးထိန်ဝင်း က ဘေးမှာထိုင်ရင်း လှည့်ကြည့်ကာ ...

"ကျုပ်ကို တစ်မျိုးမထင်ဘူးဆိုရင် တစ်ခုတော့ ပြောလို့ရမလား"

"ဟုတ်ကဲ့ .. ပြောလေ .."

"ကိုအောင် ကလည်း မင်း လုပ်နေတာနဲ့ ပတ်သက်ပြီး အနည်းအကျဉ်းတော့ ပြောပြပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ပရော့ဂျက်ကို အမြန်ပြီးချင်တဲ့လူလေ ..၊ မင်းက မစချင်သေးတဲ့အကြောင်း ရှိနေတော့ ဒါကို ကိုအောင် က ပြောပြတာ ..."

ဒီဒေး ခေါင်းညိတ်၍ ...

"ဟုတ်ကဲ့ အဲဒါတွေက ကျွန်တော့်အတွက် အဓိက ဖြစ်နေလို့.."

"ရင်းနှီးမြှုပ်နှံမှုဆိုတာ အကျိုးအမြတ်တော့ မသေချာဘူးပေါ့ကွာ၊ ဒါပေမယ့် အခု မင်းဘက်က ရင်းနှီးနေတာတွေ များနေပြီလားလို့.."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အရှုံးအမြတ်တွက်ပြီး လုပ်နေတာ မဟုတ်ဘူး--"

"ဒါက မေတ္တာရေး .. အိမ်ထောင်ရေးတွေဆိုတာလည်း ကျ နားလည်ပါတယ်၊ ဦးမိုးဆောင်း တို့ဘက်ကလည်း မင်းကိုဆိုရင် ကြည် ဖြူကြမှာပဲ၊ လူငယ်ပီပီ အဆန်းအပြားထွင်တာမျိုး မလုပ်တော့ဘဲ တ ဖက်မှာ လုပ်မှုဖြစ်မယ့် အလုပ်ကိစ္စအတွက် အလွယ်တကူ ရှင်းလို့ရနိုင် တာကို အရင်ရှင်းလိုက်ရင် ကောင်းမလားလို့ .."

"ဒါက ကောင်းနိုးရာရာ ရွေးချယ်ပြီးမှ လုပ်ရမယ့်အလုပ်လား အန်ကယ်လ် ထိန်ဝင်း ..၊ နှလုံးသားရေးနဲ့ အကျိုးအမြတ် ရင်းနှီးမြှုပ်နှံ မှုတွေကို ရောထွေး မပြောပါနဲ့ .."

"ဆောရီးပါ .."

"ကျွန်တော့်စကား များသွားရင်လည်း ဆောရီးပါ၊ ကျွန်တော့် ပါစင်နယ်လ်ကို နောက်ထပ် အကြံပေးတာ လမ်းပြတာတွေ မလုပ်ပါနဲ့.."

ဒီဒေး မျက်နှာက တည်ငြိမ်အေးစက်မှုတွေနှင့် ခိုင်ကြည်နေသည်၊

ဘယ်သူ ဘယ်လိုထင်ထင် ကိုယ့်အမှန်တရားနဲ့ ကိုယ် ..။





## အခန်း (၂၁)

"ဟော .. ဦးမိုးဆောင်း တို့သားအဖ ကြွပါရှင် .."

မိတ်ဆွေတစ်ယောက်ရဲ့သား မင်္ဂလာဆွမ်းကျွေးပွဲကို ဘုန်းကြီး ကျောင်းမှာ ဆွမ်းကပ်တာက သပ်သပ်၊ အိမ်မှာ ညစ်ခံကျွေးမွေးပွဲက သပ်သပ်မို့ ဖိတ်ထားတဲ့အတိုင်း အိမ်ကိုပဲ လာခဲ့တာ ဖြစ်သည်။

အပေါ်ထပ် တစ်ထပ်လုံးမှာ အနီရောင် မွေးပွကော်ဇောကြီးခင်း လျက် စားပွဲဝိုင်းလေးတွေ ချထားပုံက သန့်ပြန့် သေသပ်သည်။

"သားချစ် .. ဟိုမှာ ကာလ .."

အိမ်ရှင် နှုတ်ဆက်ကြိုဆိုသံ ကြားကတည်းက သူ သိလိုက်တာ ပါ။ လှည့်ကြည့်လိုက်တာနှင့် ကာလ နဲ့ သူ မျက်လုံးချင်းဆုံသွားသည်။

ဦးမိုးဆောင်း က မမြင်ပေ။ လူကြီးချင်း စားပွဲတစ်လုံးမှာ ဝိုင်း လိုက်တော့ ကာလ ကို မိန်းကလေးတွေရှိတဲ့ဝိုင်းမှာ နေရာပေးဖို့ အိမ်ရှင် က လက်လေးဆွဲခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ဆောင်းကာလ လာပါ ..၊ ချစ် တို့နဲ့ အတူတူ ထိုင်စောင်.."

ဘုံ က ကာလ ကို မြင်လိုက်ကတည်းက ဒီစိတ်ကူးဖြစ်သွားတာမို့ လက်လေးကိုဆွဲ၍ တရင်းတနှီး ဖိတ်ခေါ်သည်။ ထင်ကျော် တို့ကလည်း ကာလ ပါလာတာ မြင်သည်နှင့် သားချစ် ဘေးကနေ နေရာရွှေ့ကြ၏။

"ထိုင်လေ .."

သားချစ် က ကာလ ထိုင်မည့်နေရာလေးက စားပွဲခွန်းကို တစ်ရှူး နဲ့ လိုက်ပွတ်သုတ်ရင်း ကာလ မထိုင်သေးတာကို မော့ကြည့်၏။ ကာလ က မျက်နှာတည်တည်လေးနှင့် သူ့ဘေးမှာ ထိုင်လိုက်ကာ ...

"ငါ ထိုင်လိုက်ရင် ကျပ်သွားမှာ စိုးလို့ပါ .."

"မကျပ်ပါဘူး .. ထိုင်ပါ၊ ငါတို့က ပြီးနေပြီ .. အောက်က စောင့်မယ် သားချစ် .."

ထင်ကျော် နဲ့ မျိုးဇော် တို့က နှုတ်ဆက်သလို ပြောပြီး ထထွက်သွားကြ၏။

"အစ်မ .. ကြာဆံချက် ကြိုက်တယ်မို့လား ဟင် .."

ဘုံ က သူမကိုယ်တိုင် ထည့်ပေးဖို့ပြင်လျှင် သားချစ် အားနာသွားကာ ပျာပျာသလဲ တား၍ ...

"နေပါစေ ဘုံ ရယ် .. ပေးပါ ကိုယ့်ကို .."

"နင်လည်း နေပါ .. ငါ့ဟာငါ ထည့်မယ် .. ပေး .."

"နေပါဆိုမှ .. ဘာဖြစ်နေတာလဲ .."

'နေ' သုံးနေနှင့် သုံးယောက် စကားတွေက ဒါပဲဖြစ်နေကာ သားချစ် ကပဲ ကြာဆံချက်ကို ထည့်ပေးသည်။ ပြီးတော့ ဘုံ လှမ်းပေးသည့်ပွဲထဲကနေ ကြက်သွန်ကို ထားခဲ့ပြီး နံနံပင်လေး နည်းနည်း ထည့်ပေး၏။

ပြီးတော့ ရေတိသီးမှုန့်လေး နည်းနည်း ..၊





"ဖယ်ပါ သားချစ် ရယ် .. ငါ့ဟာငါ ထည့်ပါ့မယ်ဆို .."

"မထည့်နဲ့ ..၊ နင် ငရုတ်သီးတွေ နင်းကန်ထည့်မှာမို့လား .."

ပြောပြီး ငရုတ်သီးပန်းကန်လေးကို ဟိုဘက်အစွန်ထိ ဝေးဝေးမှာ သွားချထားလိုက်သည်။ သူတို့နှစ်ယောက်ကို ကြည့်၍ ဘုံ က ငေးငေးလေးကနေ ပြုံးသည့်အဖြစ်သို့ ရောက်လျက် ...

"အစ်ကိုနဲ့ အစ်မဆောင်းကာလ က ကြည့်လိုက်ရင် အံ့ရမ်းချစ်တဲ့ သူငယ်ချင်းတွေမှန်း သိသာတယ်နော် ..၊ ဘုံ့ မှာ အဲဒီလို ချစ်ခင်နိုင်မယ့် သူငယ်ချင်းမျိုး ငယ်ငယ်တည်းက ရှိခဲ့ရင် သိပ်ကောင်းမှာပဲ .."

တမ်းတမ်းတတ ပြော၍ ကာလ က ကြည့်တော့ ရယ်ပြသည်။

"လုပ်မနေနဲ့ .. ခုခေတ်မှာ သူငယ်ချင်းရယ် .. ရည်းစားရယ်လို့ ခွဲပြားပြီး သိပ်မရှိတော့ဘူး၊ တွဲနေရင်းနဲ့ပဲ နောက်တော့ ငြိသွားကြတာ"

ကျန်နေခဲ့သည့် သူငယ်ချင်းက ကောက်ခနဲ ပြောလိုက်ပြီး ကြာဆံချက်က စပ်နေသလိုလို .. ချဉ်သွားသလိုလို မဲ့၏။

ဘုံ က ကိုယ် စပြောလိုက်သည့်စကားမို့ ဝေလင်း ပြောလိုက်တာကြီးကို အားနာသွားမိသည်။

"ဘုံ က အဲဒါမျိုးကို ပြောတာ မဟုတ်ဘူး .. ဟိုလေ .."

"သြော် .. ငါကရော ဘယ်လိုဟာမျိုးကို ပြောတာမို့လို့လဲ ..၊ ဒီကောင်နဲ့ ကာလ က ရှင်းပါတယ် .. လုံးဝ ကလီးယား ..၊ ငါပြောတာ သူတို့ မပါဘူး .."

ထပ်ပြောတော့ ထပ်ဆိုသည်။ သားချစ် ကို ကာလ ဘယ်တော့မှ ပြန်ချစ်မှာ မဟုတ်တာကို သူတို့ သိပြီးသားဖြစ်သလို ဒါကို မကျေနပ်မှု ရှိနေကြောင်းပါ ပေါ်လွင်စေတာမျိုး ..။

တက္ကသိုလ်ရောက်မှ သားချစ် နဲ့ ခင်မင်ကြသော ဒီအုပ်စုဟာ ကာလ နဲ့ နီးစပ်အောင် အမျိုးမျိုး တွန်းထိုးကြိုးစားခဲ့ကြသည်။ သားချစ် ကို နည်းမျိုးစုံနှင့် မြှောက်ပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မထူးခြားခဲ့သည့်နောက်မှာတော့ ကာလ က တစ်ဖက် သူတို့က တစ်ဖက် ဖြစ်သွားခဲ့ကြပြီး ...

"တဲ .. ကာလ က သူ မကြိုက်တာလေးကို သူ့လက်လေးနဲ့သူ ဖယ်ရှားပါရစေတဲ့ကွာ ..၊ ဘေးမှာ လက်တပြင်ပြင်နဲ့ .."

ကာလ မကြိုက်သည့် ကြာဆံချက်ထဲက ပဲပြားတွေနဲ့ ငုံးဥတွေကို ခပ်ထုတ် ဖယ်ရှားပေးနေသည့် သားချစ် လက်တွေ တုံ့ဆိုင်းကုန်အောင် တားမြစ်၏။

သားချစ် မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်သွားကာ ...

"ငါ့ဟာ ဘာလုပ်လုပ်ကွာ ..၊ ပါးစပ်လေးပိတ်ပြီး ငြိမ်ငြိမ်လေး နေပေး ..၊ ရမလား .."

"ဘယ်လိုလုပ်ရမလဲကွ ..၊ ငါမှ စားလို့ မပြီးသေးတာ .."

"မပြီးသေးရင် အဲဒီမှာ မင်း ဘေးမှာ ချိုင့်ကြီးချထားတယ်လေ၊ မော့ပြီး ပါးစပ်ထဲ လောင်းချလိုက်တော့၊ နှာ်းပူတယ် .."

"ဘာလို့ လုပ်ရမှာလဲ ..၊ အဟဲ .. ဆော်ရီးနော် ကာလ၊ ဒီကောင် သည်းလွန်းလို့ .."

ကာလ က ပြုံးပြုံးမလိုနှင့် မျက်နှာလေး တည်တည်နဲ့ စိုက်ကြည့်ကာ ...

"ရပါတယ် ..၊ ကိုယ့် မခံစားဘူးရင် ရှုးတယ် ထင်ကြတာပဲ၊ နင် အဲဒီလိုမျိုး ဘယ်သူ့အပေါ်မှာ ရင်နင့်အောင် မချစ်ခဲ့ဘူးလို့ပါ"

"ဟာ .. ဒါတော့ မပြောနဲ့ ..၊ ချစ်တာက သပ်သပ် .. ခင်တာက သပ်သပ် ..၊ ရောထွေးနေတာက ဒီကောင် .."

"ဟုတ်ပါတယ် ..၊ ဒါပေမယ့် သူငယ်ချင်းလည်း ချစ်လို့ ရတယ်၊ အချစ်ဆိုတိုင်း ရည်းစားလင်မယားတွေပဲ ချစ်ခွင့်ရှိကြတာမှ မဟုတ်တာ ..၊ ငါတို့နှစ်ယောက်က သူငယ်ချင်းလိုပဲ နင့်အောင် ချစ်ခဲ့ကြတာ၊ ငယ်ငယ်ကဆို နှစ်ယောက်သား ဇာဒ်သီးစားချင်လို့ အပင်ပေါ်တက်ပြီး





သူပ်ချတာလေ ..၊ ပြန်ဆင်းတော့ သားချစ် သံစူးသွားတယ် .."

ကြာဆံချက်ပန်းကန်ကို ငုံ့ကြည့်လိုက် ..၊ မျက်တောင်ဖျားလေး တွေ ပင့်တက်လာပြီး ဝေလင်း မျက်နှာဆီ အကြည့်ရောက်လိုက်နှင့် ကာလ မျက်နှာလေးက အေးစက်စက် ဖြစ်နေ၏။

"ကျောင်းနောက်ဖေးလမ်းကြားထဲကနေ အိမ်ထိ ငါပဲ သားချစ် ကို ကျောပိုး ခေါ်လာခဲ့တာ .."

"ဟင်!... ဘယ်အရွယ်တွေလဲ .."

ဘုံ တအံ့တသြလေး မေးမိတော့သည်။ ကာလ က ပြုံးပြကာ...

"မူလတန်းအရွယ်တွေပေါ့၊ ဒါပေမယ့် သုံးတန်း လေးတန်း ဆို ဘာလည်း ကလေးချင်းပေမယ့် ဟိုလိုဒီလိုတွေ စတတ်နောက်တတ်နေ ပါပြီ၊ မုန့်စားဆင်းချိန်ကြီးဆိုတော့ လှမ်းမြင်တဲ့ ယောကျ်ားလေး မိန်း ကလေးတွေ အားလုံးပဲ လက်ခုပ်တွေတီးပြီး တတန်းတန်း လိုက်စကြ တာ .."

"ကျောင်းပြန်မတက်တော့ဘဲ အိမ်ကို ပြန်ရတာလား ..၊ သံစူးတာ အကြီးကြီးလား ဟင် .."

"ကြီးတယ် .."

ကာလ သားချစ် မျက်နှာကို ကြည့်တော့ သားချစ် က မျက်ခုံးတွေ ကို ထိဆက်မတတ် ကုတ်ချထားကာ ပြန်မကြားချင်တော့သလို တစ် နေရာကို ငေးနေ၏။

"သွေးတွေ အရမ်းထွက်နေတော့ လန့်ပြီး လွယ်အိတ်တွေပါ သတိမရတော့ဘူး၊ အိမ်ထိ တန်းပြေးလာတော့ ဆရာမက အိမ်ကို လာ တိုင်၊ လူကြီးတွေက စိတ်မှုနဲ့ ငါလည်း အရိုက်ခံရတာပဲ၊ သူလည်း ဖျား၊ ငါလည်း ဖျား .. နှစ်ယောက်စလုံး ကယောင်ကတမ်းတွေ လှမ်း ခေါ်နေကြလို့ ငါနဲ့ သားချစ် ကို ခုတင်နှစ်လုံး ယှဉ်ပြီး အတူတူ ထားကြ ရတာ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ချစ်ခဲ့ကြတာပဲနော် .."

"အဲဒါတွေကလည်း အချစ်ပဲလေ၊ ခင်မင်ကြတာထက် အများကြီး ပိုပါတယ် .."

ဝေလင်း က မနေတတ်သလို ကြာဆံချက်ပန်းကန်ကို ရွှေ့လိုက် ရေနွေးထည့်လိုက်နှင့် သောက်လည်း မသောက်ဖြစ်ဘဲ ပြီးမှ ဘုံ ကို လှည့်မဲချင်သည့်အကြည့်နှင့် ...

"နင်ကလည်း ဖော်လို အလိုက်ကောင်းတယ်နော် ..၊ မိန်းကလေးချင်း ညီညွှတ်နေကြတာ .."

"ဟင် .. ဘုံ က ဖော်လိုနေတာ မဟုတ်ပါဘူး၊ ဘုံ တကယ်ကို အဲဒီလိုအချစ်မျိုး မခံစားဖူးလို့ အံ့ဩတာ .."

"မှန်တာပြောတာ ဖော်လိုသမား မလိုဘူး ဝေလင်း၊ ငါ ပြောတာ မှားနေရင် နင် ထောက်ပြလေ .."

"ငါက နင့်ကို မှားတယ် မပြောပါဘူး၊ ဒါပေမယ့် အချစ်ကို ခံစားကြတာချင်း တူရင်တောင် နှစ်ဖက်စလုံး တစ်ပုံစံတည်း ဖြစ်နေမှာတော့ မဟုတ်ဘူးဟ ..၊ ဥပမာ နင် ရိုးသားပေမယ့် သူက ရိုးရိုးသားသား ချစ်နေတာ မဟုတ်ရင်ရော .."

သားချစ် ဖျတ်ခနဲ လှည့်လာတော့ ကာလ နဲ့ မျက်လုံးချင်း ဆုံသွားသည်။ ထိုစဉ် ...

"ဒီဒေး .."

ခေါ်သံတစ်ရပ် လိုက်လှဲစွာ ထွက်လာ၏။ သူတို့ လှည့်ကြည့်လိုက်ကြတော့ ဒီဒေး က အိမ်ကြီးရဲ့အတွင်းဘက်ကနေ ထွက်လာတာဖြစ်ကာ ခေါ်သူက ဦးမိုးဆောင်း ..။

ပြီးတော့ လေ့ကားထိပ်ထိ စကားပြောရင်း အတူပါသွားကာ ဒီဒေး က မဲင်္ဂလာမောင်နှံနဲ့ လှည့်ပြောလိုက် .. ဦးမိုးဆောင်း နဲ့ ပြောလိုက်နှင့် ရယ်နေသည်။





မြင်နေကျအတိုင်း ဘောင်းဘီအနက် ကုတ်အင်္ကျီအနက်နဲ့ဖြစ်ကာ နှုတ်ဆန်းသည်က ခေါင်းစွပ်ဆွယ်တာအဖြူဆွတ်ဆွတ်ကို အတွင်းခံ ဝတ်ထား၏။

ဒီဒေး က ဒီဘက်ကို တစ်ချက်မှ လှည့်မကြည့်ပါ။ ဘုံ က ဒီဒေး ကို လှမ်းကြည့်လိုက်ကြသည့် သားချစ် နဲ့ ကာလ ရဲ့မျက်ဝန်းတွေကို အိတ်တဆိတ် အကဲခတ်နေခဲ့လျက် ...

သူငယ်ချင်းတွေဆိုပြီး နှုတ်တောင် မဆက်ပါလားလို့ တွေးမိသည်။ သားချစ် အားမငယ်တတ်အောင် မသိမသာ ပံ့ပိုးပေးနေတာပါဆိုပြီး ခုကျတော့ ခင်ခင်မင်မင် ရှိကြပုံလည်း မပေါ် ..။

ထိုထဲမှာ ဝေလင်း က ခနဲ့သလို ရယ်လျက် ...

"ခေါ်လိုက်ပါလား သားချစ် ..၊ မင်းတို့နဲ့ သူငယ်ချင်းပဲဟာ.."

"နေပါစေ .. မခေါ်တော့ဘူး .."

ဝေလင်း က ကာလ ကို ငေ့ခနဲ စောင်းကြည့်ကာ ...

"ဒီဘဲက တော်တော်ဖြောင့်တာနော် .. ရုပ်ရှိရေလျှံ ထင်တယ်၊ မင်္ဂလာဆွမ်းကျွေး လာတာတောင် အထူးဧည့်သည်အဖြစ်နဲ့ တသီးတခြား ဧည့်ခံနေရတာဆိုတော့ .."

ပြောနေရင်း သတိရသလို ကာလ ကို ဖျတ်ခနဲ လှည့်ကြည့်၏။

"စကားပြောရင်း ပါသွားတာ နင့်အဖေမို့လား ..၊ တော်တော် ခင့်ပုံရတယ် .."

"ခင်တာပေါ့ ..၊ ငါတို့တွေက သူငယ်ချင်းတွေပဲ .."

"ဟင်၊..."

ဒါကျတော့ တကယ် အံ့ဩသွားတာ ဖြစ်သည်။ သားချစ် က ရင်းနှီးတယ်လို့ ပြောတုန်းက သူငယ်ချင်းလို ပတ်သက်ခဲ့တာမျိုး မဟုတ် ..။

"နင်တို့သူငယ်ချင်းကလည်း စိမ်းလှချေလား ..၊ ဒီကလည်း

www.burmeseclassic.com



မခေါ်ဘူး .. ဟိုကလည်း လှည့်တောင်မကြည့်ဘူး .”

“နင် သိချင် သွားလိုက်မေးကြည့်လေ ..”

ကာလ ခပ်တည်တည်လေး မေးဆတ်ပြကာ ကြာဆံချက်ကို စိတ်မပါလက်မပါ မွှေနေလိုက်သည်။ သားချစ် ကတော့ အသံတိတ်နေခဲ့၏။

သူ့အတွက် ရင်ဝမှာ မြားတန်းလန်းစိုက်နေရသည့် ဝေဒနာအပြင် ဦးမိုးဆောင်း နဲ့ ဒီဒေး ရဲ့ဆက်ဆံပုံကို မြင်လိုက်ရသဖြင့် တစ်ကိုယ်လုံးသည် မီးမြိုက်ခံလိုက်ရသည့် သစ်ပင်နှင့်တူကာ ...

“စကားများလိုက်တာ ဝေလင်း ရာ ..၊ တိတ်တိတ်နေစမ်းပါ..”

“အံမာ .. မင်းတို့ အသံတိတ်နေတာကို ငါ ပြောပေးနေလို့ စိုပြည်နေတာ မဟုတ်ဘူးလား ..”

“မလိုဘူး .. ဒါ ညှော်ခံပွဲ၊ စားပွဲတိုင်း လူတွေအပြည့်ပဲ၊ စိုပြည်နေပြီးသား ..”

ဝေလင်း ရယ်ကျဲကျဲ လုပ်နေရပေမယ့် မကျေနပ်သည့်ရင်ထဲမှာ ပိုးထိုးသလို ဖြစ်နေခဲ့၏။

ဒီလောက် မတုန်မလှုပ်နေနိုင်တဲ့ မိန်းမကိုများ ဘာဖြစ်လို့ သည်းသည်းလှုပ် ချစ်ခင်ပြနေရတာလဲ ..။ တစ်သက်လုံး ဒီလောက်ထိ သည်းခံလာရတာတွေ တယ်လောက်ထိ ထိုးကျွေးနေဦးမှာလဲ ..။

အနားမှာ ဘုံ ခမျာလည်း သနားစရာလေး ဖြစ်နေသည်။

သူ့ကို မျှော်လင့်ရင်းနဲ့ လိုက်လျောနေရတာတွေက ကာလ ကို ကြာဆံချက် ကိုယ်တိုင် ခပ်ထည့်ပေးနေရတဲ့အထိ မလွန်ဘူးလား ..

“အေးပါ .. ငါလည်း ပြီးနေပါပြီ၊ အောက်ထပ်မှာပဲ အချိုပွဲစားရင်း စောင့်တော့မယ် ..”

နှုတ်တော့ဆက်ပေမယ့် မျက်နှာ မကြည်မသာနှင့် တမင် ထထွက်လာခဲ့၏။ ဘုံ က ထိုင်နေရခက် ထသွားရခက်နှင့် ဘာလုပ်ရမှန်းမသိ





ဖြစ်နေလျှင် ...

“ညီမကို စိန်တိုက်ကြော်ငြာမှာ ကြည့်ဖူးတယ်ထင်တယ်၊ ဟုတ်တယ်မို့လား ..”

ကာလ က စမေးလိုက်တော့ စကားပြောဖော် ရသွားကာ ခေါင်းညိတ်ရင်း ရယ်သည်။

“ဟုတ်တယ် .. အန်တီလေး တို့ စိန်တိုက်ကြော်ငြာလေ ..၊ ခင်းသမီး နဒီဒေဝီ နဲ့ တွဲပါတာ၊ ချစ် က မင်းသမီးရူး ဖြစ်လိုက်သေးတယ် အစ်မရဲ့ ..၊ ဟိုအရင် မကြာသေးခင်ကာလအထိ ချစ် က အရမ်းဆိုးတာ၊ အစ်ကို သားချစ် နဲ့ တွေ့မှ ..”

စကားက ဒီမှာပဲ ရပ်သွားပြီးမှ ...

“ခင်စရာလူ တွေ့သွားတာနဲ့ ခြေငြိမ်သွားတာလေ ..၊ အစ်ကိုက အေးဆေးတယ်၊ ယောကျ်ားပီသပြီး သည်းခံစိတ်လည်း ရှိတယ်၊ အစ်ကို့ပုံကို မြင်တာနဲ့ ငါ အရမ်းဆိုးပါလားလို့ ချစ် တစ်ခါတည်း သတိရသွားတာ၊ အဟွန်း .. ယောကျ်ားလေးတွေ သိမ်မွေ့ပြီးဆို အရမ်း ချစ်ဖို့ကောင်းတာ .. အဲ .. ဆောရီး ..”

သူမဘာသာ ပြောပြီး လက်လေးကာ၍ ရယ်သေးသည်။

“ချစ် က အစ်ကို့လို သူငယ်ချင်းလိုမျိုး ပြောတာပါ ..”

ကာလ ရယ်နေရပေမယ့် ရင်ထဲမှာ ဝမ်းနည်းသွားသလိုလို ;; နေရခက်သလိုလို ..။

သားချစ် ရဲ့အကြည့်တွေနဲ့ ဆုံတော့ ပြုံးထားမိသည့် နှုတ်ခမ်းလေးက မဲ့သွား၏။

ကိုယ်ကတော့ သားချစ် ကို အသုံးမကျလိုက်တာလို့ မကြာခဏ ပြောဆို ကဲ့ရဲ့ခဲ့တဲ့သူပါ။ ဒါတွေကြောင့် သားချစ် မျိုးဒိုပ်ခံစားနေရနိုင်တယ်ဆိုတာ တွေးမိသားနဲ့လည်း မဆင်ခြင်မိခဲ့ ..။

ခုချိန်မှာတော့ ချစ် လို မိန်းကလေးမျိုးက သူ့အတွက် အားဆေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ပဲ ဖြစ်လိမ့်မည် ထင်၏။ သဝန်တိုတာ မဟုတ်မှန်း ကိုယ့်ဘာသာ နားလည်နေသည်။ ဒါပေမယ့် နာကျင်သွားမိတာတော့ အမှန်ပါ။

ထင်ကျော် တို့လူစု ချစ် လို မိန်းကလေးမျိုးနဲ့ ယှဉ်ပြီး ကိုယ့်အပေါ်မှာ သားချစ် အတွက် မတရား နိမ့်ချခဲ့သူလို့ သတ်မှတ် ငြိုငြင်ခဲ့တာတွေလည်း တွေးမိလာခဲ့သည်။

"ကာလ စားလေ .."

သားချစ် က ကာလ မျက်နှာပျက်နေတာကို သိလေ .. မနေတတ်ဖြစ်ရလေ်နှင့် ပန်းကန်ကို ထပ်ရွှေ့ပေးကာ ...

"ငရုတ်သီး နည်းနည်း ထပ်ထည့်ချင် ထည့်လေ ..၊ ငရုတ်သီး နည်းလို့ စားမရ ဖြစ်နေရင် .."

"ရပါတယ် .. နှင့် ခရီးထွက်ဖို့ ရှိတယ်ဆို .."

"အင်း .. နင့်ကို ဘယ်သူ ပြောတာလဲ .."

"ဖေဖေပြောတာ အန်ကယ်လ်နဲ့ ပြောဖြစ်တာ ထင်တယ် .."

တကယ်ဆို ကာလ နဲ့ သားချစ် တို့ ငယ်ငယ်က နှစ်အိမ့်တစ်အိမ့် လို နေခဲ့ကြပေမယ့် အရွယ်လေးတွေ ရောက်လာကာမှ သားချစ် တို့ အိမ်ကို ကာလ အဝင်အထွက် သိပ်မလုပ်ခဲ့တော့ပေ ..။

သားချစ် အိမ်ပြောင်းသွားသည့်ကာလတွေမှာဆို လုံးဝ ပြတ်တောက်နေခဲ့တဲ့အထိပင် ..။

အိမ်ချင်းကပ်လျက်မှာ ဒေါ်နီနီခင် ရှိနေပေမယ့် လူကြီးချင်းလည်း ခပ်တန်းတန်း ဖြစ်သွားခဲ့သလို ကာလ နဲ့လည်း မခေါ်မပြော ဖြစ်သလောက် ရှိခဲ့သည်။

ဒါတွေဟာ ဒေါ်နီနီခင် ရဲ့ ခွဲခြားနိမ့်ချချင်သော မျက်လုံးအကြည့်တွေကြောင့် ဖြစ်သည်။ ယောကျ်ားတွေချင်းသာ အပြောအဆိုမရှိခဲ့ဘူး ဆိုလျှင် သားချစ် နဲ့တောင် ခုချိန်ထိ ရင်းနှီးဖြစ်ဖို့ မလွယ် ..။

ဤသို့ ရှိခဲ့သော ဒေါ်နီနီခင် နှင့် သူမတို့မိသားစု၏ ဆက်ဆံရေး ကြောင့် သားချစ် ကို လက်ထပ်၍ သူမကို ယောက္ခမတော်ဖို့ ကာလ ဘယ်တုန်းကမှ စိတ်ကူးထဲတောင် ထည့်မစဉ်းစားခဲ့မိပေ ..။

အချစ်စိတ်ဟာ ထိုစဉ်ကတည်းက ရင်ထဲမှာ ကိန်းဝပ်မနေခဲ့တာ သား ..၊ သံယောဇဉ်ဆိုတာ ရှိခဲ့ပေမယ့် ...

"ဟုတ်တယ် .. ဘန်ကောက်မှာ အလုပ်ကိစ္စ တိုးချဲ့ဖို့ ဖေဖေ သွားခိုင်းတာပါ၊ ငါက စိတ်မပါပါဘူး .."

"ဘာဖြစ်လို့လဲ .."

"ဘာကိုမှ စိတ်မပါဘူး ဖြစ်နေတာ .."

အမိပ္ပာယ်တွေနဲ့ ပြောပြီး ကာလ ကို စိုက်ကြည့်မိသည်။ သို့သော် ဘုံ ရှိနေတာကို သတိရသွားကာ ...

"သူ့နာမည် အပြည့်အစုံက ချစ်မင်းဘုံ တဲ့ .."

"ငါ သိပါတယ် ..၊ စမ်းချောင်းထမင်းဆိုင်ရှေ့မှာ တစ်ခါဆုံကြတုန်းက ထင်ကျော် တို့ မိတ်ဆက်ပေးတယ် .."

"ဟုတ်လား .."

သားချစ် အံ့သြသွားသည့်မျက်နှာနှင့် ဘုံ ကို လှည့်ကြည့်သည်။ ဘုံ က ဘာမှမသိသလို ခေါင်းခါပြကာ ...

"ဟင့်အင်း .. ချစ် မပါဘူးထင်တယ် .. မသိဘူး .."

သားချစ် ဒီဘက် ပြန်လှည့်ကြည့်မှ ကာလ က နှုတ်ခမ်းလေး ဖိပိတ်၍ ပြုံးကာ ...

"မပါဘူးလေ ..၊ ထင်ကျော် တို့ ငါ့ကို ပြောပြတာပါ၊ သူတို့ ပြောထားလို့ နင်တို့အားလုံးနဲ့ ငါ ရင်းနှီးပြီးသား ဖြစ်နေတာပေါ့ .."

သားချစ် ဟန်ဆောင်ပြီးတော့တောင် မပြုံးနိုင်တော့ပေ ..။

ဒါကတော့ စည်းကျော်နေပြီ ထင်သည်။ ထင်ကျော် တို့ မျက်နှာပေါ်က မခံရပ်နိုင်ခြင်းတွေကို ပြန်သတိရတော့ ကိုယ့်အတွက်ဆိုတာ သိပေမယ့် ဒါ ဒီလောက်ဖြစ်သင့်တဲ့ကိစ္စ မဟုတ် ..။







www.burmeseclassic.com

www.burmeseclassic.com



ခံစားရသမျှ ရင်ဖွင့်ခဲ့မိတာ မှားလေခြင်းလို့ တွေးမိသည့်အချိန်မှာ ကာလ မျက်ဝန်းထဲက စာကို သူ ဖတ်မိ နားလည်သွားခဲ့သည်။ အားလုံး ပြီးဆုံးခဲ့ပြီဖြစ်သော နှုတ်ဆက်ကြေကွဲသည့် မဲ့ပြုံး ..၊

အချစ်အတွက် ကိုယ်က ပေးဆပ်ဖို့ အဆင်သင့် ဖြစ်နေခဲ့တာ တောင် ခွင့်မပြုနိုင်ကြပါလား ..။

မေမေရယ် .. ပြီးတော့ ထင်ကျော် တို့ လူစုရယ် ..၊

သားချစ် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျလာသည်။ မေမေ့ဘက်ကို ကြည့်တော့လည်း သားအတွက် မိဘတိုင်း လွန်ကဲတတ်ကြတဲ့ အတ္တလို့ သူ နားလည်ပေးခဲ့သည်။

ထင်ကျော် တို့ကတော့ ကိုယ့်အတွက် ခံစား နားလည်ပေးကြတဲ့ သူငယ်ချင်းကောင်းတွေအဖြစ်နဲ့ပါ။ ဒါဆိုရင် သူ့ရင်ထဲက လွတ်လပ်စွာ ခံစားခွင့်အားလုံးရဲ့ ထွက်ပေါက်က ဘယ်မှာလဲ ..။

ကျေးဇူးတင်ရခြင်းတွေ၊ နားလည်မှုသိပ်ခဲ့ရခြင်းတွေနဲ့ သူ့ဘဝ က ဘာလဲ ..။

တကယ်တမ်းကျတော့ သူဟာ ကာလ အမြဲတမ်း မြည်တွန် တောက်တီးနေခဲ့တဲ့အတိုင်း ရိုးလွန်းလို့ တုံးနေတဲ့သူ ဒါမှမဟုတ် အသုံး မကျတဲ့ကောင် ..။

"ခုန အထဲက ထွက်လာတာ .. ဒီဒေး မို့လား .."

"ဟုတ်တယ် .. ဒီပုံစံမျိုး ဒီတစ်ယောက်ပဲ ရှိတယ် .."

မေးသံရယ် .. ဖြေသံရယ် သူ့နောက်က ထွက်လာခဲ့သည်။ လှည့် မကြည့်မိပေမယ့် နားက စွင့်ထားပြီးသား ဖြစ်သွားသည်။

"ဒီကောင် တော်တော် ပြောင်းလဲသွားတယ်နော် ..၊ လူပုံစံရော- နေတဲ့စတိုင်လ်ရော .."

"ပြောင်းလဲမှာပေါ့ .. သူက လုပ်ငန်းရှင် စီးပွားရေးသမား ဖြစ်နေ ပြီလားမှ မသိတာ၊ သူ့အဖေက နာမည်ကြီး သူဌေးပဲ၊ ပြီးတော့ အဖေ





တစ်ခု သားတစ်ခု .."

"ဘာပဲဖြစ်ဖြစ် ဒီကောင် ရိုင်းတော့ တော်တော် ရိုင်းတာနော်..၊ သူ့ကြောင့် မင်းညီ သေသွားတာတောင် တောင်းပန်စကား တစ်ခွန်းမှ မပြောဘဲ ငွေတွေ လာပုံပေးတယ်ဆို .."

"ဟုတ်တယ် .. အဲ့ဒါကြောင့် ငါ တင်းတာပေါ့၊ ငါ့ညီ သေတာ သူ့ပယောဂပါပေမယ့် သူ့ကြောင့် မဟုတ်ဘူးဆိုတာ သိသားပဲ၊ နေရာ တကာ ငွေနဲ့ ခံဖြတ်ချင်တာကို ခံပြင်းတာ ..၊ အဲဒီတုန်းက ငါတို့က ဆင်းရဲပါတယ်၊ ဒါပေမယ့် လူတိုင်း ငွေမက်နေကြတာလား .."

"အေးလေ .. သားတစ်ယောက်လုံး ရေနစ်သေခဲ့တဲ့ မိဘတွေရှေ့ ကို ငွေထုပ်သွားချပေးရတယ်လို့ .."

ကာလ မျက်လုံးတွေ ပြောနေကြတဲ့ ကျောပြင်နှစ်ခုဆီ စူးစိုက် သွားခဲ့၏။ တစ်ယောက်သည် ကျောပေးလျက်ရှိကာ တစ်ယောက်က ချက်နှာ သုံးချိုးတစ်ချိုးကို မြင်နေရ၏။

ထိုသူကပဲ ညီ သေဆုံးခဲ့ရသည့်အစ်ကို ဖြစ်ပုံရကာ ပြောနေသည့် ချက်နှာက တင်းနေ၏။

သူမ တွေးမိလိုက်တာက ရေနစ်ခဲ့သည်ဆိုသော ဟိုတုန်းကအဖြစ် ချက်တစ်ခု ..။

သူတို့ ဒီအကြောင်း ပြောနေတာလား ..၊ မဟုတ်ဘူးလား ဆိုတာ တော့ မသေချာသေးဘဲ ...

"အဲဒီတုန်းက အန်တီ ရန်တွေ့ခဲ့သေးတယ်ဆို .."

"ရန်တွေ့တာမျိုးတော့ မဟုတ်ပါဘူး၊ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ငါ အမေတို့ကို ပြောပြပြီးသားလေ၊ ကိုထက် က ရေကူးကျွမ်းကျင် တယ်၊ အဲ့ဒါကို သူက ခေါ်ထုတ်သွားတာ ငါ့ရှေ့တင်ပဲ ..၊ ငါတွေး ရယ်နေလိုက်သေးတယ်၊ မိန်းကလေးတစ်ယောက်ဆီက အချစ်ကိုရဖို့ ဒီလိုလုပ်စရာလားဆိုပြီး .."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ .. ရေကူးကျွမ်းကျင်တဲ့သူဆိုတော့ ဖြန်းခနဲ ကြွက်တက်ပြီး သေသွားမယ်လို့ ဘယ်လိုလုပ် ထင်မှာလဲ .."

"ငါ မမြင်လိုက်ပေမယ့် ငါ အဲ့ဒီနားမှာပဲ ရှိတယ် .."

"ဒီဒေး ကတော့ မြင်နေမှာပဲ .."

"မြင်ပေမယ့် သူက ရေနစ်ချင်ယောင် ဆောင်ခိုင်းတဲ့သူပဲ၊ တကယ် နစ်နေမယ်လို့ ဘယ်လိုလုပ် ထင်မှာလဲ ..၊ တကယ် နစ်မြုပ်သွားမှ သိကြတော့ မရတော့ဘူး .."

"တော့်တော်ထွင်တဲ့ကောင်ကွာ ..၊ အဲဒီကောင်မလေးကရော သူ့ကို ပြန်ချစ်သွားလား .."

"မကြားမိပါဘူး ..၊ နောက်ပိုင်းမှာ သူလည်း ပျောက်သွားတာပဲ ဘာပဲဖြစ်ဖြစ် လုပ်သွားပုံက ရိုင်းတာပါ၊ သူ့အပြစ်ချည်းပဲတော့ မဟုတ်ပါဘူး၊ ပြန်ရောက်လာတော့ အမေ့ကို ဆိုင်မှာ လာတွေ့တယ်လို့ ပြောတယ်၊ သူ့အလုပ် လုပ်နေပြီတဲ့၊ အကူအညီလိုရင် ဘာဖြစ်ဖြစ် အချိန်မရွေး ဖုန်းဆက်ပါဆိုပြီး သူ့လိပ်စာ ပေးသွားတယ် .."

"ဪ .."

"ညီမလေးရေ .."

တစ်ဖက်ကို အာရုံရောက်နေတုန်းမို့ သတို့သားနဲ့ သတို့သမီး လာနှုတ်ဆက်တော့ ကာလ ပြုံးပြတာ မပီပြင်တော့ပေ ..။

"အောက်မှာ အန်ကယ်လ် ရှိတယ်နော် .. အေးဆေးစား သိလား ရေခဲမုန့်တောင် မစားရသေးပါလား .."

"ဟုတ်ကဲ့ အစ်မ .. စားပါတယ်၊ ဒီမှာ စကားကောင်းနေတာနဲ့ .."

စကားတွေ ဘယ်ရောက်ကုန်မှန်း မသိ ..၊ သားချစ် ရဲ့ ဆွေးငေးနေသည့် မျက်နှာကြီးကို ပြန်ကြည့်မိတော့ ပိုဆိုးသည်။

ဟိုဘက်က စကားတွေနဲ့ ဒီရင်ထဲက ခံစားချက်တွေက မနေ့တစ်နေ့ကဆီကို ပြန်ရောက်သွားသည့်အတိုင်း ..၊





"နှုတ်မဆက်ဘဲ ပြန်မသွားရဘူးနော် ..၊ စားစရာတွေ အားလုံး စားပြီးမှ ပြန် .."

လူတွေအားလုံးကို မင်္ဂလာမောင်နှံက ညှော်ခံသွားသည်။ ကာလ တို့ကတော့ စိတ်နဲ့လူ မကပ်သည့် အပြုံးတွေနှင့် ကိုယ်စီ နှုတ်ဆိတ်မနေမိကြ၏။

ဒီဒေး အကြောင်း ပြောနေကြတာကို ဘုံ လည်း ကြားသည်။ ထိုအကြောင်းအရာကြောင့် သားချစ် နဲ့ ကာလ တို့ မျက်နှာပျက်သွားကြတာကိုလည်း သတိထားမိလိုက်၏။

ဒါဆို ဒီဒေး ချစ်ရေးဆိုခဲ့သည်ဆိုသော မိန်းကလေးက ဆောင်းကာလ ပဲလား ..၊

ကာလ ကိုမှ ချစ်နေသည်ဆိုလျှင် အစ်ကိုသားချစ် က ကိုယ့်ရဲပြိုင်ဘက်ပဲ ..။

ဒါကို ဘာဖြစ်လို့ ဒီလူ တန်ဖိုးမြင့်သွားစေမည့် ကကြိုးတွေ ထည့်၍ အကွက်ရွှေ့ခဲ့တာလဲ ..။

ကိုဒေး ဘယ်လိုပညာတွေ သုံးနေမှန်း မသိပေမယ့် ဒီ သုံးပွင့်ဆိုင် ဇာတ်လမ်းအပေါ်မှာ ဘုံ စိတ်ဝင်စားခြင်းက နက်ရှိုင်းလာခဲ့၏။

မယ်သီတာလိုလှသော ဆောင်းကာလ ဆိုသည့် မင်းသမီးရဲ့ဘေးမှာ ဘယ်သူက ဒသ ..၊ ဘယ်သူက ရာမ လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဒီအေး က ရေနစ်ဖို့ ဟန်ဆောင်ခိုင်းခဲ့သည်ဆိုတာ တကယ်လား .."

နားရှိလို့ ကြားခဲ့ရသည်။ ဒါပေမယ့် မယုံနိုင်စွာ ဖြစ်နေမိတုန်း ထိုနေ့က သူနဲ့ ကာလ ပြဿနာ အကြီးအကျယ်တက်ခဲ့သည်။ အချစ်ကို မရသည့်အပြင် အမုန်းတွေ ဆကိုးကိန်းနဲ့ ကိုယ့်အနားကနေ အချိန်ကာလ ကြာရှည်စွာ ပျောက်ဆုံးနဲ့ ဂှဲအထိ ဖြစ်ခဲ့တာ ..။

ဒါကို ဘာဖြစ်လို့ သူ ရှင်းမပြခဲ့တာလဲ ..။

"ငါ တမင်တကာ ဟန်ဆောင်ခိုင်းခဲ့တာကို .. တကယ် နစ်နေတယ် ထင်မလား .."လို့ ပြီးစလွယ် ပြောချလိုက်ရင်တောင် 'ဟုတ်တယ် .. သူလည်း ဘယ်ထင်မလဲ'ဆိုပြီး ဖြေသိမ့်တွေးပေးလို့ ရနိုင်သေးသည်။

ခုတော့ ဒါကို ဝန်မခံဘဲ ကိုယ့်နားကနေ မာနကြီးစွာ ခွဲထွက်သွားခဲ့၏။





ဒီအေး ဆိုတာ ဘယ်လိုယောက်ျားမျိုးလို့ သတ်မှတ်ရမှန်းတောင် မသိတော့ပါ။ လူကို မရမက ယူမည်။ ဒီနေ့ထိ ချစ်နေသေးသည်ဆိုပြီး တော့လည်း လာချင်မှ လာသည်၊ ခေါ်ချင်မှ ခေါ်သည်။

မထင်ဘဲ ရောက်လာတတ်သလို ပျောက်ချင်လည်း ပျောက်နေပြန်၏။ ကားကိစ္စတွေပြီးကတည်းက ပျောက်နေခဲ့တာ ကောင်းကောင်း စကားပြောဖြစ်တယ်လို့ကို မရှိခဲ့ပေ ..။

ထိုစဉ် ဖုန်းမြည်သံကြောင့် ကာလ အိပ်ရာထဲကနေ စားပွဲပေါ်ကို လက်ထောက်ပြီး လှမ်းယူလိုက်၏။

ကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် သူ့အကြောင်း တွေးနေတုန်း ...

"ဟလို .."

"ကာလ .. ဆောရီးဟာ .. နင် မအိပ်ရသေးဘူးမို့လား .."

"ဟင့်အင်း .. နင်က ဘယ်မှာလဲ ..၊ ကားသံတွေရော သီချင်းသံတွေရော ဆူညံနေတာပဲ .."

"ငါ စားသောက်ဆိုင်မှာ ..၊ အလုပ်ကိစ္စ စကားပြောရင်း ခုထိ မပြန်ရသေးတာ .."

"ဘာအလုပ်ကိစ္စလဲ .. အပိုတွေ ပြောမနေနဲ့ ..၊ ငါ အိပ်တော့မယ် .."

"နေဦး .. မချလိုက်နဲ့ ..၊ နင့်အဖေလည်း ငါတို့နဲ့ အတူရှိတယ်နော်၊ မဟုတ်တာ ပြောတယ် ထင်နေလို့လား .."

ကာလ အသံတိတ်သွား၏။ ဖေဖေ အပြန်နောက်ကျမယ့် အကြောင်း မေမေ့ကို ဖုန်းဆက်ထားတာ သတိရသွားလို့ ဖြစ်သည်။

"သမီးရေ .. ညည်းအဖေ ဧည့်သည်တွေနဲ့ ဒင်နာရှိနေလို့ နောက်ကျမယ်တဲ့၊ ကုမ္ပဏီရဲ့ခေါင်းရင်း ကြက်လျှာစွန်းအခြမ်းကို ဝယ်ဖို့ ကြိုးစားနေပြီ ထင်တယ်၊ မေမေတော့ ပြောထားတယ်၊ တစ်ခါက နစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မမှားရအောင်တော့ ဆင်ခြင်လို့ ..."

ဖုန်းချပြီးတာနဲ့ မေမေ ကာလ ဆီကို လာပြောခဲ့၏။

ဖေဖေ လုပ်ကိုင်နေသမျှ ကာလ လည်း သိနေပါသည်။ ဒါပေမယ့် မြေအပိုထပ်ဝယ်ဖို့ ကြိုးစားနေတာကိုတော့ သူမကို ပြောမပြခဲ့ပေ ..။

ဖေဖေ ဘာဖြစ်လို့ လျှို့ဝှက်ထားခဲ့မှန်းလည်း မသိပါ ..။

"ကာလ .."

"ဘာလဲ .."

"တော်သေးတာပေါ့ .. ဖုန်းချလိုက်ဖို့ စဉ်းစားနေတာလားလို့.."

"ဟုတ်တယ် .. ဒါပေမယ့် နင့်ကို မေးစရာရှိလို့ .."

"ဘာလဲ .. နင့်အဖေ ဘာတွေလုပ်နေတာလဲဆိုတာတော့ လာမမေးနဲ့နော် ..၊ သိသိမသိသိ သူများကိုစွပ်ပြောဖို့တော့ ဝါသနာမပါဘူး.."

ပါးစပ်တောင် မဟရသေးဘဲ တစ်ခါတည်း ပိတ်ပြောလိုက်တော့ စိတ်တိုသွား၏။

"သူငယ်ချင်းဆိုပြီး နင့်ကို ဒါလေးတောင်မှ အားမကိုးရဘူးလား.."

"သူငယ်ချင်းလို အားကိုးတာ ငါ လိုချင်တာမှ မဟုတ်ဘဲ၊ သူငယ်ချင်းအဖြစ်က နင်ကိုယ်တိုင် စွန့်လွှတ်ထားတာနော် .. အဲဒါတွေကို ထားခဲ့လိုက်တော့ .."

"စွန့်လွှတ်ထားလိုက်ပြီဆိုရင် မဆက်နဲ့တော့လေ ..၊ ငါကလည်း ဘာပြောပြော အဆင်ပြေပြေ ဘယ်တုန်းကမှ မရှိခဲ့တဲ့ နင့်လိုလူနဲ့ သူငယ်ချင်းပြန်ဖြစ်ဖို့တောင် တော်တော် စဉ်းစားနေရတာ .."

"ဟား .. ဟား .. ဟား ..."

ပျာပျာသလဲ ဖြစ်သွားရမယ့်အစား ဟားတိုက် ရယ်လိုက်သေးသည်။

"တော်တော် စဉ်းစားနေရတာလား ..၊ အဲဒါဆို မစဉ်းစားနဲ့





ဘာလ .. ငါက နင့်ဆီက ခင်မင်ခွင့်ကို လိုချင်တာ မဟုတ်ဘူး၊ ဟိုတုန်းဘည်းက ခုချိန်ထိ ငါ လိုချင်တာ အချစ် .."

"လဲသေလိုက်လေ .."

"ဟော့ .. မချလိုက်နဲ့နော် ..၊ ပြောမယ့် အဓိကက မပါသေးဘူး၊ အန်ကယ့်လ်ကို ငါ ပြန်ပို့ပေးမှာ၊ အဲဒါ အိမ်ရောက်လာရင် နင် ငါ့ကို စကားလေးဘာလေး ဆင်းပြောပေး .."

"ဖေဖေ့မှာ ကားပါတယ် ..၊ နင် ပို့စရာ မလိုဘူး .."

"ဒီမှာ လိုက်ပို့ရမယ့်လူတွေ များပြီး ကားမရှိလို့၊ အန်ကယ့်လ် ကားက ကြိုးတော့ တခြားလမ်းကို ရွေ့မှာ ..၊ ငါနဲ့ အန်ကယ်လ်က တစ်လမ်း .."

ကာလ အသံတိတ်သွားတော့ သူကပဲ နှုတ်ဆက်ပြီး ဖုန်းချသွား၏။

"ဒေါက် .. ဒေါက် .."

"ရှင် မေမေ .. ဝင်လာလေ မေမေ .. တံခါးပိတ်မထားဘူး .."

ဒေါ်နှင်းပွင့် က ဝင်လာရင်း ကာလ ဖုန်းကိုင်ထားတာကို ကြည့်၍ ...

"ဘယ်သူနဲ့ ပြောနေတာလဲ .."

"ဒီဒေး မေမေ .. ဖေဖေ့ကို သူ ပြန်ပို့ပေးမှာတဲ့၊ ဖေဖေ့ကားက ညေ့သည်တွေကို ပို့ရမှာမို့လို့ .."

"ဟုတ်လား .. အဲဒါကို ဆက်တာလား .."

မီးရောင်အောက်မှာ ကာလ မလုံမလဲလေး ငုံ့လိုက်တာကို ဒေါ်နှင်းပွင့် က သေချာ အကဲခတ်နေ၏။

"ဘာပြောသွားလို့လဲ သမီး .."

"ဟို .."

သားချစ် နဲ့ ဒီဒေး အကြောင်း မပြောခဲ့ဘူးတာ မဟုတ်ဘဲ ခုဏမှ ဘယ်လိုကြီးမှန်းလည်း မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



"သူ လိုက်လာရင် စကားဆင်းပြောပါတဲ့ .."

ဒေါ်နှင်းပွင့် မျက်ခုံးတွေ ပင့်သွား၏။ ပြီးတော့မှ ပြုံးလိုက်ကာ–

"ကိုယ့်အိမ်ကို လာတာပဲ သမီးရယ် .. ပြီးတော့ ညည်းအဖေကို လိုက်ပို့မှာမို့လား ..၊ စကား ဆင်းပြောတာ ဘာဖြစ်မှာမို့လို့လဲ .."

ပြောရင်းနဲ့ မွေ့ရာအစပ်မှာ ထိုင်လိုက်ကာ ...

"ဒီဒေး က သမီးတို့ရဲ့သူငယ်ချင်းဆိုပေမယ့် သူ့ပုံစံတွေကို သမီးကလည်း မကြိုက်ပေမယ့်ပေါ့လေ .. သူက လူကောင်းလေးပါ၊ ပြီးတော့ သူ ဦးဆောင်နေတဲ့ စီးပွားရေးက သားချစ် လိုမျိုး၊ ပစ္စည်းသွားကြို – ဆိုင်မှာ ပြန်တင်လိုက်နဲ့ ပုံမှန် လည်ပတ်နေတာမျိုး မဟုတ်ဘူး၊ ပြောရရင် ခုချိန်မှာ သမီးအဖေတောင်မှ သူ့ကို အံ့သြချီးကျူးနေရတဲ့ အခြေအနေမျိုး .."

"သူက ဘာတွေလုပ်နေလို့လဲ မေမေ ..၊ သူ ဘာမှ မလုပ်သေးပါဘူး။ သူ့အဖေ ဖြစ်စေချင်တဲ့ပုံစံမျိုး .. ခုထိ ဖြစ်လာတာ မတွေ့သေးဘူး"

"ဖြစ်လာတာ ဖြစ်မလာတာက သူ လုပ်ရှား လုပ်ကိုင်နေတာကို မေမေတို့က စောင့်ကြည့်နေတာမှ မဟုတ်တာ .."

"သူနဲ့တွေ့တိုင်း သူ ပြောတာပဲ မေမေရယ် ..၊ သူ အာရုံနှစ်ခုထားပြီး အပင်ပန်းခံရတာကို စိတ်မဝင်စားဘူးတဲ့၊ လူတစ်ယောက်မှာ ဦးစားပေး လိုအပ်ချက်ဆိုတာ တစ်ခုပဲ ရှိတယ်တဲ့ .."

"အင်း ဒါလည်း မှန်နေတာပဲ၊ သူက ဘာများ လိုအပ်နေလို့လဲ.."

ကာလ ပါးပြင်လေးတွေ ပန်းရင့်ရောင် သမ်းသွားသည်။

"သမီးလည်း ဘယ်လိုလုပ် သိမှာလဲ မေမေရဲ့ .."

"ဪ .. မေမေကလည်း မေးတာမျိုးကြီး မဟုတ်ပါဘူး၊ ပြောကြည့်တာပါ .."

သမီး မျက်နှာပေါ်က ပြောင်းလဲသွားသည့် ကာလာတွေကို ကြည့်လိုက်တာနှင့် ဒေါ်နှင်းပွင့် နည်းနည်းတော့ သဘောပေါက်သွားခဲ့သည်။





"မေမေကတော့ သားချစ် လောက် မရင်းနှီးပေမယ့် ဒီဒေး ကိုလည်း ချစ်တာပဲ၊ သူက မိထွေးနဲ့နေရတဲ့ ကလေးမို့လို့ သနားခဲ့တာလည်းရှိတော့ သမီး ပြောပြဖူးတဲ့ ခပ်ရိုင်းရိုင်း သူ့ပုံစံတွေကို မေမေ နားလည်ပေးလို့ ရတယ် .."

လုပ်လာပြီ မေမေ ..၊

လူကြီးတွေ မျက်စိကျပြီဆိုတဲ့ တစ်ယောက်ယောက်ဟာ သူတို့ရဲ့သား ..၊ ဒါမှမဟုတ် သူတို့ရဲ့သမီးအတွက် ဖြစ်လာတတ်တာ ဥပမာတွေ ရှိပြီးသား ..။

"ဟော .. ဘဲလ်သံကြားတယ် .. ရောက်လာကြပြီ ထင်တယ်၊ သမီးလည်း ဆင်းခဲ့နော် .."

ပြောပြီး ကာလ ရဲ့ ညဝတ်အင်္ကျီကို ကြည့်သွား၏။ အင်္ကျီလဲပြီး ဆင်းခဲ့ဖို့ အသံတိတ် သတိပေးသွားတာမှန်း သိသည်။

ကာလ သုတ်ပြင်းချရင်း မွေ့ရာပေါ်က ဆင်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ကားက ဘယ်မှာ ရပ်ခဲ့တာလဲ .."

"ခြံရှေ့မှာပဲ အန်တီ ..၊ အချိန်မရှိတော့ဘူးဆိုတော့ ကားဝင်သာအောင် တံခါးဖွင့်ပိတ်နေရမှာစိုးလို့ .."

"သြော် .. ကိုးနာရီပဲ ရှိသေးတာကွယ် ..၊ အန်တီတို့က အစောကြီး အိပ်ရာမဝင်တတ်ပါဘူး .."

"ထိုင်ဦးလေ ဒီဒေး .."

ဦးမိုးဆောင်း ကတော့ လက်ထဲကအိတ်ကို ဒေါ်နှင်းပွင့် လက်ထဲထည့်ပြီးတာနှင့် ရှပ်အင်္ကျီလက်ရှည်၏ လက်ဝကြယ်သီးတွေကို ဖြုတ်နေသည်။

ပြီးတော့ ဒီဒေး ကို ထိုင်ခိုင်းလိုက်ရင်း ...

"ကရင်မ အိပ်ပြီမို့လား .. ဒီဒေး အတွက် သံပရာရည်တစ်ခွက်လောက် .."





"မလုပ်နဲ့ အန်ကယ်လ် .. အန်တီ နေပါစေ၊ ခုပဲ ဆိုင်က ထလာကြတဲ့ဟာ ..၊ ကျွန်တော်က ကာလ နဲ့ စကားပြောချင်လို့ လိုက်လာတာ၊ သူ မအား .. ကိုယ် မအားနဲ့ ဒီလို တမင်လာမှပဲ တွေ့ဖြစ်တော့မှာလေ.."

"ဟုတ်တာပေါ့ .. သမီး မအိပ်သေးပါဘူး၊ ဟော .. ဟိုမှာ လာပြီ"

ကာလ ကို မြင်လိုက်တာနှင့် ဒီဒေး က နေရာမှ ထရပ်လိုက်၏။

"ထိုင်လေ ဒီဒေး ..၊ သူငယ်ချင်းတွေ စကားပြောမလို့ဆို .."

"ရတယ် အန်တီ .. မိုးတိုးမတ်တတ် ပြောရုံပဲ၊ အချိန်လည်း မရှိတော့ဘူး၊ ကျွန်တော် ပြန်တော့မှာ .."

စကား ပြောနေပေမယ့် မျက်လုံးက ကာလ ဆီကိုပဲ ငေးနေ၏။

စကားဝါရောင်ဖျော့ဖျော့ ရှပ်အင်္ကျီလက်ရှည် အပျော့လေးကို တံတောင်လောက်ထိ ပြန်ခေါက်တင်ထားကာ ခါးရှုံ့စကက်အရှည်ပွပွလေးက ခြေဖမိုးပေါ်ထိ မခေါက်တခေါက် ပုံကျနေ၏။

အင်္ကျီအောက်ဖျားစကို စကက်ထဲ ထည့်ဝတ်ထားသဖြင့် ဆံပင်အားလျားလေးနဲ့ဆိုတော့ အရုပ်မလေးနဲ့ တူနေသည်။

အိပ်ရာဝင်ပြီးမှ ဖြစ်သလို ပြန်ကောက်စွပ်လာတာမှန်း သိသာပေမယ့် ဘယ်လိုနေနေ လှနေတာပဲ ဖြစ်၏။

ဒေါ်နှင်းပွင့် က သူတို့နှစ်ယောက်ကို တစ်ချက်ငေးကြည့်ပြီး မသိသလို မျက်နှာလွှဲ၍ ...

"ရှင်ရော သံပရာရည် သောက်ဦးမှာလား .."

"အေး .. အီတောက်တောက်ကြီးတော့ ဖြစ်နေတယ် .."

"ဒါဆို မျက်နှာသစ်ပြီး ခြေလက်သန့်စင်လိုက်လေ၊ ကျွန်မ သံပရာရည် ဖျော်ခဲ့မယ် .."

ဒေါ်နှင်းပွင့် က ဒီဘက်ပြန်လှည့်ကာ ...

"ဒီဒေး .. ထိုင်မယ်ဆိုလည်း ထိုင်လို့ရတယ်နော် ..၊ အန်တီတို့က မအိပ်သေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီးမှ အထဲဝင်သွားကြ၏။

ကာလ မျက်နှာလေးက လူကြီးတွေကွယ်တာနှင့် တည်တည်တင်းတင်းလေး ဖြစ်သွား၏။

"ဘာလဲ .. ဘာပြောစရာရှိလို့လဲ .."

"ပြောစရာရှိတာပဲ ပြောရမလား ..၊ ဒါဆို စိတ်မဆိုးပါဘူးလို့ အရင် အာမခံမှ ဖြစ်မယ် .."

"ပြောကြည့်ပါလား ..၊ ကားဆီကို ခြေထောက်နဲ့ မပြန်ရလိုက်ဘဲ ဖြစ်သွားမယ် .. ဟွန်း .."

ကော့နက်နေသည့် မျက်တောင်ဖျားလေးတွေ ဖျတ်ခနဲ ဖိကပ်သွားပုံက မျက်စောင်းထိုးလိုက်တာပေမယ့် ဒီဒေး ရင်ခုန်သံတွေ မြန်သွားသည်။

ထို့ကြောင့် မျက်နှာက မချိုမချဉ် ဖြစ်သွားခဲ့လျက် ...

"အဟွန်း .. ကြောက်စရာကြီး ..၊ တော်ပါပြီ .. သူငယ်ချင်းလိုပဲ ဟန်ဆောင်ပန်ဆောင် နေလိုက်ဦးမယ် .."

"တကယ် ဘာမှ ပြောဖို့မရှိဘူးဆိုရင် နင့်ကို ငါ မေးစရာရှိတယ်"

"ဘာလဲ .."

"ဖေဖေ မြေအပိုဝယ်မယ့်ကိစ္စ နင် ကြားမိလား .."

ဒီဒေး မျက်နှာတည်သွား၏။ ဒါပေမယ့် ဘာမှမဖြေ ...။

"ပြောဆိုနေကြတာများ ကြားသလားလို့ပါ၊ ငါနဲ့ ဖေဖေ အတူတူ အမြဲရှိနေတဲ့ဟာ ..၊ အဲဒါကိစ္စ ငါ ဘာမှ မသိရသေးလို့ .."

"အန်ကယ့်လ်ကိုပဲ မေးကြည့်ပါလား .."

"မပြောဘဲ နေမှာမို့လို့ မမေးချင်လို့ပေါ့၊ နင် မသိရင် ပြီးတာပဲကွဲ .. ပြန်မှာမို့လား ..၊ ငါ တံခါးပိတ်မလို့ .."

"ခြံထိ လိုက်မပို့တော့ဘူးလား .."

"မပို့ဘူး .."





"ဒါပေမယ့် မရဘူး ထင်တယ်၊ အန်ကယ့်လ်ပစ္စည်းတစ်ခု ကားထဲမှာ ကျန်ခဲ့တယ် .."

"ဟင်!..."

ကြည့်လိုက်တော့ မျက်နှာက တည်မလို ရယ်မလိုနှင့် နောက်နေတာနဲ့လည်း မတူ ...။

"ဘာကျန်ခဲ့တာလဲ ..၊ ဖေဖေ ဆင်းလာတုန်းကတော့ ဘာဖြစ်လို့ မပြောဘဲ နေခဲ့တာလဲ .."

"အန်ကယ့်လ်တောင် သတိမရလို့ ကျန်ခဲ့တဲ့ဟာ .. ငါက ဘယ်လိုလုပ် သတိရမှာလဲ၊ မလိုက်ချင်နေလေ ..၊ အန်ကယ့်လ်ကို သွားပြောလိုက် .."

ဒီဒေး မျက်နှာကို ကြည့်ပြီး စိတ်ထဲမှာ မတင်မကျပေမယ့် ဖေဖေ့ကို ပြန်ယူသွားပါလား ပြောဖို့လည်း မဖြစ်နိုင်သဖြင့် ကာလ ပဲ ပြန်ထွက်လိုက်ခဲ့ရသည်။

ခြံထဲမှာ မီးတိုင်ရှိပေမယ့် သစ်ပင်ရိပ်တချို့ကြောင့် လင်းတစ်ဝက် မှောင်တစ်ဝက်တော့ ဖြစ်နေခဲ့သည်။

နှစ်ယောက် ပခုံးချင်းယှဉ်လျှောက်ခဲ့ရင်း ရုတ်တရက် စကားလည်း မပြောဖြစ်ဘဲ ပခုံးချင်းထိသွားလိုက် .. လက်မောင်းချင်း တိုက်မိလိုက် ...။

"ကာလ .."

"ဘာလဲ .."

"ငါ့ကို ခုချိန်ထိ ပြေပြေလည်လည် ဆက်ဆံဖို့ စိတ်ကူးမရှိသေးဘူးလား .."

"ဒီ့ထက်ပဲ ဘာတွေ ပြေလည်စေချင်လို့လဲ .."

"ဟုတ်လား .. အင်း .. မှတ်ထားရမယ်၊ ပြေလည်စွာ ကြိုဆိုတဲ့ အိမ်ရှင်ရဲ့ မျက်နှာလေး .."



www.burmeseclassic.com

www.burmeseclassic.com



ကာလ မျက်နှာလွှဲထားရင်း ရယ်ချင်တာကို မျိုသိပ်နေရသည်။

သူ မဖြေရှင်းဘဲ နေခဲ့သည့် ရေနစ်သေဆုံးသူရဲ့ အကြောင်းရင်းမှန်ကို သိရပြီးတည်းက စိတ်ထဲမှာ တင်းကျပ်နေခဲ့တဲ့ အထင်သေး ရှုံ့ချမိတာတွေ သိသာစွာ လျော့ပါးသွားခဲ့တာ ဖြစ်သည်။

ဒါပေမယ့် ဘယ်လိုထင်ထင်ဆိုပြီး မဖြေရှင်းဘဲ နေခဲ့လိုက်တဲ့ အဖြစ်ကိုတော့ မကျေနပ်ချင် ..။

'ရေနစ်ဟန်ဆောင်ပေးဖို့ ပြောထားခဲ့လို့ သူ ဟန်ဆောင်နေတာ တကယ်နစ်နေမှန်း ငါ ဘယ်လိုလုပ် သိမှာလဲ ..' ဆိုရင် သူ့အပေါ်မှာ ဖြစ်ခဲ့တဲ့ အထင်မြင်သေးမိခြင်းက ဒီလောက် ကြီးမား ကြန့်ကြာခဲ့ဖို့ မရှိ ..။

ခုတော့ နှစ်ယောက် ဇာတ်တိုက်ပြီး သရုပ်ဆောင်နေကြတာကို လုံးဝ မဖော်ခဲ့ဘဲ နေသည်။

ယုတ်မာတာ .. တစ်ကိုယ်ကောင်းဆန်တာတွေ သူမ ပြောဆို စွပ်စွဲသမျှ ဒီတိုင်း ခံပြီး ခုချိန်ထိ ရေငုံနှုတ်ပိတ်နေ၏။

"ဒီဒေး .."

"ဟင် ... ပြော .."

ကာလ လှမ်းနေသည့် ခြေလှမ်းတွေကို ရပ်ပစ်လိုက်ကာ သူ့မျက်နှာကို ကြည့်၏။

သူကလည်း ဘောင်းဘီအိတ်ထဲ လက်ထည့်ထားရင်း ပြန်စိုက်ကြည့်သည်။

"ပြောလေ .."

"တစ်လောကလုံး ဘာဖြစ်ဖြစ် .. ဘယ်သူ ဘယ်လိုထင်ထင် နင့် လုပ်နေတာတွေပဲ မှန်တယ်၊ နင် ထင်တာသာ အမှန်တရားလို့ တွက်ထားတာလား .."

"ဘာဖြစ်လို့လဲ .."





"ဘာကိုမှ ဂရုမစိုက်တတ်တဲ့ နှင့်ရဲ့အကျင့်တွေက နှင့်မျက်နှာ.. နှင့်ရဲ့စကားတွေမှာ ပေါ်နေတယ် .."

"နင်က အဲဒါတွေကြောင့် ငါ့ကို ကြည့်မရ ဖြစ်နေတာလား .."

"ဟင့်အင်း .."

ကာလ ခေါင်းခါလိုက်ပြီး မျက်နှာလေး လွှဲသည်။ ပြီးမှ ...

"ကိုယ်ကောင်းရင် ခေါင်းမရှေ့ဘူး ဆိုပေမယ့် ပြောမှ သိမှာတွေ ရှိတယ်၊ ကိုယ်တိုင် ဖြေရှင်းဖို့ လိုအပ်နေတာကို မရှင်းဘဲ အမှန်တရားနဲ့ ဇာတ်တုတ်ထိုင်ကြည့်နေလို့ မရဘူး၊ လူတစ်ယောက်ဟာ ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှုရှိတာ ကောင်းတော့ကောင်းတယ် .. ဒါပေမယ့် မလွန် ကဲသင့်ဘူးလေ .."

"ဟွန့် .."

ပြောနေတာတောင် မဆုံးသေးဘဲ ဒီဒေး ဆီက မထီမဲ့မြင် ရယ်သံ သဲ့သဲ့ကို ကြားလိုက်ရသည်။

ကြည့်လိုက်တော့မှ သူ့ကိုယ်သူ တည်တည်တံ့တံ့ပုံ ပြင်ဆင်၍...

"ငါ့ဆီက ဘာကို သိချင်တာလဲ ..၊ လုပ်လေ .. နင် မေးရင် ငါ ဖြေမှာပါ .."

ကာလ မှောင်ရိပ်တစ်ခြမ်းကျနေသည့် သူ့မျက်နှာကို စိုက်ကြည့် ပြီးမှ ...

"မရှိပါဘူး .."

"ဒါဆို ငါ မေးစရာရှိတယ် .."

မမေးစေချင်ပေမယ့် ဒါ ကိုယ့်အလှည့်မို့ မတတ်နိုင် ..၊ ဒါပေမယ့် ခြေလှမ်းတွေကို ရှေ့ဆက်၍ မဖြေချင်တဲ့ပုံစံကိုတော့ သိစေလိုက်၏။ ဒီဒေး က ဂရုမစိုက်သလို ..၊

"ကာလ .."

ရှေ့ကနေ ပိတ်ရပ်ထားလိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို နောက်ဆုံး တောင်းဆိုခွင့် ပေးပါ .."

"ဘာ!..."

"ငါ တောင်းဆိုခဲ့ရင် ဟိုတစ်ခါလို အမှန်းမပျွားဘဲ လက်ခံစဉ်းစား ပေးမှာလား .."

ကာလ ဘာပြောရမှန်း မသိ ..။

တစ်နေ့နေ့ ပြောလာဦးမှာပဲဆိုတာ သိထားပေမယ့် အဲဒီနေ့ဟာ ဒီနေ့ ဒီအချိန် ဖြစ်လိမ့်မယ်လို့ မထင် ..။

အကြည့်တွေ ဆုံစည်းနေခဲ့ကြစဉ် ဒီဒေး ရှေ့တိုးလိုက်တော့ ကာလ နောက်ဆုတ်သည်။

ထိုအခါ သူက ကာလ လက်ဖျားလေးတစ်ဖက်ကို ဆုပ်ကိုင်ထား လိုက်ကာ ...

"နင့်ကို ငါ အရမ်းချစ်တယ် .."

"နင် ဒီစကားတွေ ပြောဖို့ လိုက်လာတာလား .."

"ဟုတ်တယ် .. ဒါ ဒုတိယတစ်ခါ တောင်းခံမယ့်အချစ်ကို အပြင် ကို မရမက ခေါ်ထုတ်ပြီး မပြောချင်ဘူး၊ ကိုယ့်ရှေ့ရောက်လာတုန်း အမိအရ ဖမ်းပြောတာမျိုးလည်း တန်ဖိုးမဲ့ချင်ဘူး၊ အခု နင့်ခြံဝင်းထဲထိ နင့်မိဘတွေရဲ့ သဘောတူခွင့်ပြုချက်နဲ့ ဝင်လာပြီး အမြတ်တနိုး တန်ဖိုး ထားပြီး တောင်းခံနေတာ .."

ကာလ လက်ကို ပြန်ရုန်းတော့ သူက လွှတ်ပေးသည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲ လက်ပြန်ထည့်၍ ခြေတစ်လှမ်း ပြန်ဆုတ်ရပ်၏။

"ငါ့အချစ်ကို လက်ခံပေးပါ .. ငါ့အတွက် စဉ်းစားပေးပါ၊ နင့်မှာ ရွေးချယ်စရာ ရှိရင် ရှိနေမှာပဲ၊ ငါ့အတွက်ကတော့ ငါ့ဘဝနဲ့ထပ်တူ မြတ်နိုး တန်ဖိုးထားခဲ့တဲ့ မိန်းကလေးဆိုလို့ နင် တစ်ယောက်ပဲ .."

"ဟွန်း .. ဖေဖေက သူ့သမီးကို ရည်းစားစကားပြောခွင့် ပြုဖို့ ခေါ်လာသလို ဖြစ်သွားတာလား .."





"ရည်းစားစကားတင် မကဘူး .. တစ်ခါတည်း လက်ထပ်ခွင့်ပါ တောင်းလို့ ရသေးတယ်၊ ငါ အဲဒီလို မတတ်နိုင်ဘူးလို့ နင် ထင်လား"

ကာလ မဖြေပါ။ ဒီဒေး ကို မယုံကြည်စရာတွေ ပြိုင်ဆိုင်ပြောနေ ရင်း ကိုယ့်ဘက်က နိုင်ခြေမရှိတာကို သိနေသည်။

"ငါ လိုချင်တာ နင်ကိုယ်တိုင် ကြည်ဖြူလိုက်လျောလာမယ့် နှုးညံ့ မှု ..၊ နင့်ဆန္ဒနဲ့ ထပ်တူ ပေးအပ်လာမယ့် ချစ်ခွင့်၊ အဲဒါတွေ မဟုတ်ဘဲ လူကြီးမိဘတွေ သဘောနဲ့ နင် ခေါင်းညိတ်ပါ့မယ်ဆိုရင်တောင် ဒီလို ရယူခြင်းနဲ့ ပိုင်ဆိုင်ခွင့်မျိုးကို ငါ ဘယ်တော့မှ မယူဘူး .."

သူ ညာနေတာ မဟုတ်မှန်း လက်ခံ နားထောင်နေမိသည့် ကိုယ့် စိတ်ကိုလည်း နားမလည်ချင်တော့ပေ။ ဒါဟာ အထင်လွဲ မုန်းတီးနေခဲ့ သည့် ပြဿနာတစ်ရပ်ကို အဖြေမှန် သိလိုက်တာ တစ်ခုတည်းကြောင့် ဆိုတာ ဖြစ်နိုင်ရဲ့လား ..။

လူတစ်ယောက်လုံး သေတဲ့အထိ ကြည့်နေခဲ့သည်။ တစ်ကိုယ် ကောင်းဆန်သည်ဆိုသော သူ့အပေါ် ငြိုးမယ်ဖွဲ့ခဲ့သမျှဟာ မှန်းနေလို့ ရော ဟုတ်ရဲ့လား ..။

သူ ဘာမှ မဖြေရှင်းဘဲ ပျောက်သွားသည်။ ပြန်ရောက်လာတော့ လည်း ဒီအတိုင်း ..။

နှစ်တွေ ကြာတဲ့အထိ ခွင့်လွှတ် မေ့ပျောက်လို့ မရခဲ့တာတွေဟာ..၊

"ကာလ .."

"ဟင် .."

"ငါ့အတွက် စဉ်းစားနေတာလား .."

"မဟုတ်ဘူး .."

စိတ်ကူးတွေနှင့် လူက ဆွံ့ခနဲ ဖြစ်သွားကာ ခေါင်းခါပြီးသား ဖြစ်ခဲ့၏။ ပြီးတော့ ...

"သားချစ် ရဲ့အမေက မေမေတို့နဲ့ စေ့စပ်ထားတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"နင် လက်ခံလိုက်သလား .."

"သားချစ် နဲ့ ငါ ချစ်နေကြပြီလားလို့ နင် မေးရမှာ .."

"ဘာလို့ မေးရမှာလဲ .. ငါ သိနေတာပဲဟာ ..၊ ဒီမှာ ကာလ .. သားချစ် က ငါ့အတွက် မျက်စိနောက်လောက်စရာ မဟုတ်ဘူး။ သူ နင့်ရဲ့စိတ်ကို မဖတ်နိုင်ပေမယ့် နင့်စိတ်ကို ငါ ဖတ်နိုင်တယ် .."

"အဲဒီတော့ .."

"သူဟာ နင့်ရဲ့ သူငယ်ချင်းအဆင့်ထက် ပိုခွင့်မရှိတဲ့ သူ .."

"နင်ကတော့ ရှိနေတယ်ပေါ့ .."

"နင်နဲ့ငါ သူငယ်ချင်းအဖြစ်ကနေ ပြတ်စဲခဲ့ကြတာ ကြာပြီပဲ အဲဒီလို ဟိုမရောက် ဒီမရောက် ယောင်ဝါးဝါး အခြေအနေမျိုးကိုလည်း ငါ လက်မခံဘူး၊ နင့်ရှေ့ကို ရောက်လာတည်းက ခင်ချင်လို့ မဟုတ်ဘူး ဆိုတာ ငါ အပြတ်ပြောပြီးသား၊ အသက် ငယ်ငယ်ကြီးကြီး ချစ်မိတာကို ဆုံးမ တားဆီးလို့ မရဘူး .."

"ငါကတော့ တားဆီးလို့ ရတယ်၊ ခုချိန်ထိလည်း အဲဒါတွေကို စိတ်ဝင်စားဖို့ ငါ့နှလုံးသားကို ငါ ခွင့်မပြုနိုင်ဘူး၊ ဘဝမှာ အချစ်ထက် အရေးကြီးတာတွေ ရှိတယ် ..၊ မိန်းကလေးတစ်ယောက်မှာလည်း ယောကျ်ားလေးတွေထက် ပိုပြီး စောင့်စည်း ထိန်းသိမ်းရမှာတွေ အများကြီးပဲ .."

"အဲဒီတော့ ငါ ဘယ်လောက် စောင့်ရမှာလဲ .."

"နင့်ကို ငါ စောင့်ပါဦးလို့ ပြောချင်တာ မဟုတ်ဘူး ဒီဒေး .. နင် ငါ့ကို မျှော်လင့်မနေဖို့ .."

"ငါကလည်း မျှော်လင့်နေခွင့်ကိုပဲ တောင်းနေတာ .."

ဒီဒေး ရှေ့ပြန်တိုးသည်။ ခုနကထက် ပို၍ နီးကပ်စွာ ခြေလှမ်း ရွှေ့ပြီးမှ ...

"တစ်ခုခုတော့ ငါ လိုချင်တယ် ကာလ ..၊ နင့်ကို ငါ ချစ်တယ်၊





နင့်အချစ်ကို ရဖို့ ငါ ဘယ်လောက်ထိ စောင့်ရမလဲ ..၊ ငါ့ကို ဘာဖြစ်စေချင်သလဲ .. ပြောပါ ..၊ နင့်ဆန္ဒ တစ်ခုခု .."

"မပြောနိုင်ဘူး .."

"ကာလ .."

"နင် .."

သူ ကာလ ရဲ့ ပခုံးလေးတစ်ဖက်ကို တင်းခနဲ ဆုပ်ကိုင်လိုက်၏။ ပြီးတော့မှ ကပျာကယာ ပြန်လွှတ်ကာ ...

"ဆောရီး .."

သူ တောင်းပန်ပြီး နောက်ကို ပြန်ဆုတ်သွားသည်။ စိတ်လှုပ်ရှားခြင်းသည် လက်သီးဆုပ်မိလိုက် .. ဖြန့်မိလိုက်နှင့် သူမရှေ့ကိုပဲ ပြန်တိုးပြန်ကာ ...

"ထာဝရ ပတ်သက်ခွင့်ပြုပါ ..၊ ငါ နင်နဲ့ ပတ်သက်နေရတဲ့ ကျေနပ်နှောင်မှုတစ်ခုခု .. နင့်ဆန္ဒအတိုင်း ငါ ရှိနေရတဲ့ လွှမ်းမိုးမှုတစ်ခုခု ပေါ့၊ ချစ်ခွင့်မရသေးရင်တောင် ငါ ချစ်နေတာကို နင် ကြည်ဖြူနေတာမျိုး .."

ကာလ မျက်နှာလွှဲလိုက်တော့ သူက မျက်နှာရှေ့ ရောက်အောင် ခြေလှမ်းရွှေ့လိုက်၏။

"ငါ့ဘဝမှာ အဖေဆိုတာ ရှိပေမယ့် အဝေးကြီးမှာပါ၊ အရိပ်တွေ တိုင်း ပြေးမခိုတတ်တဲ့ ငါ့ရဲ့အကျင့်က ပတ်သက်ခဲ့တဲ့လူတိုင်းကို ရင်းနှီးလို့ မရဘူး၊ ခင်တွယ်စိတ်လည်း မဖြစ်ဘူး၊ ငါ့ရဲ့ အထီးကျန်ဘဝမှာ ထမဆုံး ရူးရူးနှစ်နှစ် ချစ်ခဲ့မိတာ နင်ပဲ ကာလ.. နင် အဲ့ဒါကို ယုံပါ"

ကာလ က တိတ်ဆိတ်စွာ ငြိမ်သက်နေဆဲဖြစ်ကာ ငြင်းတာလည်း မဟုတ် ..၊ ခေါင်းလည်း မညိတ် ..။ မကြားသလို .. စိတ်မဝင်စားသလို မျိုး ဥပေက္ခာထားနေတာနဲ့လည်း တူ၏။

ဒီဒေး ကလည်း လက်လျှော့ လှည့်ပြန်ဖို့ စိတ်ကူးမရှိခဲ့ပဲ အတိုင်း..၊



www.burmeseclassic.com

www.burmeseclassic.com



"အရိပ် ဘယ်လောက်ကောင်းကောင်း ရင်ထဲမှာ လောင်မြိုက်နေ ရင် မအေးဘူး၊ ငါ့ကို လူတိုင်းက ဂရုမစိုက်တတ်တဲ့ကောင် .. မာနကြီး တဲ့ကောင် ဘယ်လိုပဲပြောနေနေ .. မပြည့်စုံတဲ့ ငါ့ရင်ဘတ်ကြီးထဲမှာ လိုက်ဟာနေတာ ငါပဲ သိတယ်၊ အဲဒီကွက်လပ်ဟာ နင့်ဘ‌ေ ငါ့ဘ ထပ်တူညီမှ ပြည့်စုံမှာ .."

"ဒီဒေး .."

ကာလ သူ့မျက်နှာကို ကြည့်၍ ပင့်သက်ရှိုက်ပြီးမှ ခေါ်ရသည်။ သူနဲ့ထပ်တူ မဟုတ်ရင်တောင် လှုပ်ရှားနေခဲ့သည့် ရင်ထဲမှာ အစီအစဉ် မရှိသော စိတ်ကူးတွေကြောင့် ထိန်းချုပ်ရခက်နေသည်။

အစက ကိုယ့်ကိုယ်ကိုယ် မသိခဲ့သော ခံစားချက်တွေ ဘာမှမရှိခဲ့ ဘူး ထင်ထားခဲ့လျက် ..၊ သူ့စကားတွေကြောင့် ဖျတ်ခနဲ ဖြုန်းခနဲ လှုပ်ခတ် တုန်ယင်လာခဲ့တာတွေ ..၊

သူမှ ဘာတွေဖြစ်ခဲ့ပြီး အခု ဘာတွေ ဖြစ်ချင်နေတာလဲ ..။ ဘာကို ဖွင့်ဟပြီး ဘာကို ထိမ်ချန်ရမလဲ ..။

"ပြောလေ .. ငါ နားထောင်ချင်လို့ စောင့်နေတာ .."

"ငါ မပြောနိုင်ဘူး ..၊ ငါ့ရင်ထဲမှာ နင့်ကို ပြန်ဖြေဖို့ ဘာမှ အဆင် သင့် မရှိဘူး ဒီဒေး ..၊ နင် ပြန်တော့ .."

"အဲ့လို မလုပ်ပါနဲ့ .."

ကာလ ခြေလှမ်းပြင်လိုက်တာနှင့် သူ ကာလ ရဲ့ လက်ဖဝါးလေး ကို ဆွဲထားလိုက်သည်။

ဒီတစ်ခါ ပြန်ရုန်းနေမှန်း သိလျက်နှင့် ဖိဆုပ်ထားမိကာ ...

"ငါ့အချစ်ကို လက်ခံပေးပါ .."

ဒီဒေး သည် သူ့အကျင့် သူ့စရိုက်နှင့် ဘယ်လိုမှ မလိုက်ဖက်စွာ- ကာလ ရှေ့မှာ ဒူးတစ်ဖက်ထောက် ထိုင်လိုက်ကာ ...

"နင့်ကို ငါ အရမ်းချစ်တယ် .."





လက်ခုံနုနုလေးကို သူ့နှုတ်ခမ်းနဲ့ ဖွဖွလေး ထိကပ်နမ်း၏။

ကာလ အံ့သြမှင်တက်မိနေတုန်း နွေးခနဲ အနမ်းတစ်ချက်ကြောင့် သူက ကျဉ်ခနဲ တုန်ခါသွားသည်။

"ဟင့်အင်း .."

သူ့လက်ထဲကနေ ရုန်း၍ နောက်ပြန်လှည့်ပြေးခဲ့မိသည်။ လူက သာ ပြေးထွက်ခဲ့ပေမယ့် သူ နမ်းလိုက်သော လက်တစ်ဖက် နွေးနေဆဲ..။

ထိုလက်ခုံလေးကို တစ်ဖက်နဲ့ ပြန်၍ ဖက်ဆုပ်ထားမိကာ မျက် လုံးတွေ မှိတ်ထားပြီး အသက်ကို တစ်ဝကြီး ရှိုက်သွင်း စုဆောင်းတာ လည်း မရ ..။

ရေ နှစ်ခွက်လောက် မျိုချလိုက်လို့လည်း မငြိမ်သက်နိုင် ..။

ဒီလောက်ထိ ရင်တွေ ခုန်နေတာ .. နင် သူ့ကို ချစ်နေပြီ ကာလ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ဟွန်း .."

မဲ့ပြုံးနှင့် စိုက်ကြည့်ရင်း တဖြည်းဖြည်း မျက်နှာတစ်ပြင်လုံး ပြုံးရယ်လာကာ ...

"ဟား .. ဟား .. ဟား ..."

ဒေါ်မြင့်မိုရ်ဦး ဆိုသည့် အမျိုးသမီးကို တအံ့တဩ ငေးကြည့်ရင်း ဒီလိုစကားတွေ ပြောချလိုက်တာကို ဘုံ မယုံနိုင် ...။

"အန်တီ ဘယ်လို ပြောလိုက်တာလဲ ..၊ ကိုဒေး က အဲဒီလိုလူ မဟုတ်ဘူး .."

"ငါ မဟုတ်တာတွေ ပြောရင် သူ ယုံပါ့မလား ..၊ မင်း မယုံပေမယ့် သူ ယုံသွားတယ်လေ .."

"မဟုတ်ဘူး .. သူတို့သုံးယောက်က သူငယ်ချင်းတွေ၊ အန်တီ အဲဒီလို အတို့အထောင်စကားတွေ ပြောလိုက်တာ တကယ်လွန်တယ်"





ဒေါ်မြင့်မိုရ်ဦး က ရယ်ပြီးရင်း ရယ်ကာ စားပွဲကို လက်ထောက်၍ ဆရပ်လိုက်သည်။ ပြီးတော့ သားချစ် သောက်ထားသည့် သံပရာရည် ထဲကို ဆန်းဒဝေ့ချ်တစ်ခု ယူပြီး ထည့်ပစ်လိုက်၏။

သံပရာရည်ထဲမှာ သေချာ နှစ်သွားအောင် ခက်ရင်းလေးနဲ့ ကျကျနနဲ့ ဖိထောက် နှစ်လိုက်ပြီးမှ ...

"ဟုတ်တယ် .. အဲဒီသုံးယောက်က သူငယ်ချင်းတွေ၊ ဒါပေမယ့် သားချစ် ဆိုတဲ့ ချာတိတ်က အညံ့ဆုံး၊ အရမ်းတော်ပြီး မြွေပွေးလို အဆိပ်ပြင်းတဲ့ ဒီဒေး ဆိုတဲ့ ကောင်လေးအကြောင်း ငါလိုလူကမှ မပြောရင် သူ ဘယ်တော့မှ သိမှာ မဟုတ်ဘူးလေ .."

"သိတယ် ..၊ ကိုဒေး က မြွေပွေး မဟုတ်ဘူး ..၊ အစ်ကိုသားချစ် အတွက်ပဲ သူ လုပ်ခဲ့တာ၊ အဲ့ဒါ ချစ် သိတယ် .."

"သိရင်လည်း မင်း သိတာတွေ မှားနေလို့ပဲ၊ ဒီမှာ .."

ဒေါ်မြင့်မိုရ်ဦး က နာကြည်းသည့်မဲ့ပြုံးနှင့် ဘုံ့ တစ်ကိုယ်လုံးကို ကြည့်သည်။ ဒီဒေး နဲ့ ဒီကောင်မလေးရဲ့အဖေ ရင်းနှီးကြတာ သူမ သိသည်။

ဒီဒေး နဲ့ သဘောတူနေ၍သာ ရင်းနှီးကြစေဆိုပြီး ဒီဒေး ရဲ့ဘေးမှာ သူမလေးကို ကြည်ဖြူစွာ ရှိနေစေခဲ့တာအထိ သိပြီးသား ..။

မသိလိုက်တာက ချစ်မင်းဘုံ ဆိုတဲ့ ကောင်မလေး ဒီဒေး ရဲ့ဘေး အနေ သားချစ် ဘေးကို ဘယ်လိုရောက်သွားခဲ့သလဲ ဆိုတာပင် ..။

ဒါပေမယ့် ဘယ်လိုစခဲ့တယ်ဆိုတာ မသိလိုက်ရင်တောင် ဘယ်လို ဖြစ်နေသလဲဆိုတာကို တစ်ချက်ကြည့်လိုက်ရုံနဲ့ အနီးစပ်ဆုံးအဖြေကို ခန့်မှန်းလို့ ရသည်။

ထို့ကြောင့် ဒေါ်မြင့်မိုရ်ဦး အောင်နိုင်သူကဲ့သို့ ရယ်လို့ မဆုံးနိုင်...။

"မင်း မှတ်ထား ချစ်မင်းဘုံ၊ ဒီဒေး ဆိုတဲ့ သတ္တဝါက အကွက်ရွှေ့တာ ကျွမ်းတယ်၊ ဒါပေမယ့် သူ ဘယ်လိုရွှေ့လိုက်သလဲဆိုတာ အကဲ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းလို့ မရဘူး၊ ဘာဖြစ်လို့လဲ သိလား .. သူက အကွက်ရွှေ့တဲ့လက်ကို လူမြင်မခံဘူးလေ .."

ဒေါ်မြင့်မိုရ်ဦး က စားပွဲပေါ်က တစ်ရှူးတွေ အများကြီး ထုတ်ပြီး လုံးချေပစ်နေရင်း ...

"သားချစ် နဲ့ မင်း တွဲနေတာ သူ မသိဘူးလား .."

ဖြုန်းခနဲ ကောက်မေးလိုက်တော့ ဘုံ ဘာဖြေရမှန်း မသိ ..။

"ဟွန်း .. သူ့အတွက် မင်းက ဘောလုံးတစ်လုံးပဲကွ .."

"အန်တီ ဘာတွေ ပြောနေတာလဲ .."

"သူ လိုချင်တာကို ယူဖို့ မလိုချင်တာကို ပုတ်ထုတ်လိုက်တာလေ ပုတ်ထုတ်ခံရတဲ့ ဘောလုံးက မင်းပေါ့၊ အခု သူက ဆောင်းကာလ နဲ့ တွဲနေပြီ .."

"ဟင်!..."

"ဟား .. ဟား .. ဟား ..."

ဒေါ်မြင့်မိုရ်ဦး က အခြားစားပွဲက လူတွေကို ဂရုမစိုက်ဘဲ အပြင် ထွက်ဖို့ လှည့်နေပြီးမှ ဟားတိုက် ရယ်၏။

"ဆောင်းကာလ ကို အပြိုင်အဆိုင် ကြိုးပမ်းနေကြတဲ့ပွဲမှာ မင်း ကိုယ်မင်း ဘာဖြစ်နေပြီလဲ သိရဲ့လား .."

"မဟုတ်ဘူး .."

"ဟား .. ဟား .. ဟား ... မှတ်ထား ချာတိတ်မ ..၊ အဲဒါ ဒီအေ ရဲ့ ပဥ္စလက် .."

ဒေါ်မြင့်မိုရ်ဦး ထွက်ခွာသွားသည့်အခါ နေရာမှာ တဖြည်းဖြည်း ပြန်ထိုင်ကျကာ ဘုံ ခေါင်းခါနေမိသည်။

ဘာဖြစ်လို့ ပဥ္စလက် ဖြစ်ရတာလဲ ..၊

သူတို့ကြားမှာ မွှေပါ နှောက်ပါလို့ ကိုဒေး က ခိုင်းခဲ့တာမှ မဟုတ် တာ ..။





သားချစ် ကို တိမ်းအောင် ယိမ်းအောင် ဆွဲဆောင်ပေးပါလို့ရော ခိုင်းခဲ့လို့လား ..။

"ဒီကောင်က သူ့ကိုယ်သူ အားငယ်စိတ်ဝင်နေတာ .. သူချစ်နေတဲ့ မိန်းကလေးကိုယ်တိုင်က အထင်မြင်သေးတယ်၊ ကဲ့ရဲ့တယ်လို့ ထင်နေတာလေ၊ ငါက သူ့ကို အဲဒီလို မဖြစ်စေချင်ဘူး .."

"မင်းအတွက် ခဲယဉ်းနေရင် လက်မခံလို့ ရတယ်နော်..၊ ငါက မင်းအနေနဲ့ ဘော်ဒါကဏ္ဍနဲ့ သန့်သန့်ရှင်းရှင်း ပြောဆို ရင်းနှီးပေးရုံသေးပဲ လိုချင်တာ .."

"မင်းဘက် .. သူ့ဘက် စည်းကကျော်လာဖို့တွေ မပါဘူး၊ ရှိလာရင် ကိုယ့်သမိုင်းနဲ့ ကိုယ်" တဲ့ ..။

ကိုဒေး က အားလုံးကို ပွင့်ပွင့်လင်းလင်း ပြောထားခဲ့တာ ..။

ဘုံ နေရာမှ ဆတ်ခနဲ ပြန်ထရပ်သည်။ အစ်ကို သားချစ် ထွက်သွားတာ ကားထဲမှာပဲ ရှိလိမ့်မည်။ ကိုယ့်ကို ထားခဲ့ပြီးတော့ ပြန်မှာ မဟုတ် ..။

သူမ ဆိုင်ပြင်ကို အပြေးတစ်ပိုင်း ထွက်ခဲ့ရင်း ကားဆီကို သွားမိ၏။ ကားထဲမှာ သားချစ် သည် ခံစားချက်မဲ့နေသောမျက်နှာနှင့် စတီယာရင်မှာ လက်တင်၍ ငေးနေသည်။

"အစ်ကို .."

ဘုံ သူ့ဘေးမှာ ဝင်ထိုင်ပြီး ပြေရာပြေကြောင်း ရှင်းပြဖို့ပေမယ့်...

"ကိုယ် ဘာမှ မကြားချင်ဘူး ဘုံ ..၊ ကျေးဇူးပြုပြီး မပြောပါနဲ့.."

တင်းခနဲ အံကြိတ်၍ ကားစက်နှိုး၏။

"မဟုတ်သေးဘူး အစ်ကို ..၊ ကိုဒေး နဲ့ ချစ် တို့က .."

"ချစ်မင်းဘုံ .."

နီရဲနေသည့်မျက်နှာသည် ဘုံ ဘယ်လိုမှ ရှေ့မဆက်ရဲတော့အောင် တန့်တား ပိတ်ပင်လိုက်သလိုရှိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ တော်တယ် ..၊ ငါက လူညံ့ .. အဲ့ဒါကို ဝန်ခံရင် ကျေ မလား .."

"အစ်ကိုရယ် .."

ဘုံ ခေါင်းတွင်တွင်ခါရင်း မျက်ရည်တွေ ဝေ့လည်လာမိ၏။

သားချစ် ၏ ခံခက်ပူလောင်နေသော ဝေဒနာတွေက သူမရင်း ကို ကူးစက် လောင်မြိုက်လာခဲ့ပြီး မျက်ရည်စက်တွေအဖြစ် တသွေး သော သွန်ကျ၏။

ဒီမျက်ရည်တွေက အချစ်ကြောင့်ဖြစ်သည် ဆိုလျှင် ..၊





## အခန်း (၂၅)

"ကာလ .."

အိမ်ဝေါ်ထပ်က ဆင်းလာသည့် ကာလ ကို သားချစ် မျက်တောင် မခတ် ငေးနေမိသည်။

ငုဝါရောင် လည်ကုပ်ဆွယ်တာ လက်ရှည်လေးနှင့် အဖြူအဝါ လိုင်းလေးတွေပါသည့် စကက်ရှည်ပွပွလေးကို ဝတ်ထားကာ ဆံပင်တွေ ကို နောက်မှာ ခပ်မြင့်မြင့် စည်းတင်ထား၏။

ထို့ပြင် အဝါရောင်နဲ့ အဖြူအဆစ်အတုံးလေးတွေ လုပ်ထားသည့် တစ်တန်းတည်း နားဆွဲရှည်လေးနှင့် မျက်နှာလေးတစ်ပြင်လုံးက နုဖက် ဝင်းနစ်နေ၏။

ကာလ ရဲ့ မျက်နှာလေးနဲ့ သူမရဲ့ ဟန်ပန်အမူအရာလေးတွေကို မြင်လိုက်ရတိုင်း တစ်လောကလုံးမှာ ရှိသမျှသော အလှအပတွေက ဘာမှမဟုတ်တော့သလို တန်ဖိုးမဲ့သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးထဲမှာတော့ ကာလ လို လွှမ်းမိုး ဆွဲဆောင်နိုင်သည့် အလှမျိုး မရှိ ..။

ကာလ ကဲ့သို့ အသက်အရွယ်လေးနဲ့မလိုက် သိတတ် နားလည်၍ အေးချမ်းသိမ်မွေ့သည့် မိန်းကလေးမျိုးလည်း ကာလ ပဲ ရှိမည်ထင်သည်။

သူ့ရဲ့ဘေးကို ရောက်လာခဲ့သည့် ချစ်မင်းဘုံ ဆိုသော သူမလေးနှင့် ပတ်သက်၍ ရောထွေးခဲ့သော သူ့ဘက်က တွေဝေခြင်းများအတွက် ဒီနေ့ သူ ပေးဆပ်လိုက်ရပါပြီ ..။

ဒါတွေအားလုံးဟာ ဒီဒေး ၏ လှည့်စားမှုတွေဆိုတာ ကာလ သိခဲ့ရင် ဘယ်လိုနေမလဲ ..။

"ထိုင်လေ သားချစ် ..၊ မေမေတို့ မရှိဘူး .."

"ငါ နင့်ဆီကိုပဲ လာတာ .."

"ဟုတ်လား .. ပျောက်ချက်သား ကောင်းနေတော့ ငါ့ဆီလာတယ် မှတောင် မထင်ဘူး .."

သူမက စနောက်နေကျအတိုင်း ပြောလိုက်တာ ဖြစ်နိုင်ပေမယ့် သားချစ် ကိုယ့်အပြစ်နဲ့ကိုယ် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"နင့်ပုံစံ ကြည့်ရတာ အကြောင်းတစ်ခုခု အရေးတကြီး ရှိလာပုံပဲ၊ ငါကလည်း သွားစရာရှိသေးတယ် .."

"ငါ့ကို နင်တာလား ကာလ .."

ကာလ က သူ့ရှေ့မှာ ထိုင်လိုက်ရင်း သူ့ကိုလည်း ထိုင်ဖို့ မေးဆတ်ပြကာ စိတ်မရှည်ပုံလေး ပေါက်လျက် ...

"ပြောမှဖြစ်မယ်ဆိုလည်း အပြင်မှာဆုံဖို့ ချိန်းလို့ရတာပဲ၊ မျက်နှာက ဘာဖြစ်နေတာလဲ .."

ကာလ မျက်နှာပေါ်က ဟိုအရင်လို အပြုံးလေးတွေကို မြင်နေရတာ သူ မပျော်နိုင် ..။





တကယ်ဆို လူကြီး နေစပ်ခဲ့သည်၊ သူမကိုယ်တိုင် ငြင်းထားခဲ့၏။ ..က်ထပ် သူကိုယ်တိုင် သူမဆီကို မရောက်တစ်ချက် ရောက်တစ် ..က်နှင့် မတွေ့ဖြစ်ခဲ့ကြတဲ့အချိန်တွေရော နည်းသလား ..။

ကာလ မျက်နှာလေးပေါ်မှာ ဒီလိုအပြုံးမျိုး ရှိမနေသင့်ဘူးလို့ ..ယ့်ဘာသာ အတိအကျ အဖြေထုတ်ကာ သူ ကြားခဲ့တဲ့သတင်း မှန်နေ ..လားလို့ တွေးမိလိုက်သည်။

ဒါဟာ သူနဲ့ပတ်သက်သည့် ခံစားချက် ကာလ မှာ ဘာမှရှိမနေ ..ဘူ့သည့်သင်္ကေတ ဖြစ်နေခဲ့သည်ဆိုလျှင် ...

"ကာလ .."

"ဘာလဲ .. ပြော .."

"နင် ဒီဒေး နဲ့ တွဲနေတယ်ဆိုတာ .."

"ဖေဖေနဲ့လည်း တွဲနေတာပဲ ..၊ ဒီဒေး က ငါတို့နဲ့ စီးပွားရေး ..မ်းကြောင်း တူတယ်လေ .."

"မဟုတ်ဘူး ..၊ ငါ မေးချင်တာ စီးပွားရေးနဲ့ မပတ်သက်ဘူး"

ကာလ နှုတ်ခမ်းလေး စေ့သွားသည်။ ပြီးတော့ သူ့ကို စိုက်ကြည့် ..ာ ...

"စီးပွားရေးနဲ့ မပတ်သက်တာကို မေးမှာဆိုရင်တော့ ငါ ဖြေချင်မှ ..ဖြေမှာနော် .."

"နင် မဖြေချင်လည်း ငါ့ဆီကို သတင်းအကုန်ရောက်ပြီးသားပါ"

"ဘာသတင်းတွေလဲ .."

"နင်နဲ့ သူ .."

သားချစ် ဆက်မပြောရဲဘဲ ဖြစ်နေသည်။ ရှစ်ဆယ်ရာခိုင်နှုန်း ..သချာနေပြီဆိုတာ ခန့်မှန်းမိသော်လည်း ကာလ ခေါင်းညိတ်လိုက်တာ ..ကို မမြင်ချင် ..။

ပြီးတော့ သူများကို လက်ညှိုးထိုး အပြစ်တင်ရအောင် ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အပြစ်ကင်းခဲ့တာ မဟုတ် ..။

"ပြောလေ သားချစ် ..၊ သူများ ပြောရလောက်တဲ့သတင်းတော
ဖြစ်နေပြီဆိုတော့ ငါ့သတင်း ငါ ပြန်နားထောင်ချင်တယ်၊ ဘာတွေပြေ
နေကြလို့လဲ .."

"ငါ မပြောခင် နင် ငါ့ကို တစ်ခုတော့ အမှန်အတိုင်း ဖြေပေးပါ"

"ဘာလဲ .."

"ဒီဒေး ကို နင် လက်တွဲဖော်အဖြစ် ရွေးချယ်လိုက်ပြီလား .."

"နင် မေးတာ အဆင့်ကျော်နေပြီ ထင်တယ် .."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် ဒီဒေး က အန်ကယ်
တို့ကိုတောင် အဆင်ပြေအောင် ပေါင်းထားနိုင်တာ ဒီအဆင့်ထိ ဖြစ်နေ
ပြီလားလို့ ငါ တွေးမိတာ မလွန်ပါဘူး၊ မေးတာကိုပဲ ဖြေပါ .."

"ဖြေစရာမရှိဘူး သားချစ် .. ငါ့စိတ်ကူးနဲ့ငါ ငါ့နှလုံးသားကိုဖြ
ဖြစ် .. ငါ့ဘဝကို ဖြစ်ဖြစ် ဒီနေ့တစ်မျိုး .. မနက်ဖြန်တစ်မျိုး ငါ့စိတ်
ကြိုက် လိုအပ်သလို ပုံဖော်မယ်၊ နင် ဘာမှ မေးခွန်းတွေ လာမထုတ်နဲ့
နင်နဲ့ငါ ဘာမှမဆိုင်ဘူး .."

"ဟုတ်ပါတယ် .. အစတည်းက ဆိုင်ခွင့်မရှိတဲ့ ငါ .. အခုဆ
ပိုပြီး အခွင့်မရှိတော့ဘူးလေ၊ အဲဒီလိုဖြစ်အောင် နင့်ရဲ့ ဒီဒေး လုပ်တာ-

ကာလ မျက်ခုံးတန်းလေးတွေ တွန့်ချိုးသွားသည်။

ကြည့်လိုက်တော့ သားချစ် ရဲ့မျက်နှာမှာ မယုံနိုင်စရာ နာကျင်
များနှင့် ခက်ထန်နေလျက် ...

"နင်နဲ့ ငါ့ကို ဝေးကွာသွားအောင် သူ ဘာလုပ်သလဲ နင် သိလား-

ကာလ က ဘာမှမမေးဘဲ ကြည့်နေခဲ့၏။

"ချစ်မင်းဘုံ က သူ့လူ ..၊ ဘုံ ကို အသုံးချပြီး နင်နဲ့ ငါ့ကို -

"ဘုံ က ပြောတော့ နင်နဲ့ သူငယ်ချင်း ဖြစ်ချင်တာဆို .."

သားချစ် မျက်နှာတော့ ပျက်သွားပေမယ့် အံကြိတ်ကာ ...





"ငါ ဘုံ ကို ဘယ်လိုစိတ်မှ မထားခဲ့ဘူး ကာလ .."

"ဘယ်သူက ဘာတွေ စွပ်စွဲနေလို့လဲ .."

"ဒါပေမယ့် ဒီဒေး မရိုးသားတာတွေက အခုမှ သိရတာ၊ ငါတို့
ခွဲ့ထဲကို ဘုံ ကို တမင် ထည့်ပေးလိုက်တာ .."

"ဟုတ်ပါပြီ .. သူ အဲဒီလို လုပ်တဲ့အတွက် သူ့အတွက် ဘာပြန်ရ
သွားလို့လဲ .."

"နင်နဲ့ သူ နီးစပ်သွားတယ်လေ .."

ကာလ က စိုက်ကြည့်နေရင်း ခေါင်းခါသည်။

"နင်နဲ့ ငါ မဝေးပါဘူး၊ နီးစပ်သင့်တဲ့လူတွေအဖြစ် ရှိနေခဲ့ကြပြီးမှ
တစ်ယောက် တစ်နေရာစီ ဖြစ်သွားတဲ့အတွက် ဒါက ထူးဆန်းသွားတာ
ဖြစ်ချင်ဖြစ်မယ်၊ တခြား ဘယ်သူ့ပယောဂမှ မပါဘူး .."

ကာလ ကို သားချစ် ထူးဆန်းအံ့ဩစွာ ကြည့်သည်။ ကာလ
မျက်နှာလေးက စိတ်အနှောင့်အယှက်ဖြစ်သွားသလို ပြောင်းလဲသွားတာ
လွဲ၍ ဒေါသကို ရှာလို့မရ ..။

"ဟုတ်တယ် .. နင် ပြောတာ မှန်တယ်၊ ဘုံ ကြောင့် ငါ ဘာမှ
ပြောင်းလဲသလို ဘုံ ကိုယ်တိုင်ကလည်း ငါတို့ကြားမှာ ဘာမှ မွေ
နှောက်ခဲ့တာ မဟုတ်ဘူး၊ အဲ့ဒါ ဒီဒေး ရဲ့ ပညာတွေပဲ၊ ညင်သာစွာ
ခါက်ကွဲစေတဲ့ ဖော်မြူလာတွေ သူ့မှာရှိတယ်၊ အံ့မကြား .. သွေး
ထွက်စေဘဲ တစ်စုံတစ်ယောက်ကို အလဲထိုးနိုင်တာလည်း သူ့ရဲ့
လက်ပဲ .."

သားချစ် အသက်ရှူတွေ ပြင်းလာသလို မျက်နှာတစ်ပြင်လုံး
ထက်လာသည်။ အမြဲတမ်း နူးညံ့တတ်ခဲ့သည့် နှလုံးသားဟာ အပူထိ
သော့ ဘယ်လိုမှ ခံနိုင်ရည် မရှိခဲ့ပေ ..။

"ငါ ညံ့ပါတယ် .. ငါ ညံ့တာတွေကို ဝန်ခံတယ် ..၊ အထင်ပေး
ခဲ့ရဲ့တတ်တဲ့ ငါချစ်တဲ့ မိန်းကလေးကြောင့် နာကျင်ခဲ့ရသလို .. အထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး လေးစားမှုတွေနဲ့ အနားကို ရောက်လာတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ယုံကြည်မြတ်နိုးမှုတွေပေါ်မှာ သာယာခဲ့တယ်၊ နီးစပ်ဖို့ ခဲယဉ်းနေတဲ့ အချိန်မှာ နီးစပ်ဖို့ မကြိုးစားဘဲ ငါ့စိတ်တွေ ဘဝင်မြင့်ရောဂါနဲ့ လွင့်နေခဲ့တာ ..”

ငိုချင်လာသည့် ခံစားချက်က မျက်ရည်အစား သူ့စကားသံတွေကို တုန်ယင်အက်ကွဲလာအောင် ရိုက်ပုတ် ထုထောင်းနေကြသည်။

“သူ .. ဒီဒေး .. ငါ့ရဲ့အားနည်းချက်ကို သူ သိတယ်၊ နင့်နားမှာ ငါ အချိန်တိုင်းရှိနေရင် နင် တွေဝေနေမှာပဲဆိုတာကိုလည်း သူ သိတယ်၊ လူယုတ်မာ နာမည်ပျက်လည်း မတင်အောင် .. နင်နဲ့ ငါ့ကြားမှာ သူ ပါးပါးလေး ပုတ်ထုတ်သွားတာ ..”

ကာလ မျက်မှောင်လေးကုတ်ကာ ငြိမ်သက်နေခဲ့၏။ မျက်ရည်ရောင်တွေနဲ့ တလက်လက် ဖြစ်နေသည့် သားချစ် မျက်နှာကို ကြည့်လိုက် .. ဒီဒေး မျက်နှာကို မြင်လာလိုက် ..။

“ငါ သူ့လောက် မတော်ပါဘူး .. ငါ ညံ့ပါတယ်၊ နင် အထင်မကြီးနိုင်ခဲ့တာ နင် မှန်ပါတယ် ကာလ ရယ် ..၊ သူများ ဘဝင်မြင့်သွားအောင် မြှောက်ပေးလိုက်တာနဲ့ ငါ မြောက်တက် ပါသွားခဲ့တယ်၊ အဲဒါကြောင့် ငါ ပေးဆပ်ရတာပါ၊ ဒါပေမယ့် သူများက မပင်မပန်း တစ်ချက်လေးပဲ အကွက်ရွှေ့လိုက်တာကို ငါ ပေးဆပ်လိုက်ရတာ တနင့်ကြီး ပါလား ..၊ ဒီမှာ ကာလ ..”

မျက်နှာလွှဲနေသည့် ကာလ ကို သူ မချင့်မရဲ ခေါ်လိုက်မိက..

“ငါ ညံ့တာကို ညံ့တယ်လို့ နင် သတ်မှတ်နိုင်ရင် သူ မရိုးသားတာအတွက် တစ်ခုခုတော့ နင် သတ်မှတ်သင့်ပါတယ် ..”

ကာလ မျက်ဝန်းလေးတွေ ကျဉ်းမြောင်းသွားသည်။ ကော့သွားသည့် မျက်တောင်ဖျားလေးတွေ မျက်ဝန်းထောင့် အပေါ်စပ်လေးနား ကပ်ဖြာနေတဲ့အထိ မျက်ခုံးလေးတွေပါ တွန့်ကုတ်ကျုံ့နေ၏။





“သူ့ရဲ့အောင်မြင်မှုတိုင်းဟာ ဒီလို အကွက်ရွှေ့ကောင်းတဲ့ မာယာ ပဥ္စလက်တွေနဲ့ ဖြစ်နေတာ ..၊ ဒီလိုလူကို နင်က မေတ္တာပန်းကုံးစွပ်ဖို့ ဆုံးဖြတ်တယ်ပေါ့ ..”

“သားချစ် ..”

ကာလ ရဲ့အသံက စိတ်ပျက်ရှုပ်ထွေးခြင်းတွေနှင့် ဖျော့ကျနေသလို မျက်ဝန်းလေးတွေပါ အသက်မဲ့သလို ဖြစ်နေခဲ့လျက် ...

“နင် ယောကျ်ားချင်း အတင်းပြောသလို ဖြစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိရဲ့လား ..”

သားချစ် မျက်နှာပျက်သွားသည်။

“နင် ကြားလာခဲ့တာတွေကို ဘယ်သူ ပြောတာလဲ ..”

“ဘုံ ကိုယ်တိုင်လည်း ဝန်ခံတယ် ..၊ သူကိုယ်တိုင် ဒီဒေး ရဲ့ ပဥ္စလက်တွေကို နားမလည်ဘဲ အကွက်ရွှေ့ခံခဲ့ရတာ ..၊ ဘယ်သူ့ကို ပြောပြော သူက စေတနာနဲ့ လုပ်ခဲ့တာလို့ပဲ မြင်နိုင်မယ့် ပဥ္စလက်တွေ ကြီး ..”

“ဟုတ်တယ် .. ဘာပဲဖြစ်ဖြစ် ဘုံ က နင်နဲ့ ငါ့ကြားမှာ ရှုပ်ထွေးအောင် ဘာမှမ မလုပ်ခဲ့ဘဲ ..၊ မိန်းမတစ်ယောက်ရဲ့ အထင်တကြီး ဖြစ်ခံရခြင်းပေါ်မှာ နင့်စိတ်နဲ့ နင့်ကိုယ် သာယာခဲ့တာ ..”

သားချစ် ငေးခနဲ ဖြစ်သွားသည်။ ပြီးတော့ မေးဆတ် ညိတ်ရင်း ခေါင်းကြိတ်၏။

“မသာယာခဲ့ဘူးဆိုရင်လည်း နင် ခံလိုက်ရပြီလို့ ထင်လိုက်တဲ့ အသိက သူ ဖြစ်စေချင်တဲ့အတိုင်း နင် ဖြစ်သွားခဲ့လို့ပဲ ..”

“ဒီဒေး မှန်တယ် .. ငါက မှားတာပေါ့ ..”

“ငါ ဘယ်သိမလဲ ..၊ ဒါပေမယ့် စိတ်မကောင်းစွာ ထပ်ပြောရရင် သူတော်တာ မဟုတ်ဘူး .. နင် ညံ့တာ ..”

“ဩော် ..”

www.burmeseclassic.com



"အဲဒီတော့ အားလုံး ငြိမ်းချမ်းသွားအောင် နင် ဖြည့်စွက်တွေးပု လိုက်တော့ သားချစ် ...၊ နင်နဲ့ ငါ လက်တွဲဖို့ မဖြစ်နိုင်ဘူးဆိုတာ သိ လို့ ငါ ဆုံးဖြတ်ခဲ့တဲ့ထဲမှာ ဘယ်သူ့ပယောဂမှ မပါဘူး၊ နင်လည်း ဘာမှ မမှားခဲ့ဘူး ...၊ ငါ့ရှေ့မှာ ပျောက်ဆုံးခဲ့ရတဲ့ နင့်ရဲ့မာနနဲ့ ပကာသန တွေကို ချစ်မင်းဘုံ ကြောင့် နင် အစပြန်ဆွဲမိခဲ့တာမို့လား .."

"ကာလ .. ငါ အဲဒီလို .."

"ထားလိုက်ပါတော့ ...၊ ငါက နင့်ကို စိတ်ချမ်းသာမှုပေးခဲ့တယ် ဆိုတာ မရှိပါဘူး .. အဲဒါ အမှန်တရားပဲ၊ နင် စိတ်ချမ်းသာသလိုနေတာ မမှားဘူး .."

"ငါ့ကို ဘုံ နဲ့ ပျော်ပျော်ကြီး တွဲနေတယ်လို့ နင် စွပ်စွဲလိုက်တာ.."

"နင့်ကို ပျော်စေချင်တာ သားချစ် ...၊ ငါ့အတွက် မချင့်မရဲ ယူကျုံး မရစိတ်တွေလည်း မထားစေချင်ဘူး၊ နင်နဲ့ ငါ မိသားစုချင်းရော - ငါတို့ချင်းရော .. ဘယ်လိုမှ ပေါင်းစပ်လို့ မရနိုင်ဘူး၊ အထူးသဖြင့် အတင်းပြောတဲ့ယောက်ျားမျိုး ငါ အထင်မကြီးဘူး .."

"ဟား .. ဟား .. ဟား ..."

သားချစ် က နေရာမှ ထရပ်လိုက်တာ ဟက်ဟက်ပက်ပက် ရယ် သည်။ ရယ်ချင်တာမဟုတ်ဘဲ ကြေကွဲနေသည့်ရင်ဘတ်က နှုတ်ခမ်း များကနေ ရယ်သံကို မပေးဘဲ ငိုသံလိုလို ကွဲရှနေခဲ့လျက် ...

"နောက်ထပ် အထင်မကြီးမှုယ်တစ်မျိုး တိုးသွားတာကိုး၊ ဟား.. ဟား .. ဟား .. တော်ပါတယ် .. မင်း သိပ်ကို တော်ပါတယ် ဒီဒေး.."

သားချစ် နီရဲတက်လာသည့်မျက်နှာကို လက်ဝါးတွေနဲ့ ပွတ်သပ် ငုံ့လိုက်ရင်း ...၊ ပြီးတော့ ကာလ ကို ကျောခိုင်းရပ်လိုက်ရခြင်းသို့ ရောက် တာ ...

"ငါ နားလည်သွားပြီ ကာလ .."

ငါ နားလည်ခဲ့တာ အစောကြီးတည်းက သားချစ် ...၊





ရင်ထဲမှာပြောရင်း သူ့ကျောပြင်ကို ကြည့်၍ နှုတ်ခမ်းတွေကို တင်း တင်းစေ့ထားမိသည်။

တကယ်ဆို ဒီစကားတွေကို ငါ့ဆီ ပြေးလာပြောရမှာ မဟုတ်ဘူး၊ ဒီဒေး ဆီ သွားပြီး သူ့မျက်နှာကို နင့်လက်သီးနဲ့ စိတ်ရှိလက်ရှိ ထိုးပြီး မေးရမှာ ...၊

ယောက်ျားပီပီသသ မပေါက်ကွဲဘဲနဲ့ ငါ့ဆီ ပြေးလာပြီး သူ့ အကြောင်းတွေပြောတာ နင် သိပ်မှားတယ် ...၊

နောက်တစ်ခု နင့်ကို ငါ သုံးသပ်မိသွားတာက သားချစ် ဆိုတဲ့ ယောက်ျားဟာ အရိပ်တစ်ခုခုမှာ ဒါမှမဟုတ် အားကိုးရာ ရှာတတ်တဲ့ အကျင့်တစ်ခုကို ဘယ်တော့မှ ပျောက်ဖျက်နိုင်မှာ မဟုတ်သော ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ကာလ ကားရပ်လိုက်ပြီးမှ မဆင်းဖြစ်ပေ ..၊ ကိုယ်ပဲ အမြင်မှားတာလားဆိုပြီး မျက်မှန်ကိုပါ ချွတ်၍ မြင်ကွင်းကို သေချာကြည့်နေမိသည်။

ဒီဒေး နဲ့ စကားပြောနေတာ မကြာသေးမီကမှ ကိုယ့်ကားကို ဝင်တိုက်ပြီး အလျော်ပေးသွားခဲ့သော ဒရိုင်ဘာလူကြီး ..၊

အရပ်ပုပု .. အသားအရေက မည်းသည့်ဘက်ကို လုနေကာ ထိပ်က ပြောင်သေးသည်။

အထူးသဖြင့် ထိုနေ့ကအတိုင်း တိုက်ပုံအင်္ကျီ ပုဆိုးကွက်ကျဲကြီးနဲ့မို့ ဒီလူ ဒီပုံစံကို တန်းခနဲ မှတ်မိနေ၏။

ကာလ ကားထဲကနေ စိုက်ကြည့်နေရင်း တစ်စုံခုကို နားလည်လာသလို ဖြစ်လာခဲ့သည်။

ပြီးတော့ မယုံနိုင်ခြင်း ..၊ မလိုလားခြင်းတွေ ရင်ထဲမှာ ရှန်းရင်းဆန်ခတ် ဖြစ်လာ၏။





ဘာတွေ ဖြစ်ကုန်တာလဲ ..၊

ဒီဒေး အဲဒီလိုတွေ တကယ် လုပ်နေခဲ့တာလား ..၊ ဘာအတွက်လဲ ..။

သူမ ကားပေါ်ကဆင်းကာ တံခါးကို နောက်ပြန် ဖြစ်သလို တွန်းပိတ်ခဲ့သည်။ ကုမ္ပဏီမှန်ချပ်ကြီးတွေရှေ့ ရောက်တော့ အထဲပါသွားပြီးမှ ပြန်ထွက်လာသည့်လူကြီးနှင့် ပက်ပင်းတိုး၏။

ဖိုင်တစ်ထပ်ကို လှန်လှောကြည့်ရင်း လူကြီးက ကာလ ကို တစ်ချက်ပဲကြည့်ပြီး မျက်နှာပြန်ငုံ့သွား၏။ သို့သော် ဖျတ်ခနဲ ပြန်မော့ကြည့်လိုက်တာ အလန့်တကြား ..။

မျက်လုံးချင်း ဆုံကြည့်ပြီးမှ ကာလ မျက်မှန်ပြန်တပ်သည်။ လူကြီးကို ရှောင်၍ တံခါးကို တွန်းဖွင့်လိုက်၏။

အထဲမှာ တစ်ခြမ်းက ဒီကရေးရှင်းအတွက် တပ်ဆင် ပြုပြင်နေကြတုန်းဖြစ်ကာ တစ်ဖက်ခြမ်းမှာမှ ဝန်ထမ်းစားပွဲတွေ ရှိ၏။

အလုပ်လုပ်နေကြသူတွေက ကာလ ကို လှမ်းကြည့်ကြသည်။

အနက်စင်းလေးတွေပါသော အင်္ကျီလက်ပွ ခါးရှည်အဖြူလေးနှင့် ဘောင်းဘီရှည်အဖြူကို ဝတ်ထားသည့် ကာလ ပုံစံလေးက ဆံပင်တွေကို နောက်မှာ အမြင့်တင်စည်းထားတော့ မရိုင်းမယဉ်လေးနဲ့ လှနေသည်။

နှုတ်ခမ်းမှာ ပုလဲရောင် နှုတ်ခမ်းဆိုးဆေးနှင့် မျက်မှန်နက်လေး တပ်ထားသေး၏။

"မမဆောင်း ထင်တယ် ..၊ သူ့ရှေ့ အထဲမှာ ရှိတယ် .."

"အင်း .."

မိန်းကလေးတစ်ယောက်က သွက်သွက်လက်လက် ထွက်လာကြိုရင်း အတွင်းလှေကားထိပ်ထိ လိုက်ပို့၏။

ကိုယ့်ကို သိနေတဲ့လူ ရှိနေလို့ အံ့ဩသွားပေမယ့် ခေါင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လာရင်းကိစ္စက ပျောက်ပျက်သွားပြီမို့ သူ ထူထောင်ကာစ ကုမ္ပဏီဆိုတာကိုရော .. သူ့ဝန်ထမ်းတွေကိုပါ ကာလ စိတ်မဝင်စားတော့ပေ ..။

ခြေလှမ်းတို့သည် လှေကားထစ်တို့ကို ကျော်ဖြတ်တက်ခဲ့ရင်း ခုနက အပြင်မှာ စကားရပ်ပြောနေသည့် ဒီဒေး နဲ့ ထိပ်ပြောင်လူကြီး၏ ပုံရိပ်တွေက အာရုံထဲမှာ စွဲလာခဲ့၏။

ပြီးတော့ ကားတိုက်မှုဖြစ်ခဲ့သည့်နေ့က ပုံရိပ်တွေ ..၊

"အမှုတော့ မလုပ်လိုက်ပါနဲ့ ..၊ ရဲစခန်းလည်း မရောက်ပါရစေနဲ့၊ သူ့ငွေကို ပြန်ပြောပြီး ကျုပ် လျော်ပေးပါ့မယ်၊ ကလေးရဲ့မိဘတွေက ဒါကို ရှင်းပေးမှာပါ .."

"တစ်စီးလုံး ရစရာမရှိမှတော့ အသစ်ရအောင် ပြန်တောင်းရမှာပဲ .."

"ငါ့ရှေ့မှာဖြစ်တာ ဒီကိစ္စ မပြီးမချင်း ငါ တာဝန်ယူ လုပ်ပေးမယ်၊ နင် ဘာမှ မပူနဲ့ .."

ကာလ ရင်ထဲမှာ လှုပ်ရှားမှုတွေ ပြင်းထန်လာသလိုဖြစ်လိုက်၊ ပင့်သက်ရှိုက်၍ ထိန်းချုပ်ထားမိလိုက်နှင့် အပေါ်ထပ်ကို ရောက်လာခဲ့သည်။

သားချစ် ဘယ်လိုလူဖြစ်နေနေ သူမ နားလည်နိုင်သည်၊ ဆုံးဖြတ်နိုင်သည်။

ဒီဒေး ကို အဲဒီလိုလူ မဖြစ်စေချင် ..။

ရိုးသားလွန်းလို့ နုံအသွားတာ မကောင်းပေမယ့် အလည်လွန်ပြီး ကောက်ကျစ်တာက ရှုံဖို့ ကောင်း၏။

"အဲဒါ ဒီဒေး ရဲ့ ပညာတွေပဲ .."

"ညင်သာစွာ ပေါက်ကွဲစေတဲ့ ဖော်မြူလာတွေ သူ့မှာ ရှိတယ်"

"ပါးပါးလေး ပုတ်ထုတ်သွားတာ .."





"သူများက မပင်မပန်း တစ်ချက်လေးပဲ အကွက်ရွှေ့လိုက်တာကို ငါ ပေးဆပ်လိုက်ရတာ တံနင့်ကြီးပါလား .."

"သူ မရိုးသားတဲ့အတွက် တစ်ခုခုတော့ နင် သတိမှတ်သင့်ပါတယ် .."

လှေကားထိပ်ကိုရောက်တော့ ဘယ်ဘက် ဘယ်အခန်းကို သွားရမှန်း မသိ ..၊

အဆောက်အဦက အပြင်ကကြည့်တော့ တစ်ထပ်တည်းလို့ ထင်ရတာ ဆလင်ဒါပုံ မှန်ခုံးတွေကို တစ်ဆက်တည်း ဆင်ထား၏။

အခန်းတွေကလည်း အများကြီးရှိနေကာ ဘာအခန်း ညာအခန်း ဆိုတာလည်း စာတွေ မကပ်ရသေးသဖြင့် ခဏတော့ ရပ်နေမိ၏။

ပြီးတော့မှ လှုပ်ရှားသံသဲ့သဲ့ ကြားလိုက်သည့် ညာဘက်ခြမ်းကို ဆက်လျှောက်လာခဲ့လျှင် ...

"ဘာလဲ .. သားချစ် သိတော့ ငါက ဘာဂရုစိုက်ရမှာလဲ..၊ ငါ့ဟာ သူ့ရှေ့မှာ အဆိပ်တွေပဲ အတုံးလိုက် ချထားထား .. သူ ကောက်စားမှ ဖြစ်တာ၊ ဘယ်သူမှ သူ့ပါးစပ်ထဲ သွားဖြဲ မထည့်ဘူး .."

"ကိုဒေး နော် .. ချစ် က အဆိပ်တုံးကြီးလား .."

"ပြောပြတာ ..၊ ဘာကောင်မှန်း မသိဘူး .. ဒီမှာ အလုပ်နေရတဲ့ထဲ .. မင်းလည်း သွားတော့ ..၊ အန်ကယ်လ် ဖုန်းဆက်ထားတယ်မို့လား.."

"ကိုဒေး .. ကိုဒေး အဲဒါကို ခေါင်းထဲ မထည့်လို့ မရဘူးနော်၊ သားချစ် က အစ်မ ဆောင်းကာလ ဆီကို သွားပြောနိုင်တယ် .."

"သွားပြောတော့ရော ဘာဖြစ်လဲ..၊ သူကလွဲရင် အားလုံး ဦးနှောက်ရှိတယ် .."

"တကယ်ဆို အစ်မ ဆောင်းကာလ နဲ့ ကိုဒေး တို့အကြောင်း ချစ် ကို စောစောစီးစီးက ဖွင့်ပြောခဲ့ရမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ သိတော့ ဘာတွေ ဖြစ်သွားနိုင်လဲ .."

"ဒေါ်မြင့်မို့ရှိဦး ဆိုတဲ့ မိန်းမကြီး ကျကျနန ရယ်သွားတာပေါ့ ကိုဒေး ဘက်က ချစ် ဝင်ပြောပေးတယ် ..၊ ကိုယ့်လူကိုယ်မို့ အကောင်း ပြောတာ မဟုတ်ပါဘူး၊ ကိုဒေး က သားချစ် နဲ့ ခင်မင်အောင် နိုင်းခဲ့တာ မှန်ပေမယ့် တို့ထောင်ပေးပါ .. သူတို့ချင်း ကွဲပါစေလို့ ဒါတွေ ပါခဲ့တာ မှ မဟုတ်တာ၊ အဲဒါကို အစ်ကို သားချစ် ကိုလည်း ရှင်းပြတာပဲ - သူက မရဘူး .."

"ဟွန်း .."

"ဟင်!... ကိုဒေး က ဘာရယ်တာလဲ ..၊ အစ်ကို သားချစ် သွား ပြောလိုက်ရင် အစ်မ နဲ့ ကိုဒေး ပြဿနာတက်နိုင်တယ်နော် .."

"ဘာမှ ဖြစ်ဖို့မရှိဘူး၊ မင်း ရှင်းပြတာကို သူ လက်မခံတာ ရယ် ချင်လို့ .."

"ဘာဆိုင်လို့လဲ .."

"ဆိုင်တာမဆိုင်တာ သူနဲ့ ငါပဲ သိတယ် .."

"ချစ် ကိုတော့ မပြောပြချင်ဘူးလား .."

"ဘာမှ ပြောစရာ မရှိလို့ပေါ့ ..၊ ငါ စိတ်မကောင်းတာ တစ်ခုပဲ.. အဲ့ဒါ မင်းအတွက် .."

"သိတယ် .. မပြောပါနဲ့တော့ .."

"နည်းနည်းတော့ ပြောမှဖြစ်မယ်ကွ ..၊ မင်းလည်း ငါ့ကို ဝန်ခံ ထားဖူးတယ်၊ သူလည်း ခုချိန်မှာ အရမ်း စိတ်ညစ်နေမှာပဲ .."

"ကိုဒေး .."

"ဟင် .."

"ချစ် ကို အောင်သွယ်လုပ်မလို့တော့ မဟုတ်ပါဘူးနော် .."

"မင်း ခံစားနေရလားလို့ပါ ..၊ ခင်မင်ရင်းနှီးကြပြီဆိုရင် သံယော ဇဉ်ဆိုတာ ရှိတယ် .."





"ရှိပေမယ့် အစ်ကိုသားချစ် က တစ်မျိုးပဲ၊ ချစ် သူ့ကို ခင်ပါတယ်၊ အစ်မ ဆောင်းကာလ က သူငယ်ချင်းအဆင့်ထက် ပိုဖို့ မဖြစ်နိုင်တာ ဘူး၊ အထင်မြင်သေးတဲ့ စကားတွေ ပြောတယ်ဆိုတော့ ပိုပြီး သနား တယ်၊ ဒါပေမယ့် အစ်ကို သားချစ် က ယောကျ်ားလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ပွင့်လင်းမှုမျိုးတောင် သူ မထားဘူး .."

"ဘာတွေ ဖြစ်လို့လဲ .."

"အဲဒါလည်း မသိဘူး ကိုဒေး ရဲ့ .. အခုကိစ္စမှာ ချစ် ဘယ်လို ရှင်းပြလို့မှ လက်မခံတာကိုလည်း ရင်ထဲမှာ ခံနေမိတယ်၊ တစ်ခါ အလေကျတော့ လူဟာ ကိုယ်မှားရင် မှားတယ်၊ ညံ့ရင် ညံ့တယ်လို့ ကိုယ့်အပြစ် ကိုယ် သိရတယ်မို့လား .."

"ထားလိုက်ပါကွာ ..၊ ခုကိစ္စက ကိုယ့်ဘက်က မရိုးသားဘဲ ကြံ ညည်ခဲ့တာလည်း မှန်နေတာပဲ၊ အဲဒီကိစ္စကို မေ့လိုက်တော့ .."

"မေ့လိုက် ဟုတ်လား ..၊ ခုလောက်ဆို အစ်ကိုသားချစ် က အစ်မ ကို သွားပြီး ရင်ဖွင့်နေလောက်ပြီ .."

"ဒါဆို ပက်လက်လှန်ပြီး တံတွေးထွေးသလို ဖြစ်နေမှာပေါ့၊ သူ အဲလိုလုပ်မှာ မဟုတ်ပါဘူး .."

"ချစ် ကလည်း သူ ကိုဒေး ဆီကိုပဲ ရောက်နေမယ်ထင်လို့ ပြေး လာတာ ..၊ ဒီရောက်တော့လည်း ကိုဒေး က မရှိတော့ တစ်နေရာမှာများ ချိန်းပွဲတွေဘာတွေ ဖြစ်ကုန်ပြီလားပေါ့ .."

"ဟား .. ဟား .. ဟား ..."

"အင်းပါ .. ရယ်ပါ၊ ကိုယ့်ချစ်သူကို သူများက သွားပြီး တို့ထောင် လိုက်မှ ချစ်မင်းဘုံ ရေ ကူညီပါဦးလို့ ဖုန်းလာမဆက်နဲ့ .."

"မဆက်ဘူး ..၊ ငါ့နှလုံးသားက ရွေးချယ်ထားတဲ့ချစ်သူက အဲဒီ လို လေတိုက်တိုင်း ယိမ်းပါသွားလောက်တဲ့ ကိုင်းပင်မျိုးလည်း မဟုတ် ဘူး၊ ဒီနေ့ထိတောင် ငါ ဘဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရခဲ့သေးတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး .."

"ဟင်!... တကယ် .."

"ချစ်မင်းဘုံ .. ငါ အလုပ်ရှိသေးတယ်နော် .. မေးခွန်းတွေ များ နေပြီ"

"ချစ် က ကိုဒေး ဘက်က မယုတ်မာခဲ့ဘူးဆိုတာ အမိကသ သေအဖြစ်နဲ့ ကူရှင်းပြမလို့ ပြေးလာခဲ့တာပါ၊ ကျေးဇူးလေးဘာလေ တင်ဖို့ မစဉ်းစားဘဲနဲ့ နှင်ချည်းပဲ လွှတ်နေတယ်"

"ကျေးဇူးတင်တယ်ဆိုတာ ပါးစပ်ကပြောရင် ပေါ့တယ်၊ အဲ ကြောင့် ငါ မင်္ဂလာဆောင်မှ လက်ဖွဲ့မပါဘဲ တစ်ဝတပြ လာစား ဖိတ်မယ် .."

"ဟုတ်ပါပြီ .. ကဲ .. ဒီလောက်တောင် နှင်မနေပါနဲ့ .."

ဘုံ က ပခုံးပေါ်မှာ ကြိုးသိုင်းအိတ်လေး ချိတ်တင်ကာ လက်ဆွဲ အိတ် အဝါရောင်လေးကိုပါ ကောက်ယူသည်။

"ကိုဒေး .. ချစ် ကတော့ ဒါပဲနော် ..၊ ကိုဒေး တို့ ကစားပွဲထဲက ထွက်လိုက်ပြီ .."

"သဘောပဲလေ ..၊ သံယောဇဉ်လက်ကျန်တွေ ဘာတွေ ဖြစ်နေ တာရှိရင်လည်း ငါက တာဝန်မယူနိုင်ဘူးလို့ ပြောမလို့ .."

"သိတယ် .. အဲဒီလို အောက်ကျ ခယပြီး အကူအညီတောင်းခဲ့ တာ .."

"မဟုတ်ပါဘူး .. အန်ကယ်လ်နဲ့ ငါ ငြိလို့ မဖြစ်ဘူးလေ .."

"ဟွန်း .."

ဘုံ က နှုတ်ခမ်းလေး မဲ့၍ တံခါးဆွဲဖွင့်လိုက်လျှင် ...

"ဟင်!..."

တံခါးရဲ့အပြင်မှာ ကာလ ကို မြင်လိုက်သဖြင့် မျက်လုံးလေး ဝိုင်းသွား၏။





ပြီးတော့ နောက်ကို မျက်နှာတစောင်းလေး လှည့်၍ ...

"ကိုဒေး .. ကိုဒေး ..၊ ဒီမှာ အစ်မ .."

"ဟင်!..."

"ဒီမှာ အစ်မ လာတယ် .."

"ကာလ .."

ဘုံ က ကာလ ဝင်လို့ရအောင် ဖယ်ပေးပြီးမှ အပြင်ကို ကမန်း ကတန်း ထွက်သည်။

ပြီးတော့ တံခါးပြန်စေ့၍ ...

"ကိုဒေး .. လိုအပ်ရင် ချစ် ကို ခေါ်နော် ..၊ ချစ် အောက်ထပ်မှာ နေဦးမယ် သိလား .."

ဘုံ ပြောသွားတာလေးကို နားစွင့်ရင်း နှစ်ယောက် မျက်နှာချင်း ဆိုင် ရပ်နေမိကြပြီး ဘာမှ မပြောဖြစ် ..။

"ထိုင်လေ ကာလ ..၊ မလာစဖူး ငါ့ဆီ ရောက်လာတာ သားချစ် အိစ္စပဲလား .."

"မဟုတ်ဘူး ..၊ ဒါပေမယ့် နောက်ထပ် မရိုးသားမှုတစ်ခု ထပ်ဖြစ် လာတဲ့အတွက် အဲဒီ မရိုးသားမှုကိုလည်း အကြိမ်ရေနဲ့ ထည့်သွင်းပေါင်း မှာပဲ .."

"ဘာလဲ .."

ပေါ့ပါးနေသည့် မျက်နှာမှာ စိုးရိမ်မှုတ် တစ်ချက်တော့ ဖြတ်ပြေး သွားသည်။ ကာလ မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ရင်း အနားကို လျှောက်သွားမိလျက် ...

"ကာလ .. နင် ဘာပြောလိုက်တာလဲ .."

"ရော့ .."

တက်လာကတည်းက ဆုပ်ကိုင်ထားခဲ့သည့် ကားသော့ကို ငါ့ မျက်နှာရှေ့ထိ လက်ဖြန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒေး မျက်တောင်ဖျားတွေ သော့ဆီကို စိုက်ခနဲ တစ်ချက်ပဲ ဓေ လျှက် ...

"ဘယ်က သိလာတာလဲ .."

"ဟွန့် .. ဘယ်သူမှ မသိအောင် ဖုံးထားတဲ့ကိစ္စကို ဘယ်သူ ပြောတယ် ထင်လို့လဲ .."

ကာလ မျက်နှာလေးက ပန်းရင့်ရောင်လေး တက်လာကာ မျက် တောင်ဖျားလေးတွေ ကော့နက်နေတာလည်း ပို၍ ပေါ်လွင်လာ၏။

ဒါပေမယ့် သူမ၏ နှလုံးခုန်သံတိုင်းဟာ သူ့အတွက် ဒေါသ အမှန်းပွားခြင်းတွေသာ ဖြစ်နေခဲ့လျက် ...

"ငါ နင့်လောက် မတော်ပေမယ့် မအဘူး ဒီဒေး ..၊ နင့်လို မချမ်း သာပေမယ့်လည်း ဒီလောက်ထိတော့ အကောင်းမကြိုက်ဘူး၊ ရော - နင့်ကား နင်ပြန်ယူ .."

သူ့လက်ကို အတင်းတွန်းထိုး၍ သော့ကို ယူခိုင်းနေပေမယ့် ဒီဒေး က နောက်ကို တစ်လှမ်း ပြန်ဆုတ်လိုက်ကာ ...

"အကောင်းကြိုက်ကြိုက် မကြိုက်ကြိုက် ကားစုတ်နေတာ မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်ရှိတယ် .."

"ငါ့အန္တရာယ်ကို ငါ့ဘာသာ ဖြေရှင်းမယ်၊ ငါ့အတွက် ပူပင်ပေးဖို့ ငါ့မိဘတွေ ရှိတယ်၊ ဒီမှာ ဒီဒေး .. ပေးကမ်းခြင်းသည် အောင်နိုင်ခြင်း လို့ နင် ထင်နေသလား .."

"ကျွတ်!..."

စိတ်မရှည်တတ်သည့် ဒီဒေး မျက်နှာက မဲ့ခနဲ ဖြစ်သွားပြီး မျက် လုံးတွေပါ မှိတ်၏။

"နင် ဘာစကားတွေ လာပြောနေတာလဲ ကာလ .. ငါတို့ကြားမှာ ပေးကမ်းတာတွေ အောင်နိုင်တာတွေနဲ့ စကားကို အဆင်ဆိုးအောင် မလုပ်စမ်းပါနဲ့ ..၊ ငါ ပေးခဲ့တာ ငါ နင့်အပေါ်မှာထားတဲ့ စေတနာ





အစ်ခုတည်းပဲ .. ကျန်တာ ဘာမှမပါဘူး .."

"ဟွန်း .."

"ငါတို့နှစ်ယောက်ရဲ့ ပတ်သက်မှုကို ဘာနဲ့မှ စွန်းထင်းမခံနိုင်လို့ ဒီကားကိစ္စကို ငါ နင် လုံးဝ မသိအောင် အချိန်တွေ၊ ငွေတွေ အကုန်ခံပြီး ကြိုးစားခဲ့ရတာ၊ ကားတစ်စီး ပေးချင်လို့ နှစ်စီး အဆုံးခံခဲ့ရတာ၊ အဲဒါ တွေပြောတာ ဂုဏ်ဖော်တာ မဟုတ်ဘူး၊ နင့် လက်ခံမှာ မဟုတ်ဘူး ဆိုတာ သိလို့ ငါ ဘယ်လို လှုပ်ရှားခဲ့သလဲဆိုတာ ပြောပြတာ .."

ကာလ မျက်ဝန်းလေးတွေက အစိမ်းရောင်တောက်နေသလိုပင်..။ ဒီဒေး ကလည်း ပျော့ပျောင်းညင်သာစွာ မဟုတ်ဘဲ မလိုအပ်ဘဲ ရှင်း လင်းနေရတာကို စိတ်မရှည်ခြင်းတွေ ဖိစီးနေကာ ...

"နင့်အပေါ်မှာ ငါက ဒါကိုငြပြီး လွှမ်းမိုးဖို့ ကြိုးစားနေခဲ့လို့ လား ..၊ နင် အားနာစိတ်တွေ ဖြစ်လာအောင် တဖွဖွပြောပြီး အသားယူ နေခဲ့သလား၊ နင် ငါ့စိတ်ကို သိတယ် ကာလ ..၊ မဟုတ်တာတွေ လျှောက်တွေးမနေနဲ့ .."

ဒီဒေး ပြောချင်သလို ပြောချလိုက်ပြီးမှ ရှေ့ထပ်တိုး၍ ကာလ မျက်နှာလေးကို ငုံ့ကြည့်သည်။

အရပ်ချင်းက အနိမ့်နဲ့အမြင့်မို့ လူချင်း ကပ်လိုက်ပြီဆို ကာလ သူ့ကိုပဲ မော့ကြည့်ရသည်။

ဒါပေမယ့် ခုချိန်မှာ ဝေးလေကောင်းလေမို့ မျက်နှာလွှဲပစ်လိုက် မိကာ ...

"ငါ့စိတ်ကိုတော့ နင် မသိသေးဘူး ဒီဒေး ..၊ အဲဒါကြောင့် ငါ ဆုံးဖြတ်တာကို နားထောင်ဦး .."

"ဒါတွေ ပြောဖို့အတွက်နဲ့ နင် လာခဲ့တာလား .."

လုံးဝ မဟုတ်ခဲ့ပါ ..။

သားချစ် လာပြောတာတွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်လည်း သူနဲ့တွေ့ပြီး သေချာ ထပ်သိချင်သည်။ ပြောဖြစ်ရင်တောင်မှ 'နှင် တော်တော် လူတတ်ကြီး လုပ်ပါလား'ဆိုတာလောက်နှင့် ပြီးသွားမှာ ဖြစ်၏။

ဒီရှေ့ ဒီနေရာကို ရောက်လာခဲ့ပြီး ဟိုလူကြီးကို မြင်လိုက်ရမှ–

"ဟုတ်တယ် .. အဲဒါကြောင့် လာတာ ..၊ နှင်နဲ့ သားချစ် ဘယ်ငအကွက်တွေပဲ ရွှေ့နေနေ ငါ့ဆုံးဖြတ်ချက်နဲ့ ငါ ဘယ်သူနဲ့မှ မဆိုင်ဘူးလို့ တွက်ပြီးသား၊ အခု နှင် လုပ်ချလိုက်တာ ငါက အရှုံး .."

"ဘာလို့ အရှုံးဖြစ်ရမှာလဲ ..၊ နှင်က ငါ့အတွက် ထာဝရ အချစ်နတ်သမီးပဲ ကာလ ..၊ ငါ မြတ်နိုးတာ .. ငါ စွဲစွဲလမ်းလမ်း ချစ်ခဲ့တာ–ပြီးတော့ ငါ တန်ဖိုးထားရဆုံး မိန်းမ .. အဲ့ဒါ ဆောင်းကာလ ဆိုတဲ့ နှင်ပဲ၊ ဒီကား လဲပေးခဲ့တဲ့ကိစ္စကြောင့် နှင် ငါ့ကို အပြစ်တင် မုန်းတီးဦးမယ်ဆိုရင်တော့ အဲ့ဒါ ရှင်းရှင်းလေးပဲ .."

"ဘာ!..."

"နှင် ငါ့ကို လုံးဝ ကျိုင်ရာတာ .."

"ဩော် .. နှင် လုပ်သမျှကတော့ ကောင်းနေခဲ့တာယ်ပေါ့ .."

"မကောင်းဘူးလို့ နှင် ထင်မှာပဲဆိုတာ သိတယ်၊ အဲ့ဒါကြောင့် ငါ နှင် မသိအောင် ချွေးပြန်အောင် ကြိုးစားခဲ့ရတာ၊ ဒီဒေး ဆိုတဲ့ ငါ့ ရာဇဝင်မှာ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရလောက်အောင် ခက်ခဲခဲ့တာ နှင့်အတွက်ကျမှ ပထမဆုံးပဲ .."

ကာလ ရဲ့ ပခုံးစွန်းလေးနဲ့ သူ့လက်မောင်းကို တိုက်ခေါ်လိုက်ရင်း ...

"ကာလ .."

မော့မကြည့်ပေမယ့် သူမ မျက်နှာလေး လှည့်မလို ဖြစ်သွားတာကို သူ စိုက်ကြည့်မိကာ ...

"နှင့်ကို ငါ ချစ်တယ် .."





"ငါ အဲ့ဒါကို နားထောင်ဖို့လာတာ မဟုတ်ဘူး .."

"သိတယ် ..၊ ဒါပေမယ့် နှင့်ကို အဲဒီလောက်တောင် မြတ်မြတ်နိုးနိုးကြီး ချစ်တဲ့ကောင်က နှင်နဲ့ ခဏခဏ စိတ်ဆိုး ရန်ဖြစ်စရာတွေ ရှာတီးချင်နေမလား ..၊ ဒီကိစ္စ နှင် သိတာနဲ့ ဒီလိုတွေ ဖြစ်လာမှာကို သိသိနဲ့လေ .."

"ဒါတော့ နှင့်စိတ်ကူးတွေ နှင်ပဲ သိမှာပေါ့ .."

ကာလ မျက်နှာလေးက သူ ပြောခဲ့သမျှ စကားတို့အပေါ်မှာ ညှို့သက်ပျော်ဝင်ခြင်း မရှိခဲ့ကြောင်း ပြသနေခဲ့သဖြင့် ဒီဒေး တင်းခနဲ အံကြိတ်သည်။

"ဒီဒေး .."

သူမ ပြောချင့်တဲ့ စကားကျတော့ အစိမ်းရောင်သမ်းနေသလို မျက်ဝန်းလေးတွေ ရူးရူးလက်လက်နှင့် မော့ကြည့်လာကာ ...

"နှင် စေတနာနဲ့ ဒါတွေလုပ်တာ ထားလိုက် ..၊ နှင့်စေတနာကို ငါ စော်ကားနေတယ်ဆိုတာလည်း ဟုတ်တယ်ပဲ ထားလိုက်စမ်းပါ၊ အဲဒီအချိန်မှာ ငါ တကယ် အဟုတ်ကြီးမှတ်ပြီး မျက်ရည်ကျအောင် ဆိတ်လန့်ခဲ့ရတာတွေ၊ ငါ ဒုက္ခရောက်နေတုန်းမှာ ဖြေရှင်းပေးနိုင်ခဲ့တဲ့ သူဆိုပြီး နှင့်အပေါ်မှာ အထင်ကြီး အားကိုးခဲ့တာတွေ .."

"အခု မကိုးနဲ့တော့ ..၊ ဘာမှ အထင်ကြီး အားကိုးစရာ မရှိတဲ့ ကောင်လို့ မှတ်လိုက် .."

နာကျင်မှုကြောင့် ကိုယ့်အသံကိုတောင် မမှတ်မလောက်အောင် သြရှ ပျက်စီးနေခဲ့၏။ ဒီလောက်ထိ ချစ်နေခဲ့တာတောင် သူမ ထင်ရက်သည်။

မှားယွင်း အထင်ကြီးမိလေခြင်းဆိုသည့် နောင်တတွေနဲ့ လာစွပ်စွဲတာကို ဘယ်လို ရှောင်ထွက်ရမှာလဲ ..။ ကိုယ်ဟာ တကယ်ပဲ သူမ အထင်ကြီးအောင် ကိုယ့်စရိတ်နဲ့ကိုယ် ဟီးရီးလုပ်ခဲ့တဲ့ လူလား ..။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငိုခဲ့ရတဲ့ မျက်ရည်တွေကို ငါ ပြန်လျော်မပေးနိုင်ပေမယ့် အဲဒီမျက်ရည်တွေအတွက်ရော .. အထင်ကြီးအောင် လုပ်ခဲ့သလို ဖြစ်ခဲ့တဲ့အတွက်ရော .. နင် အရှုံး မဖြစ်အောင် ငါ့ကို မေ့လိုက်ပါ၊ ငါတို့ ဘယ်တုန်းကမှ မသိခဲ့ဘူးသလို နေလိုက်မယ် .. ရပြီလား .."

ကာလ မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။ ဆုပ်ကိုင်ထားမိသော ကားသော့က လက်ထဲမှာ ချိုးချိုးချွတ်ချွတ် မြည်သွားတဲ့အထိ ဖိဆုပ်လိုက်မိသည်။

"ငါ အဲဒီလိုမှ နောက်ပြန်မဆုတ်ရင် နင့်အပေါ်မှာ မရိုးသားဘဲ ကြံစည်နေခဲ့တယ်ဆိုတဲ့ အပြစ်ကနေ လွတ်မြောက်ခွင့်ရမှာ မဟုတ်တော့ဘူး .. အဲ့ဒါ သေချာတယ်၊ ငါ အချစ်ကို သူတောင်းစားလို တောင်းရဲတယ် ကာလ .. ဒါပေမယ့် ဇော်ကားတာတော့ မခံနိုင်ဘူး"

ဘောင်းဘီအိတ်တွေထဲ လက်ထည့်၍ သူ နောက်ဆုတ်ရပ်လိုက်သည်။

ထိုအခါ တစ်ဖက်လှည့်နေသည့် ကာလ ရဲ့မျက်နှာလေးကို ဧစေ့ကြည့်ခွင့် ရသွားခဲ့ပြီး ...

"နင် စိတ်ချမ်းသာသလို .. ပျော်သလို နေပါ .. ငါ မနှောင့်ယှက်ဘူး၊ တစ်ခုပဲရှိတယ် .. အဲဒါတွေအတွက် နင့်လက်ထဲမှာပဲ ကားကို ထားပါ၊ ငါ့ကို ပြန်မပေးပါနဲ့ .."

"မလိုဘူး .. ငါ့အတွက် ဘာမှ မလိုဘူး၊ နင် ပြောလို့ပြီးပြီမို့လား"

ကာလ သူ့ကို ပြန်မကြည့်ဘဲတော့ဘဲ သော့ကို စားပွဲပေါ်ရောက်အောင် သွားတင်သည်။

ပြီးတော့ တံခါးဆီ တစ်ခါတည်း လှည့်၏။ ဒီဒေး သူမဘေးကို ဖျတ်ခနဲ ရောက်သွားကာ ...

"နေဦး .."

"ဖယ် .. သွတ် .."





"ကာလ နော် .. နင့်ကို ငါ အလဲအလှယ်သဘောနဲ့ပဲ ခွင့်ပြုတာ၊ အဲဒီလို ဒေါသတွေ .. မုန်းတီးခြင်းတွေနဲ့ ထွက်သွားလို့ မရဘူး .."

"ဒီဒေး .. နင် .."

ကာလ သူ့လက်တွေကို နာကျင်အောင် ထုနှက် ရိုက်ပုတ်၍ ရုန်းသည်။ ဒီဒေး က အတင်းအကျပ် ဆွဲချုပ်ထားကာ ...

"ငါ့စိတ်တွေ ရိုင်းချင်လာအောင် နင် မလုပ်နဲ့ ...၊ ဒီတိုင်း မသွားရဘူး .."

"ဟင့်အင်း .."

ဆွဲလားရုန်းလားတွေ ဖြစ်ရင်း ကာလ တံခါးချပ်ပေါ်မှာ နောက်ပြန်ပေး ကပ်သွားသည်။

ရင်ခွင်ကျယ်ကို အတင်းရိုက်ပုတ် ရှိက်ငိုသည့်အခါ ဒီဒေး သူမ လက်လေးတွေကို ဖမ်းဆုပ်ထားမိကာ ...၊

အနမ်းသည် ဆုံစည်းခြင်း အမျိုးမျိုးကြောင့် ဖြစ်ထွန်းတတ်ခဲ့ပြီး...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မေမေတို့ကလည်း .."

"အလိုလေးတော် .. ဒီလောက် စေ့စပ်ဖို့ သင့်နေတာကို စေ့စပ်ဖို့ လုပ်တာ ဘာဖြစ်လို့လဲ .."

"နေ့လယ်ခင်းကြီး တစ်ခန်းတည်း အတူတူရှိနေတာကို .. အလုပ် လုပ်နေကြရင်ရော ဒီလိုရှိနေကြမှာပဲ မဟုတ်ဘူးလား .."

"အခု သမီးတို့က အလုပ်လုပ်နေကြတာလား .."

ကာလ ပါးပြင်လေးတွေ အရောင်ရင့်နေပေမယ့် ဒါကို သိပ်လည်း မကျေနပ်ချင် ..။

ဒီဒေး ကောင်စုတ် ..၊

ပြောတော့ဖြင့် မိုးလား ကဲလား ..၊ အားလုံးကို မေ့လိုက်တော့ မယ်ဆိုတာက ပါသေး ..။

ပြီးတော့ ဂုဏ်သော့ကြီး လက်ထဲ အတင်းထည့်ပေးပြီး အကြောင်း ပြကောင်းနေတာ ဘယ်လိုပြောလို့မှ ပြန်ခွင့်မပေးခဲ့ပေ ..။





ယူပြီးတော့ပဲ ပြန်မယ်ဆိုတော့ သူ့ကို တကယ် မုန်းတာလား တဲ့ ..၊

"သမီး .."

"ရှင် .."

"ဩော် .. မေးတာကို ဘာမျှ ဖြေမလို့ စဉ်းစားနေသလဲလို့၊ ပြောပါဦး .. သမီးတို့က တစ်ခန်းတည်းမှာ တစ်နေ့လယ်လုံး ညနေ စောင်းတဲ့အထိ ဘာလုပ် .."

"မေမေ .."

"ဟင် .."

"မေမေ ဘာတွေ မေးနေတာလဲ ..၊ ဖေဖေ ကြားသွားတော့မှာ ပဲ .."

ကြားမကြားတော့ မသိ ..၊ ဖေဖေ ဖုန်းပြောနေရင်း လှည့်ကြည့် တာ အကြာကြီး ..။

"ကြားမှာစိုးရင်လည်း မေးချင်စရာတွေ မလုပ်နဲ့လေ၊ သမီးနဲ့သူ အပေါ်မှာ နှစ်ယောက်တည်း ရှိနေကြတာကို အောက်ထပ် တစ်ရုံးလုံးက သိနေကြတယ်၊ ဘုံ ဆိုတဲ့ကောင်မလေး သူဌေး ဦးမိုးကောင်း ရဲ့သမီး လေးက စောင့်နေတာတဲ့ .."

"အဲ့ဒါ သမီးတို့ တခြားကိစ္စ ပြောနေကြတာ မေမေရဲ့ .."

"ညနေစောင်းတဲ့အထိလား .."

"ဟာ!... အဲ့ .. အဲ့ဒါက .."

"သမီးရယ် .. အဲဒီအပေါ်ထပ်က ပြင်ဆင်နေတုန်း ရှိသေးတာ၊ ဒီဒေး က ခုမှ သူ့ကိုယ်ပိုင်အလုပ် ထူထောင်တာလေ ..၊ အလုပ်လုပ်နေ တာ မဟုတ်တဲ့ အခန်းထဲမှာ သမီးတို့ကလည်း ချစ်သူမကျ သူငယ်ချင်း မကနဲ့ .."

"အဲဒီကောင်မလေးကြောင့် ခက်ကုန်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက ဖြူစင်ပါတယ်၊ ညည်းအဖေ ပြောတဲ့အတိုင်းဆို ဦးမိုးကောင်း က သူ့သမီးကို ဒီဒေး နဲ့ စိတ်ကူးထားတာတဲ့၊ ဒါပေမယ့် သူတို့ချင်းက ဖြူဖြူစင်စင် ဖြစ်နေကြလို့ ဒီတိုင်း ကြည့်နေရတာတဲ့၊ ဒီဒေး ကို ကြည့်ရတာ သမီးကို တော်တော်မြတ်နိုးနေတဲ့ပုံပဲ ကာလရယ် .. ဘာတွေ စိတ်ညစ်နေတာလဲ .."

"မေမေကလည်း သမီးတို့က အလုပ်လုပ်ကြဦးမှာ ..၊ အဲဒါ သူ့ကို ပြောထားတဲ့ဟာကို .."

"သူ အလုပ်လုပ်နေရင် သမီးက ဘာလုပ်မှာလဲ ..၊ နောက်ပြီး သမီးအဖေကို သမီး ကူညီမယ်ဆိုရင်လည်း ဒီဒေး လက်ခံမှာ မဟုတ်ဘူး၊ သမီးအဖေကို သူ အခု ကူညီနေတာပဲလေ .."

"အဲဒါဆို ပိုဆိုးသွားပြီ မေမေ ..၊ သမီးက ဒီယောကျ်ားရဲ့ အစွမ်းအစတွေကို ငုတ်တုတ်ထိုင်လေး စားပြီး အလုပ်အကျွေးသက်သက်ကြီး ဖြစ်နေရမှာလား .."

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ .. သမီးတို့က သူငယ်ချင်းတွေပဲ၊ အလုပ်လုပ်ရင်း တစ်ယောက်ကိုတစ်ယောက် ကူညီစရာတွေ တွေ့လာမှာပါ၊ မေမေက ဒီဒေး ကို အစောကြီးတည်းက အမှတ်ပေးချင်တာ၊ ဒါပေမယ့် သူက နည်းနည်း ခက်ထန်နေသလားလို့ တွေးရင်း သမီးတို့ သူငယ်ချင်းရင်း ပိုသိမှာပဲဆိုပြီး ဘာမှ မစွက်ဖက်ခဲ့တာ .."

"ခုကျတော့ သူက နေ့စဉ်ပါရစေဆိုတာနဲ့ပဲ ဘာဖြစ်လို့ ဝမ်းသာအားရကြီး ခေါင်းညိတ်လိုက်တာလဲ .."

"သမီး သူ့အပေါ်မှာ စိတ်ဝင်စားမှု ရှိနေပြီဆိုတာ သိလို့ပေါ့.."

ကာလ မျက်လွှာချပစ်တော့ ဒေါ်နှင်းမွှင့် က ပြုံးလိုက်ကာ ...

"ဒီဒေး က သူ့မိထွေးနဲ့လည်း နေတာ မဟုတ်ဘူး၊ အဖေကလည်း အနားမှာ မရှိဘူး၊ ချမ်းသာလိုက်တာလည်း ကျိုကျိုတက်ပဲ၊ ဘာလိုသေးလို့လဲ သမီးရယ် .."





"မလိုပေမယ့် သူ့ကို သမီး ပြုပြင်ပေးလို့ မရသေးတာတွေ ရှိတယ် မေမေ .."

"ဘာတွေလဲ .."

"အရမ်း ဖွတ်တရွတ်ဆန်တယ် .. ဒေါသကြီးတယ် .."

"သြော် ဒါတွေက အရမ်းချမ်းသာပြီး တစ်ကောင်ကြွက်ဘဝနဲ့ စိတ်တိုင်းမကျစွာ ကြီးပြင်းလာခဲ့ရတဲ့ ရိုက်ခတ်မှုတွေပါကွယ် ..၊ သားမယားလက်ထဲကျရင် နူးညံ့လာတတ်ပါတယ်၊ ပြီးတော့ အသက်အရွယ် အချိန်အခါက ကုစားသွားမှာပါ၊ ခုမှ နေ့စဉ်မှာပဲ ရှိသေးတာ .. သမီး သူ့ကို လေ့လာ ပြုပြင်ဖို့ အများကြီး အချိန်ရပါသေးတယ် .."

ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည့် ဦးမိုးဆောင်း က ဖုန်းတစ်လုံးနဲ့ ပြောရင်း တစ်လုံးကို ကာလ လက်ထဲ လာထည့်၏။

ကာလ က ငုံ့ကြည့်လျှင် ...

"ဘယ်သူလဲ သမီး .."

"ဒီဒေး မေမေ .."

"သြော် .. ပြောလိုက် .. ပြောလိုက် ..၊ မေမေ ဟင်းသွားနွှေးလိုက်ဦးမယ် .."

ဒီဒေး ဆိုတာနဲ့ပဲ မပြောရသေးဘဲ ရင်ခုန်သံတွေ မြန်လာခဲ့၏။

လိုချင်ပြီဆို မရမက ယူလာတတ်ခဲ့ခြင်း များစွာထဲမှာ ဒီက အတင်းရန်းဖယ် ငြင်းဆန်နေသည့်ကြားကနေ အနမ်းဓားပြ လုပ်သွားခဲ့တာ သူ့ရင်ခွင်ထဲမှာ သူမ သတိလစ်သွားခဲ့သလိုပင် ...။

"ဟလို .."

"ကာလ .. ခဏ ထွက်ခဲ့ပါလား ..၊ ကိုယ် ဝယ်လာတာ ပြချင်လို့ .."

"မထွက်ချင်ပါဘူး .. နောက်မှပဲ ပြတော့ .."

"အိုခေ .. ဒါဆို ကိုယ် လာခဲ့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒေး .. ဒီဒေး .."

ခေါ်လို့မရတာနှင့် တန်းသိလိုက်သည်။ ဒီဒေး ဒီနားတစ်ဝိုက်မှာပဲ ရှိနေတာ ဖြစ်နိုင်သည်။

မကြာခင် ရောက်လာတော့မှာ သိကာ ထိုင်ရမလို ထရမလိုနှင့် ဖုန်းကို ဒီတိုင်း ကိုင်ထားမိလျက် ...

"ဖေဖေလည်း ဧည့်သည်တွေနဲ့ ချိန်းထားတယ်၊ ဒုက္ခပါပဲ .."

သူမ စိုးရိမ်နေတုန်း ဖေဖေ ဖုန်းပြောလို့ ပြီးသွားပြီဖြစ်ကာ ...

"သမီးမေမေရော .."

"နောက်ဖေးဝင်သွားတယ် ဖေဖေ ..၊ ဟင်းသွားနွှေးမလို့တဲ့ .."

"အေး .. သူတို့လာကြပြီ သမီးရဲ့ ..၊ ဖေဖေ ဟိုဘက်မြေပိုကို ဝယ်လိုက်တာနဲ့ အိပ်မက်တောင် မမက်ခဲ့ဘူးတဲ့၊ ကံကောင်းခြင်းတွေ ရလာပြီ .."

"ဒါဆို ရှယ်ယာဝင်တွေ တိုးလာဖို့ သေချာပြီပေါ့နော် ဖေဖေ.."

"ဒါပေါ့ .. အဲဒါ ဒီဒေး ကို ကျေးဇူးတင်ရမယ်၊ မြေဝယ်ဖို့အတွက် လိုအပ်သမျှ သူ အားလုံး ကူညီခဲ့တာ .."

ကာလ စိတ်ထဲမှာ လေးကျသွားသည်။ သူ့ကို ဒါတွေပြောရင် ဒေါ်တွေပါလိမ့်ဦးမည်။

သူ့အချစ်ကို ဒါတွေနဲ့ ရောထွေးပြီး မခံစားချင်ပါ။ ထို့ပြင် ကိုယ်ချစ်နေတာတွေကို ဘယ်လိုပြောရမလဲ ..၊

"မမဆောင်း .. အိမ်ရှေ့မှာ အစ်ကိုလေး ရောက်နေပါတယ် .."

"ဟင်၊..."

"ဩော် .. သမီးတို့ ချိန်းထားတာလား .."

"ဟုတ် ..၊ ဟို .."

"ရတယ်လေ .. သမီးတို့ သွားစရာရှိတာ သွားကြ၊ ဧည့်သည်တွေက လေးယောက်တည်းပါ"





"မသွားဘူး ဖေဖေ .. ဧည့်သည်တွေနဲ့ မေမေ အလုပ်ရှုပ်နေမှာပေါ့၊ ဒီဒေး က ဒီမှာပဲ စကားပြောမှာပါ"

ဒီဒေး ရှေ့ကျမှ လိုက်သွားပါ ဘာညာ ပြောနေမှာစိုးကာ ဒါပဲပြောပြီး ဧည့်ခန်းဘက်ကို ထွက်လာခဲ့မိ၏။

"ဒီဒေး .. လာလေ .. ခြံထဲမှာ ပြောရအောင် .."

"ကောင်းသားပဲ .."

ခြံထဲမှာ နှစ်ယောက်တည်း စကားဆင်းပြောရင် သူငယ်ချင်းနဲ့တွေ့ပါဘူးဆိုပြီး တော်ရုံနဲ့ ခေါ်လို့ မရတတ်ခဲ့သဖြင့် ဒီဒေး ဝမ်းသာအားရ ခေါင်းညိတ်သည်။

ဒါပေမယ့် ဒန်းပေါ်မှာ အတူထိုင်မိကြကာမှ ကာလ မျက်နှာလေးကို ကြည့်ကာ ...

"ပုံစံကြည့်ရတာ ငါ့ကို အိမ်ထဲမှာ မနေစေချင်တာ ထင်တယ်.."

"မဟုတ်ပါဘူး ..၊ ဧည့်သည်တွေ လာမှာမို့လို့ .."

"တွေ့လား .."

"ဘာတွေ့လားလဲ .."

ကာလ သူ့ကို မျက်စောင်းထိုးမိကာ ...

"စေ့စပ်တော့မှာကို မြင်တဲ့လူတိုင်းက မေးနေကြတာ၊ အဲဒီလူတွေက နင့်ကိုရော ဖေဖေ့ကိုရော သိနေတဲ့လူတွေ .."

"သိတော့ ဘာဖြစ်လဲ ..၊ မေးပါတောင် ဆုတောင်းနေတာ ..၊ ဒီမှာ ဖြေချင်လွန်းလို့ .."

"ဟွန်း .."

ကာလ သူ့ကို မျက်လုံးလေး စောင်းကြည့်ပြီး နှာခေါင်းရှုံ့သည်။

ရုပ်အင်္ကျီလက်ရှည် အဖြူအနီကွက်စိတ်လေးနှင့် စကက်ရှည် အဖြူရောင် ပျော့ပျော့ကပ်ကပ်လေးနဲ့ ကာလ သည် ဆံပင်ရှည်တွေ ဖြန့်ချထားသဖြင့် ညနေဆည်းဆာအောက်မှာ ဝင်းဝင်းနှစ်နှစ်လေး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

ပြီးတော့ ပါးကွက်ရှည်လေး နှစ်ဖက်ကို သွားပွတ်တံနှင့် ခြစ်ထား သည့်အရာလေးတွေ ထင်ကာ ထိုပါးမို့လေးတွေကို ကြည့်ရင်း ဒီအေ က ရယ်သည်။

"ဘာရယ်တာလဲ ..၊ လူကို ကြည့်ပြီးတော့ .."

"ညနေပိုင်းမှာ ပါးကွက်လေး ကွက်ထားတော့ ချစ်ဖို့ကောင်းမေ လို့ .."

"ဒီအေး နော် .. မျက်နှာကြီးကို သွားအဖြီးသားနဲ့ ဒီဘက်မှာချည် ပဲ၊ ညှို့ခန်းပြတင်းက ကြည့်ရင် မြင်ရတယ် .."

"မြင်ရင် မျက်နှာလွှဲသွားမှာပါ၊ အဲဒီလို တားမြစ်ကန့်သတ်မှာတွေ စိတ်ပျက်လို့ အမြန်ဆုံးကို စွေ့စပ်ချင်တာ၊ ကျွတ် .. ရက်ရာဇာ ပြဿနာ တွေက ရှုပ်နေသေးတယ် .."

သူ့ဟာသူ ပြောပြီး ရှုံ့မဲ့နေသေးသည်။

"ဒီအေး .."

"ဟင် .."

"ငါ ပြောစရာ ရှိတယ် .."

"ပြော .."

"နင့်စိတ်ကို ငါ နားလည်ပါတယ် .."

"လည်သွားပြီလား ..၊ ဒီနေ့ ထိထိုးမှပဲ .."

"စကားအကောင်းပြောမလို့ ဘယ်လိုဖြစ်နေတာလဲ ..၊ မပြော တော့ဘူး .."

"မဟုတ်ဘူး .. ပြော .. ပြော .. ဆောရီး .. ပျော်လို့ စတာ .."

လက်ကို ဆွဲထားပြီး မလွှတ်ဘဲ သူ့လက်နှစ်ဖက်ထဲမှာ ထပ်ဆုပ် ထား၏။

"ပြောကွာ ..၊ မြန်မြန်မပြောရင် အတင်းနမ်းမိတော့မယ် .."





"အံမယ် .. ဘာဆိုင်လို့လဲ .."

"ဆိုင်တယ် ..၊ ဘာပြောမှာလဲလို့ ခင်ဗျားမျက်နှာကို ကြည့်နေရ တာ ဘယ်လောက် ဒုက္ခကြီးလဲ သိလား .."

"အဲ့ဒါဆို ဟိုဘက်လှည့်နေ .."

"အဲဒီလိုလည်း မရလို့ပေါ့ .."

ပြောပြီး အနားတိုးကာ ပခုံးချင်း ထပ်ကပ်သည်။ ကာလ မျက်လုံး ဝိုင်းသွားကာ ဟိုဘက် ထပ်တိုးဖို့ပြင်သည်နှင့် ခါးကို ဖက်ထားလိုက် ပြီး ...

"ငြိမ်ငြိမ်နေနော် ..၊ ဒီပုဂ္ဂိုလ်လေးက စိတ်ဖောက်ပြန်လာရင် မရ ဘူး .."

"ဒီအေး... ဘယ်လိုဖြစ်နေတာလဲ ..၊ ဟိုမှာ ညှို့သည်တွေ ရောက် နေပြီ .."

"ဒန်းနဲ့ကွယ်နေတာ ဘယ်သူမှ မြင်ရအောင် သေချာ ချောင်း ကြည့်ဘူး ..၊ ပြောမှာ ပြောကွာ .. မလိုအပ်တာတွေပဲ ပြောနေရ တယ် .."

"ရုပ်ကြီးကိုက .. ဟွန်း .."

"ဟား .. ဟား .. ဟား ..."

သူက ကြိတ်ရယ်ပြီး ဖက်ထားတာကို လွှတ်ပေးသည်။ ပြီးတော့ ဆိုင်ထားသည့် ကာလ ရဲ့ လက်ခုံနုနုလေးကို မနာအောင် ကိုက်ပစ် လိုက်ပြီး ...

"အရမ်းချစ်တာပဲ .. ကိုယ့်ကိုရော .."

"ဘာလဲ .."

"ချစ်ကယ်လို့ ဘယ်တော့ ပြောမှာလဲ .."

"ငါကတော့ ပြောဖို့ မလိုတော့ဘူး ထင်တာပဲ .."

"ဘာလို့ မလိုရမှာလဲ .. ခင်း ကိုယ့်ကို ကြည်ဖြူနေတာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်တယ်၊ ဒါပေမယ့် ချစ်တယ်လို့ အဖြေမပေးသေးဘဲနဲ့တော့ မင်းရဲ့အချစ်ကို ရပြီလို့ ဘယ်လို သတ်မှတ်ရမှာလဲ ..”

ကာလ သူ့မျက်နှာကို ငုံကြည့်သည်။ သူကလည်း ပြန်ကြည့်နေကာ ...

“ခုထိ စဉ်းစားနေရတုန်းပဲလား ကာလ ရယ် ..၊ ကိုယ် မင်းအချစ်ကို ပိုင်ပိုင်နိုင်နိုင် မရသေးဘဲ နေ့စပ်ဖို့ ကြိုးစားမိတဲ့အတွက် ..”

“အဲ့ဒါတွေ ငါ နားလည်ပါတယ် ..”

“နားလည်တယ် ..၊ နားလည်တယ်ဆိုရင် ဘာကြောင့်လဲ ..”

“ပြောမလို့ဟာ ..၊ သူပဲ တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေတာ ..”

“တစ်ယောက်တည်းပဲ ချစ်နေရတာကျတော့ သနားဖော် မရဘူး၊ ဒီမှာ မင်းအတွက် ကိုယ့်အနာဂတ်ကို ဘယ်လို ဖန်တီးဖို့ ပြင်ဆင်ထားခဲ့သလဲ သိရဲ့လား ..”

“ဟင့်အင်း ..”

“မင်း စိတ်ချမ်းသာဖို့ မင်းနဲ့ ကိုယ်တို့ရဲ့ မိသားစုလေးတစ်ခု ထာဝရ နွေးထွေးချမ်းသာဖို့ ..၊ အဲဒါတွေအတွက် ကိုယ် ဘယ်လောက်ထိ မျှော်လင့်နေရသလဲ .. အများကြီးပဲ ကာလ ရယ် .. ကိုယ့်စိတ်ကူးတိုင်းက မင်း ..၊ ကိုယ့်ရဲ့အနာဂတ် .. ကိုယ့်ဘဝတစ်ခုလုံးမှာ မင်းမရှိလို့ မဖြစ်ဘူး ..”

ရင်ထဲမှာ တသိမ့်သိမ့် လှုပ်ခတ်သွားသည်။ ဒီလို လေးနက်သည့် ချစ်ခြင်းတွေနဲ့ တွေးပွေ့လာသည့်အခါ သူ့လက်ထဲမှာ ထည့်ထားခဲ့သည့် ကိုယ့်ရဲ့လက်တစ်ဖက်ဟာ နွေးမှာအေး၍ ဆောင်းမှာ နွေးတော့မလိုလို..။

“ဒီက ပြောလို့ ရပြီလား ..”

“ပြော .. ချစ်တာတွေပဲ ပါပစေ .. မတည့်ရာ မတည့်ကြောင်းတွေ မပြောနဲ့ ..”





“ပြောရမှာပဲ ..၊ နေ့စပ်ပြီးမှဆိုရင် နင့်ကို ငါ ဘာမှ ပြောဆိုရတော့မှာ မဟုတ်ဘူး ..”

“ဘာ!... ဘယ်လိုပြောလိုက်တယ် ..”

မထင်မှတ်ဘဲ ဒီဒေး က မျက်စိပျက် မျက်နှာပျက်နှင့် လူနားကနေ ချုတ်ခနဲ ခွာလိုက်၏။

ပြီးတော့ ကာလ မျက်နှာလေးကို စိုးရိမ်သည့် မျက်ဝန်းတို့နှင့် ကြည့်၍ ...

“ဒီလောက်တောင် မင်းမှမင်း အလိုလိုက် အလျှော့ပေးနေတာကို ဘာမှ ပြောဆိုရမှာ မဟုတ်ဘူး ထင်တယ် ဟုတ်လား ..၊ ကိုယ်က မင်းကို မိန်းမတစ်ယောက် လိုအပ်နေလို့ လက်ထပ်မှာနဲ့ တူနေလို့လား ..”

“ဟင့်အင်း .. အဲဒီလိုတော့ မဟုတ်ဘူး ..၊ ဒါပေမယ့် မသိဘူး ဒီဒေး .. နင် ဒေါသကြီးတတ်တာကို ငါ လန့်တယ် ..”

“အဲဒီဒေါသတွေ ခင်ဗျားအတွက် အလှူကြီး ပေးခဲ့မယ် ..၊ လက်မထပ်ခင် အားလုံး လှူပစ်မယ် .. ရလား ..”

“ကြည့်ပါလား .. လူကို ရွဲ့ပြန်ပြီ ..”

“ကျွတ်!...”

ဒီဒေး ရှုံ့မဲ့သွားကာ ကျောမှီမှာ ပတ်ခနဲ မှီ၏။

ပြီးတော့ ကာလ ကိုယ်လေး သူ့ရင်ခွင်ထဲ ယိုင်ကျသွားအောင် လက်ကို ဖိဆွဲယူကာ ...

“အဲဒီလိုတွေပြောတာ လူကို အရိုက်ခံရသလိုပဲကွာ ..၊ ဒဿဂီရိတောင် ဘီလူးပေမယ့် မယ်သီတာကို ချစ်တဲ့အချစ်က ပန်းဝတ်မှုန်လို နူးညံ့ခဲ့ပါတယ်၊ ကိုယ်က ဘီလူးတစ်ကောင်ထက် ကြမ်းတမ်းနေလို့လား ..”

“ဟင့်အင်း ..”



www.burmeseclassic.com

www.burmeseclassic.com



ကာလ ကိုယ်တိုင် ပတ်ဝန်းကျင်ကို မေ့လျော့ကာ သူ့ပခုံးစွန်းမှာ ခေါင်းလေး ကပ်မှီလိုက်၍ ...

"နင့်ကို ငါ ချစ်တယ် .."

"ဟင်!... ဘာ .. မကြားလိုက်ဘူး .."

"ချစ်တယ် ..၊ အရမ်းချစ်တယ် .. ရှင်ကြီး ကို .."

"ဟား .. ဟား .. နောက်ထပ် ရှဲ့ဖြေစမ်းပါ ..၊ နားထောင်ရတာ အားမရလို့ .."

"ဒါပေမယ့် ရှိသေးတယ် .."

"ပြော .."

"ငါတို့အချစ်တွေကို စွန်းထင်းကုန်မယ့် ကူညီထောက်ပံ့တာမျိုးတွေ မလုပ်ပါနဲ့တော့ .."

"ဟင်!..."

သူ နားမလည်သလို တစ်ချက်ဖြစ်သွားသည်။

ဒါပေမယ့် အကင်းပါးသူမို့ ချက်ချင်း သိသွားကာ မျက်နှာပေါ်မှာ တချို့တလေ ကျနေသည့် ဆံပင်တွေကို ဖြစ်ဆလို ထိုးတင်လိုက်ပြီး ...

"ဘာတွေများ ထောက်ပံ့နေလို့လဲ ကာလ ရယ် .. ကိုယ်က တစ်ယောက်တည်းသမားလေ၊ ငွေတွေရှိပေမယ့် ခုမှ မြေစမ်း ခရမ်းပျိုးရတုန်း .. အန်ကယ်လ်က လုပ်ကွက် သိတယ်၊ ဒါပေမယ့် လိုအပ်နေတယ် .. ကိုယ် အလကားပေးတာလည်း မဟုတ်ဘူး၊ အဆင်ပြေသွားအောင် ချိတ်ဆက်ပေးခဲ့တာ .."

"နင့်စေတနာကိုရော .. နင့်စိတ်ကိုရော ငါ နားလည်တယ်လို့ ပြောပြီးပြီပဲ၊ ဒါပေမယ့် နင်နဲ့ ဖေဖေ ဘယ်လို ချိတ်ဆက် လုပ်ကိုင်နေကြတယ်ဆိုတာ အသိုင်းအဝိုင်းထဲမှာ တော်တော်များများ သိကြတယ်၊ အထူးသဖြင့် နင် ကူညီနေတာကိုလေ .."





"အဲဒီတော့ ဘာဖြစ်လို့လဲ ..၊ အန်ကယ်လ် အလုပ်လုပ်ဖြစ်အောင် ငါ ကူညီတော့ သူ လုပ်ကိုင်တာတွေကို အနီးကပ် လေ့လာလို့တောင် ရှိသေးတယ် .."

"ငါ့စိတ်ထဲမှာ အဲဒီလို မခံစားမိဘူး .."

"ဘယ်လို ခံစားမိနေလဲ .. ပြော .."

"ငါ ပြောမရာလိုသေးသလား ဒီဒေး ..၊ နင် ဒီလောက် မအပါဘူး .."

"ဦးမိုးဆောင်း နဲ့ ဆောင်းကာလ တို့ သားအဖရော ဒီလောက် အပါမလား တွေးကြည့်ပါဦး ..၊ ဒီဒေး ဆိုတဲ့ကောင်ကလည်း ကိုယ့်ကို ကြင်နာတဲ့ မိန်းမတစ်ယောက်ကို ကြွေးနဲ့ သိမ်းယူရလောက်အောင် ကြောင်သေးဘူး၊ အားလုံးက အမုန်းအကန်တွေချည်းပဲ .."

"ပတ်ဝန်းကျင်ဆိုတာ မကောင်းတာကိုပဲ ပြောချင်ကြတာ ,.."

"ပြောပစေကွာ .. ဘာဖြစ်လို့ ဒါကျမှ သတ္တိနည်းနေရတာလဲ.."

"ဘာဖြစ်ဖြစ် .. နောက်ဆို ငါ့ကို အရင်ပြောပြရမယ် .."

"ပြောမှာပေါ့ ..၊ ကိုယ့်မိန်းမကို မပြောလို့ ဘယ်သူ့ကို သွားပြောရမလဲ .."

"ဒီဒေး နော် .."

"စေ့စပ်ပြီးရင် မြန်မြန်လက်ထပ်မယ်ကွာ..၊ အတူတူနေချင်တယ်.."

"ထင်လို့လား ..၊ ခုတောင်မှ နင် တစ်နေ့ကုန် အားရတယ် မရှိဘဲနဲ့ .."

"ဟာ!... မတူဘူးလေ ..၊ ကိုယ့်မိန်းမ ဖြစ်နေပြီဆိုရင် လွယ်အိတ်ထဲ ကောက်ထည့်သွားမလား .. စီးကရက်ဘူးထဲ ထည့်သွားမလား .. ဆောင်းဘီအိတ်ထဲဖြစ်ဖြစ် .."

"ရပါပြီ .. တော်ပါတော့ ..၊ လူညစ် .."

"အား .. ဆိတ်တယ် .. ကြည့်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



နာလို့ အော်သလိုလိုနှင့် ကာလ နဖူးလေးကို ငုံ့နမ်းသည်။ ကာလ က သူ့မျက်နှာကို တွန်းပစ်ကာ ...

"နင် ငါ့ကို ထပ်ညာဖို့ မကြိုးစားနဲ့နော် ..၊ ဖေဖေက ပြော တယ် .."

"ဘာလဲ .."

"ဒီအေး ပြောလို့သာ စီးပွားရေးလုပ်ကွက်တွေ ပေါ်လာတာတဲ့ လူငယ်ပေမယ့် အကွက်မြင်တယ်တဲ့ .."

"ဟုတ်လား ..၊ ဘဝင်တောင် မြင့်ချင်လာပြီ .."

"တော်ပါ .. ဟွန့် ..၊ ခုနကပြောတော့ ဖေဖေ ဦးဆောင်တာကို အတုယူရဦးမှာလိုလို .. လေ့လာရဦးမှာလိုလို .."

"ဒါက ဟုတ်တယ်လေ ..၊ ကိုယ်တို့ ဘယ်လောက်မြင်နေနေ တကယ်လုပ်တဲ့အခါ အတွေ့အကြုံ ရင့်ကျက်မှုတွေက စကားပြော တယ်၊ ဥပမာ လူမှုရေးနယ်ပယ်ကျတော့ လူငယ်က လူကြီးလို မကျယ် ပြန့်ဘူး၊ အဆင်ပြေအောင် စကားအဝင်အထွက် အဆင်ပြေဖို့က မလွယ်ဘူး .."

"ဒီအေး ရယ် .. ဟွန်း .."

"ဘာလဲ ..၊ ဘာရယ်တာလဲ .."

"နင် အရမ်းကို စကားတတ်တယ် သိလား ..၊ အရှောင်ကောင်း အပြောကောင်း .."

"ဟုတ်လား .. ဒါနဲ့တောင် သူ့ကောင်မလေးက ခုမှပဲ အဖြေပေး တယ်နော် .."

"ဒီအေး .."

"ဟင် .."

"ဆံပင်ကြီး ရှည်လွန်းနေတာ မကောင်းပါဘူး ..၊ ဖြတ်လိုက်ပါ လား .."





"ဆောင်းကာလ ဆိုတဲ့ ကောင်မလေးက အမိန့်မပေးသေးလို့.."

"တကယ်လား ..၊ တကယ် ညှပ်ပစ်မှာလားဟင် .."

"လက်ထပ်ဖို့ အနီးကပ်ဆုံး ရက်သတ်မှတ်ပေးတဲ့နေ့ ဖြတ်ပစ် ယ် .."

"သွား .."

"ဘာလဲ .. တကယ် အတည်ပြောတာ၊ မိဘ ပြောတာတောင် းထောင်ခဲ့တာ မဟုတ်ဘူးနော် ..၊ အဲဒီကောင်မလေးကို ချစ်လွန်း ို့ .."

ကာလ က ရယ်ကာ သူ့မျက်နှာကြီးကို တွန်းပစ်လိုက်၏။

"ဟား .. အလစ်သုတ် နမ်းမလို့ဟာကို သူချည်းပဲ လက်ဦးနေ ဘယ်ကွာ ..၊ အနိုင်မယူရက်လို့ လျှော့ပေးနေတာ ဒီချာတိတ်မ တော် ဘာ်ဆိုးပါလား .."

ပြောနေရင်း ဂျာကင်အိတ်ထဲက ဘူးလေးတစ်ဘူး ထုတ်ယူလိုက် ၏။

မြင်လိုက်တည်းက ကာလ သိသည်။

လက်စွပ်ဘူးဆိုတာ ..၊

"လက်ပေး .."

"မဟုတ်ဘူးလေ .. စေ့စပ်ပွဲနေ့ကျမှ စွပ်ရတာ .."

"မလိုဘူး .. ကိုယ်လုပ်တာ ကိုယ့်ထုံးစံပဲ .."

DS စာလုံးလေး ကပ်လျက် ဖော်ထားသည့် လက်စွပ်လေးနှစ်ကွင်း ာ ဆင်းတူ ..။

ကာလ ရဲ့ လက်လေးကို ဆွဲဖြန့်ပြီး လက်သူကြွယ်လေးမှာ သူ ကိုယ်တိုင် စွပ်ပေးသည်။

"အတော်ပဲ ကြည့်စမ်း ..၊ တိုင်းထားတဲ့အတိုင်းပဲ .."

"မတိုင်းဘဲနဲ့ သိနေတာ .. ဆု မချချင်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. နောက်မှပဲ .. အဟွန်း .."

ကာလ အင်း .. သံရှည်ကြီးဆွဲ၍ ရယ်နေတာကို အသည်းယားကာ ဒီဒေး က သူမလက်ချောင်းလေးကို ဆွဲကိုက်ပစ်လိုက်၏။

"အ .. နာတယ် .. ကြည့်စမ်း ..၊ ဘယ်တုန်းက မုန်းနေလဲ မသိဘူး .."

"ဆောရီးပါကွာ .. ဒီလောက် ချစ်နေတာကို မုန်းစရာလား .."

စာလုံးလေးတွေကို ပွတ်ကြည့်နေရင်း ကာလ လက်စွပ်လေးကို သဘောကျနေမိသည်။

"ပေးလေ .. ပြန်စွပ်ပေးမယ် .."

သူ့လက်ကိုကျတော့ မပေးဘဲ ခေါင်းခါသည်။

"စေ့စပ်တဲ့နေ့ကျမှ စွပ်ပေးလေ ..၊ အဲ့ဒါ ယူထားလိုက် .."

"ဟင် .. ဘာဖြစ်လို့လဲ ..၊ အပြန်အလှန် စွပ်ပေးရတဲ့ဟာကို.."

"ကိုယ့်အမိပ္ပာယ်က အဲဒီလို မဟုတ်ဘူး၊ မင်းကို ကိုယ်ပိုင်တယ်ဆိုတာ တမင် ကြေညာချင်တာ ႏ ကိုယ်ကတော့ မင်းမှမင်းပဲ၊ စိတ်မချစရာ မရှိပါဘူး .."

"ဩော် .. ဩော် .. တရားကျဖို့ ကောင်းသားပဲ၊ ရှင်ကြီးကိုတော့ စိတ်ချရတာယ်ပေါ့ .. ကိုယ့်ကိုယ်ကိုယ် အာမခံနေတယ် .. ဟုတ်လား.."

"လုံးဝ ယုံလိုက် .."

"မယုံဘူး ..၊ လာ .. ခုပဲ စွပ်ပေးမယ် .."

"ဟား .. ဟား .. ဟား ..."

ဒီဒေး မျက်နှာငုံ့ ရယ်ကာ ကာလ ပခုံးလေးကို ဆွဲဖက်လိုက်သည်။ လက်စွပ်ဝတ်ပေးရင်း ရင်ထဲမှာ ကြည်နူးပျော်ရွှင်နေသဖြင့် ရှန်ဖို့လည်း သတိမရ ..။

ညှို့ခန်း ပြတင်းပေါက်ကနေ ခန်းဆီးစလေး ပင့်၍ လှမ်းကြည့်မိပြီးမှ ဒေါ်နှင်းပွင့် သက်ပြင်းချမိသည်။





ပြီးတော့ ပြုံးချင်သည့်နှုတ်ခမ်းများဖြင့် ခန်းဆီးစကို အသာလေး ပြန်ချ၏။

"မေမေကြီး ကျွန်မ ခြံထဲမှာ သွားရှာလိုက်မယ်လေ၊ မမဆောင်းနောက်မှာ မရှိဘူး .."

ကရင်မ က ခပ်သုတ်သုတ်ထွက်လာပြီး ခြံထဲကို ဆင်းဖို့ တိုက်ရိုက် ခြေဦးလှည့်၏။

"မသွားနဲ့တော့ ကရင်မ .."

"ရှင်!..."

"နေပါစေတော့ .. ညှို့သည်တွေပဲ အရင်ကျွေးလိုက်တော့မယ်"

မေမေ ပင်ပန်းမှာစိုးသော ကာလ တစ်ယောက် ..၊ စိုးရိမ်ဖို့လည်း မေ့နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ကာလ .."

"ဟင် .. ပြောလေ .."

"ကိုယ့်ကို စိတ်ဆိုးလား .."

"ဟင့်အင်း .."

"တကယ်နော် .."

"ဩော် .. ဘာလို့ ဆိုးရမှာလဲ .."

"ပြီးရော .. ကိုယ် တကယ် မအားလို့ပါ၊ ဟိုရောက်ရင် ကြိုက်တဲ့ ဒီနိုင်း သေချာရွေးပြီးတာနဲ့ ကိုယ့်ကို ဖုန်းဆက်နော် .."

"အင်း .."

"ဟိတ် .. ဘာလုပ်နေတာလဲကွ ..၊ ကိုယ့်ကိုပြောရင်း တစ်ခုခု လုပ်နေသလိုပဲ .."

"အဟွန်း .. အပြင်သွားမလို့ပါဆိုမှ ..၊ နှုတ်ခမ်းနီ ဆိုးနေတာပေါ့"





"ကာလ နော် .. မင်း .."

"ဘာလဲ .."

"ကိုယ် မပါဘဲ အလှတွေ စွတ်ပြင်မသွားပါနဲ့လို့ ပြောထားတာ"

"စိတ်မချရင် လိုက်ခဲ့လေ ..၊ ပြင်ရတာကို ဝါသနာပါပါတယ် ဆိုမှ .."

"ကိုယ့်ကို စိန်မခေါ်နဲ့နော် .. ဒီမှာ ချိန်းထားတာတွေ လွှဲထားခဲ့လို့ ရတယ် .."

ကာလ နှုတ်ခမ်းနီဘူးလေး ပြန်ချထားလိုက်ပြီး ရယ်သည်။

"ကလေးကျနေတာပဲ ဘယ်လို ဖြစ်နေတာလဲ ..၊ နှုတ်ခမ်းနီ ဒီက မဆိုးဖူးတာ ကျနေတာပဲ .."

"ဆိုးဖူးပေမယ့် အခုမှ ကိုယ် ပြောခွင့်ရှိတာလေ ..၊ တော်ပြီကွာ.. နောက်ဆို တစ်ယောက်တည်း ဘယ်မှ မလွှတ်တော့ဘူး၊ ကြိုက်ကြိုက် မကြိုက်ကြိုက် လိုက်မယ်၊ အားအား မအားအား အကုန်လုံး ထားခဲ့မယ်၊ သိတတ်တဲ့လူက မထွက်ဘဲနေ .. ဒါပဲ .."

"အဟွန်း .."

"မရယ်နဲ့ .. အတည်ပြောနေတာ၊ ကာလ ပုံနှိပ်တိုက်က စောင့်မလား၊ ကိုယ် လာခဲ့မယ် .."

"ဒီဒေး ရယ် .. ဘယ်လိုဖြစ်နေတာလဲ ..၊ ဒါလေးကို နှစ်ယောက်သွားစရာလား ..၊ အဲဒါကြောင့် ဒီက အစတည်းက ပြောတယ်၊ စေ့စပ်တာပဲ အကြီးအကျယ်တွေ လုပ်မနေပါနဲ့လို့ .."

"ခင်ဗျားပဲ တစ်နှစ်လောက်ကြာမှ လက်ထပ်ချင်တာဆို .."

"ဟုတ်တယ်လေ ..၊ ကာလ တို့နှစ်ယောက်စလုံး ခုမှ စီးပွားရေးဘာလေး မြည်းစမ်းကြည့်ရမှာကို .."

"လျှောက်ပြောမနေနဲ့ ..၊ တစ်ရက်ကို ဘယ်နှစ်ပုံးလောက် လိုချင်လဲ .. ပြောလိုက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ရှာပေးမှာလဲ .."

"ခါးပြထွက်တိုက်မယ် .."

သူ့ဟာသူ ပြောပြီး ရယ်သည်။ နှစ်ယောက်စလုံး ရယ်ကြတော့ ဖုန်းတွေ ပါးမှာကပ်ထားမိကြကာ မျက်နှာနှစ်ခု ကပ်ရယ်နေရသလို မပြီးနိုင် ..။

"အခု ဒီဒေး ဘာလုပ်နေလဲ .."

"မင်းနဲ့ ဖုန်းပြောနေတယ် .."

"အနားမှာ ကောင်မလေးတွေ ရှိတယ်မို့လား .. အသံတွေ ကြားတယ်"

"ရှိတယ် .. ပစ္စည်းလာချတဲ့ကားက ပါလာတာ .."

"ဘယ်နှစ်ယောက်တောင်လဲ .."

"လေးယောက် .."

"ဟင် .. သူတို့က ပစ္စည်းလာချတယ် .."

"ဘယ်ဟုတ်မလဲ ..၊ ယောကျ်ားတွေလည်း ပါတာပေါ့ .."

"အခု ကောင်မလေးတွေကို ကြည့်နေရင်း ပြောနေတာပေါ့ .."

"ဟုတ်တယ် ..၊ မန်နေဂျာနဲ့ ကိုယ်နဲ့ .."

ကာလ အသံတိတ်သွားတော့ သူလည်း တိတ်သွားသည်။ ခဏကြာမှ ...

"ကာလ .. ဖုန်းချလိုက်တာလား .. ဟေ့ .."

"မချပါဘူး .. စဉ်းစားနေတာ၊ ကာလ လည်း ကောင်လေးတွေ များများရှိတဲ့နေရာ .."

"ဟေ့ .. ဟေ့ .. ပြဿနာမရှာနဲ့နော် .. မရဘူး .."

"နောက်တာပါ ဒီဒေး ရယ် .. နင့်ကိုသာ ထိုင်ပြီး သဝန်တိုနေရရင် နင့်နားမှာ ချစ်မင်းဘုံ ဆိုတဲ့ ကောင်မလေး ရှိနေတာကစပြီး တိုလို့ ရတယ်၊ အဲဒါတွေ မကြိုက်လို့ လက်မထပ်ချင်ပါဘူး ဆိုပြီး.."





"စိတ်ထဲမှာ တကယ် ဂယ်လီးယား သေချာလား .."

"အင်း .. သူများကိုလည်း လျှောက်ပြောမနေနဲ့ .."

"ဒါကတော့ ကတိမပေးနိုင်ဘူး .."

ဖုန်းပြောရင်း ခဏဆိုပြီး တစ်ဖက်မှာ သူ စကားလှည့်ပြောနေတုန်း ကာလ ဆံပင်ဖြီးလိုက်၊ နားကပ်ပန်လိုက်နှင့် ဖုန်းပြန်နားထောင်ရတာလည်းရှိကာ အလုပ်ရှုပ်သလောက် ပျော်လည်း ပျော်နေမိသည်။

ဒီလို ရင်ထဲမှာ ကြည်နူးပျော်ရွှင်နေရတာမျိုး တစ်ခါမှ မခံစားခဲ့ဘူးပါ။ ဒီဒေး ကို သူမ ချစ်ခဲ့မိပြီဆိုကာမှ ဘယ်တုန်းတည်းက ဘယ်လောက်ထိ ချစ်နေခဲ့မိမှန်း ပြန်တွေးမိသည်။

ရင်ထဲမှာ သူ့ကို ချစ်နေခဲ့တာ၊ ကိုယ့်ကိုယ်ကိုယ်တောင် မသိခဲ့ပါလား ..၊

"ကာလ .."

"ဟင် .."

"အပြင်ထွက်လာတာလား .."

"ဟုတ်တယ် .. ဖိနပ်စီးနေတာ၊ ဘယ်လိုလုပ် သိလဲ .."

"အခန်းထဲမှာ တချောက်ချောက်လုပ်နေတဲ့အသံ ပျောက်သွားလို့၊ ပြီးတော့ ကားသံ ကြားတယ်"

"ဟုတ်တယ် .. ဖေဖေ့ညွှန့်သည်တစ်ယောက် ရောက်လာလို့ .."

"အန်ကယ်လ်က ခုနကမှ အိမ်ရာဝင်းထဲ ပြန်သွားတာ .."

"ဟုတ်တယ် .. မေမေနဲ့ ပြောနေတယ်၊ အဲဒီလူကြီးကို မေမေက သိပ်မကြိုက်ဘူး၊ ဒေါ်မြင့်မိုရ်ဦး နဲ့ ပြဿနာတွေမစခင် သူ ဖေဖေ့ကို တော်ပြီ .. တော်ပြီ .. အဲဒါတွေ မပြောတော့ဘူး၊ ဒီဒေး အာရုံတွေ နောက်ကုန်လိမ့်မယ် .."

"နေဦး ကာလ ..၊ အဲဒီလူ ဘာလာလုပ်တာလဲ .."

"မသိဘူး .. မေမေ့ကို တစ်ခုခု ပြောနေတယ်၊ ထိုင်တောင် မထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီအေး ဘာလုပ်မလို့လဲ ..."

"ဘာမှမလုပ်ဘူး ..၊ တစ်ခုခု ထူးခြားတယ်ထင်ရင် အမှတ်တမဲ့ မနေရဘူးကွ .."

"အင်းပါ .. မေမေ့ကို မေးဦးမှာပါ .. ပြီးမှ အပြင်သွားမှာ..၊ ဒါဆို ကာလ ကြိုက်တဲ့ ဆင်စွယ်ရောင်ခံလေးနဲ့ လုပ်လိုက်တော့မယ် .. အိုခေ နော် .."

"အိုခေ .. အိုခေ .. မင်း ကြိုက်သလို လုပ်၊ အကျိုးအကြောင်းထူး ရင် ဖုန်း ချက်ချင်းဆက်နော် .. ဟိုရောက်ရင်လည်း ဆက်လိုက် .."

"ဟင် .. ဘာလို့ ဆက်ရမှာလဲ .."

"မောင်ရေ ရောက်ပြီလို့ .."

"သွား .."

နင်တွေ ငါတွေနဲ့ မပြောပါနဲ့တော့လို့ သူ တောင်းဆိုနေပေမယ့် ရုတ်တရက်တော့ မောင်တွေဘာတွေ ဘယ်လိုလုပ် ပြောလို့ ထွက်မှာလဲ..။

ကိုယ့်ကိုယ်ကိုယ် ငါအစား 'ကာလ' လို့ ပြောရတာ အဆင်ပြေ ပေမယ့် သူ့ကိုကျတော့ ...

"ကာလ .."

"ဟင် .."

"သားချစ် ဖုန်းဆက်တယ် .."

"ဘာတဲ့လဲ .."

"နောက်မှ ပြောမယ်လေ .. ဘာမှတော့ သိပ်မဟုတ်ပါဘူး၊ မင်း ဆီကို မလာဘူးလား .."

"သူ့အမေ လာတယ် .. ပြီးတော့ သူ ဖုန်းဆက်တယ်၊ မကိုင်လိုက် ဘူး .."

"သူ့အမေ ဘာတွေ ပြောသွားလို့လဲ .."

"တွေ့ရင် ပြောမယ်လေနော် .. ဒါမှမဟုတ် ညကျမှ ပြောမယ်၊





အခု မေမေ့ကို သွားမေးလိုက်ဦးမယ် .. ညည့်သည် ပြန်သွားပြီ .."

ဖုန်းချလိုက်ပြီး မေမေ့ဆီ တန်းလာခဲ့မိသည်။ ဒေါ်နှင်းပွင့် က ကာလ ကို မြင်လိုက်မှ တံခါးဝမှာ ရပ်ငေးနေရာကနေ လှည့်လာကာ...

"သမီး မသွားရသေးဘူးလား .."

"မေမေ မျက်နှာလည်း မကောင်းဘူး၊ 'ဘာဖြစ်လို့လဲဟင် .."

ဒေါ်နှင်းပွင့် က သမီးဖြစ်သူကို ပြောပြရကောင်းမလား.. မကောင်း ဘူးလား စဉ်းစားနေသည့်မျက်နှာနှင့် အကြာကြီး ငြိမ်နေ၏။

"သမီး သွားစရာရှိတာ သွားလေ ..၊ ဖိတ်စာတွေအပ်မလို့ ဒီအေး နဲ့ ချိန်းထားကြတယ်မို့လား .."

"ရတယ် မေမေ .. သူ မလိုက်အားဘူး၊ သမီး တစ်ယောက်တည်း သွားမှာ ..၊ မေမေ ပြောစရာရှိတာ ပြောပါ မေမေရယ် .. ဟိုလူကြီး ဘာလာလုပ်တာလဲဟင်၊ ဖေဖေနဲ့ပတ်သက်တာ တစ်ခုခု ပြောသွားလို့ လား ..၊ အလုပ်ကိစ္စလား .."

"ဘာမှ ပြောမသွားဘူး သမီး၊ ဒါပေမယ့် မေမေ့စိတ်ထဲမှာ တစ် မျိုးကြီးပဲ ..၊ သူ့ကို မထင်မှတ်ဘဲ မြင်လိုက်ရလို့လား ..၊ သူ ခန့်ခန့် ပုံစံတွေ ပြောသွားလို့လား .."

"သူက ဘာတွေပြောသွားလို့လဲ ..၊ အခု သူက ဘာလာလုပ်တာ လဲ မေမေ .."

"ပြောသွားတာတွေတော့ အများကြီးပါပဲ၊ ညည်းအဖေ မြေပိုထပ် ဝယ်ပြီး ရှယ်ယာလုပ်ငန်းရှင်တွေနဲ့ အဆင်ပြေနေတာကို .."

"အင်း .. အဲဒါကို ဘာပြောသွားတာလဲ .."

"တစ်နေ့နေ့ ပြဿနာပေါ်လာနိုင်သလိုလို .. ကြွေးမြီကိစ္စပဲ ပြော သွားတာ၊ သူ ပြောပုံက မြင့်မိုရ်ဦး နဲ့ ညည်းအဖေ .."

"အဲဒါ မဖြစ်နိုင်ဘူး မေမေ .. မယုံနဲ့၊ ဖေဖေ အဲဒါတွေကို အမှုပစ် လိုက်ပြီး အလုပ်ထဲမှာ စိတ်နှစ်နေပြီ .. သမီး သိတယ်၊ သမီးနဲ့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲသွားလာနေတာတွေ မမေလည်း သိနေတာပဲ၊ ဖေဖေ့ မျက်လုံးတွေ၊ ဖေဖေ့စကားတွေထဲမှာ ဒီမိန်းမကြီးရဲ့အရိပ် လုံးဝ မရှိတော့ဘူး’

ဒေါ်နှင်းပွင့် ခေါင်းညိတ်ပေမယ့် ဖေါ့ပါးဟန် မပါပေ။ ပြီးတော့ ကာလ ကို ပြန်ကြည့်သည်။ ဆင်စွယ်ရောင်ပေါ်မှာ ရင်ဘတ်မှာ အနက်ပွင့်ကြီးပါသည့် အင်္ကျီပွပွ လက်ပြတ်ကို ဘောင်းဘီရှည်အနက်ရောင်နှင့် ဝတ်ထား၏။

ဆံပင်ရှည်တွေကို နောက်မှာပဲ မြှင့်တင်စည်းထားကာ ဖွေးနုနေသည့်မျက်နှာလေးမှာ ပန်းရင့်ရောင် နှုတ်ခမ်းနီနဲ့ ဖြစ်သည်။ သမီးကို လှမ်းကြည့်ပြီး ‘မင်္ဂလာကိစ္စအတွက် ပြင်ဆင်နေကြတာ ထင်တယ်၊ ကွန်ကရက်ကျူလေးရှင်း’လို့ ပြောသွားသေးသည်။

ခဏလေး မိုးတိုးမတ်တတ် လာရပ်ပြီး ဟိုအကြောင်း ဒီအကြောင်း စုံစေ့အောင် မေးသည်။ ဟိုလိုဒီလို စကားတွေက ဘာကို ဦးတည်ချင်မှန်း မသိ ..။

မျက်လုံးက တစ်အိမ်လုံးကို ရောက်ကာ သမီး စေ့စပ်ပွဲအတွက် မဖိတ်ဘူးလားဆိုတာလည်း ပါ၏။

‘ဖိတ်မှာပါ ..၊ ဖိတ်စာတောင် ခုမှ သွားအပ်ရမှာ’လို့ ပြောတော့ ‘ကြီးကြီးကျယ်ကျယ် လုပ်မှာလား’လို့ မေးပုံက တအံ့တဩ ..။

“ကြားတော့ ကြားတယ်၊ လက်ထပ်ဖို့ပဲ စီစဉ်နေတယ် မှတ်တာ၊ စေ့စပ်ပွဲကို အကြီးအကျယ်လုပ်မယ် မထင်လို့လေ၊ ဂရုတော့ စိုက်နော် မနင်း ..၊ ဒီလိုပွဲမျိုးက အဖျက်ဝင်တတ်တယ်၊ ကိုယ့်ဘက်က ရှိတာ ရှင်းထားမှ ..၊ ကျွန်တော်က ကိုဆောင်း နဲ့တွေ့ရင် အချင်းချင်း သတိပေးစရာတွေ ပေးရအောင် လာခဲ့တာ ..”

“ကိုညိဘာ က လျှို့ဝှက်နေပြန်ပြီ၊ ကျွန်မတို့ လင်မယားကြားမှာ လျှို့ဝှက်ထားစရာ ဘာမှမရှိပါဘူး၊ သူ မရှိပေမယ့် ကျွန်မ သိထားဖို့ လိုရင်လည်း ပြောလို့ ရပါတယ် ..”





“အင်း .. တချို့ လျှို့ဝှက်တဲ့စကားကို သားမယားကို မပြောရဘူး ဆိုတာ ရှေးစကားရှိတယ်လေ၊ သူနဲ့ ကျွန်တော်ပဲ နားလည်မယ့် အကြောင်းတွေပါ၊ ဟဲ .. ဟဲ .. စီးပွားရေးတွေပါ တလွဲမထင်ပါနဲ့ ..၊ ဒါလေး ကိုဆောင်း ကို ပေးပေးပါနော် ..၊ သူ ကျွန်တော့်ဆီ ဖုန်းဆက်မှာပါ ..”

‘ဖုန်းဆက်ဖို့ ပြောလိုက်ပါဦး’လို့ မှာသွားတာ မဟုတ် ..။ ဒါကို မြင်ရင် သူ ဖုန်းဆက်မှာပါလို့ ပြောသွားပုံက ကိုဆောင်း ကပဲ သူ့ကို မဖြစ်မနေ ဆက်သွယ်ရမှာလိုလို ..။

“မေမေ ..”

“ဟင် ..”

“ဟိုလူကြီးက ဘာပေးသွားတာလဲ ..”

“ရတနာဘူးပဲ ..၊ ဒါပေမယ့် ဘာမှ မပါဘူး ..”

“အဲ့ဒါ ဘာသဘောလဲ ..”

“မေမေ မသိဘူးလေ ..၊ အဲဒါတွေ သမီးအဖေ လာမှပဲ မေမေ မေးပါ့မယ်၊ သမီး သွားစရာရှိတာ သွားလိုက် ..”

“မဟုတ်ဘူး .. မေမေ အဲ့ဒါချည်းပဲ ထိုင်တွေးနေတာလည်း ပင်ပန်းတာပဲ၊ သမီး ဖေဖေ့ကို ဝင်တွေ့ပြီး အဲဒီကိစ္စ မေးမှ ဖြစ်မယ်၊ ဖိတ်စာအပ်တာက အရေးကြီးတာမှ မဟုတ်ဘဲ ..”

“ဒါ အရေးကြီးတဲ့ကိစ္စပဲ သမီး ..၊ မေမေတို့ မိသားစုကိစ္စကို ရှင်းစရာ ည လူစုံမှ ပြောရင် ရတယ်၊ သွားစရာရှိတာ စိတ်ဖြောင့်ဖြောင့် သွား..”

ဖြောင့်ဖြောင့်သွား ဆိုပေမယ့် ကာလ စိတ်တွေ မပေါ့ပါးတော့ပါ။ ကားမောင်းနေရင်း ကိုယ့်ဘက်ကို လှည့်ကြည့်လိုက် .. စကားတွေပြောလိုက်နှင့် ဦးညိဘာ ဆိုတဲ့လူကြီးကို မြင်ယောင်နေသည်။

မေမေ့ကို ဒီလူကြီး ဘာတွေ ပြောသွားတာလဲ ..။

ကိုယ်သာ အပြင်ထွက်ဖို့ မရှိဘူးဆိုလျှင် မေမေနဲ့ စကား ဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ ရနိုင်သည်။ စိတ်ထဲမှာ တွေးစရာတွေနဲ့ မေမေ တစ်ယောက်တည်း ကျန်ခဲ့တာကို မဖြောင့်နိုင်ဘဲ ဖြစ်နေ၏။

ထို့ကြောင့် ကားကို တစ်နေရာမှာ ရပ်လိုက်ပြီး ဒီဒေး ဆီက ဖုန်းခေါ်လိုက်၏။

"ကျွတ်!..."

ဖုန်းက မအားဘူးပဲ ဖြစ်နေသည်။ သူ့ဖုန်းတွေ ရှိသမျှ ခေါ်ရင်တော့ တစ်လုံးလုံးမှာ ဝင်နိုင်ပေမယ့် ကိုယ်လည်း အရေးတကြီး ပြောမှာမဟုတ်တော့ ဖုန်းကို အိတ်ထဲ ပြန်ထည့်လိုက်၏။

ဖြစ်ချင်တော့ ဖိတ်စာအပ်ပြီး ထွက်လာမှ ခေါ်တော့လည်း မရ။ ထို့ကြောင့် မေမေ့ကိုပဲ ခေါ်လိုက်မိကာ ...

"သမီး ခုပဲ ဖိတ်စာအပ်ပြီးတာ မေမေ.. ကားပေါ်တောင် မရောက်သေးဘူး၊ ဒီဒေး က အပ်ပြီးရင် ဆက်ဦးဆိုလို့ .. ခေါ်တာလည်း မရဘူး"

"ဒီဒေး .. ကွန်တိန်နာက လူတွေနဲ့ စကားပြောပြီး ကမ်းနားဘက်ကို ပါသွားတယ်၊ သူ အရမ်း အလုပ်ရှုပ်နေတယ် .. ပြောမနေနဲ့တော့ သမီး .."

"မေမေကရော ဘယ်မှာလဲ .."

"မေမေလည်း မအားသေးဘူး၊ သမီး နေ့လယ် ရုံးမှာ ခဏထိုင်လိုက်ဦး .. မန်နေဂျာလည်း မအားလို့၊ ကိုသိုက်ဦး တစ်ယောက်ပဲ ရှိမယ် .."

"ဟုတ်ကဲ့ပါ ..၊ ဟိုလေ .. အိမ်မှာ .."

မေမေတစ်ယောက်တည်း ရှိတာကို ပြောမလို့ပေမယ့် ဟိုကိစ္စတွေပါ ပြောမိသွားမှာစိုးသဖြင့် ဘရိတ်အုပ်လိုက်ရသည်။ ဦးမိုးဆောင်းကလည်း သတိထားမိပုံ မပေါ်ဘဲ နှုတ်ဆက်ပြီး ဖုန်းချသွား၏။

ကာလ ဖုန်းကို အိတ်ထဲ ပြန်ထည့်ကာ ကားဆီ ပြန်ရောက်လာခဲ့လျှင် ...





"ဟင်!..."

တံခါးဖွင့်ပြီး အထဲဝင်ထိုင်မိတာနှင့် ဟိုဘက်မှာ ကိုယ့်လိုပဲ ဝင်ထိုင်လိုက်သည့် ယောကျ်ားတစ်ယောက် ...၊

"ရှင် .. ရှင် ဘယ်သူလဲ ..၊ ဘာလုပ်တာလဲ .."

"ဟိတ် .. လှုပ်လှုပ်ရှားရှား မလုပ်နဲ့နော် ..၊ အေးဆေး ဆက်မောင်း .."

နောက်မှာ တစ်ယောက် ...၊

ကျောပြင် ခါးစပ်မှာ စူးခနဲ လာထောက်လိုက်တာ ဓားတစ်လက်မှန်း သိလိုက်သည်နှင့် ကာလ ကိုယ့်အဖြစ်ကို နားလည်လိုက်၏။

တစ်ကိုယ်လုံး ထူပူထိတ်လန့်သွားကာ ရုတ်တရက် အော်ဟစ်မိတော့မလို ဖြစ်သွားသည်နှင့် ...

"လုံးဝ မအော်နဲ့နော် .. အသံထွက်တာနဲ့ တစ်ဆုံး ထိုးချလိုက်မှာ နားလည်လား .."

"အား!..."

ခါးစပ်ထဲကို နစ်ဝင်သွားအောင် ဖိလိုက်သဖြင့် ကာလ တွန့်ခနဲ ဖြစ်သွားပြီး အော်မိသည်။

ဘယ်ကလူတွေမှန်း မသိ ..၊ ဘာလိုချင်မှန်း မသိ ..။

သေချာတာတစ်ခုက ခါးစပ်မှာတိုးဝင်နေသည့် ဓားမှလွဲ၍ ကာလ ဘာကိုမှ မသိတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"လုပ်ပါဦး သဲ့ားရယ် .. အန်တီတို့ ဘာလုပ်ရမှန်း မသိတေ ဘူး .."

မနက်က ထွက်မသွားခင် အကြောင်းတွေကို ပြောပြရင်း ဒေါ်နှ ပွင့် မျက်ရည်ကျလာ၏။

ဦးမိုးဆောင်း က တက်ခေါက်လိုက်ပြီး ...

"ငါ ကိုသြဘာ ကို သွားရှာမယ် .."

"မရှာနဲ့ အန်ကယ်လ် .."

ဒီဒေး က တားဆီးကာ တစ်ခုခုကို အာရုံစိုက် စဉ်းစားနေ ပြီးမှ ...

"ဒီလူကြီး ပုန်းနေမှာပဲ ..၊ သူ လာပေမယ့် ကာလ ကို အန္တရာ ဖြစ်အောင် လုပ်မှာ သူ မဟုတ်နိုင်ဘူး .."

"ဘာဖြစ်လို့လဲ ..၊ သံသယရှိတဲ့နေရာတွေ အန်ကယ်လ်တို့ ရှာ မှာပဲလေ .."





"သူ လုပ်ဖို့ အစီအစဉ်ထဲမှာပါရင် အဲဒီအချိန် အိမ်ကို လာပြီး ရုလုံးပြမှာ မဟုတ်ဘူး၊ ကာလ အပြင်သွားဖို့ ရှိမရှိ လာစုံစမ်းတာ ည်း ဖြစ်နိုင်တယ်၊ တိုက်ဆိုင်တာလည်း ဖြစ်နိုင်တယ် .."

"ဘာပဲဖြစ်ဖြစ်.. ဒီလူနဲ့ အန်ကယ်လ် ဘာဇယားမှ မရှိဘူး ဒီဒေး..၊ ဆက်အသွယ် မလုပ်ဖြစ်ကြတာလည်း ကြာပြီ၊ ပြီးတော့ .."

ဦးမိုးဆောင်း မျက်နှာ ရှုံ့မဲ့သွားကာ ခေါင်းလည်း ခါသည်။

"ဘာတွေ လျှောက်လုပ်သွားမှန်း မသိဘူး၊ အဲဒီရတနာဘူးလည်း ါ မသိဘူး၊ အလကား အန်ကယ့်လ် မိသားစုထဲမှာ သို့လော သို့လော တွေ ရှုပ်ထွေးကုန်အောင် လုပ်တာ .. တောက် .."

"တစ်ခုခုတော့ လုပ်ပါဦး ကိုဆောင်း ရယ် .. မိုးချုပ်နေပြီ .. ကျွန်မသမီးလေးကို ကယ်ပါဦး .."

"အန်ကယ်လ်နဲ့ ဦးသြဘာ ရယ် .. ဒေါ်မြင့်မိုရ်ဦး ရယ် .."

"ဘယ်လို|..."

"ဆောရီး .. ဆောရီးပါ .."

ဒီဒေး ဖုန်းကိုင်ထားသည့်လက်နဲ့ ကာ၍ မျက်လုံးတွေ မှိတ်ပစ် လိုက်သည်။

သူ့စိတ်တွေ အလွန်အမင်း လှုပ်ရှားနေပြီဆို မျက်လုံးမှိတ်၍ စိတ် ကို ဖြေချလိုက်မှ အလင်းရောင်ကို မြင်ရတတ်တာမို့ ...

"ဒေါ်မြင့်မိုရ်ဦး နဲ့ပဲ ပတ်သက်နေတာ သေချာတယ် အန်ကယ်လ်၊ ကာလ မှာ ရန်သူမရှိဘူး .. အန်ကယ်လ် မဟုတ်ရင် ကျွန်တော်နဲ့ပဲ ပတ်သက်နေတဲ့သူ .. အဲဒီလူဟာ ဒေါ်မြင့်မိုရ်ဦး ပဲ ရှိတယ် .."

"မြင့်မိုရ် .. မြင့်မိုရ်ဦး ဟုတ်လား .."

ဦးမိုးဆောင်း ဒါကို မတွေးခဲ့ပါ။

ဘာဖြစ်လို့လဲဆိုလျှင် မြင့်မိုရ်ဦး လည်လွန်းတာကို သိပေမယ့် ဘုမ္ဗဏီပြဿနာတက်ရသည့်ကိစ္စမှာ သူမဘက်က မှားပါပြီလို့ပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည် ဝန်ချခဲ့သည်။

စာရွက်စာတမ်းတွေ ပုံချပေးခဲ့ပြီး သူမအတွက် အကျိုးအ
စကား ဘာမှမပြောဘဲ နောက်ဆုတ်သွားခဲ့တာ သူ့ဆန္ဒနဲ့ သူပဲ -

ဦးမိုးဆောင်း ဘာကြောင့် မယုံနိုင် ဖြစ်သွားရသည်ကို ဒီ
ကလည်း သိသည်။

ဒါပေမယ့် သူ ဘာမှ ရှင်းပြဖို့ အချိန်မရှိပေ ..။

ဖုန်းတစ်လုံးနဲ့ ပေါ်တီကိုအောက်ကို ပြန်ထွက်လာခဲ့ကာ ...

"ဦးမျိုး .. ကျွန်တော်ပြောတာ ကြားလား .."

"... ... ... ..."

"ဟုတ်တယ် ..၊ အဲဒီ ဖုန်းနံပါတ်ကို ရအောင်ရှာပြီး ကျွန်တော်
ပြန်ချိတ်ပေး .."

ဦးမိုးဆောင်း နဲ့ ဒေါ်နှင်းပွင့် တို့ အိမ်ရှေ့ကို အပြေးတစ်ပိုင်း
ရောက်လာကြပေမယ့် ဒီဒေး တစ်ယောက်ပြီးတစ်ယောက်ကို ဖုန်း
ပြီး ခိုင်းနေတာ ဘာတွေမှန်း မသိ ..။

"အောင်ဦး ကို သွားခိုင်းလိုက် ..၊ (... ...)လမ်းက မြူတီဆလွ
ကို .."

"... ... ... ..."

"ဒေါ်နီလာဦး ကို တွေ့ရင် ငါ့ဖုန်းနံပါတ် ပေးလိုက်၊ အ
အရေးကြီးတဲ့အကြောင်း ပြောလိုက် .."

"... ... ... ..."

"မရှည်နဲ့ ကျော်မင်း ရာ .. ,မင်းကို ရှင်းပြဖို့ အချိန်မရှိဘူး
ဖုန်းဆက်မရလို့ လူလွှတ်ခိုင်းတာပေါ့၊ ဒီဒေး ဆို သူ သိတယ် .."

ဒေါ်နီလာဦး ဆိုသည့်နာမည် ပါလာတော့ ဦးမိုးဆောင်း မျက်
အကြီးအကျယ် ပျက်သွားကာ ...

"မနီလာ .."





လို့ ခပ်တိုးတိုး ရေရွတ်၏။

ဒေါ်နှင်းပွင့် ၏ သံသယမျက်လုံးတွေ ရောက်လာမှ သတိရကာ
ဆာင်းပန်သလို လက်ကာပြ၍ ...

"မြင့်မိုရ်ဦး ရဲ့ညီမ .. အဲ့ဒါတွေ ငါ ရှင်းပြပါ့မယ်၊ ဒီဒေး ဒါတွေ
ယ်လိုသိနေလဲ မသိဘူး .."

ဖုန်းပြောရင်း ဒီဒေး က ကားပေါ်ရောက်သွားပြီဖြစ်ကာ ဘက်ခ်
န်ဆုတ်လာဂိုးမှ ...

"လိုအပ်ရင် ကျွန်တော် ရဲနဲ့ပါ ဆက်သွယ်ပါ့မယ်၊ အန်ကယ်လ်
့ စိတ်မပူနဲ့နော် ..၊ ကျွန်တော် ဖုန်းဆက်မယ် .."

ပြောပြီးတာနှင့် အရေးတကြီး မောင်းထွက်သွား၏။

ဒေါ်နှင်းပွင့် မျက်ရည်သုတ်၍ ထွက်သွားသည့်ကားကို မျှော်ကြည့်
း ဆုတောင်းမိသည်။

"သမီးလေးကို သတ်ချင်ဖြတ်ချင်နေတဲ့သူ မဟုတ်ပါစေနဲ့ .."

"သမီးလေး ဘေးမသီ ရန်မခဘဲ ပြန်ရောက်လာပါစေ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ပါဝါ ဟုတ်လား .."

"... ... ... ..."

"အေး .. မင်း ဖုန်းကိုင်ထား ..၊ အဲဒီကနေ သင်္ဘောကျင်းဘက်ကို တက်မယ် .."

"... ... ... ..."

"အောင်ဦး .. မင်း မေးတာကို ဖြေရမှာလား ..၊ ငါ ခိုင်းတာကို လုပ်မှာလား .."

"... ... ... ..."

"ပါဝါ ပဲ မင်း သိတာမို့လား .. အဲဒါ အရက်ဆိုင် မဟုတ်ဘူး ဂျင်ပါဝါ ဆိုတဲ့ကောင် .."

"... ... ... ..."

"ငါနဲ့ ဆုံဖို့ မလိုဘူး ..၊ မင်း ကြည့်မြင်တိုင်ဘက်က ပတ်ဝင်သွား .."





သူ ဖုန်းပြောနေရင်း ကားကို ပြန်ဝိုက်၍ ဘယ်ကြောထဲ ဝင်လိုက်သည်။

ပွတ်ကပ်ဖြတ်သွားသည့် ကားတွေထဲကနေ ဆဲရေးသံတွေ စီကာတက်ကုံး ကျန်ရစ်၏။

ကြားရသည့် သတင်းတွေက မကောင်း ..။

သူ ကားကို ကွန်ဒိုတွေအောက်က ပတ်၍ နောက်ထိ ဝင်လိုက်သည်။ ပြီးကော့ ကျဉ်းကျဉ်းကျပ်ကျပ်ထဲမှာ ဖြစ်သလို ရပ်ပစ်ခဲ့ပြီး ဘားပေါ်က အပြေးအလွှား ဆင်း၏။

"ဟေ့ .. ညီလေး .."

ရေသန့်ဘူးအခွံတွေ အပုံလိုက် ဆေးကြောနေသည့် ကောင်လေးက သူ ခေါ်လိုက်တော့ ထလာသည်။

ဒီဒေး မြင်နေရသည့် သံပန်းတံခါးကို လက်ညှိုးထိုးကာ ...

"ညီလေး .. ဒီတံခါးကနေ သုံးလွှာက ဗြူတီဆလွန်းက အမျိုးသမီး ဆင်းသွားတာ တွေ့မိလား .."

"ဗျာ .."

ကောင်လေး မျက်လုံးဝိုင်းသွားကာ သူ့ကို ကြည့်လိုက်ပုံက သိတာမျိုး မဟုတ် ..။

ဒီဒေး.. ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ထုတ်ကာ ကောင်လေးလက်ထဲကို တစ်ရွက် ထည့်ပေးလိုက်၏။

"အစ်ကိုတို့ကိစ္စ အရေးကြီးလို့ပါ၊ နှုတ်ခမ်းနီ ဆိုးတတ်တယ်၊ ဆံပင်တိုတို .. မျက်နှာပုံစံက ဂျပန်မနဲ့ တူတယ်လေ .."

"သိတယ် .."

"အေး .. သူ ဒီတံခါးက ထွက်သွားတာ တွေ့မိလား .. မတွေ့ဘူးလား ..၊ အတိအကျ ဖြေပေးစမ်းပါ .."

"ဆင်းလာတယ် ..၊ တံခါးဖွင့်ထွက်လာပြီးမှ ပြန်ဝင်သွားတာ၊



www.burmeseclassic.com

www.burmeseclassic.com



မကြာသေးဘူး .. တစ်ခုခု မေ့ကျန်ခဲ့လို့ တက်ယူပုံပဲ ..''

''အိုခေ ..''

အဖြေရလိုက်လို့ 'အိုခေ' ပြောနေပေမယ့် ကျိုခနဲ အံကြိတ်သည်။

သူ တွက်မိလိုက်တာ ကွက်တိ မှန်နေသည်ပဲ။

ဒီ ကွန်ဒိုတစ်ခုလုံးမှာ နောက်ဖေးထွက်ပေါက်ရှိနေတာ ဒီတစ်ဖက်ခြမ်းပဲ ရှိသည်။

သူ ခြေလှမ်းတွေ အပြေးတစ်ပိုင်း ဖြစ်သွားခဲ့ပြီး သော့တန်းလန်းနှင့် တံခါးကို ဖွင့်ဝင်လိုက်သည်။

အပေါ်ကို မော့သွားသည့်လှေကား တစ်ဆစ်ချိုးလေးကို သူ ရောက်တာနှင့် အပေါ်က ပြေးဆင်းလာသည့် ခြေသံနှင့်အတူ ...

''ဟင်!... ဒီဒေး ..''

ဒီဒေး လှေကားထစ်ပေါ် တင်ထားပြီးသည့် ခြေထောက်တစ်ဖက်ကို အသာလေး ပြန်ရုတ်လိုက်ပြီး ခေါင်းညိတ်သည်။

''အချိန်မီသေးတယ်ဆိုတာ လာပြောတာပါ ..''

ဒေါ်နီလာဦး ကွက်ခနဲ မျက်နှာပျက်သွား၏။ သို့သော် ဟန်လုပ်တင်း၍ ကျန်နေသည့် လှေကားထစ်တွေကို ဒေါက်ဖိနပ်သံပြင်းပြင်းနှင့် နင်းဖြတ် ဆင်းခဲ့ရင်း ...

''ဘာလဲ ..၊ မင်း ဘာပြောလိုက်တာလဲ ဒီဒေး ..''

''ကျွန်တော် ဘာပြောတယ်ဆိုတာ အစ်မ သိပါတယ်၊ ကြားသုံးကြား မဝင်နဲ့ ဆိုပေမယ့် အစ်မတို့ ညီအစ်မနှစ်ယောက် ပြန်လည်စည်းလုံးသွားကြတာမှာ လူတွေ အများကြီး ထိခိုက်နစ်နာဖို့ ရှိသလိုအဲ့ဒါကို ကျွန်တော်က ရအောင်တားမှဆိုတော့ အစ်မကို ဒီထဲမှာ မပါစေချင်လို့ ..''

''ဘာကွ!...''

ဒေါ်နီလာဦး မျက်နှာ တင်းသွားသည်။ ဒီဒေး ကတော့ ကုတ်ချိ





ထားသည့် ကိုယ့်မျက်ခုံးတွေကို ပြန်ဖြေချကာ မျက်နှာကို တတ်နိုင်သမျှ ပြေပြစ်စေလိုက်သည်။

ဒေါ်နီလာဦး လို မိန်းမမျိုးက ပြူးပြဲ ခြောက်လှန့်တိုင်း ဒူးထောက် လက်မြှောက်သွားမှာ မဟုတ် ..။

''သိပြီးသားတွေပဲ အစ်မရာ .. ကျွန်တော်တို့ လိုရင်းကို ပြောရအောင်၊ ဒေါ်မြင့်မိုရ်ဦး နဲ့ အစ်မကို ကျွန်တော် သပ်သပ်စီ ခွဲခြားဆက်ဆံခဲ့တာပါ ..''

''အေးပေါ့ ,, မင်း ငါ့ဆီက အရေးကြီးတဲ့ သတင်းအချက်အလက်တွေ ရသွားတယ်လေ၊ အဲဒီမှာ ငါ့ကို မင်း အသုံးချသွားတာပဲ ..''

''မဟုတ်ပါဘူး ..၊ အစ်မကိုယ်တိုင်က ဖော်ထုတ်ပါ၊ ကူညီမယ် ပြောခဲ့တာပါ ..''

ဒေါ်နီလာဦး ငြိမ်သွား၏။

''ဒါပေမယ့် ကျွန်တော် အစ်မနဲ့ ပတ်သက်တဲ့လိုင်းကို မဖွင့်ခဲ့ဘူး၊ အားလုံးကို ကွင်းဆက်တွေနဲ့ အမှန်အတိုင်း သိထားပြီးသားဖြစ်တဲ့ ယုံကြည်ချက်နဲ့ ဖော်ထုတ်ခဲ့တာ ..''

''မင်း စကားပြောလည်း ကျွမ်းကျင်တယ် ဒီဒေး ..၊ အခု ဘာပြောချင်တာလဲ ..''

ဒီဒေး က ဒေါ်နီလာဦး မျက်လုံးထဲကို စိုက်ကြည့်သည်။ သူမရဲ့ အဆင်းလမ်းကို မသိမသာ ကာကွယ်ရပ်နေမိရာက ကိုယ်ကို တိမ်း၍ နံရံဘက်မှာ ကပ်လိုက်သည်။

တံခါးဆီကို လွတ်လပ်စွာ ဆင်းထွက်သွားလို့ ရပြီဖြစ်၏။ ဒါပေမယ့် ဒေါ်နီလာဦး ဆင်းမသွားခဲ့ပေ။ နှစ်ယောက် မျက်နှာချင်းဆိုင် ဖြစ်အောင် ဒီဒေး ရှေ့မှာ မတ်မတ်ရပ်လိုက်ကာ ...

''ဒါပေမယ့် နှမြောစရာကောင်းတာက မင်း ငါ့ဆီမှာ ဘာမှ တောင်းဆိုညှိနှိုင်းလို့ မရတော့ဘူး ..''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ .."

"မမြင့် နဲ့ ငါ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း မဟုတ်ဘူး.."

"ဒါဆို ကာလ ကို ဒေါ်မြင့်မိုရ်ဦး ဆွဲသွားတာ၊ အစ်မ သိနေတာပါ"

"ငါတို့က လိုရင်းကိုပဲ ပြောနေတာလေ၊ သူနဲ့ငါ တစ်လမ်းတည်း သွားမှာပေမယ့် ဆုံးဖြတ်ချက်က တစ်လမ်းစီ .."

"ဆုံးဖြတ်ချက်တွေ မတူနိုင်ဘူးဆိုတာ သိလို့ ကျွန်တော် လာခဲ့တာပါ၊ ဒေါ်မြင့်မိုရ်ဦး နဲ့ အစ်မ ဘယ်လိုမှ ရောထွေးလို့ရမှာ မဟုတ်ဘူး၊ ဆုံးဖြတ်ချက်မှ မတူတဲ့နောက်မှာ သူနဲ့ တစ်လမ်းတည်း သွားပြီး ကိုယ့်ကိုယ်ကိုယ် နစ်မွန်းမခံပါနဲ့ .."

"ဘယ်လို!..."

"ကျွန်တော့်ကို တစ်ခုပဲ ကူညီပါ၊ အခု အစ်မတို့ ညီအစ်မ စီစဉ်ပြီးသမျှကိုရော .. ကျူးလွန်ထားခဲ့တာတွေရော .. အစ်မနာမည် ထွက်မလာအောင် ကျွန်တော် ကူညီနိုင်တယ် .."

ဒေါ်နီလာဦး မျက်လုံးအစုံ ပြူးကျယ်သွားသည်။ ထိတ်လန့်တာ မဟုတ်ဘဲ မယုံနိုင်သလို ဖြစ်သွားခြင်းသာ ဖြစ်၏။

ချောင်ပိတ်မိနေသော သတ္တဝါလို ကြံရာမရတော့ဘဲ နောက်ဆုံး စွန့်စားဖို့ ဆုံးဖြတ်လိုက်သော ခြေလှမ်းတွေက ဒီစကားတွေကြောင့် တွေဝေသွား၏။

ဒါ ယုံကြည်စရာ မဟုတ်ပေမယ့် ဒီဒေး ရဲ့အရည်အချင်းကို အထင်သေးစိတ်လည်း မရှိခဲ့ပါ။ ဒါပေမယ့် ...

"မဖြစ်နိုင်တော့ဘူး .."

တိုးလျသည့် စကားသံက တစ်ခွန်းချင်း ထွက်၏။

"မင်း မသိဘူး .. သိဖို့လည်း မလိုတော့ဘူး၊ မင်း လာတာ နောက်ကျသွားတဲ့အတွက် ငါ စိတ်မကောင်းပါဘူး .."



"ကျွန်တော် နောက်မကျပါဘူး၊ အစ်မကိုလည်း နောက်မကျစေချင်လို့ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်အောင် ကျွန်တော် လာခဲ့တာပဲ၊ အခု ကာလ ကို သူတို့ ခေါ်သွားတယ်၊ တခြားမိန်းကလေးတွေလည်း ရှိနိုင်သေးတယ်၊ ဒါပေမယ့် သူတို့ ဒီကထွက်သွားခွင့်ရမှာ မဟုတ်ဘူး.."

"ဟား .. ဟား .. ဟား ..."

ဒေါ်နီလာဦး က ပြူးတိပြူးကြောင် ကြည့်နေပြီးမှ ရယ်ချလိုက်သည်။

"မင်း တော်ပါတယ် .. မင်း တော်တယ် ဒီဒေး ..၊ ဒါပေမယ့် မင်းကိုယ်မင်း အထင်ကြီးလွန်းနေတယ်၊ ပတ်ဝန်းကျင်တစ်ခုဟာ မင်းထင်သလို သေးသေးလေး မဟုတ်ဘူးကွ .."

"ဟုတ်ပါတယ်.. ဒါပေမယ့် မဟော်သဓာ သုခမိန်လေးက အပြစ်ရှိတဲ့သူကို ဖော်ထုတ်တာ၊ သူကိုယ်တိုင် အပြစ်သားကို သွားရှာလာတာ မဟုတ်ဘူး၊ သူကိုယ်တိုင် ထုထောင်း ရိုက်ပုတ်တာလည်း မဟုတ်ဘူး၊ အဲ့ဒါ ခြွေရုံသင်းပင်းပဲ .."

ဒီဒေး မျက်နှာမှာ တစ်စုံတစ်ရာအတွက် စိတ်လှုပ်ရှားနေတာမျိုး လည်း မရှိ။ သူမ ဟားတိုက်ရယ်ပစ်လိုက်သည့်အတွက် မှားသွားပြီလား ဆိုသည့် ထိတ်လန့်ခြင်းကိုလည်း ရှာမတွေ့ပေ ..။

ဟန်ဆောင် ဖုံးဖိကောင်းနေတာလား .. ဒါမှမဟုတ် ရှုပ်ထွေးနေသည့် ချည်ခင်စရဲ့ တကယ့်အစွန်းတစ်ဖက်စကို မြင်နိုင်သည့် နတ်မျက်စိမျိုးပဲ ရှိနေတာလား ..။

သူမသည်သာ ဟန်ဆောင်ပြုံးရယ်ရင်း ထိတ်လန့်စ ပြုလာ၏။ လက်ကနာရီဆီ စိတ်က ရောက်သွားပေမယ့် သိသာအောင် မကြည့်ရဲပေ။ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးနေသည်ကို သိပေမယ့် ဒီဒေး ကို ကျော်ဖြတ်သွားဖို့ကလည်း မသေချာ ..။

"အဓိက တရားခံက ဂျင်ပါဝါ ဆိုတဲ့ ထောင်ထွက် ကပြားပါ၊

www.burmeseclassic.com



ဒေါ်မြင့်မိုရ်ဦး နဲ့ အစ်မတို့ကို သူက ပြန်ပြီး အသုံးချနေတာ ..''

''မင်း .. မင်းကို ဘယ်သူ ပြောလိုက်တာလဲ ..၊ ငါ့ကို လာမအစ်နဲ့နော် ..''

''အစ်စရာမလိုဘူး အစ်မ .. ကျွန်တော် အားလုံးကို အစနင်းပြီးမှ တောက်လျှောက် လိုက်လာတာ ..၊ ဒေါ်မြင့်မိုရ်ဦး နဲ့ ကျွန်တော် အကြီးအကျယ် ကွိုင်တက်ပြီးတည်းက သူ့ကို ကျွန်တော် အမေ့ဂ် ဈော့ ကျော နိုင်းနေခဲ့တာမှ မဟုတ်ဘဲ၊ အထူးသဖြင့် သူ့ကို ဂရုမစိုက်ပေမယ့် သူ ပတ်သက်ဆက်သွယ်နေတဲ့ ပုဂ္ဂိုလ်တွေက ကြောက်စရာကောင်းတယ်''

ဒေါ်နီလာဦး မသိမသာ နောက်ဆုတ်သွားမိကာ ကျောပြင်က လေ့ကားလက်ရန်းနဲ့ ထိကပ်သွား၏။ လွယ်ထားသည့် အကြီးစား ဘေးလွယ်အိတ်ကြီးကို ပခုံးကနေ ဖြုတ်ချကာ လေ့ကားထစ်ပေါ်မှာ ချလိုက်ပေမယ့် ကြိုးကို ဆွဲထားမိလျက် ...

''မင်း လက်တံ ဘယ်လောက်ရှည်တာတွေ ထပ်ကြွားမလို့လားဒီအေး ..၊ မင်း ငါ့ရှေ့မှာ ရပ်နေတဲ့အချိန်တွေအတွက် နောင်တရသွားလိမ့်မယ် ..''

''အစ်မ မရောက်ဘဲနဲ့ သူတို့ မသွားပါဘူး ..''

ဒေါ်နီလာဦး မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဒီကောင်လေး ဒါတွေထိ သိနေပြီလား ..။

''ဆုံမှတ်ကို ကျွန်တော် မသိဘူး၊ အဲဒါ တစ်ခုပဲ အစ်မ ကျွန်တော့်ကို ကူညီပါ၊ အစ်မ ဒီအမှုတွေနဲ့ ဘာမှမပတ်သက်စေရဘူးဆိုတာ ကျွန်တော် အာမခံတယ် ..''

ရှေ့ဆက် ငြင်းဆိုနေဖို့ မကြိုးစားတော့သလို ဒေါ်နီလာဦး က ကိုင်ထားသည့် လွယ်အိတ်ကြီးကို လွှတ်ချပစ်လိုက်၏။

ပြီးတော့ တစ်ကိုယ်လုံး အားအင်ချိနဲ့သွားသလို လက်ရန်းမှာ ကျောကပ် မှီချလိုက်ကာ ...





''မရဘူး .. ငါ အဲဒီလိုလုပ်လို့ မရတော့အောင် မမြင့် က ချုပ်ကိုင်ထားတာ၊ ငါ .. ငါနဲ့ ထပ်ပေါင်းမိကာမှ ..''

''သူ ကျူးလွန်နေတဲ့အပြစ်ကို ဘယ်နိုင်ငံ ဥပဒေမှာမှ ကင်းလွတ်ခွင့်နဲ့ လျှော့ပေါ့စီရင်မှာ မဟုတ်ဘူး၊ အစ်မ အဲဒီထဲမှာ မပါဖို့ ရှန်းထွက်လိုက်ပါ၊ အခု အချိန်မီပါသေးတယ် ..''

ဒေါ်မြင့်မိုရ်ဦး ဆိုတဲ့ မိန်းမကြီးဟာ ယုတ်မာရဲပေမယ့် ဒီမိန်းမကြီး လုပ်ကွက်မမြင်ဘူးဆိုတာ သူ သိသည်။ တစ်စုံတစ်ရာ၏ အမှီသဟဲ မရှိဘဲ ခြေလှမ်းမကျွံရဲဘူးဆိုတာ တွက်ပြီးသားမို့ ဒီမိန်းမကြီးနဲ့ ဘယ်သူတွေ ငြိနိုင်သလဲဆိုတာ သူ အမြဲ သတိထားနေခဲ့၏။

'မင်းကို သူတို့ ကျေနပ်ကြမှာ မဟုတ်ဘူး သား ..၊ အဲဒါတော့ သတိမလစ်စေနဲ့'လို့ ဖေဖေ သတိပေးကတည်းက ပြီးခဲ့တဲ့ကိစ္စကို ပြီးသွားပြီလို့ သဘောမထားခဲ့တာ ဖြစ်သည်။

တွေးကြည့်တော့လည်း အဖွဲ့လိုက်ကြီး ဖြာပုံထဲ ပြုတ်ကျသွားရသည့်အဖြစ်မှာ ဒေါ်မြင့်မိုရ်ဦး ကို လိုအပ်လို့သာ လက်တွဲနေကြတာမို့ သူမ ပြုတ်ထွက်သွားပုံက မျောက်သစ်ကိုင်းလွတ်တာထက် ဆိုးသည်။

ဒါကြောင့် ကိုယ့်ဘက်က အဆက်အသွယ်ရှိထားသမျှ အလွှာပေါင်းစုံက လူအမျိုးမျိုးနဲ့ မပြတ်မလတ် သတင်းထောက်နေခဲ့ရသည်။

ဒီနေ့ ကာလ နဲ့ ဖုန်းပြောနေတုန်း ဒေါ်မြင့်မိုရ်ဦး နဲ့ ပတ်သက်သည့်လူတစ်ယောက် မလာစဖူး လာသည်ဆိုတာက သူ့အာရုံတွေကို လှုပ်နှိုးလိုက်သလိုပင် ..။

''မမြင့် နဲ့ ငါ ပြန်ဆက်သွယ်နေတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိတာလဲ ..''

သူ တွေးနေတုန်း ဒေါ်နီလာဦး ရဲ့မေးခွန်းက ဝင်ဖျက်လိုက်၏။

''သိရတဲ့အကြောင်းတွေက အများကြီးပါပဲ၊ ကျွန်တော်တို့ ပြဿနာ ဖြစ်ကြပြီးတဲ့နောက်မှာ အစ်မနဲ့ သူ ပဋိပက္ခ ဘာမှမဖြစ်ဘူးဆိုတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအကွက်တွေ ရှိလာနိုင်တယ်ဆိုတာ ကျွန်တော် တွက်မိတယ်၊ နောက်ပြီး အစ်မလိုတော်တဲ့ ဆွေမျိုးရင်းချာမျိုး၊ လုပ်ဖော်ကိုင်ဖက်မျိုးကို သိသာအောင် ရန်ငြိုးဖွဲ့လိုက်ရင် သူ့လောက်မိုက်တာ ဘယ်ရှိတော့မလဲ .."

"ဟုတ်တယ် .. အဲဒီနေရာမှာ သူ တော်တယ်၊ ငါ့အစ်မကို လက်ထောက်ချမိပြီဆိုတဲ့ စိုးရိမ်စိတ်တွေ ရှိနေတုန်း သူ့ရဲ့မာယာတွေနဲ့ ငါ့ကို ပြန်ပြီး ကျူးသွင်းခဲ့တာ .."

"အဲဒီအချိန်မှာ သူ ဟိုကပြားကောင်ကြီးနဲ့ ချိတ်မိနေပြီဆိုတာ အစ်မ မသိခဲ့လို့ပါ၊ သူက အစတည်းက ဒီလိုကိစ္စတွေကို အချိုကြီး မကိုင်တွယ်ခဲ့ပေမယ့် ဝါသနာပါတယ်၊ အခု အဓိက ကိုယ်စားလှယ်တွေနဲ့ တွေ့တော့ .."

"မဟုတ်ဘူး .. သူလည်း ဒီဘက်မှာ ခြေလှမ်းမှားလို့မရအောင် ကျပ်တည်းနေပြီ .."

"အလှမ်းကျယ်လာတာတွေကြောင့်ပါ .. ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံက မိန်းကလေးတွေကို ဒီလိုလုပ်တာ အရမ်းကို ရွံစရာကောင်းတယ်၊ အစ်မ အဲ့ဒါတွေထဲ လက်ဝင်မလျှိုပါနဲ့ .."

"ခုမှ မဟုတ်ဘူး ဒီဒေး ...၊ သူနဲ့ ငါ ဘာလုပ်လုပ် မသိကြတာ မရှိဘူး၊ လိုအပ်ရင် မကူညီဘဲလည်း မနေနိုင်ဘူး၊ ရန်ဖြစ်လိုက် .. ပြန်တည့်လိုက် နေလာကြတဲ့ထဲမှာ သူ့အပြစ်တွေ များသလို ငါလည်း အပြစ်ကင်းတဲ့သူမှ မဟုတ်တာ .."

"ကျွန်တော့်ကို အစ်မ ယုံပါ၊ အများကြီးထဲကနေ အနည်းဆုံးဖြစ်အောင် ကြိုးစားပေးမယ်၊ နည်းတာကို ပျောက်ပျက်သွားအောင် ကူညီမယ်လို့လည်း ကတိပေးပါတယ်၊ လောလောဆယ် ကာလ ကို ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောပြပါ .."

"ကောင်မလေးတွေနဲ့ အတူတူ .."





"မဟုတ်ဘူး .."

ဒီဒေး မျက်နှာ တင်းသွားသည်။

"အချိန်တွေ နှောင့်နှေးကုန်ပြီ ...၊ အစ်မ ဘာအတွက် နောက်ဆံတင်းပြီး သတင်းချန်ထားတာလဲ၊ ကာလ ကို သူ တမင် ရန်ငြိုးနဲ့ ဆွဲသွားတာ၊ ကောင်မလေးတွေ ရှိတဲ့နေရာကို သက်ဆိုင်ရာက လိုက်နေပြီ၊ ကျွန်တော် သိချင်တာ ကာလ ကို ချုပ်ထားတဲ့နေရာပဲ .."

ဒေါ်နီလာဦး မျက်နှာ နီမြန်းလာ၏။ မိတ်ကပ်တွေနှင့် ပြင်ဆင်လှပနေသည့်မျက်နှာက ချွေးတွေစို့ အဆီပြန်ကာ ကြည့်ရဆိုးလာခဲ့သည်။

"ကျွန်တော် တွက်ထားသလောက်ဆိုရင် ကာလ ရဲ့ကိစ္စကို ဂျင်ပါဝါ ဆီကနေ ဒေါ်မြင့်မိုရ်ဦး အခွင့်အရေး ပြန်တောင်းထားတာ၊ အဲ့ဒါ ကျွန်တော့်ကို ကလဲ့စားချေဖို့ .."

သားချစ် နဲ့ ဘုံ ဆီမှာ မလိုအပ်ဘဲ မြှောက်ထိုးပင့်ကော်တွေ သွားလုပ်ခဲ့တာ ဒေါ်မြင့်မိုရ်ဦး မှားသွားခဲ့တာ ဖြစ်သည်။

တကယ်ဆို မဟုတ်တဲ့ စီးပွားရေးတွေလုပ်ပြီး သူဌေးဖြစ် ခွေးဖြစ်ကြံနေခဲ့တာ သပ်သပ်ပါ။

နိုင်ငံခြားသားနဲ့ ပူးပေါင်းပြီး အချိုကြီးကြံကာ တစ်ခါတည်း လစ်ထွက်ကြဖို့ ဖြစ်သည်။ ဒါပေမယ့် သူမ မကျေနပ်နိုင်သည့် ရန်ငြိုးကိုလည်း ဒီတိုင်း မထားခဲ့ချင်တာကြောင့် ..။

"ဂျင်ပါဝါ ကို အစ်မတို့ညီအစ်မ ဒီဘက်ကနေ ဘယ်လို ပံ့ပိုးကူညီခဲ့တာ ကျွန်တော် သေချာ မသိဘူး၊ ဒါပေမယ့် ဘယ်မျက်နှာစာမှာဖြစ်ဖြစ် ဒေါ်နီလာဦး ဆိုတဲ့ နာမည် ပါမလာသေးပါဘူး၊ အစ်မအနေနဲ့ မထူးစိတ်ပိုက်ဖို့ မလိုသေးဘူး .."

အသက်အရွယ်အားဖြင့် အန်တီလို့သာ ခေါ်ရမှာပေမယ့် သူမနဲ့ ဆက်ဆံနေရသမျှမှာ ကိုယ့်ဘက်က အချိုသပ် သိမ်းသွင်းနေရတာချည်းပဲမို့ မတတ်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သူငယ်ချင်း ဒုရဲအုပ်တစ်ယောက် ရှိတယ်၊ အရပ်သားထဲက ထူးခြားလှုပ်ရှားနေတဲ့ လူတချို့ကို ကျွန်တော်က ထောက်ပြလိုက်ရုံနဲ့ နောက်ကျောက ကြိုးကိုင်နေတဲ့ အဖွဲ့အစည်းတွေကို ခြေရာခံလို့ရတယ်၊ ပြီးတော့ လမ်းတွေပေါ်မှာ .. ဈေးသည်တွေထဲမှာ .. စက်ရုံအလုပ်သမားတွေကအစ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်းနယ်ပယ်တွေပဲ ..၊ အစ်မ ကျွန်တော့်ကို ယုံပါ .."

ဒေါ်နီလာဦး မျက်လုံးထဲမှာ ဒီဒေး ကို အထင်ကြီး အားကိုးသောမျှော်လင့်ခြင်းတွေ တောက်ပလာခဲ့၏။

သူမ နားလည်လိုက်တာက ဒီဒေး ရဲ့ ပတ်ဝန်းကျင် နယ်ပယ်ဟာ သူမ ထင်သလို သေးသေးလေး မဟုတ် ..။





## အခန်း (၃၁)

"ကျွန်မတို့ အချိန်မီ လာမှာပါ ..၊ နောက်ထပ် ဆယ့်ငါးမိနစ်လောက်ပဲ .."

"ဆယ့်ငါးမိနစ်ဆိုတဲ့ အချိန်က အခြေအနေတွေ အများကြီးပြောင်းလဲသွားလို့ရတယ် မမြင့် ..၊ ခင်ဗျား ဒီအလုပ်ကို ပေါ့ပေါ့လေးတွက်ထားတာလား .."

ဖုန်းကိုင်ရင်း နီလာဦး ကိုပဲ စိတ်တိုနေမိသည်။ သူမ ရောက်မလာသေးဘဲ ထွက်သွားလို့ မဖြစ် ..။ ပြီးတော့ ဆောင်းကာလ ကို ပါအောင်ခေါ်ရမည်မို့ ဒီအစီအစဉ်တွေ အောင်မြင်ဖို့က နီလာ ရှိမှ ဖြစ်မှာတွေချည်းမို့ ..၊

"မမြင့် ကျုပ် ပြောတာ ကြားပါတယ်နော် .."

"ကြားပါတယ် .. ကြားပါတယ်၊ တကယ်ပါ ဆယ့်ငါးမိနစ်ပဲ .."

အရေးထဲမှာ ဒီကပြားစုတ်ရဲ့ စကားသံဝဲဝဲကို ကြားနေရတာဒေါသကို ဆတိုးနဲ့ ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်!..."

ဖုန်းချလိုက်သံနှင့်အတူ တက်ခေါက်သံက ကပ်လျက် ပါ… ကိုယ့်မှာလည်း မာနနဲ့မို့ စိတ်က ထောင်းခနဲ ဖြစ်သွားမိသေးသည်။

"ကျုပ်က ခင်ဗျားကိုလည်း ထိုက်ထိုက်တန်တန် ရစေချင်လို့… မလည်ရှုပ်တော့ မလုပ်နဲ့ ..၊ သံသယရှိတာနဲ့ ခင်ဗျားဇတ် ပြတ်သွားနိုင်တယ်"တဲ့ ..။

ဂျင်ပါဝါ က ကိုယ့်အပေါ်မှာတော့ သံယောဇဉ်စကား ပြောဖော်သေးသည်။ ဒါပေမယ့် ခြေလှမ်းမှားတာနဲ့ ညှာမှာ မဟုတ်ဘူးဆိုတာ ဒေါ်မြင့်မိုရ်ဦး သိနေသည်။

ကိုယ့်အတွက်ကလည်း မြန်မာပြည်မှာ ဘာအတွက်မှ နောက်ဆံ… တင်းစရာ မရှိပါ။ ဘယ်သွားသွား ဂရုစိုက် လိုက်ကြည့်နေကြသည်။ သတင်းထောက်နေကြသည်။

အရင်လို ဘာလုပ်လို့မှ လွတ်လပ်မှု မရှိတော့ပေ။ ဒါဟာ ကလီးယား ကွန်စထရပ်ရှင်ကိစ္စ၏ အငွေ့အသက်တွေ အများကြီး ပါသည်။

ဒီဒေး လျှောက်ဖြန့်တာ မဟုတ်မှန်း သိသည်။ ဒါပေမယ့် ကုမ္ပဏီ တစ်ခုလုံးက ရှုံးရှာ မောင်းထုတ်ခံရတဲ့အဖြစ်ကို ဘယ်လို ဖုံးဖိ ဖျောက်ဖျက်မလဲ ..။

တရားခံကတော့ ဒီဒေး ဆိုတဲ့ သတ္တဝါပဲ ဖြစ်လေသည်။ သင်းကို အမှုန့်ကြိတ်မပစ်နိုင်ပေမယ့် အရည်ပျော် ပျက်စီးသွားအောင်တော့ လုပ်ခဲ့ချင်၏။

ထို့ကြောင့် သူမ ဆုပ်ကိုင်လိုက်တာ ဒီဒေး ရဲ့ နှလုံးသည်းညှာ..။

"ဘယ်လိုလဲ ဆောင်းကာလ ..၊ ခြေတွေလက်တွေ ကြိုးတုပ်ခံထားရတာ နေသာထိုင်သာ ရှိရဲ့လား ..၊ ပါးစပ်က တိတ်ဝ်ကိုတော့ ဖော့ဖော့ပဲ ကပ်ထားတာပါ၊ ညည်းဆီက မလိုအပ်တဲ့ စကားကြီး စကားကျယ်တွေကို မကြားချင်လို့ .."





ဒေါ်မြင့်မိုရ်ဦး စီးကရက် မီးညှိရင်း ကာလ ကို ချုပ်ထားသည့်ရှေ့မှာ ဝင်ထိုင်သည်။ ကြမ်းပေါ်မှာ ဒီတိုင်း ကြိုးတုပ်ချထားသဖြင့် ကာလ ဆံပင်ရှည်တွေ ဖရိုဖရဲ ပြေကျနေလျက် ..၊ လူကလည်း ခွေခွေခေါက်ခေါက် ..။

"ဟွန်း .. ငါ့ကို သိပ်မုန်းတဲ့ ကိုမိုးဆောင်း ရဲ့သမီး ..၊ ညည်းကို လင်ပါသမီးပါလားလို့ မေတ္တာလေး နည်းနည်းပါးပါး ထားကြည့်ဖို့ စိတ်ကူးမိသေးတာ၊ ဒါပေမယ့် ညည်းက တော်တော်ဗွာတာကိုး .."

ကကြီးပုံ နဖူးပြေပြေလေးနှင့် ထူတန်းသော မျက်ခုံးလေးတွေက သိသာစွာ တွန့်ကုတ်ကျနေ၏။ လက်တောက်နေသည့် မျက်ဝန်းညိုတို့သည် မျက်တောင်ကော့တို့ ဖြန့်ကားလျက် ဒေါ်မြင့်မိုရ်ဦး၏ မျက်နှာပေါ်မှာ စူးစူးရဲရဲ ..၊

"ညည်းထက် ဒီဒေး ဆိုတဲ့ကောင်က ပိုဗွာတယ်၊ ဟွန်း .. ငါ့လက်ထဲကနေ ကုမ္ပဏီကိုရော .. မိုးဆောင်း ဆိုတဲ့ လူကိုပါ ဆွဲထုတ်သွားတယ် .."

ပြောရင်း ဝုန်းခနဲ ပြန်ထရပ်၏။ သူမ ထရပ်လိုက်သည့်အရှိန်ကြောင့် ကုလားထိုင်ကပါ ဒေါသနှင့် ရွေ့လျားသွားခဲ့၏။

"ငါ့စိတ်ကူးနဲ့ ငါ့အစွမ်းအစနဲ့ ဘာတွေလုပ်လုပ် သူနဲ့ ဘာမှ မဆိုင်ဘူး၊ အရင်းအနှီး ထုထည်ကြီးကြီးမားမားနဲ့ စခဲ့တဲ့ ပရောဂျက်တစ်ခုကို အဆုံးသတ်နိုင်ဖို့ ငါက ကြိုးစားခဲ့တယ်၊ သူက ဖျက်ချပစ်တယ်၊ မိန်းမတစ်ယောက်ကို မျက်နှာလို မျက်နှာရ လုပ်နိုင်ဖို့ တစ်ခုတည်းနဲ့ ကလီးယားကွန်စထရပ်ရှင် တစ်ခုလုံးကို ဖောက်ထိုးမိုးမျှော် လုပ်ပစ်ခဲ့တဲ့ အဖျက်သမား .."

ဒေါ်မြင့်မိုရ်ဦး ပြောနေတာတွေကို ကာလ စူးစိုက် နားထောင်နေခဲ့၏။ ဒါပေမယ့် ကိုယ်နဲ့ သက်ဆိုင်နေတာ ဘယ်အခန်းကဏ္ဍမှန်း ခုချိန်ထိ သေချာ သဘောမပေါက်သေးပေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအဖေ အခု ဝယ်လိုက်နိုင်တယ်ဆိုတဲ့ မြေပို ရာဇဝင်ကို... သိရဲ့လား ..၊ အဲ့ဒါ ညည်းအဖေ အစွမ်းအစကောင်းလွန်းလို့ မထင်... ဒီအေး ထုတ်ပေးထားတာ ..၊ သူ့အဖေရဲ့ အကောင့်တစ်ခုထဲက ထုတ်... တာ နားလည်ရဲ့လား၊ ဒီသတ္တဝါလေးကို ငါ ဘယ်လိုမှ မကျေနပ်နိုင်... ပေမယ့် အထင်သေးလို့မရတဲ့ အဆိပ်ကောင်တစ်ကောင်ဆိုတာတော့ အသိအမှတ်ပြုထားရတယ် .."

ပြောပြီး စီးကရက်ကို နှစ်ရှိုက် သုံးရှိုက် ဖွာနေ၏။ ပုံစံက စီးကရက်... သောက်တာနှင့် မတူဘဲ တောက အဘွားအိုတစ်ယောက် ပြောင်းဖူးဖက်... ဆေးလိပ် ဖွာနေတာနှင့်သာ တူလေသည်။

"ဒီကောင်နဲ့ ပတ်သက်မိအောင် ငါက ညည်းအဖေနဲ့မှ ငြိခဲ့မိတာ... ကိုး ..၊ ဟွန်း .. ခုတော့ ဘယ့်နှယ့် ရှိသေးလဲ .. ဒိတ်ဒိတ်ကြဲသူဌေးကို... ရပြီး ဒိတ်ဒိတ်ကြဲ မိုက်ရိုင်းတဲ့ကောင်ကို လက်ကိုင်တုတ် ရထားတော့... အချိုကြီး ပွပြီအထင်နဲ့ ပျော်နေကြတာတွေ .."

ကိုယ့်အသားကို ပြန်လှီးပြီး ကြိမ်းဝါးနေတဲ့လူလို ဒေါ်မြင့်မိုရ်ဦး... ကိုယ့်အနာကို ပြန်ဖော်ပြီး ဒေါသတွေ ဖောင်းပွကာ အသက်ရှူတွေပါ... ပြင်းနေ၏။

မျက်လုံးတွေ .. နှုတ်ခမ်းတွေမှာ အရောင်တင်ထားတာတွေက... နည်းနည်း ပြူးပြဲ ဒေါကန်တာနှင့် ကြည့်ရဆိုးလှစွာ ...

"တွေ့မယ် ..၊ ငါ့အကြောင်း ကောင်းကောင်း သိတော့မယ်၊ အခု... ညည်း ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်တော့မယ်ဆိုတာ သိရဲ့လား"

အားလုံးကို နားလည်သွားပြီမို့ ကာလ မျက်ဝန်းလေးတွေ ဝိုင်း... စက် ပြူးကျယ်နေကာ ကြိုးတုပ်ထားသည့်လက်ကိုလည်း ရုန်းသည်... ထိတ်လန့်ခြင်းနှင့် ဒေါသတွေပါ စုပြုံကာ စကားမပြောနိုင်ပေမယ့်... လည်ချောင်းထဲက ညှစ်ထုတ်သည့်အသံတွေပါ ထွက်လာ၏။

"ဟား .. ဟား .. ဟား ..."





ဒေါ်မြင့်မိုရ်ဦး က တွင်တွင်ရယ်သည်။

ဘယ်လောက်ထိ အငြိုးထားမိသလဲဆိုလျှင် သူမ ဘာတွေလုပ်နေ... သလဲဆိုတာကိုပါ မေ့နေခဲ့၏။

"ကြောက်သွားပြီလား .. ကောင်းတယ်၊ ဒီတစ်ခါ ဟိုဘက်မှာ... ငါ့အလုပ်က နာမည်ကျော်သွားမှာပဲ၊ အရမ်းလှပြီး အပျိုစင် နနုထွတ်... ထွတ်လေး ..၊ ဟား .. ဟား .. ဟား ..."

ရယ်နေဆဲမှာ ဖုန်းမြည်လာ၏။ ဒေါ်မြင့်မိုရ်ဦး ရယ်သံ တိခနဲ... ရပ်သွားသည်။ ဖုန်းဖွင့်ကာ ထိတ်ထိတ်ပျာပျာနှင့် ...

"လာမယ် .. ခုပဲ လာပါ့မယ် .."

"မမြင့် .. ခင်ဗျား ဘာတွေလုပ်နေတာလဲ ..၊ အခု ခင်ဗျား လုပ်နေ... တာ ဘာလုပ်နေမိတယ်ဆိုတာ သိရဲ့လား .."

ဒေါ်မြင့်မိုရ်ဦး မျက်နှာပျက်သွားကာ ကာလ ဆီကို လှမ်းကြည့်... မိ၏။

"ကျွန်မလည်း ကိုယ့်အစွမ်းအစလေးနဲ့ ရသလောက် ကဲ့ချင်လို့... ပါ၊ အချိန်လည်း ထပ်မတောင်းဘူး၊ ခုပဲ လာမယ် .. ဘာမှ မဖြစ်စေ... ရဘူး .."

"မရဘူး .. ခင်ဗျား လျှောက်မလုပ်နဲ့ ..၊ ကျုပ်တို့ ကိုင်တွယ်နေ... တာ အဲဒီလို အသိုင်းအဝိုင်းတွေထဲက မဟုတ်ဘူး ..၊ အကုန်လုံး မီးနီး... ကြွက်လျှောက် ဖြစ်ကုန်မှာ ..၊ ခင်ဗျား အခု အဲဒါတွေ ထားခဲ့ပြီး... ထွက်ခဲ့ .."

"ဘယ်လို!..."

"ခင်ဗျား အခု ထွက်ခဲ့လိုက် .."

"ကျွန်မက ဘယ်ကို .."

"ခင်ဗျား ထွက်လာတာနဲ့ အနားမှာ လာရပ်တဲ့ကားပေါ် တက်... လိုက်ရုံပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလည်း .. ရှင်နဲ့ ကျွန်မက အဲဒီလောက် လျှို့ဝှက်ရမယ့်လူတွေလား ..၊ ဘယ်နေရာ လာရမယ်ဆိုတာလောက်တော့ .."

"ဝုန်း .."

"ဒုန်း .."

"ဟော .."

ဖုန်းပြောနေတုန်း ဆူညံသံတွေ ဖုန်းထဲကတစ်ဆင့် တိုးဝင်လာသည်။ ဘာတွေ ဖြစ်နေကြတာလဲ ..၊

ကိုယ့်လောဘနဲ့ကိုယ် ထွေထွေထူးထူး တွေးမနေတော့ဘဲ ခေါ်နိုလာဦး ဆီ လှမ်းခေါ်လိုက်၏။ ဒါပေမယ့် ခေါ်လို့မရဘဲ လူကြီးမင်းနဲ့သာ တိုး၏။

"တောက် .."

ဒီကောင်မကို ယုံမိတာ မှားပြန်ပြီလား ..၊ ဘာလုပ်တာလဲ ..။

တစ်ရယောက်တည်း ထိုင်မရ ထမရနှင့် လှေကားထိပ်ကို အပြေးတစ်ပိုင်း သွားမိသည်။

"ဇော်ထူး နဲ့ ကျော်သိုက် .."

"ရှိတယ် မမမြင့် .."

"ရှိနေတာ သိချင်လို့ မဟုတ်ဘူး၊ နင့်ကောင်တွေရော .."

"ခြံထဲမှာ ဖြန့်ထားတယ်၊ မမမြင့် အချက်ပြလိုက်တာနဲ့ အားလုံးပြန်စုရုံပဲ .."

အောက်ထပ်က ပြန်ပြောသံတ လှေကားက သိပ်မမြင့်သည်မို့ အကျယ်ကြီးတော့ မဟုတ်ပေမယ့် ကာလ ဒီတိုင်း ကြားနေရသည်။

"ပြန်စုလို့ မရသေးဘူး၊ ရှစ်ယောက်ကို လူစုခွဲပြီး ကွန်ဒိုကို လှတ်စမ်း၊ နင်လည်း တောက်လျှောက် ဖုန်းခေါ်နေ .."

ဘယ်သူ့ဆီကို ခိုင်းတာမှန်း သူတို့ချင်းတော့ သိနေပုံ ရ၏။

"တောက်!..."





ခေါ်မြင့်မိုရ်ဦး တက်တခေါက်ခေါက်နှင့် ဘယ်တွေကို ဖုန်းခေါ်နေမှန်း မသိ ..။ ဘယ်ကို ခေါ်လို့ မရတော့မှန်းလည်း သိသာနေ၏။

"ဟဲ့ .. ဇော်ထူး .. ဇော်ထူး .. လာစမ်း .."

တုန်လှုပ်စ ပြုလာပြီဖြစ်သည့်စိတ်က အိမ်အကူတွေကို ခေါ်သလို အာခေါင်ခြစ် အော်ခေါ်သည့်အဆင့်သို့ ရောက်၏။

သို့သော် ...

"ဒုန်း .. ဒုန်း .."

"ဟင်!..."

လှေကားပေါ်က ပြေးတက်လာသဖြင့် ခေါ်မြင့်မိုရ်ဦး အလျင်စလိုဆသွားသော်လည်း ...

"မင်း .. .."

ဒီဒေး နဲ့ မျက်နှာချင်းဆိုင် ပက်ပင်းတိုး၏။

"မင်း .. မင်း .. လူရှုပ် .. တိရစ္ဆာန်ကောင် .. မင်း ပါလာပြန်ပြီ"

ခေါ်သက နောက်ကျန်ရစ်ကာ ထိတ်လန့်အံ့သြခြင်းက ဟုန်းခနဲဖြစ်၏။ ထို့ကြောင့် ...

ခေါ်သနှင့် လူက တစ်ထပ်တည်း မကျခဲ့ဘဲ မီးပြေးဒုက္ခသည်လိုကျောကော့ ဆင်းပြေးရတော့မလား ..၊ လက်နက်တစ်ခုခု ပြေးဆွဲရမလား .. ကယောင်ကတမ်းတွေ ဖြစ်ကုန်၏။

မနက်တည်းက ဒီဒေး ရှည့်သည်တွေနဲ့ ပါသွားသည်။ ရန်ကုန်မှာ ရှိဘူးဆိုတာ သတင်း သေချာရထားခဲ့သည်။

ဒီလောက်ထိ မျက်စိရှေ့ ရောက်လာတာ မြန်မြန်ဆန်ဆန် ..။

"ဇော်ထူး .. ဟော .. ဟိုကောင်တွေ ဘာလုပ်နေကြသလဲ၊ ဒီမှာ ဒီကောင် .."

အော်လည်း အော်ရင်း နီးရာလက်နက်ကို ပြေးဆွဲတော့ လက်ထဲမှာ ပန်းအိုးကြီး ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးရိုက်ချင်တာက ဒီဒေး ကို ဖြစ်ကာ မရနိုင်မှန်း သိလိုက်သဖြ
အနီးဆုံးမှာရှိသည့် ကာလ ရဲ့ခေါင်းကို အားပါးတရ လွှဲရိုက်ပစ်လိုက်
သည်။ သို့သော် ...

"ဘုန်း .."

"အား!..."

"ဒုန်း .."

ဒီဒေး ခေါ်မြင့်မိုရ်ဦး ရဲ့ခါးကို ပတ်ကန်ပစ်လိုက်၏။ လျှပ်တ
ပြက် တားဆီးလိုက်ရတာမို့ ငရဲကြီးသွားပြီဆိုလည်း မတတ်နိုင် ...

ခေါ်မြင့်မိုရ်ဦး ပန်းအိုးကြီးကိုင်လျက် ဘိုင်းခနဲ ပစ်လှဲသွားလျှင်
ကာလ ဆီ ပြေး၍ တိတ်ပ်ကို ခွာပေးလိုက်၏။

နှုတ်ခမ်းသားလေးတွေကို ညှာကာ ဆတ်ခနဲ ခွာမပစ်လိုက်နိုင်ဘဲ
ရှိရာ လှေကားကနေ ပြေးတက်လာသည့် လူနှစ်ယောက်က တုတ်တွေ
နှင့် ...။

"ဒီဒေး .. နောက်မှာ .."

စကားပြောလို့ ရသည်နှင့် ကာလ တအားအော်လိုက်သည်။ ရိုက်
ချက်ကို မြင်ပေမယ့် သူ ခုန်ရှောင်ထွက်လိုက်လျှင် ကာလ ကိုယ်ပေါ်
ကျတော့မှာမို့ ဒီဒေး ကာလ ကို ဖက်၍ လိမ့်ပစ်လိုက်၏။

"ဘုန်း .."

ကျောတစ်ပြင်လုံး အောင့်တက်သွားသည်။ ပြီးတော့ ခေါင်းမှာ
မီးပွင့်သွား၏။ ပြီးတော့ နောက်ထပ် ...

"ဒီဒေး .. ဒီဒေး သေပါပြီ ..၊ မလုပ်ကြနဲ့ .. တော်ကြပါတော့.."

"ဟော့ .. ရပ်လိုက်စမ်း .."

ဝိုင်းရိုက်ဖို့ နောက်ထပ် ပြေးတက်လာသည့် လူနှစ်ယောက်
အားပါးတရ လွှဲထားသည့် တုတ်တွေကို မြှောက်လျက်အတိုင်း ရပ်တန့်
ကုန်ကြ၏။





တုတ်တွေကိုယ်စီနှင့် လူလေးယောက်အလယ်မှာ ဒီဒေး သည်
ကာလ ကို ဖက်ထားလျက် သွေးချင်းချင်းနီနေ၏။

"ဒီဒေး .. ဒီဒေး .."

ကာလ လှုပ်ခေါ်နေစဉ် ဒီဒေး ၏ လက်တွေ ပြေကျသွားကာ သူမ
ရင်ခွင်ထဲမှ တအိအိ ခွေခေါက် ပြိုလဲလေသည်။

"ဒီဒေး ... ဟိတ်ကောင် .."

"သွေးထွက်လွန်မယ် .. ဆေးရုံ မြန်မြန်ပို့ရအောင် .."

ဖမ်းမိသူတွေနှင့် ရဲတွေကြားထဲမှာ ခေါ်မြင့်မိုရ်ဦး က သယ်ထုတ်
သွားသည့် ဒီဒေး ကို အံတကြိတ်ကြိတ်နှင့် လိုက်ကြည့်ရင်း ...

"အဲဒီသတ္တဝါလေးကို သတ်လိုက်စမ်း ..၊ ငါ့မှာရှိတာ အကုန်
ပေးမယ် .."

စူးစူးဝါးဝါး ထအော်သည်။ ရူးသွပ်သွားသူကဲ့သို့ အော်ဟစ်ပြီး
တက်ခေါက်၏။

အရာရာကို အကောင်းတိုင်း ပြန်ရပါ့မလားဆိုတာကတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဒီဒေး ကို အကောင်းတိုင်း ပြန်ရမရဆိုတာကတော့ ကံကြမ္မာရဲ့ စာမျက်နှာပေါ်မှာပဲ ဆက်လက် ဖတ်ရှုရမှာပဲ၊ ပြီးခဲ့တာကို ဘာမှ ပြန်ယူပြီး ပြုပြင်လို့ မရတော့ဘူးလေ .."

ဦးထိန်ဝင်း မျက်နှာက နည်းနည်းလေးမှ ပျော့ပျောင်းနူးညံ့မှု မရှိ။ အမိက စူးစိုက် တင်းခံနေသည့် မျက်နှာဟာ ကာလ ရဲ့မျက်နှာလေးပဲ ဖြစ်ကာ ပြီးမှ အားလုံးဆီ ဝေ၏။

"ရှေ့ဆက်ပြီး အကောင်းဆုံးဖြစ်ဖို့ပဲ တတ်နိုင်သမျှ ကြိုးစားရတော့မှာ .."

"အန်ကယ်လ် ဦးထိန်ဝင်း .. သမီး ဒီဒေး ကို ခဏလောက် ဝင်ကြည့်ပါရစေ၊ သူ သတိမရသေးရင်လည်း .."

"မဖြစ်ဘူး .."

ကာလ ၏ တောင်းဆိုခြင်းကို ကြားမှ ဦးထိန်ဝင်း မျက်နှာ ပိုတင်းသွားသလိုရှိကာ ...





"ခေါင်းမှာ အကြီးအကျယ် ထိခိုက်မိထားတယ်၊ သူ့ရဲ့ အာရုံကြောတွေ အကောင်းတိုင်း ပြန်ဖြစ်မဖြစ်ဆိုတာ သမားတော်ကြီးတွေတောင် မခန့်မှန်းနိုင်သေးဘူး .."

"ကောင်လေးက တော်တော် ဒဏ်ရာရသွားတာပဲ .. သနားပါတယ်"

ဒေါ်နီနီခင့် အသံက အများထဲမှာ ထူးခြားစွာ ထွက်လာခဲ့၏။ ကာလ တို့ ပြဿနာတက်ကြသည်ဆို၍ သားချစ် အတင်းထွက်မယ် လုပ်တော့ ဒေါ်နီနီခင် ကိုယ်တိုင် လိုက်ခဲ့ရသည်။

သားကို စိတ်မချနိုင်ပေမယ့် ကိုယ်လည်း သတင်းမေးသင့်သည် ထင်လို့ပါ။ ဒီရောက်တော့ ကိုယ် လာမေးသည့်လူနာက မကျိုးမကန်း အကောင်းအတိုင်း ငုတ်တုတ်ထိုင်လျက် ..၊

သေမလား ရှင်မလား မသိလောက်အောင် ဖြစ်သွားခဲ့သူက ဒီဒေး ဖြစ်နေ၏။

ကိုယ့်သားလေးအရွယ်မို့ စာနာစိတ် ဝင်လိုက်မိတာနှင့် အပြစ်တင်သည့်အကြည့်တွေက ကာလ ဆီကိုပဲ တန်းခနဲ ရောက်သည်။

"ဒီအမျိုးသမီးက ရန်ငြိုးနဲ့လုပ်တာဆိုတော့ ဘယ်လို ရန်ငြိုးမို့လို့လဲရှင် ..၊ ဒီလောက်တောင် သေကောင်ပေါင်းလဲ လုပ်ရက်တာ .."

"မေမေကလည်း .."

သားချစ် က မအေကို တိတ်တိတ်ခေါ်၍ တားဆီးဖို့ ကြိုးစားသည်။ ဒေါ်နီနီခင် က ဂရုမစိုက် ..။

"မဟုတ်ဘူးလေ ..၊ သားတို့သူငယ်ချင်း မို့လား .. မေမေက ကိုယ့်သားလေးနဲ့ ကိုယ်ချင်းစာလို့ပါ၊ သူ့ခမျာ မိဘလည်း အနားမှာ ရှိတာ မဟုတ်ဘူး .."

"ကျွန်မတို့တွေ ရှိပါတယ် ..၊ လွင် က သူ့ရဲ့အုပ်ထိန်းသူပဲဟာ.."

ဒေါ်ဇင်မာလွင် က ပေါင်ပေါ်တင်ထားသည့် လက်ဆွဲအိတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို တပြင်ပြင်နှင့် ဆောမှာရှိသည့် ဒေါ်လွင်လွင့် ကိုငဲ့စောင်းကြည့်ကာ...

"သူ့ရွှေ ဦးအောင်ချိန် က သူ့သားလေးကို လွင့် ဆိမှာ အပ်ခဲ့တာပါ၊ ယောက်ျားလေးဆိုတော့ ထားသလိုလည်း မနေဘူးလေ ..၊ မကောင်းလို့ မကောင်းဘူးပြောလည်း နားမထောင်၊ မတော်ပါဘူးပြောလည်း မရ .."

ပြောနေရင်း ကာလ တို့ သားအဖတွေကို တည့်တည့်ကြီး စိုက်ကြည့်ပြီး နှုတ်ခမ်းမဲ့သည်။

ကာလ ဒီဒေး ကို တွေ့ခွင့်ရဖို့အတွက်သာ အာရုံများနေသဖြင့် ထိုမျက်လုံးတွေကို သတိမထားမိလိုက်ပေမယ့် အားလုံး၏အကြည့်တွေက သူမထံမှာ ဝေ့ဝဲသွား၏။

သားချစ် အခြေအနေကို ဘယ်လို ပြန်ဆွဲတင်ရမှန်း မသိ ဖြစ်သွားသည်။ ခုကျမှ 'ပြန်ရအောင် မေမေ' လို့ ပြောပြီး ဆွဲခေါ်သွားလို့လည်း မဖြစ် ..။

ဒေါ်လွင်လွင် ကတော့ မျက်နှာထားတင်းနေတာမျိုး မဟုတ်ပါ။ ဒါပေမယ့် ကာလ ကို ကြည့်သည့် မျက်ဝန်းတွေကတော့ စိတ်ပျက်စွာနဲ့ဖြစ်ကာ ...

"ကျွန်မလေ သားကို လူငယ်ချင်း စကားများ ရန်ဖြစ်ကြတယ်ပဲ မှတ်တာ ..၊ အဲဒီလိုဆိုရင်တောင် ကြားကောင်းသေးတယ်လေ၊ ခုတော့ မကောင်းတဲ့မိန်းမတစ်ယောက်က ရန်ငြိုးဖွဲ့ လုပ်ကြံတာကို သူက ကြားဝင်ပြီး .."

ရှေ့ဆက်မပြောဘဲ ခေါင်းတခါခါနှင့် မျက်နှာလွှဲ၏။ ဒေါ်ဇင်မာလွင် ကတော့ ထိန်းသိမ်းပြောဆိုဖို့လည်း စိတ်ကူးရှိပုံ မပေါ်ပေ။

"အဲဒီ ဒေါ်မြင့်မိုရ်ဦး ဆိုတဲ့ မိန်းမက .."

"ဒေါ်ဇင်မာလွင် .."

သူမ မျက်လုံးတွေကို ဦးမိုးဆောင်း မျက်နှာဆီ ရောက်သွားသည်





နှင့် ဦးထိန်ဝင်း က အချိန်မီ တားဆီးလိုက်ကာ ...

"ပြီးခဲ့တာတွေကို ဝေဖန် ပြောဆိုကြဖို့ မဟုတ်ပါဘူး၊ ဒါ ဆေးရုံပါ .."

"ဟုတ်ပါတယ် ..ဦးထိန်ဝင်း ရဲ့ ..၊ ဒါပေမယ့် သား ဒီဒေး ကို အခုပဲ တွေ့ခွင့်တောင်းနေပြီ .."

ဒီစကားကျမှ ကာလ ရဲ့ အသိစိတ်တွေ ပန္နပွန်နဲ့ ကပ်မိသည်။ ကြည့်လိုက်တော့ သားချစ် တို့ သားအမိအပြင် ဒေါ်ဇင်မာလွင် တို့ လူတစ်စုလုံးက သူမတို့ကို အထင်မြင်သေး ရွံရှာသလို ဝိုင်းဝန်းကြည့်နေကြ၏။

"လွင် .. ပြောလိုက်လေ .."

ဒေါ်ဇင်မာလွင် က နေရာတကာ အာဏာစက်ပြင်းလိုသူမို့ ကိုယ့်ညီမ အပြောအဆိုနည်းနေပုံကို ဘယ်လိုမှ အားမရနိုင် ..။

"ဒီနေရာမှာ သူ့အဖေ ရှိတာ မဟုတ်ဘူး .. နင် ဆုံးဖြတ်ခွင့် ရှိတယ်၊ နင် ပြောရမှာ မဟုတ်ဘူးလား၊ ပြောစရာရှိတာ ပြောလိုက်.."

ဦးထိန်ဝင်း ဝင်ပါတာကိုလည်း မနှစ်သက်မှန်း သိသာအောင် ပြောလိုက်သည်။ သူမ အဓိကလိုချင်တာက ဒီဒေး နဲ့ ကာလ တို့ ပြတ်တောက်သွားဖို့ ..။

ဒါပေမယ့် ဒေါ်လွင်လွင် က မျက်နှာတွေကိုကြည့်ပြီး ဘာမှ ဆက်မပြောပေ ..။

တကယ်တမ်း ဒီဒေး အပေါ်မှာ သူမ လွှမ်းမိုးခွင့်မရှိခဲ့တာ ဦးထိန်ဝင်း ရော .. သူမတို့ပါ သိကြပြီးသား ..။

ဒါ့အပြင် 'သားကို သားသမီးလို သဘောထားပါ၊ စောင့်ရှောက်ပေးပါ' ဆိုတဲ့ စကားမျိုးတောင် ဦးအောင်ချိန် က ပြောခဲ့ဖူးတာ မဟုတ်..။

ဒီနေရာမှာ မသိတဲ့လူတွေ ရှေ့မှာ ဟန်လုပ်ပြောလို့ရနိုင်တယ် ဆိုရင်လည်း ဒီဒေး သတိရတဲ့အခါ ...



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ဒေါ်ဇင်မာလွင် .."

သူမ တွေးနေတုန်း ဦးထိန်ဝင်း က အားလုံး၏ထိပ်ဆုံးခုံမှာ ထိုင်နေရာကနေ ထရပ်လိုက်သည်။

"ဒီကိစ္စက ကျုပ်တို့အားလုံး ဆုံးဖြတ်ရမှာ မဟုတ်ဘူး၊ ကာယကံရှင်က .."

"ကာယကံရှင်က အာရုံကြောတစ်ခုခု ပျက်စီးသွားနိုင်တယ်ဆိုတဲ့ ခန့်မှန်းခြေ ကျွန်မတို့ သိထားကြတာပဲ .. တကယ်လို့ ဒီဒေး ဦးနှောက်တွေဘာတွေ ချို့ယွင်းသွားခဲ့ရင် .."

"အို!... မဟုတ်ဘူး .. အဲဒီလို မဖြစ်ရပါဘူး .."

ကာလ ခေါင်းခါ ငြင်းဆန်ရင်း ဖျတ်ခနဲ ထရပ်သည်။ ဒေါ်ဇင်မာလွင် ပြောစရာ အကွက်ကောင်းဆိုက်သွားခဲ့လျက် ...

"ဟုတ်တယ် .. အဲဒီလိုဖြစ်သွားရင်လည်း ငါတို့က လုပ်စရာရှိတာ လုပ်ကြရမှာ၊ စေ့စပ်ဖိတ်စာတွေဘာတွေ ရှိထားပြီးပြီဆိုပေမယ့် ဒီနေ့ဖြစ်တဲ့ ပြဿနာကိုကြည့်ပြီး မင်းနဲ့ ရှေ့ဆက်ဖို့ ခွင့်ပြုဖို့ မဖြစ်ဘူး.."

"ဒီမှာ ဒေါ်ဇင်မာလွင် .. ကျွန်မတို့ကလည်း စေ့စပ်ပေးပါ.. ကမ်းလှမ်းပေးပါလို့ တောင်းဆိုခဲ့တာ မဟုတ်ဘူးနော် ..၊ ဒီစေ့စပ်ပွဲ ဘာကြောင့် စီစဉ်ဖို့ ဖြစ်သွားတယ်ဆိုတာ ကာယကံရှင် သိတယ် .."

ဒေါ်နှင်းပွင့် က သမီးကို ထိတော့ မခံနိုင် ..။

အခြေအနေသည် ပိုမို ဆိုးဝါးလာခဲ့ရလျက် ...

"ဟုတ်ပါတယ် .. အဲ့ဒါကိုပဲ အခု ပြောနေတာပါ၊ ကျွန်မတို့သားက သူ့အဖေ အနားမှာ မရှိဘူး၊ ရှိတဲ့ အုပ်ထိန်းသူကိုလည်း ဂရုစိုက်တာ မဟုတ်ဘူးလေ၊ လူငယ်ပီပီ ခလုတ်မကြောက် ဆူးမကြောက် သူ ထင်ရာလုပ်တာ ..၊ ဒါကြောင့် မှားစရာရှိတော့ အသက်ဆောင်းနီးတဲ့အထိ မှားခဲ့တာပါ၊ နောက်ထပ် ဒီလိုမဖြစ်ရအောင် မတားသင့်ဘူးလား .."

"ကျွန်မကလည်း ပြောစရာ ရှိတယ် .."





ဒေါ်လွင်လွင် ကပါ ပြောလာသဖြင့် ဒီကိစ္စ ငြိမ်းချမ်းဖွယ် မရှိနိုင်တော့မှာက သေချာနေခဲ့ပြီ ..။

"ဒီက ဦးထိန်ဝင်း ပြောသလို မှန်ပါတယ်၊ စေ့စပ်ပွဲနဲ့ ပတ်သက်တဲ့ကိစ္စက ကာယကံရှင်တွေနဲ့ပဲ ဆိုင်တယ်၊ ဒါပေမယ့် အခု လောလောဆယ် လူနာအတွက် သူ့ရဲ့အုပ်ထိန်းသူအဖြစ် ဆုံးဖြတ်ရမယ်ဆိုရင် ဒီစေ့စပ်ဖို့ကို .."

"ဒေါ်လွင်လွင် .."

ဒေါ်နှင်းပွင့် က နေရာမှ ထရပ်လိုက်ပြီဖြစ်ကာ ...

"ရှင့်စကား မဆုံးသေးခင် ဖြတ်ပြောရတာကို တောင်းပန်ပါတယ်၊ ဒါပေမယ့် ဒီစကားကို ကျွန်မတို့ဘက်ကပဲ အဆုံးသတ်ခွင့်ပြုဖို့ ပြောချင်တယ် .."

အားလုံး၏အကြည့်တွေ ဒေါ်နှင်းပွင့် ထံ ရောက်သွားကြ၏။ သားချစ် ကတော့ ချောက်ချားစွာ ဝိုင်းစက်နေခဲ့သည့် ကာလ ရဲ့ မျက်ဝန်းလေးတွေကိုသာ တအံ့တသြ ဖြစ်နေလေသည်။

ယောက်ျားလေးရှင်ဘက်က ဒီလောက်ထိ ဝိုင်းပြောနေကြတာကို ကာလ ဒေါသမထွက်ဘဲ ဘာဖြစ်လို့ အပြစ်ကျတော့မယ့်လူလို ချောက်ချားနေရတာလဲ ..။

"ရပါတယ် .. ပြောပါ၊ ကျွန်မတို့ကတော့ အားလုံး ပြီးဆုံးဖို့အတွက်ဆိုရင် ဘယ်သူ့ဘက်က စပြီး ဖြတ်တောက်တာဖြစ်ဖြစ် လက်ခံပေးဖို့ အဆင်သင့်ပဲ .."

ဒေါ်ဇင်မာလွင် က ဒီစကားကိုပဲ ဦးအောင် တမင်ပြော၍ အဆုံးသတ်ပေးလိုက်၏။ ဒေါ်နှင်းပွင့် မျက်လုံးတွေ မီးဝင်းဝင်းတောက် ဖြစ်သွားသည်။

ဦးမိုးဆောင်း က ဇနီးဖြစ်သူရဲ့လက်ကို ထဆွဲပြီး အတွေ့ယူ ယှဉ်ရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒါက ကလေးတွေနဲ့ .."

"ကိုမိုးဆောင်း .."

ဒေါ်နှင်းပွင့် အသံက မိုးထစ်ခြုန်းသကဲ့သို့ ရှိကာ ...

"အားလုံးကို ရှင်းနေတာ ..၊ သားသမီးကြောင့်ဖြစ်ဖြစ် မိဘကြောင့်ဖြစ်ဖြစ် ရှုပ်ထွေးမှုရှိလာရင် မိသားစု တစ်စုလုံးက ရှင်းရတာပဲ၊ ရှင် ဘာမှ ထပ်ပြောဖို့ မလိုဘူး၊ ဒီမှာ ဒေါ်လွင်လွင် .. ကျွန်မတို့က ကိုယ့်သမီးရဲ့ အရှက်သိက္ခာအတွက် ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်မို့လို့ စိုးရိမ်စိတ်နဲ့ လူနာ လာကြည့်တာ .."

ဒေါ်နှင်းပွင့် က အသက်ရှူပြင်းနေလျက်နှင့် လက်သီးနှစ်ဖက်ကို ပါ ဆုပ်ထားရင်း ...

"ပိုင်ဆိုင်ချင်တဲ့ လောဘတွေနဲ့ သားတော်ရနိုးနိုး .. သမက်တော် ရနိုးနိုး .. မျှော်လင့်ပြီး လာတာ မဟုတ်ဘူး .."

ဒေါ်လွင်လွင် တို့ မျက်ဝန်းတွေ ညိုမှောင်သွားကြ၏။ ထိုအချိန်လေးမှာ ဦးထိန်ဝင်း နှင့် လူငယ်တွေ ဆရာဝန်ကြီးတွေ ထွက်လာတဲ့ အခန်းဆီ အပြေးတစ်ပိုင်း ရောက်သွားကြတာကို သတိမထားမိလိုက်ကြ ..။

"စေ့စပ်တယ်ဆိုတာလည်း ဖိတ်စာရိုက်ပြီးတိုင်း ဖြစ်မြောက်သွားတာ မဟုတ်ပါဘူး၊ စေ့စပ်ဖို့ကို သမီးရှင်ဘက်က ကျွန်မက ဖျက်သိမ်းတယ် .."

"မဟုတ်ဘူး .. အဲဒီလို မဟုတ်သေးဘူး မေမေ .. မလုပ်ပါနဲ့.."

"ဖယ်စမ်း .."

"မေမေ .. သမီးတို့က .."

"ဖြန်း .."

"ဟင်!..."

"ကာလ .."





ရိုက်ချက်က ပြင်းသည်။ ကာလ မျက်နှာ လည့်ထွက်သွားသလို ဆံပင်တွေ ဖွာခနဲ ဝေ့ဝဲသွား၏။

သားချစ် ဝုန်းခနဲ ထရပ်လိုက်ကာ ကာလ ကို ပြေးထူဖို့ ခြေလှမ်း ပြင်လိုက်လျှင် ...

"သားချစ် .."

ဒေါ်နီနီခင် က သားဖြစ်သူလက်ကို ပြန်ဆောင့်ဆွဲ၍ ...

"ထိုင်နေစမ်း .."

အခြေအနေက ရီဆက်ရှင်ရှေ့မှာပဲ ရုတ်ရုတ်သဲသဲတွေ ထဖြစ်ကုန်ရာ ပွဲကြည့်ပရိသတ်တွေချည်း ပိုမို များပြားနေခဲ့၏။

"ကာလ .."

သားချစ် က မအေဆွဲထားသည့်လက်ကို မရုန်းပေမယ့် ယိမ်းယိုင်မူးဝေနေရှာသည့် ကာလ ကို ခေါ်ရင်း ဟန်တပြင်ပြင် ..၊

"လာ .. ပြန်မယ် .."

ဒေါ်နီနီခင် သားလက်ကိုဆွဲ၍ ထရပ်လိုက်သည်။ ခုချိန်မှာ ဒီလိုကောင်မလေးနှင့် ရင်းနှီးပတ်သက်ဖူးသူအဖြစ်နဲ့လည်း သားကို ရပ်တည်ခွင့် မပြုနိုင် ..။

"အဟွန်း .. ဟွန်း .."

ဒေါ်နှင်းပွင့် ပေါက်ကွဲနေလေ .. ဒေါ်ဓင်မာလွင် က ပြုံးနေလေ..၊ ပြီးတော့ ခံပြင်းစိတ်တို့က အားမရနိုင်စွာရှိလျက် ...

"ကျွန်မတို့ကလည်း တစ်ပင်လဲလို့ တစ်ပင်ထူတာကို လက်ခံနိုင်တယ်၊ ဘာမှန်းမသိဘဲ ရှုပ်ထွေးခဲ့တာတွေကိုတော့ .."

"အန်တီ .. အန်တီ ပြောတာတွေ လွန်နေပြီ .."

သားချစ် ဘယ်လိုမှ သည်းမခံနိုင်စွာ လှမ်းပြော၏။

"ကာလ မှာ ဘာမှ အပြစ်မရှိဘဲနဲ့ .."

"လာစမ်း .."

www.burmeseclassic.com



ဒေါ်နီနီခင် ဆွဲခေါ်သွားသည့်အတိုင်း ပါသွားရင်း သားချစ် က ကာလ အတွက် ကာကွယ်ပြောနေဆဲ ...

"အဟမ်း .."

ဦးထိန်ဝင်း က ရှိနေသည့်လူတွေ ဘေးမှာ အနီးကပ် ဝင်ရပ်လိုက်ပြီး လည်ချောင်း တစ်ချက်ရှင်း၏။

ထိုအခါကျမှ လူနာအခြေအနေ ထူးပြီဆိုသည့်အသိနှင့် အားလုံး တိတ်ကျသွား၏။

အားလုံးနဲ့အတူ ခဏငြိမ်နေပြီးမှ ဒေါ်နှင်းပွင့် က ကာလ လက်လေးကို ဆောင့်ဆွဲသည်။ ပြီးတော့ ဦးမိုးဆောင်း ကို လှည့်ခေါ်ပြီး နေရာမှ ထွက်၏။

ကာလ ဆံပင်တွေ မျက်နှာပေါ်မှာ ဖရိုဖရဲ ရှိနေဆဲနှင့် ဒေါ်နှင်းပွင့် ဆွဲခေါ်သွားသည့်နောက်ကို ပါသွားခဲ့သော်လည်း ...

"ဒီဒေး မျက်လုံးတွေ ကွယ်သွားတယ် .."

ဟင်!...

ကာလ ကိုယ်လေး နောက်ကနေ ကြိုးကွင်းစွပ်ဖမ်းလိုက်သလို တုံ့ခနဲ ရပ်တန့်သွား၏။ ဒါကို ကောင်းကောင်း ကြားလိုက်သဖြင့် ဒေါ်နှင်းပွင့် တို့ပါ အမှတ်တမဲ့ ခြေလှမ်းတွေ ရပ်ကုန်ကြသည်။

"ခေါင်းကို ထိတဲ့ဒဏ်ရာ ပြင်းလို့ အာရုံကြောတွေ ပျက်စီးတုန်းက ..၊ ပြန်ခွဲစိတ်ရင်တောင် ဒီမျက်လုံးတွေ ပြန်ကောင်းမကောင်း ဆိုတာ ရှစ်ဆယ်ရာခိုင်နှုန်းက မသေချာဘူး .."

ကာလ မျက်လုံးတွေ ဝိုင်းစက် ငြိမ်သက်သွားခဲ့၏။ ပြင်းထန်သော ရိုက်ချက်ကြောင့် မူးဝေနေဆဲအရှိန်နှင့် မီးစလို ပူလောင် တိုးဆောင့်သွားသည့် စူးနင့်ခြင်းသည် တစ်ကိုယ်လုံးကို ဆွဲကိုင် မွှေ့ယမ်းနေသလိုပင်..။

ဒီဒေး ..၊

သူမ ဒုက္ခရောက်တိုင်း ရှေ့ကနေ ကာကွယ် ဖြေရှင်းပေးခဲ့တဲ့သူ..၊





သူ ကိုယ့်ကိုဖက်၍ ရိုက်ချက်တွေကို ကျောပေးခံခဲ့သည်။ ကိုယ့်ခေါင်းကိုပါ ရင်ခွင်ထဲမှာ ထည့်ဖွက်ထားပြီး သူ့ခေါင်းကိုသာ ကွဲကြေခံခဲ့၏။

ခုတော့ မျက်လုံးတွေ ကွယ်ခဲ့သည်လား ..၊

ဟင့်အင်း ..၊

ခေါင်းတွင်တွင်ရမ်းကာ နောက်ကို ချာခနဲ ပြန်လှည့်ပြေး၏။ ဒါပေမယ့် စိတ်ကသာ အထဲကို တောက်လျှောက်ပြေးဝင်သွားခဲ့ပြီး တစ်ကိုယ်လုံးက နေရာမှာတင် ခွေခနဲ ..။

"သမီး .. .."

"ငါ့သမီး .."

မိုက်ပြစ်တို့နှင့် ရင်နင့်နေသော ဦးမိုးဆောင်း ၏ ခေါ်သံက စူးနင့်လျက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"အစတည်းက သူတို့တွေ မျက်နှာမကြည်ဘူးဆိုတာ သိတယ်၊ အဲဒါကို ထပ်သွားမိတာ ကျွန်မတို့ မှားသွားတာ .."

ဒေါ်နှင်းပွင့် ဘယ်လိုမှ မခံရပ်နိုင် ..။

အိပ်ရာထက်မှာ ခွေခွေလေး လှဲနေသည့် ကာလ ရဲ့ခုတင်ဘေးမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အံကြိတ်နေမိဆဲ ..။

ဦးမိုးဆောင်း ကတော့ ကာလ ရဲ့ဘေးမှာ ထိုင်ကာ သမီးဖြစ်သူရဲ့ လက်ဖဝါးလေးကို တယုတယ ထွေးဆုပ်ထား၏။

"သူ့အဖေ မရှိဘူးဆိုတာ တစ်ခုကလွဲရင် ဒီဒေး ဘက်မှာ ပြောခွင့်ရှိနေတဲ့သူတွေ ဒီလောက်ရှိနေတာကို တစ်ချက်လေး သတိမထားမိလိုက်တာနဲ့ ခံလိုက်ရတာ .."

"ဒီလိုမပြောပါနဲ့ကွာ ..၊ ဒီဒေး ရဲ့ စိတ်ရင်းအမှန်ကို ကိုယ်တို့ သိနေကြတာပဲ၊ သူတို့ဘက်က ပြောတာတွေလည်း တကယ်တော့ မမှားပါဘူး .."





"မမှားပေမယ့် မမှန်ဘူး ကိုဆောင်း ..၊ လူတိုင်း အမှားမကင်းဘူး၊ အမှားကို သိလျက်နဲ့ ထပ်ခါထပ်ခါ ကျူးလွန်နေကြတဲ့လူတွေလည်း ဒုနဲ့ ဒေးပဲ ..၊ မှားမှန်းသိလို့ ပြင်ဆင်နေပြီဆိုရင် ဒါကို နိုင်ကွက်နင်းပြီး ပြောသင့်သလား ..၊ သိပ်ကို အောက်တန်းကျတဲ့ မိန်းမတွေ .."

"ဒေါသကို ဒေါသနဲ့ ပြိုင်မတွေးပါနဲ့ကွာ ..၊ ဒီဒေး က ဖျတ်ဆတ်ဆတ်နိုင်ပေမယ့် အလုပ်ကို ကြိုးစားတယ်၊ လမ်းပေါ်မှာ လွတ်လပ်သလို နေထိုင်ပြီး သောက်စား ရန်များနေတဲ့ လူငယ်တစ်ယောက် မဟုတ်ဘူး၊ ဒီလိုလူက ခုလို အဖြစ်ဆိုးမျိုး ထဖြစ်တာ မင်း စဉ်းစားကြည့်စမ်း .."

ဒေါ်နှင်းပွင့် ဘာမှ မပြောနိုင်ပါ။ သူမ ဒေါသထွက်နေခဲ့တာလည်း ဒီဒေး နဲ့ မသက်ဆိုင်ပေ ..။

ဒါပေမယ့် မဆိုင်ဘူးလို့ တွေးပြီး ပြောသမျှ ခေါင်းငုံ့ခံနေရမှာလား ..။

"ကျွန်မ ဒီဒေး ကို မုန်းတီးလို့ ပြောနေတာ မဟုတ်ဘူး ကိုဆောင်း၊ ဒါပေမယ့် သမီးနဲ့ ဘယ်တော့မှ လက်မထပ်စေရဘူး .."

"မေမေရယ် .."

ဟင်!...

ငိုရှိုက်သံလေးနှင့် ရောနှောခေါ်လိုက်တော့ ဒေါ်နှင်းပွင့် တလန့်တကြား လှည့်ကြည့်၏။

ကာလ သည် ပက်လက်ကလေး လှဲနေရင်းကနေ ထထိုင်လိုက်ပြီ ဖြစ်ကာ ပါးပြင်မှာ မျက်ရည်စက်တွေ စိုစွတ်လျက် ...

"သမီး ဒီဒေး ကို လက်ထပ်ပါရစေ .."

"ဘာ!... ဘာပြောလိုက်တယ် သမီး .."

"သူတို့ ဘာပြောပြော .. သမီးကို ဒီဒေး ဘယ်တော့မှ အဲဒီလို မဆက်ဆံဘူးဆိုတာ သမီး သိတယ်၊ ပြီးတော့ သူ မျက်လုံးကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ .. အဲ့ဒါ သမီးကြောင့် ..''

''ဘာကြောင့်ဖြစ်ဖြစ် .. သူ ကျိုးကျိုးကန်းကန်း နေတတ်အောင် နေရမယ်၊ ခုချိန်မှာ ဥပေက္ခာတရားကသာ မေမေတို့ရဲ့ သိက္ခာ ..''

''ဟင့်အင်း .. သိက္ခာကို ဘဝတစ်ခုနဲ့ မလဲပါနဲ့၊ ဒီဒေး .. ဒီဒေး သမီးတို့အတွက် သူ ရှုပ်ပေးခဲ့တာတွေ မေမေ ပြန်ကြည့်ပါ ..''

ကာလ ခုတင်ပေါ်က ဆင်းလာကာ ဒေါ်နှင်းပွင့် ရှေ့မှာ ဒူးထောက်လေး ထိုင်ချလိုက်၏။

မျက်ရည်တို့သည် တာတမံကျိုးသလို ပေါ်များစွာ စီးသွယ် ကျဆင်းလျက် ...

''ဒီဒေး ကို သမီး ချစ်တယ်၊ အဲဒါ သူက သိပ်ချစ်လို့ပါ မေမေရယ် .. ဘယ်သူ ဘာပြောပြော .. သမီး ဒီဒေး နဲ့ တွေ့ပါရစေ ..''

''ဆောင်းကာလ ..''

ဒေါ်နှင်းပွင့် အသားတုန်အောင် ဒေါသထွက်လျက် ကာလ ကို ကြည့်ရင်း နောက်ဆုတ်ရပ်သည်။

''မိုက်လှချေလား ညည်း .. ဟင်၊ ငါ ဒီဒေး ကို မုန်းလို့ မဟုတ်ဘူး၊ ညည်းတို့ကို ခွဲချင်လွန်းလို့လည်း မဟုတ်ဘူး၊ ဘာကြောင့် ပြောနေတယ်ဆိုတာ ညည်း နားမလည်ဘူးလား ..''

ကာလ ခေါင်းတွင်တွင်ခါ၍ ငိုပဲ ငိုနေ၏။

''သမီး မသိချင်ဘူး .. သမီး ဘာမှ မသိချင်ဘူး မေမေ ..၊ ဒီဒေး ကို ပစ်မထားနိုင်ဘူး ..''

''ပစ်ထားရမယ် ..၊ ချစ်ချစ် မချစ်ချစ် မေမေ လုံးဝ ခွင့်မပြုဘူး''

ပြတ်သားသည့်အမိန့်ကို ချပြီးမှ ကာလ ရဲ့ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်လှုပ်ကာ ...

''သားချစ် နဲ့တုန်းကတော့ ညည်း မာနတွေ ကြီးလှချေလား ဆောင်းကာလ ..၊ သူ့အမေဆီက ဘာမှမဟုတ်လောက်တဲ့ အကြည့်





လေးတစ်ချက် .. စကား အစွန်းအစလေး ထွက်ခဲ့တာနဲ့ ဒီလို အကြည့်မျိုး မခံနိုင်ပါဘူး၊ ဒီလိုအပြောတွေ မကြားချင်ပါဘူးနဲ့ ငြင်းလွှတ်လိုက်တာ တိခနဲ့ပဲ ..''

''မဟုတ်ဘူး မေမေ..၊ သားချစ် က သူငယ်ချင်းပါ၊ သူ့ကို သမီး ဘယ်လိုမှ လက်မခံနိုင်ခဲ့တဲ့စိတ်က ဘာကိုမှလည်း သည်းမခံနိုင်ဘူး..''

''ခုတော့ သည်းခံမယ်ပေါ့လေ ..''

''သမီး ပြောပါစေဦး နှင်း ရယ် .. သူ့ခမျာ အပြင်းအထန် ဖျားနေတာ ခုမှ နာလန်ထစပဲ ရှိသေးတာ ..''

''နာလန်ထစပေမယ့် မိဘကို အာခံတော်လှန်ဖို့ ခွန်အားတွေ သူ့မှာ အပြည့်ရှိတယ်၊ ရှင် မတွေ့လို့လား ..''

''တွေ့ပါတယ် .. ဒါကို တော်လှန်တာလို့ မမြင်ဘဲနဲ့ ခဏလေး သည်းခံ နားထောင်ပြီး အခြေအနေကို ..''

''ရှင် တော်တော် ပြောရခက်ပါလား ကိုဆောင်း ရယ် ..''

ဒေါ်နှင်းပွင့် မျက်နှာမှာ မချင့်မရဲဒေါသတွေနှင့် ဒူးတုပ်ထိုင်၍ ငိုရှိုက်နေသည့် သမီးကို ကြည့်လိုက် ..၊ ခင်ပွန်းကိုကြည့်လိုက် ..၊

''သူ အခု မအေကို ဒူးတုပ်တောင်းပန်နေတယ် .. ကျွန်မတို့ ခွင့်ပြုလိုက်တာနဲ့ ဟိုမိန်းမတွေရှေ့ကို ပြေးပြီး ဒူးတုပ်တော့မှာ ..''

''ဟုတ်တယ် .. မိဘတွေဘက်က ကိုယ့်သားသမီးကို ဒီလိုအဖြစ်မျိုး အရောက်မခံနိုင်ဘူး၊ ဒါ မင်း မှန်ပါတယ် .. ဒါပေမယ့် ဒီဒေး က သမီးရဲ့ကျေးဇူးရှင်၊ သမီးရဲ့ချစ်သူ၊ သူတို့ချင်း တွေ့ဖို့ လိုတယ်ဆိုတာ မင်း လက်ခံမှ ဖြစ်မယ် ..''

ဒေါ်နှင်းပွင့် တွေဝေနေခဲ့၏။ ဒါပေမယ့် ခဏအတွင်းမှာပဲ ခေါင်းခါပစ်သည်။

သူမ မျက်လုံးထဲမှာ ဒေါ်ဇင်မာလွင် တို့ ညီအစ်မနှင့် ဦးထိန်ဝင်း၏ အထင်အမြင်သေးသော တင်းမာသည့်မျက်နှာတွေကို ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်လို့မရမှာ အသေအချာ ဖြစ်နေခဲ့လျက် ...

"ရှင်တို့ပြောနေသလို ဒီဒေး ကို သမီးက သိပ်ချစ်တာတွေ၊ ကိုယ့် ကျေးဇူးရှင်ဆိုတာတွေ .. ပြီးတော့ ဒုက္ခိတဖြစ်နေလို့ ပစ်မထားနိုင်တာ တွေ .. အဲ့ဒါတွေ .. အဲ့ဒါတွေ အားလုံးက သူတို့အတွက် အကျိုးဝင် မယ် ထင်နေသလား .."

"သမီး သိချင်တာ သူတို့တွေရဲ့ ဆုံးဖြတ်ချက် မဟုတ်ဘူး .."

"ဘာ!..."

"ဒီဒေး ကိုယ်တိုင် သမီးကို ငြင်းတာ မဟုတ်ဘဲ သမီး နောက် မဆုတ်နိုင်ဘူး .."

"ဆောင်းကာလ .."

ဒေါ်သအစား ငိုသံ ပါလာခဲ့၏။ ကိုယ်လည်း ပြောချင်လွန်းလို့ ပြောနေရတာ မဟုတ်သလို ဘယ်လိုပြောလို့မှ နားမဝင်ခဲ့သည့် သမီး အတွက် ငိုချင်လာသည်။

"ဒီဒေး တို့ ဘယ်လောက်ထိ ချမ်းသာသလဲ ညည်း သိရဲ့လား.. သားအဖနှစ်ယောက်တည်း သိမ်းမနိုင်အောင် ကြွယ်ဝချမ်းသာနေတာ တွေကို အားလုံးက မက်မောနေကြတာ .. ညည်းရဲ့ မေတ္တာ သစ္စာတွေ ကို ဘယ်သူက ယုံကြည်မှာလဲ .."

သမီးအတွက် ဖြစ်ရသော ကရုဏာဒေါသတို့သည် ယူကျုံးမရ ခြင်းတွေ ဖြစ်ခဲ့ရလျက် ..၊ ဒေါ်နှင်းပွင့် သမီးနားမှာပဲ ဒူးထောက်ထိုင် ကျသွား၏။

ပြီးတော့ ဖားလျားပြန့်ကျနေသည့် ဆံစတို့နှင့် နဖူးပြေပြေလေးကို တယုတယ ပွတ်သပ် ချော့၍ ...

"သူတို့မှာ ငွေရှိတယ်..၊ ဒီဒေး ဘယ်ဘဝရောက်နေနေ အကောင်း ဆုံးဖြစ်အောင် ဖန်ဆင်းပေးနိုင်တယ်၊ သမီးကို မေ့ပြီး တခြားရင်ခွင်တွေ မှာ ဒီဒေး ပျော်ရွှင်နိုင်လာအောင်လည်း သူတို့ တတ်နိုင်ကြမှာပါ၊ သူ့ကို





မေ့လိုက်ပါ သမီးရယ် .."

"မေတ္တာတရားကို အဲဒီလို ဖြတ်တောက်ခိုင်းစေလို့ မရနိုင်ဘူး ဒေါ်နှင်းပွင့် .."

"ဟင်!..."

တံခါးဝမှာ ရပ်နေသည့် လူတစ်ယောက်လုံးကို သူတို့ မမြင်ခဲ့ကြ ပေ ..။

လှမ်းကြည့်လိုက်ကာမှ တစ်ဝက်လောက် ဟနေသည့် တံခါး အပြင်မှာ ဦးအောင်ချိန် က ရပ်နေလျက် ...

"သမီး နေမကောင်းဘူးဆိုလို့ ဒီနေရာအထိ ဝင်ခဲ့မိပါတယ်၊ အတွင်းစကားတွေကိုလည်း နားထောင်နေခဲ့မိတဲ့အတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ .."

"ကိုအောင်ချိန် .."

ဦးမိုးခေါင်း ကမန်းကတန်းထွက်ကာ တံခါးကို ဆွဲဖွင့်လိုက်၏။ ထိုအခါကျမှ ဦးအောင်ချိန် ကလည်း အခန်းထဲကို သေချာမြင်ကာ ကာလ ထိုင်နေပုံလေးကို လှမ်းကြည့်သည်။

"ကျွန်တော် ကျေနပ်တယ် ..၊ ဒီသမီးတင်မကဘဲ ခင်ဗျားတို့ မိသားစုအားလုံးရဲ့ မာနနဲ့ စိတ်ဓာတ်ကို သေချာ နားလည်လိုက်ရတဲ့ အတွက် တကယ့်ကို ကျေနပ်မိတာပါ .."

ဒေါ်နှင်းပွင့် နေရာမှ ထလိုက်ပြီး ကာလ လက်လေးကိုပါ ဆွဲထူ သည်။ ပြီးတော့ ခုတင်ပေါ်မှာ သေချာထိုင်ခိုင်းပြီးမှ အပြင်ကို ထွက်ခဲ့ ပြီး ...

"ကျွန်မတို့ မာနကြီးသလို ဖြစ်သွားခဲ့ရင် တောင်းပန်ပါတယ်ရှင် တကယ်တော့ .."

"သိပါပြီ .. အားလုံးကို အခု သိသွားပါပြီ၊ ကျွန်တော် မရှိဝ အခိုက်မှာ မဖွယ်ရာတဲ့ပြဿနာတွေ ဖြစ်သွားတဲ့အတွက် တောင်းပ

www.burmeseclassic.com



ရမှာက ကျွန်တော်ပါ ..''

လူကြီးသုံးယောက်သည် အခန်းရှေ့မှာပဲ မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့ကြပြီး ပြောနေတာတွေကို ကာလ အထဲကနေ ကြားနေရ၏။

ဒီဒေး ကို သူမ ပြုစုခွင့် ရတော့မှာလား ..၊

နေရာမှ တဖြည်းဖြည်း ထရပ်ရင်း အခန်းတံခါးဝမှာပဲ ခြေစုံရပ်မိသည်။

ဦးအောင်ချိန် က ကာလ ထွက်လိုက်လာတာကို တစ်ချက် လှမ်းကြည့်ကာ ...

''ခင်ဗျားတို့နဲ့ပတ်သက်ပြီး သား လုပ်သမျှ .. သူ့ရင်ထဲမှာ ရှိသမျှ အားလုံး ကျွန်တော် သိတယ်၊ ကျွန်တော်တို့သားအဖကြားမှာ ကွယ်ဝှက်လိမ်ညာတာ ဘာမှ မရှိဘူး ..''

''ဒါပေမယ့် ခုဖြစ်တဲ့ကိစ္စက ကျွန်တော့်ကြောင့်ပါ ကိုအောင်ချိန်၊ နောက်ပြီး ကုမ္ပဏီကိစ္စမှာတည်းက ဒီပြဿနာကို ဒီဒေး ဝင်ရှင်းပေးလိုက်တာ ကျွန်တော် မကြာခင်ကမှ သိရတာပါ၊ သူနဲ့ ဘာမှမဆိုင်ဘဲ ခုလို တစ်ဖက်က ရန်ငြိုးဖွဲ့ပြီး ..''

''ခဏ ..''

ဦးအောင်ချိန် ခေါင်းညိတ်နေပြီးမှ လက်ကာ တားဆီးကာ ...

''စကားဖြတ်ပြောပါရစေ ..၊ အဲဒီကုမ္ပဏီကိစ္စမှာ ကိုမိုးဆောင်းနဲ့ တိုက်ရိုက်ပတ်သက်သွားတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ စီးပွားရေးအတွက် ဒါက အမည်းစက်တစ်ခု ဖြစ်လာတော့မှာ မှန်ရင် မရှင်းဘဲ နေလို့ မရဘူး ..''

ဦးအောင်ချိန် က ပြန်ရှင်းပြသည်။

အိမ်ကိုလာတဲ့ ဧည့်သည်ပေမယ့် ဧည့်ခံဖို့လည်း မေ့နေကြကာ ဧည့်ခန်းမှာ နေရာပေးဖို့ကိုလည်း သတိမရ ..၊ ထိုနေရာမှာပဲ စကားအဆုံးမသတ်နိုင်ဖြစ်လျက် ...





''သားက သူ့အလုပ် သူလုပ်ရင်း ရှင်းသွားတာပါ၊ ခု ဖြစ်ရတဲ့ ပြဿနာမှာလည်း ယောကျ်ားကောင်းမှန်ရင် ကိုယ့်ရဲ့ မိန်းကလေး ဒုက္ခရောက်နေတာကို ဘယ်လိုလူမှ လက်ရှောင်သွားမှာ မဟုတ်ဘူး၊ ရင်ဆိုင် ယှဉ်ပြိုင်ကြရင်တော့ မနိုင်ရင် ရှုံးမှာပဲ ..''

ဦးအောင်ချိန် ၏ သဘောထားကြီးမှုကို သိလိုက်ရလျှင် သမီးအတွက် စိတ်ချမ်းသာမိခြင်းနဲ့အတူ ကျေးဇူးတင်သွားခဲ့တာ အတိုင်းအဆ မရှိ ..။

ဒေါ်နှင်းပွင့် ငိုမျက်ဝန်းနှင့် ခပ်ယဲ့ယဲ့ပြုံးကာ ...

''ကျေးဇူးတင်ပါတယ် ..၊ ခွင့်လွှတ်ပါလို့လည်း တောင်းပန်ပါတယ်ရှင် .. ကျွန်မတို့ မိသားစုမှာ အများ ပြောစရာတွေ ရှိခဲ့ပါတယ်၊ အဲ့ဒါကြောင့် သမီးလေးကိုတော့ ဒါတွေကြောင့် ထိပါးမခံနိုင်လို့ပါ၊ ကျွန်မတို့အားလုံး ဒီဒေး ကို ချစ်ပါတယ် ..''

ဦးအောင်ချိန် က ခေါင်းတဆတ်ဆတ် ညိတ်နေကာ ဦးမိုးဆောင်းကို ကြည့်၍ ...

''ဘယ်သူ ဘာပြောပြော ယောကျ်ားချင်းပဲဗျာ ..၊ ကိုမိုးဆောင်းကို ကျွန်တော် နားလည်ပါတယ်၊ မှားတာကို နောင်တရနေတဲ့လူအတွက် ပြင်ဆင်ခွင့်ဆိုတာ ရှိပါတယ် ..''

''အန်ကယ်လ် ..''

ကာလ ရှေ့ထွက်လာတော့ ဒေါ်နှင်းပွင့် က ဘေးကို ဖယ်ပေးသည်။ ဦးအောင်ချိန် က သူ့ရှေ့မှာ လာရပ်သည့် ကာလ ပုံစံလေးကို နူးညံ့အေးချမ်းသည့်အပြုံးနှင့် ကြိုဆို၏။

''ပြော .. သမီး ..''

တီရှပ်အဖြူရောင်လေးနှင့် ဆင်စွယ်ရောင် အပေါ်ထပ်အင်္ကျီလေး ဆပ်ဝတ်ထားသည့် ကာလ သည် ငိုရလွန်းသဖြင့် မျက်ခွံတွေမို့ကာ ပါးပြင်တွေ သွေးခြည်ဥသလို နီရဲနေ၏။

www.burmeseclassic.com



ဖြောင့်စင်း အိနွဲ့နေသည့် ဆံပင်တွေက ကျောထက်မှာ ရှည်လျားစွာ ဖြန့်ဆင်းလျက် ...

"ဒီဒေး နဲ့ သမီးတို့က ခွဲလို့မရတဲ့ ချစ်သူတွေပါ၊ သမီး ဒီဒေး ကို ပြုစုပါရစေ .."

ဦးအောင်ချိန် က ပြုံးနေ၏။ ကာလ မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ပြည့်သိပ်လာခဲ့ရင်း ...

"သမီးတို့ရဲ့ချစ်ခြင်းမှာ ဘာပကာသနမှ မပါဘူး၊ အဲ့ဒါကို ယုံကြည်ပေးပါ၊ သူ .. သူ သမီးအတွက် ဒုက္ခိတဖြစ်ခဲ့ရတာ၊ သူ ဘယ်ဘဝရောက်သွားသွား သမီး သူနဲ့ အတူရှိနေပါရစေ .."

"ဒါပေါ့ .. ရှိရမှာပေါ့ ..၊ အန်ကယ်လ် ဒီထိ လိုက်လာကာမှ သမီး ဘာကို စိုးရိမ်နေတာလဲ၊ ကားထဲမှာ သမီးရဲ့ ဒီဒေး ပါတယ်.."

"ဟင်!..."

ကာလ မျက်ဝန်းလေးတွေ အပြင်ဘက်ဆီ တန်းရောက်သွား၏။ ပြီးတော့ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ အပြင်ကို ပြေးထွက်ခဲ့မိ၏။

ပေါ်တီကိုအောက်မှာ ရှိနေသည့် ကားကြီးပေါ်မှာ ဒီဒေး ..၊

"ဒီဒေး .."

ကာလ လှမ်းခေါ်လိုက်ပေမယ့် ဒီဒေး က လှည့်မကြည့်ပေ။ သူမ ကားနားကို ပြေးဆင်းသွားမှ ဖျတ်ခနဲ လှည့်လာ၏။

"ကာလ .."

"မဆင်းနဲ့ .. ငါ လာမယ် .."

ကာလ ကိုယ့်ဘာသာ တံခါးဖွင့်၍ သူ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

ဒီဒေး က မျက်မှန်နက်နှင့်ဖြစ်ကာ စည်းနှောင်ထားတတ်သည့် ဆံပင်ရှည်လည်း မရှိတော့ပေ ..။





ကုပ်မထိတထိ ဆံပင်နှင့် ဝင်းဖန့်နေသည့်မျက်နှာက မျက်မှန်နဲ့ဆိုတော့ လူမမာနဲ့ မတူဘဲ ဇာတ်လိုက်မင်းသားနဲ့ပဲ တူနေ၏။

"ဒီဒေး .."

ဝေးရပြီထင်သည့်မျက်နှာကို မြင်လိုက်ရသဖြင့် ဝမ်းသာလွန်းလို့ မျက်ရည်တွေလည်း ကျ၏။ ဒါပေမယ့် သွားတွေပေါ်အောင် ရယ်မိကာ သူ့မျက်မှန်ကို ချွတ်လိုက်သည်။

ဒီဒေး က နားထဲကို တစ်စုံတစ်ခု ထည့်လိုက်ပြီး ...

"ကာလ .."

"ဒီဒေး ရယ် .."

သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရှက်ရမှန်းလည်း မသိတော့ပါ ..။

"နင်နဲ့ ငါ ဝေးရပြီ ထင်နေတာ သိလား ..၊ ငါလေ .. ငါ နင့်ကို အရမ်းချစ်တယ်၊ ငါ့ဘဝအတွက် အလိုအပ်ဆုံး .. အချစ်ရဆုံး ယောကျ်ားက နင်ပဲ၊ နင် ငါ့ကို မမုန်းဘူးမို့လားဟင် .."

"ကိုယ်က ဘာဖြစ်လို့ မုန်းရမှာလဲ .."

"ငါ့ကြောင့် နင် မျက်လုံးကွယ်ခဲ့ရတာ .."

"ဘယ်သူ ပြောတာလဲ .."

"ဟင်!..."

ကာလ သူ့ကို သိမ်းကျုံးဖက်ထားသည့် လက်လေးတွေ ဆတ်ခနဲ ဖြစ်သွားသည်။ ထို့နောက် သူ့မျက်နှာကို မျက်လုံးလေးအဝိုင်းသားနှင့် မော့ကြည့်မိကာ ...

"နင် .. နင် မြင်ရတယ် .. ဟုတ်လား .."

သူ့မျက်နှာကို ကတုန်ကယင်လေး စမ်းကာ ဝမ်းသာလွန်းလို့ ဘာမှ ဆက်ပြောလို့လည်း မရ ..။

"ဒီလောက် စူးစိုက်ကြည့်ပြီး ငမ်းနေတဲ့မျက်လုံးတွေကိုကွာ .."

"မသိဘူး .. လုံးဝ သတိမထားမိခဲ့ဘူး .."

www.burmeseclassic.com



ကိုင်ထားမိဆဲ မျက်မှန်ကို ခုကျမှ ပြန်ငုံ့ကြည့်မိပြီး ဘေးမှာ ချထားလိုက်မိသည်။

“ဒါဆိုရင် နင် မျက်လုံးကွယ်သွားပြီလို့ အန်ကယ်လ် ဦးထိန်ဝင်းက ဘာဖြစ်လို့ ပြောတာလဲ ..”

“ကိုယ် မျက်လုံးကွယ်တာ မဟုတ်ဘူး .. ဒါပေမယ့် ..”

“ဒါပေမယ့် ဘာဖြစ်လဲ ဟင် ..၊ ပြောလေ ဒီဒေး ..”

“ပြောရင် စိတ်ညစ်မသွားနဲ့ဦး ..”

“ဟင့်အင်း မညစ်ဘူး .. ပြောပါ .. ဘာဖြစ်သွားတာလဲ ..”

“ကိုယ့်နားတွေ မကြားရတော့ဘူး ..”

“ဟင်!...”

ကာလ လက်ဖဝါးလေးတွေ သူ့ရဲ့နားနှစ်ဖက်ဆီ ဖွဖွလေး ပွတ်သပ်ထိမိ၏။ ဒီဒေး က သူမလက်တွေကို ထပ်ဆုပ်ကိုင်လိုက်ပြီး ပြုံးဖြသည်။

ပြီးတော့ နားထဲမှာ ထည့်ထားသည့် နားကြားကိရိယာလေးကို ထုတ်ပြ၏။

“ဒီဒေး ရယ် ..”

မျက်ရည်တွေ လက်တို့မခေါ်ရဘဲ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

ဒီဒေး က နားကျပ်လေးတွေကို ပြန်ထည့်လိုက်ပြီး ကာလ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူဖက်ထားကာ ...

“ပြောထားတယ်လေ .. စိတ်မညစ်ရဘူး ဆိုတာကို ..”

“ဟင့်အင်း .. စိတ်ညစ်လို့ မဟုတ်ဘူး၊ ဒါပေမယ့် ..”

“တော်ပြီ .. တော်ပြီ မပြောနဲ့တော့ ..၊ နားမကြားတဲ့ကောင်ကို အမြန်ဆုံး လက်ထပ်မယ်ဆိုတဲ့ ကတိလေး ပေးရင် ရပြီ၊ မျက်ရည်တွေ မလိုချင်ဘူး ..”





ကာလ ခေါင်းလေးညိတ်ရင်း ကြည်နူးစွာ ပြုံးမိသည်။ ပြီးတော့ သူ့လည်တိုင်ကို ဖွဖွလေး ဖက်ထားလိုက်ရင်း ...

“နင် မငြိုငြင်သရွေ့ .. သွားပါတော့လို့ နှင်မထုတ်သရွေ့ မုန်းအောင် ချစ်ပါ့မယ် ..”

“ဟား!...”

ဒီဒေး ကာလ ရဲ့ ခါးလေးကို တင်းခနဲ ဖက်ကာ လွတ်လပ်ပေါ့ပါးစွာ ရယ်နေ၏။

ထို့ပြင် ...

“ကန်းရကျိုး နပ်လိုက်တာကွာ ..၊ ဒီလိုမှန်းသိရင် ဆောင်းကာလဆိုတဲ့ မိန်းမကို ရဖို့ စောစောစီးစီးက အရိုက်ခံပါတယ် ..”

“ဒီဒေး နော် ..”

“တကယ်ပြောတာ ..၊ ကိုယ် မင်းနဲ့ အတူနေရမယ်ဆိုရင် ဘာတွေဘယ်လိုဖြစ်ဖြစ် ..”

ပြောနေရင်း မေးဖျားလေးကို မော့ယူလိုက်ကာ ...

“ကိုယ့်ကို နမ်း ..”

“ဟင့်အင်း .. အဲဒါတော့ မရပါဘူး ..”

“မရဘူးလား ..”

“အင်း ..”

“ဒါဆို မှန်ချလိုက်မယ် ..”

“အို .. ဘာလုပ်မလို့လဲ ..”

“မင်းကို ကိုယ် နမ်းမလို့ ..”

“ဘာဆိုင်လို့လဲ ..”

“လူကြီးတွေ လှမ်းမြင်အောင်လို့ ..”

“မညစ်ပတ်နဲ့ .. သွား ...”

“ဒါဆို လုပ်လေ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ဒီဒေး နော် .. သွား .."

မှန်ချမလို့ လက်လှမ်းတာကို လက်သီးဆုပ်လေးနဲ့ ရိုက်ပုတ်နေရင်း ကာလ ရယ်မိသည်။ ပြီးတော့ သူ့ရင်ခွင်ထဲမှာ မျက်နှာလေး တိုးဝင် မှေ့ရင်း ...

"အိုခေ .."

ဒီဒေး ဘာကို ကျေနပ်သွားမှန်း မသိဘဲ နှစ်ခြိုက်စွာ ရယ်မောလျက် ...

"လိမ္မာတယ် .. ကိုယ့်ကောင်မလေး .."

BURMESE CLASSIC .com

လရောင်ကျူးရင့်



www.burmeseclassic.com